

MEDIA GROUP
Asian Fame Media Group

Asian Fame Media Group

ငွေသော်တာ ဥက္ကဋ္ဌ | ဟိန်းလတ် ဒုဥက္ကဋ္ဌ

The YATI MAGAZINE
Vol-10, No.113, AUGUST, 2013
စာပေ အနုပညာ မဂ္ဂဇင်း



| | |
|---|---|
| **အယ်ဒီတာ** | နွေးနွေးစစ်အောင် (တာဝန်ခံအယ်ဒီတာ-Living Fashion) |
| **အမှုဆောင်အယ်ဒီတာ** | မြင့်သူဇာထွန်း၊ ဖြိုးစုပိုပို |
| **ကဗျာအယ်ဒီတာ** | လွှမ်းရှိန် |
| **လက်ထောက်အယ်ဒီတာ** | သီတာစိုး |
| **သတင်းထောက်** | မိုးသောက်ကြယ် |
| **စီမံခန့်ခွဲမှုအကြံ** | ဒီဇိုင်းပန်းချာန် |
| **ဒီဇိုင်းတာဝန်ခံ** | ထွန်းထွန်းလင်း |
| **ဒီဇိုင်းအဖွဲ့** | လင်းထွဋ်၊ နွယ်ဦးမွန်၊ မွန်ဦး |
| **လက်ထောက်ဒီဇိုင်း** | ဝင်းဝင်းလှိုင် |
| **စာစီစာရိုက်** | ခင်သက်လှိုင် |
| **စာပြင်** | ဥမ္မာအေး |
| **ကြော်ငြာအဖွဲ့** | တင်စန္ဒာဝင်း (ဒု-မန်နေဂျာ) |
| Marketing | ငွေလင်းအောင်၊ နှင်းသန္တာဦး |
| Executive | မေသဲဦး၊ ခိုင်ခိုင်လွင် |
| **ဘဏ္ဍာရေးအဖွဲ့** | မိုးယုမာ (မန်နေဂျာ)၊ ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)၊ မိုးမိုးကျော် (လ/ထမန်နေဂျာ)၊ နီလာဝင်း (လ/ထ မန်နေဂျာ) |
| **ဖြန့်ချိရေးအဖွဲ့** | ဇော်မင်းအောင်၊ ဇော်လင်းဦး၊ အောင်အောင် |
| **ရုပ်ဓာတ်ပုံပညာရှင်** | အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏခွာနီး၊ ကိုနိုင် (ပေါ်ပြူလာ)၊ ခင်ဝေထက် |

| | |
|---|---|
| **မျက်နှာဖုံးရှင်** | မိုးဟေကို |
| **မျက်နှာဖုံးဓာတ်ပုံ** | လင်းထွန်း(Leopard) |
| **မျက်နှာဖုံးဒီဇိုင်း** | ထွန်းထွန်းလင်း |
| **ထုတ်ဝေသူ** | ဒေါ်နန်းကလျာဝင်း (၀၄၃၀၈) |
| **ဥပဒေအကြံပေး** | ဦးအိုက်နေဝင်း (တရားရုံးချုပ်ရှေ့နေ) |
| **ဖလင်** | Eagle |
| **အတွင်းတာဝန်ခံ** | ကမ္ဘာဦး |
| **စာအုပ်ချုပ်** | Perfect |
| **တန်ဖိုး** | ၂၀၀၀ |
| **အုပ်ရေ** | ၂၀၀၀ |
| **ပုံနှိပ်** | ငွေကုံကော် (မြ-၀၆၃၆၁)၊ အောင်သိန်းသန်း(မြ-၀၅၉၉၂) |

**အယ်ဒီတာအဖွဲ့ရုံးခန်း**

အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄

စာတိုက်သေတ္တာအမှတ်-၁၄၀

**မန္တလေးရုံးခွဲ**

အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄ × ၆၅ လမ်းကြား၊ မန္တလေးမြို့။

ဖုန်း-၀၁၀၅၀၀၀၃၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**

ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)

အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့၊

၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂


ပြည်သူ့သဘောထား

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

စီးပွားရေးဦးတည်ချက်(၄)ရပ်

လူမှုရေးဦးတည်ချက်(၄)ရပ်

နှိုင်းချင့်ချိန်ဆ
ရသထွန်းလင်း
ပရိသတ်ရင်တွင်း
နှစ်သက်ဒိုဝင်
ရတီစွမ်းအင်

# အယ်ဒီတာ နှုတ်ခွန်းဆက်

"ပျော်ရွှင်မှုဆိုတာ ကိုယ့်ကိုယ်ပေါ် တစ်စက်နှစ်စက်မဆွတ်ဘဲနဲ့ သူများအပေါ် သွန်းဖျန်းလို့မရတဲ့ ရေမွှေးနံ့သာ"

ဤစာပိုဒ်ကို တစ်နေရာရာတွင်ဖတ်ဖူးသည်။ မည်သူရေးခဲ့ပြောခဲ့သည်ကိုကား မမှတ်မိ။ သို့သော် အနှစ်သာရကတော့ တစ်သက်တာနှလုံးသားထဲ တွင်စွန်းထင်းခဲ့သည်မှာကား ထာဝရ။

ဆိုင်သည်မဆိုင်သည်အပထား။ ယခု စာအုပ်စာစောင်လုပ်ကိုင်နေရချိန်တွင်လည်း အဆိုပါစကားက ခေါင်းထဲသို့ မကြာမကြာ ရောက်လာသည်။ အထူးသဖြင့် စာမူများကို တင်ဆက်ရွေးချယ်ရသည့် အပိုင်းလစဉ်ကဏ္ဍလိုက် အစီအစဉ်များကို တစ်လတစ်မျိုး မရိုးရလေအောင် စဉ်းစားဆုံးဖြတ်နေရချိန်တွင် အထက်ဖော်ပြပါစကားလေးက လမ်းညွှန်မှု တစ်ခုကို ပြုပေးနေသည်။

ရတီမဂ္ဂဇင်း၏ လစဉ်တင်ဆက်မှုများကို ရွေးချယ်ရာတွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ကာတွန်းစသည်တို့ကို မိမိဘာသာ နားလည် ခံစား၍ စိတ်တိုင်းကျ ဖြစ်ပါသလားဆိုသည့် ပေတံဖြင့် ပထမဆုံးတိုင်းကြည့်သည်။ ဤအနုပညာလက်ရာများကို အခြားအခြားသော စာစောင်များတွင် ဖော်ပြထားပါက စာဖတ်ပရိသတ်နှစ်သက်မှုရှိမရှိကို မိမိဘာသာမိမိ စာဖတ်သူနေရာမှနေကာ ပြန်လည်သုံးသပ်ရသည်။ စာတစ်ပုဒ်ပုဒ်ကို ဖတ်ပြီးကာမှ ခံစားမှုရသ တစ်ခုခုကို ရရှိ၊ သို့တည်းမဟုတ် ဗဟုသုတစ်စုံတစ်ရာတိုးပွား၊ သို့တည်းမဟုတ် အသိဉာဏ်ပညာတစ်မျိုးမျိုးဝင်လက်လာပါမှ စာဖတ်ရကျိုးနပ်ပါမည်။

ဝါးပြီးအရည်ရောအဖတ်ပါ ထွေးပစ်ရသည့် ကွမ်းယာနှင့် တူသော စာမျိုး၊ အရည်ကိုတော့ သောက်၍ရသော်ငြားလည်း အဖတ်ကိုတော့ လွှင့်ပစ်လိုက်ရသည့် ကြံရည်နှင့်တူသော စာမျိုးများကို ရှောင်သင့်ရှားသင့်သည်။ အရည်ရောအဖတ်ပါ စားသုံး၍ရပြီး အာဟာရ ပြည့်ဝသည့် ယာဂု၊ ဆန်ပြုတ်ကဲ့သို့သော စာမျိုးသာဖတ်သင့်သည်ဟု ဆရာ့ဆရာများ၏ အမှာစကားမှတ်သားနာယူဖူးသည်။ အယ်ဒီတာ၏ တာဝန်သည် ထိုသို့သော အရည်ရ၊ အဖတ်ရ၊ အာဟာရဖြစ်အရသာရှိသည့် စာမျိုးကိုသာ ရွေးချယ်ရသူဖြစ်သည်။

"အယ်ဒီတာဟူသည် စာရေးဆရာ၏ သချိုင်း"ဟု ရှုမဝမဂ္ဂဇင်း အယ်ဒီတာကြီး ဆရာမောင်မြင့်မြတ်က မကြာခဏပြောဖူးသည်။ သူ အယ်ဒီတာမဖြစ်မီက စာကောင်းကဗျာကောင်းတွေ အများကြီးထွက်ခဲ့သည်။ သူ့အယ်ဒီတာလည်းဖြစ်ရော၊ ဘာစာမှ မရေးဖြစ်တော့။ ရှုမဝမဂ္ဂဇင်းထံ အနယ်နယ် အရပ်ရပ်က ပေးပို့သော စာမူများကို ဖတ်ပြီး မိမိ၏ စာတွေ လက်ရာတွေထက် ကောင်းတာတွေကိုတွေ့ကာ ရွေးထုတ်တင်ပြရင်းဖြင့် မိမိဘာသာ မိမိဘာစာမှမရေးဖြစ်တော့။ ထို့ကြောင့် အယ်ဒီတာဖြစ်သွားသည့်နောက်ပိုင်းတွင် မိမိ၏ အနုပညာအစွမ်းအစအတ္တကိုဘေးချိတ်ကာ သူတစ်ပါး၏ လက်ရာကောင်းများကို စင်တင်ပေးရင်း၊ မိမိအနုပညာကို မိမိစတေးပစ်ခဲ့သည့် အယ်ဒီတာကောင်းကြီးများစွာကို ဦးညွှတ်အရိုအသေ မပေးဘဲ မနေနိုင်ပါ။

ကိုယ်ရခဲ့ဖူးသမျှလက်ဆောင်များထဲတွင် မည်သည့်လက်ဆောင် အကောင်းဆုံးလဲ။ ကိုယ်ပေးခဲ့သမျှသော လက်ဆောင်များထဲတွင်လည်း မည်သည့် လက်ဆောင်အကောင်းဆုံးလဲ။ တကယ်တော့ အကောင်းဆုံး လက်ဆောင်ဆိုသည်မှာ ပေးသူ၏ နှလုံးသားကြိုးမျှင်နှင့် ထုပ်ပိုးချည် နှောင်ထားပြီး သူကိုယ်တိုင်လည်း တစ်စိတ်တစ်ဒေသပါဝင်သွားသည့်အရာ ပင်ဖြစ်ပါသည်။ ရတီအယ်ဒီတာ များလည်း ထိုသို့ဖြစ်အောင်ကြိုးစားနေကြ ပါကြောင်း။

အယ်ဒီတာအဖွဲ့



MEDIA GROUP
Asian Fame Media Group





# CONTENTS

VOL.10, NO.113,AUGUST,2013

2 အယ်ဒီတာနှုတ်ခွန်းဆက်

ကဗျာ

7... မောင်သင်းခိုင်၊ မောင်ရှင်စော၊
မျိုးတေဇာမောင်၊ လင်းထိပ်ချွန်၊
တင်လတ်ကို၊ ဟိန်းထိုက်ရျာန်

ကာတွန်း

13... မြေဇာ၊ ဝင်းအောင်၊
မောင်မောင်၊ လှကြီးမင်း

ရတီအထူးဆောင်းပါး

17... Gone with the Wind
ထဲက ဆူးများနှင့်နှင်းဆီ
ဗီဗီယန်လေး
သိမ့်နှင်းအိမ်

19... Flash Back Fashion
ကေရီစုစ်
ဖြိုးစုပိုင်

23... Cover Image
မိုးဟောကို
ဖြိုးစုပိုင်

Clone Image
ချစ်စနိုးဦး၊ ဂျင်နီ
သီတာစိုး

31... Haircut & Hairdo
မေသန်းနု၊ စန္ဒီမြင့်လွင်၊ အမရာငြိမ်း၊
မေမြင့်မိုရ်၊ ခေးဆက်သွင်၊ မေထွဋ်ခေါင်၊
မေသန်းထိုက်၊ ဒိုရာ၊ မီချိုကို၊ ပိုင်ဖြိုးသု၊
ထက်နုနရှိန်၊ မီးလေး၊ နန်းခေးမို၊
ခင်သော်တာစံ၊ စည်ဖြိုး၊ မင်းတင်ဦးချို၊
ရဲကို၊ စည်သူဝင်း၊ အာကာအောင်ခင်ဝင်း၊
အယ်ဒီတာအဖွဲ့

68... Updating Fashion
ခင်စန္ဒာမြင့်
သီတာစိုး





Asian Fame Media Group
af MEDIA GROUP







# CONTENTS

VOL.10, NO.113, AUGUST,2013


74... ထိန်းသိမ်းဆန်းသစ်
မြန်မာ့အလှစစ်
မေတိုးခိုင်
သီတာစိုး

80... Audience of Celebrities' Choice
ထွန်းထွန်း၊ နေရည်ဝင်းလှဲ့
သီတာစိုး

86... သူပြောတဲ့ သူ့အကြောင်း
ဩရသ
သီတာစိုး

90... Equitable Price
နိုင်သဇင်ယုဝါ
မိုးသောက်ကြယ်

94... Power of Secret
မိုးသောက်ကြယ်

97... Mod Mom
မိမိနေမင်းဝင်း၊ ရွှေပိုင်
ဖြိုးစုပိုပို

102... ကိုယ်ရောစိတ်ပါ
ကျန်းမာစေမယ့်
ကိုယ်ဝန်ဆောင်
ယောဂကျင့်စဉ်များ(၁)
ဂျင်းနီ
မြင့်သူအာထွန်း

105... သူတို့ပြောတဲ့ E
မျိုးဆွေသန်း၊ ကြည်ဖြူသျှင်၊ လှုနေ
ဖြိုးစုပိုပို

111... Artist's Sketch
မကျင်ပို
ဖြိုးစုပိုပို

121... Music Plus Yati
အမှတ်တရဩဂုတ်လထဲက လှ
*Zigzag*









Asian Fame Media Group











# CONTENTS

VOL.10, NO.113,AUGUST,2013


**ရုပ်ရှင်နိုင်ငံတကာ**

126... ပြောင်းလဲတတ်တဲ့ ဒေးဗစ်
*မဥ္ဇူရီ*

205... ရုပ်ရှင်ကိုရီးယား
*ဖင်မြင့်ခဲ*

131... Fashion & Style
*တင်လတ်သန္တာခိုင်*

136... Man of Tai Chi နဲ့ ဒါရိုက်တာလိုင်း ကူးလာပြန်သူ Keanu Reeves
*ရုံသစ်*

179... ကလေးတွေကို ပြုံးပျော်စေလိုသူ ဂျိုကာ " Smiley "
*ဖြိုးဖြိုး*

210... International News
*PP*

214... Film Feeling
*ဖြိုးဖြိုး*

116... မမရုပ်ရှင်အမေးအဖြေ

**ရုပ်ရှင်အသောအရေ**

219... ကတ်သီးကောက်သတ်ပြောတဲ့ တောက်တီးတောက်တဲ့

**ရုပ်ရှင်ကျန်းမာရေး**

124... မိန်းမသားအတွက် Beauty Tips
*အိအိဝေး*

128... သင့်ဆံကေသာကျန်းမာလှပစေမယ့် Hair Care Tips
*အေသီရို*

138... လှပစိုပြည်ရုပ်ရှင်မ
*ဟဦး*

198... Joints Pain သိထားသင့်တဲ့ အဆစ်အမြစ်နာရောဂါများ
*ဒေါက်တာအောင်ဆန်းဝင်း*


























# CONTENTS

VOL.10, NO.113, AUGUST, 2013


**ရတီဆောင်းပါး**

118... **အမေရိကန်စတိုင်ဗုဒ္ဓဘာသာ**
*ခမ္ဘာဂီ*

168... **ဒီနေ့လူငယ်တွေရဲ့ နေ့**
*နှင်း*

202... **အဆောင်ကျောက်များအား သိပ္ပံနည်းကျချည်းကပ်ခြင်း**
*သိန်းပိုင် (M.Engg.Geol.)*

184... **တိဘက်ဒေသ၏ သဘာဝ ပတ်ဝန်းကျင်အခြေအနေ**
*ကျော်ဦး*

**မန္တလေးအတွေး၊ မန္တလေးအရေး**

194... **သူငယ်ချင်းနဲ့ ရေခဲမုန့်ချစ်သူ**
*ကိုထွန်း (လမ်း-၈၀)*

**ဖူးနေသစ်လွင်ကဗျာဥယျာဉ်**

172... ရွှေကြယ်မိုး၊ ရွှေဒင်္ဂါး(မတ္တရာ)၊ ကြယ်စင်သစ်(ဒဂုံတက္ကသိုလ်) ဇော်ထိုက်(သထုံ)၊ ဂျူလိုင်မောင် (ပုသိမ်တက္ကသိုလ်)၊ ကချင်လေး (ဆေး-မန်း)၊ ရိုးရာ၊ ဆုးလွင့်နွေ (တာရာ)

**ရတီပေဒင်**

176... ဒေါက်တာမြတ်သစ် (မန္တလေး)

**ရတီဝေဖန်ရေး**

186... **ဒါရိုက်တာ ပြေဇင်၏ 'ခေါင်းလောင်းထိုးသော လူတစ်ယောက်'**
*မောင်အိမ်စံ*

**ရည်ညွှန်းဖွဲ့သီ ချစ်သူဆီ**

162... **ပွင့်သစ်ဝေဒနာ**
*ထန်*

**ရတီအခန်းဆက်ဝတ္ထုရှည်**

140... **နှစ်နှစ်ရှလုံးသား ပတ္တမြားဖြစ်စေ**
*မောင်လွင်မှန်(ကသာ)*

**ရတီဝတ္ထုတို**

148... **ခြောက်ရက်ခြောက်လ ခြောက်နာရီ**
*စုမီအောင်*

154... **ဆွေမျိုးစပ်သူ**
*ငြိမ့်သဲ*

158... **ကဗျာဆရာရဲ့ ချစ်ပုံပြင်**
*မင်းဟန်(မန်းတက္ကသိုလ်)*

189... **မီးခဲ၊ ကြောင်ချေး၊ ပုဏ္ဏကနှင့် စတုတ္ထဆိပ်ကမ်း**
*နန္ဒာစိုး(ဆင်ဖြူကျွန်း)*


ဖန်တီးသရုပ်ဖော်
မြတ်မင်းဟန်၊ အောင်ကျော်၊ ခေတ်ဘုန်းမိုး၊ လူကြီးမင်း၊ လင်းငြိမ်၊ လင်းသဟ်ညီ၊ ပန်းချာန်

Asian Fame Media Group

# နွေဦး

မြစ်တွေတောင်တန်းတွေဟာ လင်းမွှင့်နေရောင်အောက်မှာ လဲလျောင်းလို့
နွေဦးလေက ပန်းတွေနဲ့ သစ်ဥသစ်ဖုတွေကို လတ်ဆတ်စေရဲ့
ပျံလွှားငှက်တွေက သူတို့အသိုက်တွေကို ရွှံ့တွေနဲ့ ဆောက်ဖို့ ပျံသန်းနေ
မျိုးငှက်တွေကလည်း သဲပုပေါ်မှာ သူတို့ဘာသာသူတို့ ဖြန့်ပြီး ငိုက်မြည်းလို့
တောင်စိမ်းစိမ်းပေါ်က ပန်းပွင့်နီနီတွေ မီးရဲရဲပမာတောက်လောင်လို့
မြစ်ပြာပြာမှာ ငှက်ဖြူဖြူတွေရဲ့အရိပ်တွေ ရောင်ပြန်ထင်ဟပ်လို့
နွေဦးရဲ့အခမ်းအနားကို တိတ်ဆိတ်ငြိမ်သက်စွာနဲ့ စောင့်ကြည့်ပြီးတော့
ငါချစ်သူအိမ်ကို ငါပြန်ရဦးမယ်လေ။

မောင်သင်းနိုင်




yati POEM
august 2013

Asian Fame Media Group
MEDIA GROUP

# ငါ့ကဗျာကို
# ခြေဖျားထောက် မဖတ်လိုက်ပါနဲ့



yati POEM
august 2013

ငါ့ကဗျာကို ခြေဖျားထောက် မဖတ်လိုက်ပါနဲ့
သင့်ခြေဖဝါးအောက် သူ့ အလျားမှောက်နေပါတယ်
ငါ့ကဗျာကို အဝေးကြည့်မှန်ပြောင်းတွေနဲ့
မျက်စိအညောင်းမခံပါနဲ့
ကန့်လန့်ထိုးထားတဲ့ သင့်နှလုံးသားကို သူတံခါးလာခေါက်ပါလိမ့်မယ်
သက်သောင့်သက်သာ ဖတ်သာသလိုသာ ဖတ်လိုက်ပါ
ကဗျာဟာ ရတနာသိုက်လမ်းညွှန်မြေပုံမဟုတ်လို့
အလောတကြီး အငမ်းမရရှာဖွေလိုက်ပါနဲ့
ဒါပေမဲ့
ငါ့ကဗျာထဲမှာ မှောင်မည်းတိတ်ဆိတ်နေတဲ့ မြို့ကြီးတစ်မြို့ကို
သင်မရှာဘဲ တွေ့လိမ့်မယ်
သန်းခေါင်ကို ငါးမိုးလိုရူးနေတဲ့ ခွေးဟောင်သံတွေ
သင် ကြားရလိမ့်မယ်
ရွက်ဖျင်တဲတွေထဲက တစ်ရေးမှ အိပ်မပျော်တဲ့မိသားစုတွေ
သင် မြင်ရလိမ့်မယ်
နပန်းလုံးရင်းစကားပြောနေကြတဲ့အမဲ ဆဲသံတွေသာ ထွက်ထွက်လာတဲ့
စစ်မြေပြင်တစ်ခုဆီ သင်ရောက်သွားလိမ့်မယ်
အမွှေဖြတ်ခံထားရတဲ့ တောင်ကုန်းတစ်ကုန်းပေါ်က
ယမ်းနံ့တွေကို သင်ရှူရှိုက်မိလိမ့်မယ်
ငါ့ကဗျာကို ခြေဖျားထောက်မဖတ်လိုက်ပါနဲ့
ငါ့ကဗျာဟာ ကဗျာလောကကြီးထဲက ငါးနုံမတစ်ကောင်ပါ
ငါ့ကဗျာကို ခြေဖျားထောက်မဖတ်လိုက်ပါနဲ့
ငါ့ကဗျာဟာ ကဗျာဆွမ်းဆန်တွေထဲ ရောနေတဲ့ ကြွက်ချေးပါ
အခုတော့ သင့်ကိုငါ ခဏ ခေါ်သွားစမ်းပါရစေ
ဝံပုလွေတွေတင်ဆက်နေတဲ့ လပြည့်ညရဲ့အလွမ်းဇာတ်ခုံတွေဆီ
အမြစ်မဲ့သစ်တောတွေထဲက အသွင်ကူးပြောင်းရေး မော်ရုံလမ်းမတွေဆီ
ဝဋ်နာ ကံနာနဲ့ နာတာရှည်နေတဲ့ ဒုက္ခသည်စခန်းတွေဆီ
ကျည်ဆန်ခွံနဲ့ ရောကျိုထားတဲ့ မိဘမဲ့ဆန်ပြုတ်ခွက်တွေဆီ
သင့်ကို ငါခေါ်သွားစမ်းပါရစေ
ငါ့ကဗျာကို ခြေဖျားထောက်မဖတ်လိုက်ပါနဲ့
ငါ့ကဗျာဟာ ကဗျာစိန်ကောင်းကျောက်ကောင်းတွေ ရောင်းဝယ်နေတဲ့ကြားက
ကန့်လန့်ကန့်လန့်ဆေးရိုးသည်ပါ။
ငါ့ကဗျာကို ခြေဖျားထောက်မဖတ်လိုက်ပါနဲ့
ငါ့ကဗျာကို ခြေဖျားထောက်မဖတ်လိုက်ပါနဲ့။ ။

မောင်ရှင်စော

Asian Fame Media Group

# ပို့စရာကဗျာမရှိတာက
# ခက်နေတာ ကိုလွှမ်းရုံ

အသွင်ကူးပြောင်းရေးကာလမှာ
အသွင်မကူးပြောင်းနိုင်တဲ့ ကျွန်တော်ကပဲ ခက်နေတာလား
ကဗျာကပဲ ခက်နေတာလား
ကျွန်တော် ကဗျာရေးလို့မရဘူး ကိုလွှမ်းရဲ့
မြို့ကကျဉ်းလာသလို
လမ်းတွေကလည်း ကျဉ်းလာတယ်
ကျွန်တော်တို့ကြား "အဟ" ကျဉ်းလာပြီဆိုပေမယ့်
ယောင်ယောင်ယောင်ယောင် ထောင်ထောင်ထောင်ထောင်ကောင်တွေက "ကျယ်" လွန်းတယ်
ဘူတာတွဲလှပ်ရမတဲ့ဗျာ
ဘယ်တုန်းက တွဲဖူးလို့လဲဗျာ
ဘာတွေတွဲလှပ်ရမလဲဗျာ
ခင်ဗျားကြုံရင် မေးကြည့်ပါဦး ဘက်ဆိုင်သူတွေကို
"သမ္မတကြီးကို ယုံလိုက်ပါ" ဆိုတဲ့ရုပ်ရှင် သမ္မတရုံမှာတင်ပြတဲ့
ခင်ဗျားကြုံရင် ဝင်ကြည့်လိုက်ပါဦးလား
မိုးရေကြီးသလိုနေတွေပဲ ကိုလွှမ်းရဲ့
ခင်ဗျားဘေး ကျွန်တော့်ဘေးကိုကြည့်
ခေါင်းမိုးပေါ်ရောက်နေတာ သတ္တဝါမျိုးစုံ
ကျွန်တော်ကပဲ ခက်နေတာလား
ကဗျာကပဲ ခက်နေသလား မသိဘူး
ပတ်ဝန်းကျင်ကတော့ ပျော်ပျော်ရွှင်ရွှင်ပဲ
ကောင်းဆာဖြစ်နေတဲ့ တိုင်းပြည်ကို
ပါရာစီတမောတိုက်တဲ့လူက တိုက်
ကွန်းအဆွဲဝါလိမ်းတဲ့လူက လိမ်းနဲ့ပေါ့။

မျိုးတေဇာမောင်



yati POEM
august 2013

# အပြင်၌ ကွယ်နေခြင်း

ကိုယ်ကျန်းမာ   စိတ်ချမ်းသာရာရကြောင်း
ဖွင့်တယ် ဗိတ်တယ်
တွယ်ဆက်ခြင်း အချိန်တစ်ခုက
ပွင့်မယ် ကြေမယ်
ဈေးလောက်ဖွယ် အလင်းမြန် သင်္ကေတ
မြေစာမြက်ခင်းပေါ်မှာ
မြေစိုရေနှင်းဖိလျက်သား
ဖမ်းရိုက်ထည့်ထားသလို အငွေ့ထွက်တယ်
ဆောင်းရက်ကြီး မိုးရွာသလိုမျိုး
အချိန်ကျရာ အသံပြည့်တယ်
နေကြာပန်းရောင်တောက်နေတဲ့ အရပ်မျက်နှာဆီ
မြင်ခွင့်ရသလောက်သာ ခွဲဆန့်ကြည့်လိုက်ပါ
စိတ်ဆန္ဒပြည့်ဝခြင်း မပြည့်ဝခြင်းအသာထား
ဦးခေါင်းနဲ့ အရင်ဝင်မထိုက်မိဖို့
သင် ကိုယ့်ကိုယ်ကိုယ် ပြန်ဖတ်လိုက်
အမြင့်ဟာ မာယာနက်တယ်
အနိမ့်မှာ ထိတွေ့ခံစားရမှုမျိုး
စိတ်သာယာမှုတွေ သင်ချုပ်လိုက်
ရွှေငါးမွေးမြူခြင်းကလည်း
လူ့အလှတစ်ခုရဲ့ တမျက်နှာပဲမဟုတ်လား
စန့်စန့်ကြီး ခန့်ခန့်ကြီးလုပ်မနေနဲ့လေ
ကိုယ့်ခြေထောက်ကိုယ်ပြန်ပက်တဲ့
နေမှုထိုင်မှုလောက် ရှောင်းအားထိုင်းတာ ဘာရှိသေးလဲ
သင်နှင့်အကျွန်ုပ်ဟာ
မျိုးစေ့နဲ့ သစ်ပင်မည်တာ
မယုံဘူးဆိုရင် ပွက်ရောကနေ ကန့်ထွက်ကြည့်ကြစို့လား။

လင်းထိပ်သျှင်




yati POEM
august 2013

Asian Fame Media Group



yati POEM
august 2013

Asian Fame Media Group
af MEDIA GROUP

# ပုံတူ

ငါးဆယ်တန်ကော်ဖီမစ် သောက်တယ်
အသားဟင်းတစ်မျိုးနဲ့ ထမင်းစားတယ်
တရုတ်လုပ်ဆိုင်ကယ် စီးတယ်
ဖျားနာရင် ဆေးခန်းသွားတယ်
စာဖတ်တယ်
သတင်းတွေ နားထောင်တယ်
ဒေါသဖြစ်တယ်
ဝမ်းနည်းတဲ့အခါ ငိုတယ်
သူတောင်းစားတွေမြင်ရင် သနားတယ်
ကဗျာရေးတယ်
တက်တူးထိုးတယ်
အလုပ်ခံလျှောက်တယ်
လက်ဖက်ရည်ဆိုင်ထိုင်တယ်
ငြိမ်းချမ်းရေးလမ်းလျှောက်သူတွေ ကြိုတယ်
ဂိမ်းဆော့တယ်
ထီထိုးတယ်
ဘုရားရှိခိုးတယ်
ဆေးလိပ်သောက်တယ်
သမ်းဝေတယ်
အိပ်တယ်
ကာမပြုတယ်
နိုးတယ်။
သူသူငါငါလိုပါပဲ
စစ်မလိုပါဘူး။

တင်လတ်ကို

# ကင်ဆာ

ဆင်းရဲခြင်းဟာ အမြစ်တစ်ဆုံးတွယ်ပြီး
အကျိတ်အခဲတွေ ထနေခဲ့ပြီ

ဆင်းရဲခြင်းဟာ
မျက်မမြင်နေကာမျက်မှန်တပ်ပြီး
ကောင်းကင်က သက်တန့်ကိုငေးသလိုမျိုး
ဓာတ်မြေသြဇာနဲ့ချက်တဲ့ အရက်ကိုသောက်တယ်
၂၀၀ ဖိုး ၃ လိပ် စီးကရက်ကို ရှိုက်တယ်
ယူရစ်အက်စစ်သွင်းထားတဲ့ ငါးပိရည်ကျိုကိုစားတယ်

ဆင်းရဲခြင်းဟာ
အစားထိုးလောင်စာဆီကို စားအုန်းဆီလို့ တံဆိပ်ကပ်ပြီး
ဟင်းချက်ကြတယ်
ဆင်းရဲခြင်းဟာ ဆင်းရဲခြင်းကို ရောင်းဝယ်ဖောက်ကားတယ်

ဆင်းရဲခြင်းဟာ
ဒုဘိုင်းက ဟိုတယ်ပေါ်မှာ စားပွဲထိုးလို့
အမေရိကားတို့ နော်ဝေတို့မှာ ဆူရှီးလိပ်လို့
ဂျပန်မှာ ပန်းကန်ဆေးလို့
ထိုင်းမှာ တစ်ကိုယ်လုံး ရေနွေးပူအလောင်ခံရလို့
စင်ကာပူမှာ တိုက်ပေါ်က ခုန်ချလို့
တံတားပေါ်က ခုန်ချလို့
မလေးရှားမှာ မုဒိန်းကျင့်ခံရလို့



yati POEM
august 2013

ဆင်းရဲခြင်းဟာ
ဆင်းရဲခြင်းတွေကို ရောင်းချဖို့
ဟိုး...အညာဒေသကနေ
ပခုံးပေါ်မှာ အသုပ်စုံထမ်းပြီး
လောက်တဖွားဖွားတက်နေတဲ့ ရန်ကုန်ကို ရောက်လာခဲ့တယ်

ဆင်းရဲခြင်းဟာ
အကိုက်အခဲပျောက်ဆေးအတုနဲ့
Antibiotics အတုကို လမ်းဘေးဆိုင်က ဝယ်သောက်တယ်
ဆင်းရဲခြင်းမှာ
သကြားအချိုတွေက ပိုဈေးကြီးလာခဲ့တယ်

ဆင်းရဲခြင်းဟာ
ဒီလိုပဲ အရည်မရ အဖတ်မရတွေကို ဝါးပြီး
ထွေးထုတ်လိုက်တယ်
လမ်းတွေပေါ်မှာ သမိုင်းနဲ့ချီတဲ့သွေးတွေ စွန်းထင်လို့...။ ။

ဟိန်းထိုက်ရှာန်

Asian Fame Media Group
MEDIA GROUP




Asian Fame Media Group




Asian Fame Media Group




Asian Fame Media Group




Asian Prime Media Group
MEDIA GROUP




af MEDIA GROUP
Asian Fame Media Group


Asian Fame Media Group
af MEDIA GROUP


Asian Fame Media Group



Asian Media Group



COVER IMAGE

**MODEL :** MOE HAY KO
**MAKE-UP ;** NYI NYI MAUNG (SANCHAUNG)
**FASHION:** KAUNG MYAT
**PHOTO:** LIN TUN (LEOPARD)
**ARRANGED BY :** PHYOE SU PO PO

Asian Fame Media Group
AF MEDIA GROUP



Asian Fame Media Group



af MEDIA GROUP
Asian Fame Media Group



Asian Fame Media Group
MEDIA GROUP



Asian Entire Media Group



MEDIA GROUP
Asian Fame Media Group



Asian Fame Media Group
MEDIA GROUP


Asian Fame Media Group
af MEDIA GROUP


ဆံထုံးမထုံးမီ


၁



၂


၃


ဆံထုံးထုံးပြီး

# Haircut & Hairdo

မော်ဒယ်
မေသန်းနု
ဆံထုံး
PESE
(Asian Beauty Award
2013)
ဆံထုံးအမည်
ပွဲတက်နွယ်ဆံထုံး
ဓာတ်ပုံ
ကိုနိုင်(ပေါ်ပြူလာ)
စီစဉ်သူ
မိုးသောက်ကြယ်


၄


၅


၆


၇


၈

Asian Fame Media Group











# Haircut & Hairdo



## Curly Straight & Bob

**Model**
Sandi Myint Lwin
**Hair & Make-up**
Agnes Lim
(Fancy House)
**Photo**
Ko Naing (Popular)
**Arranged by**
Phyoe Su Po Po









Asian Fame Media Group
af MEDIA GROUP







Asian Fame Media Group



Asian Fame Media Group

# Haircut & Hairdo

**MODEL :** EMERALD NYEIN/ **MAKE-UP & HAIR :** HTET (POP SOUL)/ **PHOTO :** KO NAING (POPULAR)/ **ARRANGED BY** PHYOE SU PO PO









Asian Fame Media Group

**Model**
May Myint Mo
**Hair & Make-up**
Pan Pan (Tokyo Japan) 09-5147607
**Photo**
Ko Naing (Popular)

# Haircut & Hairdo



Asian Fame Media Group

မော်ဒယ်မေမြင့်မိုရ်ရဲ့ ဆံပင်လေးတွေကို ရှုံးသွားရင်ပဲ ဖြစ်ဖြစ်၊ သင်တန်းသွားရင်ပဲဖြစ်ဖြစ် ပြင်ဆင်လို့ရတဲ့ ပေါ့ပေါ့ပါးပါးပုံစံလေးတွေ ပြုလုပ်ထားပါတယ်။ ပုံမှာ ပြထားတဲ့ဆံပင်ပုံစံလေးတွေကို လေ့လာပြီး ကိုယ်တိုင် ဖန်တီးကြည့်ရအောင်နော်။

သီတာစိုး









af MEDIA GROUP
Asian Fame Media Group











# Haircut & Hairdo






၁။ ဆံပင်ကို စတင်စည်းနေတဲ့ပုံပါ။
၂။ ကျစ်ဆံမြီး စတင်ကျစ်ပါတယ်။
၃။ ကျစ်ဆံမြီးကို ကျစ်ပြီး ဘေးပတ်ပတ်လည်ခွေနေတဲ့ပုံပါ။
၄။ အောက်ဘက်က ဆံပင်ကို ယူပြီး ကျစ်ဆံမြီးကျစ်ပါတယ်။
၅။ ပွဲတက်တဲ့ကျစ်ဆံမြီးဆံပင်ပုံစံနဲ့ အေးဆက်သွင်

**Model**
Khay Sett Thwin
**Hair & Make-up**
Pan Pan (Tokyo Japan)
095147607
**Photo**
Ko Naing (Popular)
**Arranged by**
Thida Soe

Asian Fame Media Group














၁။ ဆံပင်ကို ဘေးကနေစပြီး ဖဲကြိုးထည့် ကျစ်ပါတယ်။
၂။ ကျစ်ဆံမြီး ကျစ်ပြီးတာကို စည်းပါတယ်။
၃။ ကျန်တဲ့အခြမ်းကဆံပင်လေးတွေကို အခုလိုကျစ်ပါတယ်။
၄။ နှစ်ခုစလုံးကိုယူပြီးစည်းပါတယ်။
၅။ ကျစ်ဆံမြီး ဆံပင်ဆန်းနဲ့ လန်းနေတဲ့ ခေးဆက်သွင်

**Model**
Khay Sett Thwin
**Hair & Make-up**
Pan Pan (Tokyo Japan)
095147607
**Photo**
Ko Naing (Popular)
**Arranged by**
Thida Soe

Asian Family Media Group
MEDIA GROUP




# Haircut & Hairdo

Asian Family Media Group



**Hairstyle**
Square Hair Top

မော်ဒယ် - မေသန်းထိုက်
မိတ်ကပ် - သော်သော်(ချန်လုံး)
ဆံပင် - J Gyi(ချန်လုံး)
ဝတ်စုံ - မနီနီဝင်း(**Zeta Fashion**)
ဓာတ်ပုံ - သူတော်လွင်(**JH Studio**)
စီစဉ်သူ - မိုးသောက်ကြယ်

Asian Media Group




Asian Fashion Media Group
MEDIA GROUP




**Model :** Mi Chi Ko & Dora Alex / **Hair & Make-up :** Hello (Ma Khing & Ma Cho)/ **Hair Accessories :** Spirits
**Designer :** Thet Hnin Aye (Dozo Fashion)/ **Photo :** Ko Naing (Popular)/ **Arranged by** Thida Soe



Asian Fame Media Group



Asian Family Media Group



# Haircut & Hairdo

မော်ဒယ် - ပိုင်ဖြိုးသု ၊ မိတ်ကပ်/ဆံပင် - ဒီဇင်ဘာနှင်း ၊ ဓာတ်ပုံ - မော်ကွန်းသစ် ၊ စီစဉ်သူ - မိုးသောက်ကြယ်





မော်ဒယ် - ပိုင်ဖြိုးသု ၊ မိတ်ကပ်/ဆံပင် - ဗီဇင်ဘာနှင်း ၊ ဓာတ်ပုံ - မော်ကွန်းသစ်



Asian Fame Media Group



နဂိုဆံပင်



1 နောက်မှ ဖြောင်သိမ်းပြီး အမြင့်စီး



2 စီးပြီးတဲ့ ဆံပင်ကို တစ်ဝက်ခွဲပြီးလိမ်



3 လိမ်ပြီးတဲ့ ဆံပင်ကို ညှပ်ကလေးများနဲ့ ညှပ်







4 နောက်ဆုံး မိမိကြိုက်နှစ်သက်ရာ ဖန်စီအလှကလစ်များ တပ်

# Haircut & Hairdo

## ပေါ့ပေါ့ပါးပါး ဆံပင်ထုံးကြမယ်

အပြင်သွားဖို့ အဆင်သင့်ဖြစ်ပြီ

ARRANGEMENT : NWAY NWAY
MODEL : HTET NU NU SHEIN
HAIR & MAKE-UP : GUCCI - ဆောင်
PHOTO : PHONE MYINT (NGWETAUNGTAN)

Asian Media Group
MEDIA GROUP



1
ပထမဦးဆုံး ဘေးတစ်ခြမ်းကိုလိမ်



2
ဒုတိယအဆင့် လိမ်ပြီးတဲ့ဆံပင်ကို
အခွေကလေးခွေ



3
အခွေပေါ်မှာ ညှပ်ကလေးများနဲ့ ခိုင်မြဲအောင် ညှပ်



နဖူးပြင်ကျယ်သူများအတွက် ရှေ့ဆံပင်ကို ချပေးနိုင်ပါတယ်

# Haircut &Hairdo


မထုံးဖွဲ့မီ။




Section ခွဲ[illegible]ပါ။



အတုဆက်ပေးပါ။



ဆံတုတင်ပေးပါ။



အောက် Section ကို
အုပ်ပေးပါ။



ဘေးဆံပင်နှစ်ဖက်ခွဲပေးပါ။



ဘေးဆံပင်ကိုလိပ်၍သိမ်းပေးပါ။



ချောသပ်ပေးပါ။



အပွင့်ပုံခွေပေးပါ။



လက်နှစ်ချောင်းဖြင့်လိမ်၍
အပွင့်ပုံခွေပေးပါ။

## Five Star Hair Knote

ယခု ထုံးဖွဲ့ပေးလိုက်တဲ့ ဆံထုံးလေးဟာဆိုရင် မြန်မာနိုင်ငံမှာ လုံးဝထုံးဖွဲ့ခြင်းမရှိသေးတဲ့ ဆံထုံးလေးပဲဖြစ်ပါတယ်။ ဒီဆံထုံးလေးကိုအဆင့်ငါးဆင့် ထုံးဖွဲ့ပေးထားပြီး နိုင်ငံတကာမှာရော မြန်မာနိုင်ငံမှာပါ ခေတ်စားလာမယ့် ဆံထုံးလေးပဲဖြစ်ပါတယ်။ အဆိုပါ ဆံထုံးလေးဟာဆိုရင် နိုင်ငံခြားသတို့သမီးဝတ်စုံနဲ့လည်း လိုက်ဖက်သလို မြန်မာသတို့သမီးဝတ်စုံနဲ့လည်း လိုက်ဖက်တဲ့ ဆံထုံးလေးပဲဖြစ်ပါတယ်။



အတန်းလိုက်ခွေပေးပါ။



အောက်အနားကိုခွေ၍
Sprayဖြန်းပေးပါ။



Fancy သရဖူတပ်ပေးပါ။

မော်ဒယ် - ဗီးလေး ၊ အလှပြင်ဆိုင် - PESE (Asian Beauty Award 2013) ၊ Dress Bellay (Wedding Dress) ၊ ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)

Asian Fame Media Group




Asian Fame Media Group

# HAIRCUT & HAIRDO

**Mode :** Nang Khay Mo/ **Mair & Make-up :** Hello (Ma Khaing, Ma Cho)/ **Designer :** Mogoke Pauk Pauk
**Photo :** Ko Naing (Popular)/ **Arranged by** : Thida Soe









MEDIA GROUP
Asian Prime Media Group


Asian Fame Media Group
MEDIA GROUP


မညှပ်မီပုံ


Top Section ခွဲပါ


Middle Section ကို 90° ညှပ်ပါ


Top Section ကိုလည်း 90° ညှပ်ပါ

## Tentacle Hairstyle

ဒီ Style လေးကတော့ ထိုင်းနိုင်ငံမှာ ကျင်းပတဲ့ နိုင်ငံပေါင်းစုံပြိုင်ပွဲမှာ ဆရာပိစိမှ ဆုရရှိခဲ့တဲ့ ရောဘဲစတိုင်ပြုလုပ်ထားတဲ့ ဆံပင် Style လေးတစ်ခုပဲ ဖြစ်ပါတယ်။ ပင်လယ်မှ ရောဘဲကို အခြေခံပြီး ညှပ်ထားတဲ့ပုံစံလေးဖြစ်တဲ့ အတွက် အမြင်ဆန်းတဲ့ပုံလေးတစ်ခု ဖြစ်စေပါတယ်။


Cheeking ပြုလုပ်ပေးပါ


Inner Layer ထည့်ပေးပါ


Point Cut ဖြန့်ညှပ်ပေးပါ

# Haircut & Hairdo





မော်ဒယ် - ခင်သော်တာစံ ၊ ဆံပင် - ချန်လုံး ၊ မိတ်ကပ် - သော်သော် (ချန်လုံး) ၊ ဓာတ်ပုံ - ဘိုဘို (ကျောက်မြူ) ၊ စီစဉ်သူ - **မိုးသောက်ကြယ်**

Asian Game Media Group





# Haircut & Hairdo

## City Boy Hairstyle




































Model - Si Phyoe
Hair Style - Tony Tun Tun
Photo - Bo Bo
Arranged by - Moe Thauk Kyal



ဘေးကို High Light ဖောက်ပါ။



ညာဘက်ဘေးကို Shape ထိုးပေး ပါ။

# Haircut & Hairdo

## Under Shape

ယနေ့ တစ်ကမ္ဘာလုံးခေတ်စားနေတဲ့ ရှေ့ Shape ဒီဇိုင်းဆန်းတစ်ခုဖြစ်ပါတယ်။ ဆံပင်ကို ပိုပြီးဆန်းသစ်အောင် ဘေး Shape ကို အဝါဖျော့ကာလာ Light ပြုလုပ်ပေးထားပြီး Line ပါ ဖော်ပေးထားတဲ့အတွက် ၂၀၁၃ ရဲ့ ဒီဇိုင်းဆန်းပုံစံလေး ဖြစ်ပါတယ်။



အောက်ခြေကို Shape ထိုးပေးပါ။



ရှေ့ကို Shape ထိုးပေးပါ။





လိုင်းဖော်စက်ဖြင့် Line ဖော်ပေး ပါ။



ဘယ်ဘက်ဘေးကို ညာဘက်အတိုင်း Shape ထိုးပေးပါ။



Point Cut ညှပ်ပေးပါ။



ပုံသွင်းပေးပါ။

**မော်ဒယ်** - မင်းတင်ဦးချို ၊ **ဆံပင်** - ချန်လုံး ၊ **မိတ်ကပ်** - သော်သော် (ချန်လုံး) ၊ **ဓာတ်ပုံ** - ဘိုဘို (ကျောက်ဖြူ) ၊ စီစဉ်သူ - **မိုးသောက်ကြယ်**



# Haircut &Hairdo

Model - Ye' Ko
Hair Stylist - Thida
(Art @ T8 Hair Beauty)
Photo - Min Min Tun
Arranged by Thida Soe


















Asian Fame Media Group



# Haircut &Hairdo


# T8

ယနေ့ခေတ် လူငယ်အားလုံးနီးပါး
ကြိုက်နှစ်သက်နေကြတဲ့ ဆံပင်ပုံစံ၊
ဆံပင်အရောင်ဆန်းလေးတွေကို
Art & T8 Hair & Beauty မှ
Hairstylist သီဟ၊ ဘုန်းကျော်တို့နဲ့အတူ
မော်ဒယ် စည်သူဝင်း ရဲကိုတို့က
ပုံဖော်ပေးထားပါတယ်။

Model - Si Thu Win
Hair Stylist - Phone Kyaw
(Art @ T8 Hair Beauty)
Photo - Min Min Tun
Arranged by Thida Soe



af MEDIA GROUP
Asian Fame Media Group


Asian Fame Media Group
MEDIA GROUP



# Haircut &Hairdo

Model - Arkar Aung Khin Win
Hair & Make-up - Leo (Fancy House)
Designer - Zaw Seng (Man Made)
Photo - Ko Naing (Popular)
Arranged by Thida Soe

## PUNK HAIR STYLE





Asian Fame Media Group
MEDIA GROUP



af MEDIA GROUP
Asian Fame Media Group



COAT : 20500Ks

mode : khin sandar myint
make-up : myaung myaung (ksw)
dress : pretty girl
photo : ko naing (popular)
arranged by thida soe

# Updating Fashion

ခေတ်မီတိုးတက်လာတာနဲ့အမျှ Fashion ရေစီးကြောင်းကလည်း အမြဲတမ်းပြောင်းလဲနေ ပါတယ်။ ယနေ့လူငယ်တွေရဲ့Fashion ကို လေ့လာကြည့်မယ်ဆိုရင် အမြဲတမ်း ဆန်းသစ်နေပြီး Fashion ကျကျ ဝတ်ဆင်လာတာကို တွေ့ကြရမှာပါ။ Fashion နဲ့ပတ်သက်ပြီး သိချင်နေသူတွေအတွက် ရုံးသွားရင်ပဲဖြစ်ဖြစ်၊ အပြင်သွားရင်ပဲဖြစ်ဖြစ် ဝတ်ဆင်လို့ရမယ့် ပုံစံလေးတွေကို မော်ဒယ်ခင်စန္ဒာမြင့်နဲ့အတူ Updating Fashion ဆိုတဲ့ကဏ္ဍလေးမှာ တင်ဆက်လိုက်ပါတယ်နော်။

Asian Fame Media Group



Asian Fame Media Group


BLOUSE : 7500Ks
SKIRT : 8500Ks
Asian Fame Media Group
MEDIA GROUP



Asian Fame Media Group



Asian Fame Media Group
MEDIA GROUP




Asian Fame Media Group
MEDIA GROUP



မော်ဒယ်- မေတိုးနိုင်
မိတ်ကပ်- ညြလေး ( ဒီဇင်ဘာနှင်း)
ဒီဇိုင်နာ- အိကျော်ဇင် (vivid)
နေရာ- House of Memories
ဓာတ်ပုံ- ကိုနိုင် (ပေါ်ပြူလာ)
စီစဉ်သူ- သီတာစိုး

# ဝေနိုးသေဝိုးဆန်းသစ်
# ပြန်မှာ့အလှစစ်

Asian Fame Media Group
AF MEDIA GROUP



Asian Fame Media Group
af MEDIA GROUP


Asian Media Group




Asian Fame Media Group
MEDIA GROUP





■ ဩဂုတ်လရဲ့ အေးချမ်းတဲ့မိုးစက်တွေနဲ့အတူ ပရိသတ်ရှေ့ကို Audience of Celebrities' Choice ကဏ္ဍလေးကလည်း ရောက်ရှိလို့လာပြန်ပါပြီနော်။ ဒီလမှာတော့ လူငယ်တွေ အရမ်းကြိုက်နှစ်သက်ပြီး အားပေးနေတဲ့ အဆိုတော် သရုပ်ဆောင် ထွန်းထွန်း (Example) နဲ့အတူ သယ်နီးကျွန်းမှာနေထိုင်သူ နေရီဝင်းလဲ့ တို့ရဲ့ တွေ့ဆုံမှုလေးပဲ ဖြစ်ပါတယ်။ တွေ့ဆုံခြင်းရဲ့နောက်မှာ ဖြစ်ပေါ်လာတဲ့ ပျော်ရွှင်ခံစားမှုတွေကို ပရိသတ်များ ကြည့်ရှုနိုင်ဖို့အတွက် တင်ဆက်ပေးလိုက်ပါတယ်နော်။

# AUDIENCE OF CELEBRITIES' CHOICE

Model Tun Tun, Nay Yii Win Le' Make - Up Gucci Aung (Nyi Nyi Maung - San aung) Dress for Audience Yummy Yo Photo Ko Naing (Popular) Arranged by Thida Soe



Asian Fame Media Group



Asian Fame Media Group

ပရိသတ်အမေး အနုပညာရှင်အဖြေ

**ညီမကို ဓာတ်ပုံတွေအများကြီးထဲက ဘယ်လိုဖြစ်ပြီး ရွေးဖြစ်ခဲ့တာလဲဆိုတာ သိချင်ပါတယ်။**

ဓာတ်ပုံတွေကို မေမေ့ကိုလည်း ပြတယ်။ ကိုထွန်းထွန်း ပရိသတ်တွေ တော်တော်များများက ကိုထွန်းထွန်းထက် ငယ်ကြတယ်။ ကိုထွန်းထွန်း သီချင်းစဆိုတဲ့အချိန်တုန်းက ကလေးပရိသတ်တွေ များတယ်လေ၊ အဲဒီတုန်းက ကလေးလေးတွေက အခုဆို အရွယ်ရောက်နေကြပြီလေ။ အစ်ကိုတို့ အခွေထွက်တုန်းက ညီမလေးက လေးနှစ်လောက်ပဲ ရှိဦးမယ် ထင်တယ်။

**ကိုထွန်းထွန်းရဲ့ Super Star အခွေက ဘယ်တော့လောက် ထွက်မှာလဲ။**

Super Star အခွေကို MTV တောက်လျှောက် ရိုက်နေပါပြီ။ သီတင်းကျွတ်မတိုင်ခင်နဲ့ သီတင်းကျွတ်ဝန်းကျင်မှာတော့ သေချာပေါက် ထွက်ဖြစ်တော့မှာပါ။ ပြီးခဲ့တဲ့နှစ်က CD ဖြန့်တာ အဆင်မပြေဘူး၊ အဆင်မပြေဘူးဆိုတာက ကိုယ်ကိုယ်တိုင်လည်း ဘာမှလိုက်မလုပ်နိုင်ခဲ့ဘူး။ ခွေထွက်မှန်းတောင် မသိလိုက်ဘူး။ အဲဒီလို ဟေးလားဝါးလားတွေ ဖြစ်နေတယ်ပေါ့။ အခုတော့ အပ်စရာရှိတဲ့ လူတွေအကုန်လုံးကို အပ်ထားတယ်ဆိုတော့ ဒီနှစ် သီတင်းကျွတ်ဝန်းကျင်ထွက်မှာပါ။

**ကိုထွန်းထွန်း ဇာတ်ကားတွေ ဆက်မရိုက်တော့ဘူးလား။ အစ်ကိုတို့ရဲ့ နှင်းဆီအပြိုင်ကရော ရန်ကုန်မှာ ဘယ်တော့လောက် ကပြဖြစ်မလဲ။**

လေးနှစ်၊ ငါးနှစ်လောက် ရုပ်ရှင်ရိုက်နေတဲ့ အချိန်မှာ အမေက သားဇာနဲ့ တစ်လကို ၃ ကား၊ ၄ ကား၊ ၅ ကားတွေဖြစ်လာတော့ တစ်နှစ်ကို ကား ၅၀ လောက်ရိုက်နေရတော့ ဘယ်လိုမှ အဆင်မပြေတော့ဘူး၊ မိဘကိုပြောရတာလည်း အဆင်မပြေဘူး။ ကိုယ်ကိုယ်တိုင်ကလည်း အရမ်းကို နားချင်နေတဲ့အချိန်ရဲ့ သွားတိုက်ဆိုင်နေတော့ ကိုထွန်းထွန်းက ၂၀၀၉ ဇန်နဝါရီကတည်းက မရိုက်ဖြစ်တော့တာ အခုအချိန်ထိပဲ။ ဒါပေမဲ့ ၂၀၁၃ ဇန်နဝါရီကတည်းက ပြန်ရိုက်ထားတာတွေ ရှိပါတယ်။ အဲဒါတွေကလည်း ကိုထွန်းထွန်းရဲ့ အခွေ VCD ထွက်ပြီး မရှေးမနှောင်းဘဲ ပြန်ထွက်ဖို့ ရှိပါတယ်။ ခရီးသွားနှင်းဆီဆိုပြီး ကခဲ့တာတော့ ရှိတယ်၊ နောက်ထပ် ရန်ကုန်မှာကဖို့ဆိုရင်တော့ နောက်နှစ်ထဲမှာပဲ ကဖြစ်တော့မယ်ထင်တယ်။ ဒီအတောအတွင်းမှာတော့ မြန်မာပြည် ဝန်းကျင်မှာက ဖြစ်မယ်မထင်ဘူး။ နိုင်ငံခြားပွဲတွေလောက်ပဲ လက်ခံဖြစ်တာ ရှိပါတယ်။

**ကိုထွန်းထွန်းမှာ ချစ်သူရော ရှိပြီလား။**

ဟုတ်ကဲ့ ကျွန်တော် အမြီးပေါက်ပါပြီ (ရယ်လျက်)။ အင်း . . . အခု မိုးတွေရွာနေလို့ မဟုတ်ရင် ဝင်ခေါ်ခဲ့တယ်။ အိမ်ထောင်ပြုဖို့ကတော့ ကိုထွန်းထွန်းဘက်က ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်နေတယ်၊ အရင်လို ဟေးလားဝါးလားစိတ်တွေက ချက်ချင်းဖြတ်လို့ မရတာတွေ ရှိတယ်။ အဲဒါတွေကို ဒီနှစ်ကတည်းက ဖြတ်ထားတယ်၊ သူကလည်း ကျောင်းပြီးလောက်တဲ့ အချိန်ဆိုရင်တော့ ဂဟေဆက် ဖြစ်မှာပေါ့။ သူက နောက်နှစ်လောက်ဆို ကျောင်း ပြီးပြီ။ သူက ကိုထွန်းထွန်းထက် ငယ်တာလည်း မဟုတ်ပါဘူး။ အရမ်းကြီးလည်း မကွာပါဘူး။ (အားလုံးရယ်လျက်)

**ကိုထွန်းထွန်းက အနုပညာကို ငယ်ငယ် ကတည်းက ဝါသနာပါတာလား။ ပြီးတော့ ညီမတို့လို တက်သစ်စဝါသနာ**



Asian Pride Media Group



**ရှင်တွေကိုလည်း အကြံပေးပေးပါဦး။ အောင်မြင်မှုနဲ့ ကျရှုံးမှုက ခွန်တွဲ နေတာဆိုတော့ အောင်မြင်မှုဖြစ်ဖြစ်၊ ကျရှုံးမှုဖြစ်ဖြစ် ဘယ်လိုစိတ်နဲ့ ရင်ဆိုင်ဖြေရှင်းလဲ။**

ကိုထွန်းထွန်းလည်း သိလို့ တတ်လို့ ပြောတာ မဟုတ်ပါဘူး။ ငယ်ငယ်တုန်းက ဘာလုပ်ခဲ့လဲဆိုတာကို ပြန်စဉ်းစားကြည့်တော့ ကြုံခဲ့ရတဲ့ ဆရာတွေက ပြောတယ်။ 'ကိုယ်ဘာဖြစ်ချင်လဲဆိုတာ ကိုယ့်ဘာသာသိလား' တဲ့။ 'ကိုယ်ဖြစ်ချင်တာ ကိုယ်သိမှ ကိုယ်ဖြစ်ချင်တာကို လုပ်လို့ရတယ်' ဆိုတာကို သိမှာတဲ့။ ကိုယ် ဘာဖြစ်ချင်လဲဆိုတာကို ကိုယ်သိဖို့လိုတယ်။ အဲဒါက အရမ်းအရေးကြီးတယ်။ ကိုယ်ဖြစ်ချင်တာကို ကိုယ်သိပြီး ရအောင်လုပ်ရင်ဖြစ်တယ်။ တကယ်လည်း ဟုတ်တယ်။ ကိုထွန်းထွန်းက အနုပညာကို ငယ်ငယ်ကတည်းက ဝါသနာမပါခဲ့ဘူး။ ငယ်ငယ်တုန်းက ဝါသနာပါတာက ဘောလုံးကန်တာလေ။ လက်ရွေးစင်ဖြစ်အောင်လုပ်မယ်ဆိုတဲ့ ရှိတယ်။ ဒါပေမဲ့ ၁၀ တန်းပြီးတဲ့အခါမှာ ပတ်ဝန်းကျင်က သီချင်းအခွေတွေကို သေချာနားထောင်ပြီးတော့မှ အားကျပြီး လုပ်ဖြစ်ခဲ့တာပါ။ အစ်ကိုရဲ့ ထွန်းထွန်းဆိုတဲ့ နာမည်က အိမ်နာမည်ပါ။ ပြောရမယ်ဆိုရင် ဘာမှ သိပ်မစဉ်းစားဘဲ လုပ်ဖြစ်ခဲ့တယ်။ သီချင်းတစ်ခွေထွက်ပြီးသွားရင် ဘောလုံးပြန်ကန်မယ်လို့ စဉ်းစားထားတာ။ အောင်မြင်တာတွေ၊ ကျရှုံးတာတွေအတွက် ကိုယ်ကိုယ်တိုင်က အရာအားလုံးကို တည်ဆောက်ရမယ်။ ကိုထွန်းထွန်း အသက် ၂၆၊ ၂၇ လောက်မှာ ဘာမှမလုပ်ဘဲအချိန်မှာ သိလိုက်ရတာ။ မအောင်မြင်ပြီးရင် ကျရှုံးတယ်။ ကျရှုံးပြီးတော့ အောင်မြင်အောင် ပြန်လုပ်ဦးမှာလား။ စိတ်ဓာတ်ကျတယ်၊ မကျဘူးဆိုတာလည်း ကိုယ်ကိုယ်တိုင်နဲ့ပဲ ဆိုင်တယ်၊ ကိုယ်ကိုယ်တိုင်က စိတ်ဓာတ်ကျတာကို သူ့ကြောင့်၊ သူ့ကြောင့်ဆိုပြီး လက်ညှိုးထိုးတဲ့အကျင့် ရှိတယ်။ ကိုထွန်းထွန်းဆိုကိုယ့်ကိုယ်ကိုယ်ကလွဲပြီး ဘယ်သူ့မှ မကြောက်ဘူး။ အရာအားလုံးကို ဖန်တီးနေတာ ကိုယ်ပဲလေ။

**Celebrity ထွန်းထွန်းရဲ့ ကဏ္ဍအပေါ် အမြင်နဲ့ အတွေ့အကြုံ**

ဒီကဏ္ဍလေးက အမြင်ဆန်းပါတယ်။ တကယ်ကို အားပေးတဲ့ ပရိသတ်နဲ့ထိတွေ့ဆက်ဆံခွင့်ရတဲ့ အတွက်လည်း ဝမ်းသာပါတယ်၊ ရှေ့ပိုင်းအစီအစဉ်တွေ ကြည့်လိုက်တော့လည်း ပျော်ပြီးပြီးသွားတဲ့အတွက် စိတ်ချမ်းမြေ့စရာပေါ့နော်။ နောက်ပိုင်းတွေမှာ ဒီလိုအစီအစဉ်တွေအတွက် ထပ်ပြီးပါဝင်ခွင့်ရမယ်ဆိုရင် ကျွန်တော်ဘက်က အမြဲတမ်း ကြိုဆိုနေမှာပါ။

**အနုပညာရှင်အမေး ပရိသတ်အဖြေ**

**ကိုထွန်းထွန်းအခွေထွက်တုန်းက ၂၀၀၁ ဆိုတော့ အဲဒီတုန်းက ညီမအသက်က ၅ နှစ်လောက်ပဲ ရှိဦးမယ်။ ညီမကရော အနုပညာကို ဘယ်အချိန်ကတည်းက ဝါသနာပါတာလဲ။**

ညီမက ငယ်ငယ်ကတည်းက ဝါသနာပါတာပါ၊ ၉ တန်းတုန်းက ကာယအလှမယ်ဝင်ပြိုင်သေးတယ်။ ၁၀ တန်းမှာ ခဏနားပြီးတော့ စာမေးပွဲပြီးမှ ပြန်လုပ်ဖြစ်တာပါ။ အခုတော့ Model ပိုင်းကို ပြန်လုပ်နေပါတယ်။ အခုအချိန်မှာတော့ အနုပညာတွေကို ဆက်တိုက်ပြန်လုပ်ဖြစ်အောင် ကြိုးစားနေပါတယ်။

**ကာယအလှမယ်နဲ့ မော်ဒယ်လုပ်တဲ့အခါမှာ အခက်အခဲတွေ တွေ့ရမှာပေါ့။ အခက်အခဲတွေကို ဘယ်လိုစိတ်မျိုးနဲ့ ကျော်ဖြတ်ခဲ့လဲ။**

ဝါသနာကတော့ အဓိကပေါ့။ ဝါသနာကို အရင်းခံပြီးတော့ ဖြစ်လာသမျှကို ကျော်လွှားဖြတ်ကျော်မှာပေါ့နော်။ အခက်အခဲတွေ ကြုံလာရင်တော့ စိတ်ဓာတ်မကျဘဲ အဆင်ပြေအောင် ကျော်လွှားမှာပါ။

**အနုပညာနဲ့ပတ်သက်ပြီး အဓိကက ဘာကို ဝါသနာပါတာလဲ၊ အားကျခဲ့ရတဲ့ အနုပညာရှင်တွေကိုလည်း ပြောပြပါဦး။**

ညီမက သရုပ်ဆောင်တာပဲ ဝါသနာပါတယ်၊ မော်ဒယ်လည်း လုပ်ချင်တယ်။ သီချင်းဆိုတာတော့ ဝါသနာမပါဘူး။ ညီမလေးစားအားကျခဲ့ရတဲ့ အနုပညာရှင်တွေက ဖိုးမြတ်သူဇာနဲ့ ဝတ်မှုံရွှေရည်ပါ။

**ညီမလေးက ကျောင်းပညာရေးကိုလည်း ဦးစားပေးမယ်လို့ ထင်တယ်။ အစ်ကိုတို့ ငယ်ငယ်တုန်းကတော့ မေမေက ဘွဲ့ရအောင်ယူဆိုပြီး ပြောတယ်။ ကိုထွန်းထွန်းက ကျောင်း ၄ နှစ်တက်ရတာကို ၈ နှစ်တက်ပြီး ဘွဲ့ယူထားတယ်။ (ရယ်လျက်)။ ညီမလေးက တက္ကသိုလ်ဝင်တန်းဖြေဆိုထားတော့ နောက်ပိုင်းဘာတွေတက်ဖို့ စဉ်းစားထားလဲ။**

နောက်ပိုင်းမှာတော့ အမှတ်မီတဲ့မေဂျာကို ယူပြီး တက္ကသိုလ်တက်မှာပါ၊ ဘွဲ့တစ်ခုတော့ ရအောင်ယူမှာပေါ့နော်။ ကိုထွန်းထွန်းပြောသလိုပါပဲ။ တက္ကသိုလ်တက်ပြီး ဘွဲ့ရအောင်ယူဖို့ မေမေက ပြောထားပါတယ်။ ညီမကိုယ်တိုင်ကလည်း ပညာရေးကို ဆုံးခန်းတိုင်အောင် လုပ်ချင်ပါတယ်၊

**ညီမလေးက အနုပညာကို အောင်မြင်တဲ့အထိ လုပ်သွားမှာလား။ ဒါမှမဟုတ် အချိန်အတိုင်းအတာတစ်ခု သတ်မှတ်ပြီးလုပ်မှာလား။**

အနုပညာအလုပ်ကို အောင်မြင်အောင် လုပ်မှာပါ။ ကိုယ်က အရမ်းဝါသနာပါတဲ့အတွက် လုံးဝကို အောင်မြင်အောင် လုပ်မှာပါ။ ပရိသတ်လက်ခံတဲ့ အနုပညာရှင်တစ်ယောက်ဖြစ်အောင် လုပ်မှာပါ။ အခုအချိန်အထိတော့ အချိန်အတိုင်းအတာတစ်ခုအနေနဲ့ သတ်မှတ်မထားပါဘူး။ အနုပညာနဲ့ ပညာရေးကို အဆင်ပြေအောင် လုပ်သွားမှာပါ။

**Audience နေရီဝင်းလှဲ့ရဲ့ ကဏ္ဍအပေါ် အမြင်နဲ့ အတွေ့အကြုံ**

ရတီမဂ္ဂဇင်းကို ဖတ်လိုက်တော့ ကိုထွန်းထွန်းနဲ့ တွဲရိုက်ဖို့ ဖိတ်ခေါ်ထားတာကို တွေ့ရပါတယ်။ ညီမအနေနဲ့ ပထမဆုံးဝင်ပြိုင်ဖြစ်တာပါ။ ရွေးခံလိုက်ရတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ ကိုထွန်းထွန်းကို ညီမတို့တစ်အိမ်သားလုံးက ကြိုက်ပြီး အားပေးခဲ့တာပါ။ အရွေးခံလိုက်ရတဲ့အချိန်မှာ ရင်ခုန်ပြီး ပျော်ရွှင်ခဲ့ရပါတယ်။ ကိုထွန်းထွန်းနဲ့ ဓာတ်ပုံမရိုက်ခင်မှာ အရမ်းကြောက်တယ်။ အနုပညာရှင်နဲ့ ဓာတ်ပုံတွဲရိုက်ပြီး အမှားလုပ်မိမှာကို ကြောက်တာပါ၊ ဒါပေမဲ့ တကယ့်လက်တွေ့ ဓာတ်ပုံရိုက်တဲ့အခါမှာတော့ ကိုထွန်းထွန်းက အရမ်းသဘောကောင်းပြီး ဖေးမကူညီပြီး လက်တွဲခေါ်ပါတယ်။ အရွေးမခံရတဲ့ သူငယ်ချင်းတွေအနေနဲ့ ဒီအနုပညာရှင်က မရွေးတာနဲ့ စိတ်မလျှော့ကြပါနဲ့။ နောင် ကိုယ်ကြိုက်တဲ့ အနုပညာ ရှင်တွေ အလှည့်ကျရင် လျှောက်လွှာတင်ကြပါလို့ ပြောချင်ပါတယ်၊ **သီတာစိုး**

Asian Fame Media Group



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း
# Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of Celebrities' Choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။

**အခွင့်အရေး**

၂၀၁၃ နိုဝင်ဘာလထုတ် ရတီမဂ္ဂဇင်းအတွက် အဆိုတော် **မိစန္ဒီ** နဲ့အတူ ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရတီမဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ (တစ်ကိုယ်လုံးပြည့် အလှ ဓာတ်ပုံတစ်ပုံ၊ ဘေးတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)

(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို

(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်

(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ... ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံဘဲ **၂၀၁၃ စက်တင်ဘာလ ၁၀ ရက် (အင်္ဂါနေ့)** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of Celebrities' Choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့်စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

မှတ်ချက်

ဒီကဏ္ဍကိုလစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။

အမည် ----------------------------------------

မွေးသက္ကရာဇ် ----------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------

ပညာအရည်အချင်း ----------------------------------------

အလုပ်အကိုင် ----------------------------------------


အနုပညာလှုပ်ရှားမှု ----------------------------------------

အိမ်ထောင်ရှိ/မရှိ ----------------------------------------

အရပ်အမြင့် ----------------------------------------

နေရပ်လိပ်စာ ----------------------------------------

ဖုန်းနံပါတ် ----------------------------------------



Asian Fame Media Group



Arranged by Thida Soe

# သူပြောသော သူ့အကြောင်း
# Awya Tha

**သမီးလေးအပေါ်ထားတဲ့ ဖခင်မေတ္တာ**

ကျွန်တော်သမီးလေးကို အရမ်းချစ်ပါတယ်၊ သမီးလေးက ကျွန်တော့်ရဲ့ ခွန်အားနဲ့ မျှော်လင့်ချက်ပါ။ ကျွန်တော်မဖြစ်ခဲ့တဲ့ အရာအားလုံးကို ဖြစ်အောင်လို့ လုပ်ပေးချင်ပါတယ်။ ကျွန်တော် ငယ်ငယ်တုန်းက ဆရာဝန်ဖြစ်ချင်တယ်။ ဒါပေမဲ့ မဖြစ်ခဲ့ဘူး၊ သမီးလေးကိုတော့ ဖြစ်စေချင်တယ်၊ သူ့ကိုတော့ Pressure မပေးပါဘူး၊ သူဘာဖြစ်ချင်လဲဆိုတာကို စောင့်ကြည့်ဦးမှာပါ။ အဓိကကတော့ သမီးလေးက မျှော်လင့်ချက်နဲ့ ခွန်အားပါ။



Asian Fame Media Group
af MEDIA GROUP



### လမ်းမခွဲကြေးသီချင်းနဲ့ ဩရသ

ကျွန်တော့်ကို ပရိသတ်စသိခဲ့ကြတာ ‘လမ်းမခွဲကြေး’ သီချင်းနဲ့ပါ။ အေသင်ကိုလည်း ကျေးဇူးအရမ်းတင်ပါတယ်။ အေသင်နဲ့ ကျွန်တော်က လမ်းမခွဲကြေးသီချင်းနဲ့ ဂီတမှတ်တိုင်ထူနိုင်ခဲ့တယ်ပေါ့နော်။ ဒါဟာ ကျွန်တော်တို့ မောင်နှမနှစ်ယောက်အတွက် မှတ်တိုင်တစ်ခုပါ။

### ဩရသရဲ့ အိမ်ထောင်ရေးကို ယခုလို တည်ဆောက်ထားတယ်

အဓိကကတော့ စိတ်ဓာတ်ပါ။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုယူရတာ လွယ်တာမဟုတ်ဘူးလေ။ ကိုယ့်စိတ်ကို ကိုယ်ထောင် ပိုင်တာ မဟုတ်ဘူးလေ။ အဓိကကတော့ နားလည်မှုလို့ ထင်ပါတယ်။ နားလည်မှုတွေ အပြန်အလှန်ရှိမှသာ အဆင်ပြေတာလေ။



Photo - Ko Naing (Popular)

Asian Fame Media Group

**ကိုယ်ရှာဖွေထားတဲ့ ငွေကြေးတွေကို ဒီလိုနေရာတွေမှာ များများသုံးဖြစ်တယ်**

ကျွန်တော်ရှာဖွေထားတဲ့ ငွေကြေးတွေကို သုံးပုံပုံတယ်။ တစ်ပုံကိုတော့ ကျွန်တော် လှူပါတယ်။ ဘုန်းကြီးကျောင်းတွေမှာ လှူတယ်။ ကလေးငယ်တွေအတွက် ကျွေးမွေးတဲ့ နေရာမှာ လှူတယ်။ လှူတာတွေကတော့ အများကြီးပါပဲ။ ဒါပေမဲ့ ကျွန်တော်က စာမျက်နှာပေါ် ဖော်ပြခြင်းမျိုးတော့ သိပ်မရှိပါဘူး။

**ဘဝတစ်လျှောက်လုံးမှာ အကြည်ညိုဆုံး စံပြပုဂ္ဂိုလ်**

ကျွန်တော့် အသွေးအသားထဲမှာဆိုရင်တော့ ကျွန်တော့်အဖေနဲ့အမေပါ။ ဂီတအနုပညာအပိုင်းမှာဆိုရင်တော့ ကိုလေးဖြူ၊ ကိုအငဲ၊ ကိုမျိုးကြီး၊ ကိုRဇာနည်နဲ့ ကိုဖော်ပိုင်တို့ကတော့ ဂီတဘက်မှာ ကျွန်တော့်ရဲ့ အထင်ကရစံပြပုဂ္ဂိုလ်တွေပေါ့နော်။

**တစ်ချိန်မှာ ကိုယ့်သမိုင်းကြောင်းကို ဒီလိုပြောပြီး ကျန်ခဲ့စေချင်တယ်**

ကျန်ခဲ့စေချင်တဲ့ Image ကတော့ ဩရသသည် အရက်မသောက်ဘူး၊ ဆေးလိပ်မသောက်ဘူး၊ ဆေးမချဘူးဆိုတဲ့ Image ကို လူငယ်တွေကြားမှာ ကျန်ခဲ့စေချင်တယ်။

**ဘဝမှာကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေကို ဒီလိုဖြေရှင်းခဲ့တယ်**

ကျွန်တော့်ရဲ့ တစ်နေ့တာမှာ ဝမ်းနည်းတာတွေ၊ ဝမ်းသာစရာတွေ ကြုံရမှာပဲလေ။ အရင်ထက်စာရင် တော်တော်လေး ခံနိုင်ရည်ရှိလာပါပြီ။ အခက်အခဲတွေ၊ စိတ်ညစ်စရာတွေ ရှိလာရင် ရွှေတိဂုံဘုရားမှာ သွားထိုင်နေဖြစ်တယ်။ အဲဒီတော့ စိတ်က အေးချမ်းနေတာပေါ့နော်။ ကျွန်တော့်ရဲ့ စိတ်ညစ်တာတွေကို ကောင်းသော နည်းနဲ့ ဖြေဖျောက်တာပေါ့နော်။

**ဩရသရဲ့ အပျော်ရွှင်ဆုံးအချိန်**

ကျွန်တော့်မှာ နှလုံးအားနည်းတဲ့ ရောဂါရှိတဲ့အတွက် စိတ်ကိုလွတ်ပျော်လို့လည်းမရဘူး၊ လွတ်ပြီး ဝမ်းနည်းလို့လည်း မရဘူး။ လုပ်ရမယ့် အလုပ်တွေလည်း အများကြီး ကျန်သေးတယ်။ အဲဒီတော့ ကျွန်တော်စိတ်လေးကို ထိန်းထားတယ်။ ငယ်ငယ်တုန်းကဆိုရင်တော့ အရမ်းပျော်တတ်တာပေါ့။ မိုးရွာပြီဆိုတာနဲ့ မိုးရွာထဲမှာ လျှောက်သွားနေရတာကိုပဲ ပျော်နေပြီလေ။

**အနုပညာနဲ့ပတ်သက်ပြီး ခံယူချက်**

အနုပညာကတော့ ငယ်ငယ်ကတည်းက အသွေးအသားထဲမှာ ပါနေတာလေ။ အဆိုပိုင်းကျတော့ အသက်အရွယ်နဲ့ ဆိုင်သွားပြီလေ။ အရေးပိုင်းကတော့ ကျွန်တော် ကြိုးစားပြီးရေးတယ်။ နည်းမျိုးစုံနဲ့ ရေးမယ်ပေါ့နော်။ အရေးကတော့ တစ်သက်လုံးကြိုးစားပြီး ရေးနေမှာပါ။ အနုပညာကိုတော့ ဘယ်အချိန်ရောက်ရောက် စွန့်လွှတ်ဖြစ်မှာ မဟုတ်ပါဘူး။

**ဩရသရဲ့ အနာဂတ်အစီအစဉ်**

ကျွန်တော် ဘဝကို အေးအေးချမ်းချမ်းနဲ့ ဖြတ်သန်းချင်ပါတယ်။ ဒါပေမဲ့ အလုပ်ကို ကျွန်တော် ၂ဆ ကြိုးစားမှာပါ။ သီချင်းတွေကိုတော့ အစွမ်းရှိသလောက် ရေးနေမှာပါ။ အဓိကကတော့ အေးအေးချမ်းချမ်းနေရတာကို ပိုကြိုက်ပါတယ်။ အနာဂတ်ရဲ့ဘဝမှာ အရာအားလုံးကို အေးအေးချမ်းချမ်းဖြစ်ပြီး နေချင်ပါတယ်။ အဓိကကတော့ စိတ်ကို အေးချမ်းနေစေချင်တာပေါ့နော်။

**သီတာစိုး**



Asian Fame Media Group

# Equitable **Price**

Model - Khine Thazin Yuwa
Make-up - Shine
Dress - Bangkok Fashion
Photo - Ko Naing (Popular)
Arranged by Moe Thauk Kyal



### Just Beyond Line Artist Mascara

Line Artist Mascara ဟာ နှစ်လိုဖွယ် မျက်ဝန်းတစ်စုံအတွက် ကော့ညွတ်ထူထဲပြီး ရှည်လျားတဲ့ မျက်တောင်လေးများဟာ မရှိမဖြစ် လိုအပ်တဲ့ သဘာဝနဲ့ညီ့ချက်လေး တစ်ခုပါ။

Price - 13,500ks



### Just Beyond Angel Aqua Series

Angel Aqua Series ဟာ Eco Beauty Cosmetics ဖြစ်တာကြောင့် Sensitive Skin ပိုင်ရှင်များလည်း ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်တဲ့ အပြင် Birch Juice နှင့် Bamboo Juice အစွမ်းကြောင့် မျက်နှာအတွက် လိုအပ်တဲ့ရေဓာတ်ကိုပါ အရေပြားအတွင်းပိုင်းထိ ဖြည့်တင်းပေးပါတယ်။

Angel Aqua Cream - 24500ks

Angel Aqua Serum - 25500ks

Angel Aqua Dew Mist - 15500ks

# Equitable **Price**



**Just Beyond Color Artist Rosy Tint**

Rosy Tint ကတော့ သင့်ရဲ့နှုတ်ခမ်းလေးကို နှင်းဆီပွင့်ဖတ်လေးများ၊ နှင်းဆီဖူးကလေးများလို ပိုင်ဆိုင်ရစေမှာပါ။ ဆိုးထားမှန်း မသိသာစေတဲ့ Moisture ပါဝင်မှုကြောင့် သင့်နှုတ်ခမ်းသားလေးကို သဘာဝကျကျလှစေမှာပါ။

Price - 10,500ks

**Just Beyond Liner Artist Water Proof Pencil Eyeliner**

Water Proof Eyeliner ဟာ ဆွဲရလွယ်ကူပြီး လိုသလိုပုံဖော်နိုင်တဲ့အတွက် သင့်မျက်ဝန်းလေးကို ပိုင်းစက်ပေါ်လွင်စေမှာပါ။

Price - 10500ks



**Just Beyond Save us! Lipstick**

ချစ်စရာ Packaging ပုံစံလေးနှင့် နှုတ်ခမ်းသားလေးအတွက် လိုအပ်သော Moisture ဓာတ်အပြင် နှုတ်ခမ်းသားကိုပါ နူးညံ့တောက်ပစေပါသည်။ Price - 13500ks

**Just Beyond Color Artist Mono Pop Eyeshadow**

နူးညံ့ပျော့ပျောင်းတဲ့ အထိအတွေ့၊ လှပဆန်းကြယ်သော အရောင်များက သင့်မျက်လုံးကို လိုသလိုပုံဖော်ပေးနိုင်ပြီး သိပ်သည်းဆများတာကြောင့် ဆိုးပြီးခဏချင်းမှာပဲ ညို့အားပြင်းတဲ့မျက်ဝန်းတစ်စုံကို တစ်နေကုန်ပိုင်ဆိုင်စေမှာပါ။

Price -8500ks

Asian Online Media Group

# Equitable **Price**




### Just Beyond Real Mineral Powder Pact

Real Mineral Powder Pact သည် Natural Clay မှ ထုတ်လုပ်ထားသောကြောင့် ပေါ့ပါး၍ သိပ်သည်းနူးညံ့တဲ့ အထိအတွေ့ကို ခံစားရတဲ့အပြင် SPF 30/PA++ ပါဝင်တာကြောင့် အိုမင်းရင့်ရော်မှုကို ဖြစ်ပေါ်စေတဲ့ နေရောင်ခြည် ဒဏ်မှလည်း ကာကွယ်ပေးနိုင်ပါတယ်။ အသားအရေအရောင်အလိုက် ခွဲခြားသုံးနိုင်ဖို့အတွက် (01) Light နဲ့ (02) Natural ဆိုပြီး ၂ မျိုးခွဲထားပါတယ်။

Price - 22,500ks



### Just Beyond Color Artist Triple Fit Eye-Shadow

လိုက်ဖက်ညီတဲ့ Color သုံးမျိုးကို တွဲစပ်ပေးထားတာကြောင့် တစ်ဘူးဝယ်ထားရုံနဲ့ Color စုံပြီး ပြည့်စုံတဲ့ မျက်ဝန်းအလှကို ပိုင်ဆိုင်ရစေမှာပါ။

Price - 16,500ks

Asian Fame Media Group

# Mod Mom

*Models*
Me Me Nay Min Win
Shwe Paing
*Photo*
Ko Naing (Popular)
*Arranged by*
Phyoe Su Po Po



Asian Fame Media Group





Asian Family Media Group







# ကိုယ်ရောစိတ်ပါကျန်းမာစေမယ့်
# ကိုယ်ဝန်ဆောင်ယောဂကျင့်စဉ်များ (၁)

မြင့်သူဇာထွန်း

ကမ္ဘာနဲ့အဝန်းမှာယောဂကျင့်စဉ်တွေဟာ ခေတ်စားလျက်ရှိပါတယ်။ ယောဂကျင့်စဉ်တွေဟာ စိတ်ကိုငြိမ်းအေးစေပြီး ကိုယ်ခန္ဓာရဲ့ ကျန်းမာရေးကို အထောက်အကူပြုပါတယ်။ ဒီလ ရတီပရိသတ်တွေအတွက် ကိုယ်ဝန်ဆောင် ယောဂကျင့်စဉ်များတင်ဆက်ဖို့ ရွေးချယ်ထားပါတယ်။ ဒီကျင့်စဉ်ပုံစံများကို Jenny (ခ)ကျင်းလီက သရုပ်ပြသထားပါတယ်။

ကိုယ်ဝန်ဆောင်ယောဂကျင့်စဉ်မှာ သတိထားရမယ့် အချက်တွေရှိပါတယ်။ ကိုယ်ဝန်ဆောင်ယောဂရဲ့ အဓိကအခြေခံ ကျင့်စဉ်ဟာ တရားထိုင်နည်းပါပဲ။ ဒီကျင့်စဉ်တွေမှာ ကိုယ်ဟန် အနေအထားဟာ အရမ်းလွယ်ကူ ရိုးရှင်းပါတယ်။ မခက်ခဲပါဘူး။ ကိုယ်ဝန်ဆောင်ကျင့်စဉ်တွေမှာ အဓိကထား အာရုံစိုက်ရမှာကတော့ အသက်ရှူမှုပဲဖြစ်ပါတယ်။ လှုပ်ရှားမှုတိုင်းကို တတ်နိုင်သလောက် ဖြည်းညင်းနိုင်သမျှ ဖြည်းညင်းစွာ ခပ်မှန်မှန်ပြုလုပ်ရမှာဖြစ်ပါတယ်။ ယောဂကျင့်စဉ်ကို တစ်ခါမှ မပြုလုပ်ဖူးသူဟာ အရိုးရှင်းဆုံးနဲ့ လွယ်ကူပေါ့ပါးတဲ့ လှုပ်ရှားမှုကျင့်စဉ်မျိုးကိုသာ ပြုလုပ်သင့်ပါတယ်။ ကိုယ်ဝန်ဆောင်ကာလမှာ ဝမ်းဗိုက်ကို အားပြုတဲ့ကျင့်စဉ်ပုံစံနဲ့ ဇောက်ထိုးပုံစံဖြစ်တဲ့ကျင့်စဉ်တွေ မပြုလုပ်ဖို့ ကျင်းလီက သတိပေးထားပါတယ်။ ဒီကျင့်စဉ်မှာ ငြိမ့်ညောင်းသာယာတဲ့တေးသွားလေးနဲ့ ပေါင်းစပ်လိုက်ရင် လှုပ်ရှားမှုကို သက်သောင့်သက်သာနဲ့ဖြစ်ပေါ်လာစေပါတယ်။

Asian Fame Media Group

# တရားထိုင်ကျင့်စဉ်



အရိုးရှင်းဆုံးက ရှစ်ခုရှိပါတယ်။ အဲဒီစခု အထဲမှာမှ ကိုယ့်အတွက် သက်သောင့်သက်သာ အဖြစ်ဆုံးပုံနဲ့ ကိုယ်ကြိုက်သလို ကျင့်နိုင်ပါတယ်။

ခြေဖနောင့်နှစ်ခုကို ထိကပ်ထားပါ။ ခြေဖနောင့်ရယ် ချက်ရယ် နှာခေါင်းရယ်က မျဉ်းတစ်ဖြောင့်တည်း ရှိနေရပါမယ်။ အဲဒါက အလွယ်တကူထိုင်နည်း ဖြစ်ပါတယ်။

ဒီကျင့်စဉ်မှာ ကိုယ်ကြိုက်နှစ်သက်တဲ့ထိုင်နည်းနဲ့ထိုင်ပါ။ မျက်စိမှိတ်ထားပါ။ စိတ်ကို ငြိမ်ငြိမ်ထားပါ။ ဒီလိုထိုင်တဲ့အခါ မိမိကြိုက် နှစ်သက်တဲ့ ငြိမ့်ညောင်းတဲ့ တီးလုံး ရွေးချယ်နိုင်ပါတယ်။ အသက်ရှူမှုမှာ အာရုံစိုက်ပါ။ ဒီအချိန်မှာ ဘာမှ မတွေးပါနဲ့။

ဒီလိုတရားထိုင်ကျင့်စဉ်ဟာ ကိုယ်ဝန်ဆောင်တွေအတွက် စိတ်ဖိစီးမှုတွေကို ဖယ်ရှားပေးပြီး စိတ်ကို အေးချမ်းပျော်ရွှင်လာစေပါတယ်။

# တိုက်ပွဲပုံစံကျင့်စဉ်





ဒီကျင့်စဉ်ပုံစံရဲ့သဘောကတော့စစ်တိုက်ဟန်ဖြစ်ပါတယ်။ ပထမဆုံး ခြေထောက်ကို အနည်းငယ်ခွဲလိုက်ပါ၊ ထို့နောက် ဘယ်ဘက် ခြေထောက်ကို ၉၀ ဒီဂရီ ညာဘက်ခြေထောက်ကို ၃၀ ဒီဂရီရွှေ့လိုက်ပါ။ အသက်ရှူသွင်းတဲ့အခါ လက်နှစ်ဖက်ကို ဦးခေါင်းအထက်ကို ဆန့်ထုတ်လိုက်ပါ။ နောက် အသက်ရှူထုတ်ရင်းနဲ့ ဒူးကိုကွေးလိုက်ပါ။ တတ်နိုင်ရင်တော့ ၉၀ ဒီဂရီဖြစ်ရပါမယ်။ မတတ်နိုင်သူအတွက်ကတော့ နိုင်သလောက် ပုံမှန်ပဲပြုလုပ်ပါ။

ဒီကျင့်စဉ်ရဲ့အကျိုးကျေးဇူးကတော့ ခြေထောက်နှစ်ဖက်ကို အားအင်ဖြစ်စေပါတယ်။ ကိုယ်ဝန်ဆောင်ကာလ ကြာလာတာနဲ့အမျှ ခန္ဓာကိုယ်ရဲ့ အလေးချိန်တက်လာတာကြောင့် ထမ်းထားရတဲ့ခြေထောက်တွေကို အားအင်ဖြစ်စေဖို့ ဒီလေ့ကျင့်ခန်းကို ပြုလုပ်ဖို့လိုပါတယ်။ နောက် ဒီလေ့ကျင့်ခန်းက ကိုယ်ဝန်ဆောင်ကာလမှာ ဖြစ်တတ်တဲ့ ခြေထောက်ဖောယောင်ခြင်းကိုလည်း ကာကွယ်ပေးပါတယ်။

# တြိဂံပုံစံကျင့်စဉ်

ခြေထောက်နှစ်ဖက်ကို အနည်းငယ်ခွဲလိုက်ပါ၊ လက်နှစ်ဖက်ကို ဘေးနှစ်ဖက်သို့ ဆန့်ထုတ်လိုက်ပါ။ ဖြည်းဖြည်းချင်းစီ ဘယ်ဘက်ကို ဘေးတိုက် စောင်းလိုက်ပါ။ ကျောပြင်ဖြောင့်တန်းနေဖို့လိုပါတယ်။ ဒူးနှစ်ဖက်ကလည်း ဖြောင့်တန်းနေရပါမယ်။အောက်ချထားတဲ့လက်(ဘယ်ဘက်လက်)ကို အတတ်နိုင်ဆုံး အားပြုထားရပါမယ်။

ဒီကျင့်စဉ်ရဲ့အကျိုးကျေးဇူးကတော့ ခါးမှာရှိတဲ့ အကြောတွေကို ဆန့်ထုတ်စေပြီး အညောင်း သက်သာစေပါတယ်။ ခန္ဓာကိုယ်ရဲ့ ဟန်ချက်ကိုလည်း ထိန်းညှိပေးပါတယ်။




Asian Fame Media Group
MEDIA GROUP



“

ဒီအလုပ်တစ်ခုကို
မကျွမ်းကျင်ရင်တောင်မှ
စိတ်အားထက်သန်မှုဆိုတဲ့
စိတ်ရဲ့တွန်းအားကြောင့်
မတတ်ရင် တတ်လာမယ်။
တတ်ရာကနေ
ကျွမ်းကျင်လာစေတယ်။

“

ဘယ်အရာမဆို လုပ်ချင်တဲ့စိတ်ရယ်၊
လုပ်နိုင်တဲ့ အရည်အချင်း ရယ်၊
လုပ်နိုင်တဲ့ အခွင့်အရေးကိုလည်း
ဖန်တီးနိုင်မယ်ဆိုရင်တော့
ဘယ်ကိစ္စမဆို အောင်မြင်ဖို့
ရာနှုန်းတော်တော်များများနေပါပြီ။





arranged by
phyoe su po po

# သူတို့ပြောတဲ့ E

“

ဘာသင်ထောက်ကူပစ္စည်းမှမပါဘဲ
ဒီအတိုင်းသာ အော်ကျက်ပဲ။
တောင်သူကြီးဒုံးချင်းသင်တာလည်း
ခေတ်အဆက်ဆက်ပဲ။ အမှန်က
အသစ်တွေကို သင်ပေးတော့လေ။
ဦးပုညထဲမှာပဲ လည်နေရတာ။
ဒါတို့ပညာရေးပဲ။

ဒီလအတွက်တော့
'E' စာလုံးလေးတွေ ရွေးထားပါတယ်။
Enthusiasm, Education, Efficient
ဆိုတဲ့စကားလုံးတွေရဲ့အကြောင်းကို
Graphic Designer ကိုဖြိုးဆွေသန်း၊
အမျိုးသမီးဒါရိုက်တာတစ်ဦးဖြစ်တဲ့ ကြည်ဖြူရှင်နဲ့
လူငယ်စာရေးဆရာ လူနေတို့က
ဆွေးနွေးပေးခဲ့ကြပါတယ်။

Asian Fame Media Group




## ကြည်ပြုံးသျှင်

### Enthusiasm

Enthusiasm ဆိုတာကတော့ စိတ်အားထက်သန်မှုပေါ့။ ဘယ်အလုပ်မှာမဆို ကိုယ်က တကယ်စိတ်အားထက်သန်ပြီး ကြိုးကြိုးစားစား လုပ်ရင် အခြေအနေတစ်ခုအထိတော့ အောင်မြင်မယ်။ ဒီအလုပ်တစ်ခုကို မကျွမ်းကျင်ရင်တောင်မှ စိတ်အားထက်သန်မှုဆိုတဲ့ စိတ်ရဲ့တွန်းအားကြောင့် မတတ်ရင် တတ်လာမယ်။ တတ်ရာကနေ ကျွမ်းကျင်လာစေတယ်။ ဒါက အစ်မရဲ့ကိုယ်တွေ့ပဲ။ အစ်မရဲ့ဘဝမှာ အစ်မက ငယ်ငယ်ကတည်းက အနုပညာဝါသနာပါပြီး ဒါရိုက်တာဖြစ်ချင်ခဲ့တာ။ ဒါကြောင့် ရိုက်ကွင်းတွေမှာ လိုက်လေ့လာတယ်။ ဝါသနာပါတဲ့သူတစ်ယောက်ဟာ ကိုယ်ဝါသနာပါရာကို လေ့လာတယ်ဆိုတာတော့ မဆန်းပါဘူး။ ဒါပေမဲ့ အစ်မက ဝါသနာကို အရင်းခံပြီး စိတ်အားထက်သန်စွာနဲ့လုပ်တော့ အသက် ၂၁ နှစ်နဲ့ ဒါရိုက်တာစလုပ်နိုင်ခဲ့တယ်။ အဲဒီအချိန်တုန်းက ပတ်ဝန်းကျင်က ဝိုင်းတားခဲ့ကြတယ်။ ငယ်ကလည်း ငယ်တယ်။ မိန်းကလေးလည်းဖြစ်တယ်ဆိုတော့ ဝိုင်းတားကြတယ်။ ဒါပေမဲ့ အစ်မက ဖြစ်ကိုဖြစ်ရမယ်ဆိုပြီး လုပ်ခဲ့တာ။ ဒါက စိတ်အားထက်သန်မှုရဲ့ ရလဒ်ပါပဲ။ နောက်တစ်ခုကကျတော့ အစ်မက ပရဟိတကို ဝါသနာပါတယ်။ အစ်မက အရမ်းလေးစားပြီး အားကျရသူဆိုရင် ဦးကျော်သူပေါ့။ သူကြောင့်သာ နာရေးကူညီမှုအသင်းကြီးက ဒီလိုအောင်မြင်လာပြီး ဂုဏ်ရှိတဲ့အလုပ်အဖြစ် ဖြစ်လာတာလေ။ အရင်ကဆို သုဘရာဇာဆိုရင် ဘယ်သူမှ လုပ်ချင်တာ မဟုတ်ဘူးလေ၊ အစ်မလည်း အဲဒီလိုလုပ်ချင်တယ်ဆိုပြီး စိတ်ရှိခဲ့တယ်။ နောက်ပြီး အစ်မက နိုင်ငံရေးသမားတွေကို လေးစားတယ်။ ဒီတော့ အစ်မက ဦးကျော်သူကို ကူညီရင်း နိုင်ငံရေးသမားတွေကို ကူညီရင်းနဲ့ နိုင်ငံရေးသမားလောကထဲကို ရောက်လာခဲ့တယ်။ ကိုယ် အိပ်မက်တောင် မမက်ခဲ့တဲ့ ကိစ္စပဲ။ NLD ပါတီထဲရောက်တော့ အစ်မကို ရိုက်ကွင်းမှာတောင် Lead လုပ်နိုင်တော့ နိုင်ငံရေးမှာလည်း Lead လုပ်နိုင်မယ်လို့ သူတို့က ယုံကြည်ကြတယ်၊ အစ်မကတော့ မဖြစ်နိုင်ဘူး၊ အစ်မက နိုင်ငံရေးကို မကျွမ်းကျင်ဘူး ဖြစ်ပါ့မလားလို့ ထင်ခဲ့တယ်။ ဒါပေမဲ့ ကိုယ့်ကို လူကြီးတွေက တာဝန်ပေးလိုက်တော့ အစ်မက လူကြီးတွေရဲ့ ယုံကြည်မှုကို လေးစားတော့ ကိုယ့်ရဲ့ ရိုးသားမှု၊ ကြိုးစားမှုနဲ့ အပင်ပန်းခံနိုင်မှုတို့ကိုပေါင်းပြီး ရေကုန်ရေခန်း ကြိုးစားတယ်။ ရအောင်လုပ်မယ်ဆိုပြီး ကျောက်တံတားမြို့နယ် ကော်မရှင်ဥက္ကဋ္ဌ တာဝန်ကိုယူပြီး လုပ်ခဲ့တယ်။ ဒါနဲ့ အစ်မက ဒီကျောက်တံတားမြို့နယ်က ပါတီဝင်တွေ တစ်ယောက်ချင်းစီရဲ့ Life ကို အစ်မ လေ့လာချင်တယ်။ ဒါကြောင့် အစ်မ ဥက္ကဋ္ဌအနေနဲ့ ပထမဆုံး အစည်းအဝေးဖိတ်စာကို အစ်မကိုယ်တိုင် တစ်အိမ်တက် တစ်အိမ်ဆင်း လိုက်ပေးမယ်ပေါ့၊ အားလုံးက မဖြစ်နိုင်ဘူးတဲ့။ အစ်မက ရပ်ကွက် ၉ ခုကို ၁၁ ရက်နဲ့ ဖိတ်စာဝေခဲ့တယ်။ တိုက်အမြင့်တွေလည်း တက်တာပဲ။ အစ်မ ရအောင် လုပ်ခဲ့တယ်။ ပါတီဝင်တွေအားလုံးကလည်း အရမ်းဝမ်းသာကြတယ်။ ဒါကလည်း စိတ်အားထက်သန်မှုရဲ့ ရလဒ်ပါပဲ။ ဇောကပ်ပြီး လုပ်ခဲ့တာပေါ့။ လူတွေက ကိုယ့်မှာရှိတဲ့ အရည်အချင်းရဲ့ ဆယ်ပုံတစ်ပုံကိုပဲ အသုံးချကြတယ်။ ဆယ်ပုံလုံးသာ အသုံးချရင် ကိုယ့်အရည်အချင်းတွေကို ကိုယ်တောင် မယုံနိုင်လောက်အောင် မြင်ရမှာပါ။ အရည်အချင်းတွေ ထွက်လာဖို့က စိတ်အားထက်သန်မှုက အရေးကြီးတယ်။ စိတ်ရဲ့ Force က

Asian Fame Media Group
MEDIA GROUP

အများကြီးသွားတယ်။ အစ်မ ရာဇဝင်ကားကြီး ရိုက်တုန်းကလည်း အပင်ပန်းခံပြီး ရိုက်ခဲ့တာ။ ည ၂ နာရီအိပ်တာက အစောဆုံးပဲ၊ နောက်ဆုံး ကားပြီးခါနီးအချိန်မှာဆို စက်အဖွဲ့တွေက နေကာ မျက်မှန်တွေတောင် တပ်ရတယ်။ အိပ်ရေးပျက် တွေပျက်ပြီး မျက်စိတွေကျိန်းတော့ နေရောင် မကြည့်နိုင်တော့လို့။ အစ်မရဲ့ စိတ်အားထက်သန် စွာနဲ့ ဇောကပ်ပြီး လုပ်ခဲ့တော့ အဲဒီကားကြီးလည်း အောင်မြင်ခဲ့တယ်။ ကိုယ့်ရဲ့ခံနိုင်ရည်စွမ်းအား တွေ ကိုယ်လုပ်နိုင်တဲ့စွမ်းရည်တွေက ဒီစိတ်အား ထက်သန်မှုကို အခြေခံပြီး ရတာပါပဲ၊ ဒါပေမဲ့ မကောင်းတဲ့ဘက်မှာ စိတ်အားထက်သန်နေရင် တော့ မဟုတ်ဘူးပေါ့။ ကောင်းတဲ့ဘက်မှာ ဖြစ်ရ မယ်။ အစ်မကတော့ ဘုရင့်နောင်ဖောင်ဖျက်ပဲ။ မဖြစ်နိုင်ဘူးဆိုတာ မဟုတ်ဘူး။ သူများမဖြစ်နိုင် ဘူးပြောလည်း အစ်မက မရဘူး။ သူများမဖြစ်နိုင် ပေမယ့် ကိုယ်ကဖြစ်နိုင်တယ်လေ။ ကြိုးစားပေါ့။ အစ်မရဲ့ဘဝမှာတော့ စိတ်အားထက်သန်မှုတွေ ကြောင့် သူများမဖြစ်နိုင်ဘူး တားနေတာတွေကို ကျော်လွှားပြီး လုပ်နိုင်ခဲ့တယ်။ ဗီဒီယိုမှာလည်း အစ်မက ရေသူမဆိုတဲ့ Animation ကား ရိုက်ခဲ့ တယ်။ နောက်ပြီး ရေသူထီးဆိုပြီး ထပ်ရိုက်တယ်။ ရေသူမတောင်ရှိတာ ရေသူထီးရှိရမယ်ဆိုပြီး လုပ်ခဲ့တာ။ ဇာတ်ဆင်တာကအစ အတွေးကနေ စခဲ့တာပါ။ ဒီအတွေးဆိုတာလည်း လုပ်ချင်တဲ့ စိတ်ကြောင့် ဖြစ်လာရတာလေ။ ကိုယ်လုပ်နိုင်တဲ့ အရာကို သေချာသိပြီး စိတ်အားထက်သန်မှုလည်း ရှိရင် အောင်မြင်မှာပါ။



## Education

Education ကတော့ အကြမ်းဖျင်းပြောရရင် ပညာရေးပေါ့။ ပညာရေးဆိုတာနဲ့ မျက်စိထဲ တန်းမြင်တာက သူငယ်တန်းကနေစတဲ့ အတန်း ပညာပေါ့။ ဒါပေမဲ့ အတန်းပညာတင်မဟုတ်ဘဲ ကိုယ်တကယ်လုပ်ပြီး အသက်မွေးရမယ့် အသက် မွေးဝမ်းကျောင်းပညာကလည်း အရေးကြီးတာ ပါပဲ။ အမေစုပြောတဲ့စကား ရှိတယ်။ အစ်မ အရမ်းသဘောကျတယ်။ သူက ဘာပြောလဲဆို တော့ ဒီသူငယ်တန်းကနေ ဆယ်တန်းစသဖြင့် သင်ခဲ့ရတဲ့စာတွေကို ပြန်မေးကြည့် မှတ်မိလားလို့။ ဘယ်သူမှ မမှတ်မိပါဘူး။ ဒါပေမဲ့ ဒီပညာတွေက နေ ချိန်ဆပြီး တွေးတောတတ်အောင် သင်ပေး တာ၊ ဘယ်ပညာရပ်မဆို အရေးကြီးတယ်။ ကျောင်းပညာတစ်ခုပဲ မဟုတ်ဘူး။ အစ်မဆိုရင် အရင်တုန်းက ဘွဲ့ရသွားတဲ့အထိ ကျောင်းပညာကို အလေးမထားမိခဲ့ဘူး။ ကိုယ်ပိုက်ဆံရှာနိုင်မယ့် ပညာကိုပဲ အလေးထားမိတယ်၊ ဒါကြောင့် တက္ကသိုလ်တက်တော့လည်း ပညာရေးကို လျစ်လျူရှုခဲ့တယ်။ ဒါပေမဲ့ အခုလို အသက်ရလာ တော့မှ သိရတာက အတန်းပညာရေးကလည်း အရေးကြီးတယ်။ ထူးချွန်အောင် ကြိုးစားရမယ်၊ ကိုယ်ဝါသနာပါတဲ့ လုပ်ငန်းကို ရွေးချယ်ပြီးရင် လည်း ကြိုးစားပြီးလုပ်ရမယ်၊ နောက်ပြီး ဘာသာ ရပ်တစ်ခုဖြစ်တဲ့ အင်္ဂလိပ်စာကိုလည်း ငယ်တုန်း အချိန်မှာ လေ့လာထားရမယ်။ နောက် ကိုယ် အသက်ကြီးမှ အလုပ်လုပ်ရင်းနဲ့မှ ပြန်လေ့လာဖို့ က အချိန်မရှိတော့ဘူး။ အစ်မဆို နောင်တရတယ်၊ အင်္ဂလိပ်စာအားနည်းတာက ကိုယ့်အတွက် အကြီးမားဆုံးဖြစ်နေတယ်။ အစ်မ Documentary သွားတက်တော့ အင်္ဂလိပ်စာ မရဘူး။ စကားပြန်နဲ့ တက်ခဲ့တယ်။ Documentary သာ သွားတက် တာ၊ English လည်း မရဘူး။ Computer လည်း မရဘူး။ Editiny လည်း မရဘူး၊ အစ်မက လုပ်ချင်စိတ်တစ်ခုနဲ့ပဲ အရမ်း ကြိုးစားခဲ့ရတယ်။ ဒါကြောင့် ဘာပဲလုပ်လုပ် ဒီနေ့ လူငယ်တွေအတွက် အရေးကြီးတဲ့အရာဆိုရင် English ပါတယ်။ English စာမတတ်ရင် ကမ္ဘာ့ပြတင်းပေါက်ကြီး ပိတ်ထားသလိုဖြစ်သွားလိမ့်မယ်။ အစ်မကိုယ်တိုင် ဘာခံစားပြီးရခဲ့တဲ့ အတွေ့အကြုံပါပဲ။ အစ်မတို့ တွေ အမြဲပြောတာ ရှိတယ်။ မြန်မာနိုင်ငံက ပညာ ရေးစနစ်မကောင်းဘူးဆိုပြီးတော့ပေါ့။ အမှန်က ပညာရေးစနစ် မကောင်းတာကိုပဲ ထိုးချနေလို့ မရဘူး။ ကိုယ်တိုင် အားထုတ်မှုလည်း လုပ်တယ်။ တကယ်သာ သူငယ်တန်းကနေ ဆယ်တန်းအထိ English စာကို ကြိုးကြိုးစားစား လုပ်ခဲ့တယ်။ တက္ကသိုလ်ရောက်တော့လည်း ကြိုးစားမယ်ဆိုရင် အဆင့်အတန်းတစ်ခုထိတော့ ရပါတယ်။ ကိုယ် တွေက မလုပ်ခဲ့တာလေ။ ဒီလို စနစ်ဆိုးလို့ပြောတဲ့ ပညာရေးအောက်မှာပဲ သင်ရင်း ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ အများကြီးရှိနေတာပဲ။ သူတို့ ကတော့ ဘာကြောင့် ထူးချွန်တာလဲ။ အမှန်တော့ လူတစ်ဦးချင်းစီနဲ့ပဲ ဆိုင်ပါတယ်။ အစ်မတို့မှာ အခုဆို ပြေတီဦးဖောင်ဒေးရှင်းနဲ့ ဆရာတော် အရှင်ဆန္ဒာဓိကရဲ့ ရွှေပါရမီဖောင်ဒေးရှင်းရှိတယ်၊ အဲဒီမှာ ပညာသင်ထောက်ပံ့ကြေးအတွက် Form တွေလာတင်ရင် ဂုဏ်ထူးရတာက ၄ ဘာသာ ဆိုတာက အနည်းဆုံးပဲ။ အမှတ်တွေလည်း အရမ်းကောင်းကြတယ်။ သူတို့တွေဆို အရမ်းဆင်း ရဲကြလို့ ကျူရှင်ဆိုတာလည်း မတတ်နိုင်ရှာကြပါ ဘူး။ ဒါဆို ဒီကလေးတွေက ဘာကြောင့် ထူးချွန် နေကြတာလဲ၊ ဒီလို Form တွေထဲမှာမှ အစ်မ တို့က အဆင်းရဲဆုံးဆိုတာကို စစ်တမ်းကောက်ပြီး ပေးနေရတယ်။ များလွန်းလို့ လျှောက်တဲ့သူတိုင်း ကို မပေးနိုင်ဘူး။ သူတို့လည်း စနစ်ဆိုးအောက် က ပညာရေးမှာပဲ သင်ရတာပါ။ ကြိုးစားရင် ရပါတယ်။ လူပေါ်ပဲ မူတည်တာပါ။ ဒီအကြောင်း ကို ယိုးမယ်ဖွဲ့ပြီး ပြောမနေစေချင်တော့ဘူး။ ကိုယ်ဘယ်လို ကြိုးစားပြီး ထွက်ပေါက်ရှာမလဲ ဆိုတာပဲ စဉ်းစားစေချင်တယ်။

## Efficient

Efficient ဆိုတာကတော့ စွမ်းဆောင်နိုင်မှု ပေါ့နော်။ ခုနက စိတ်အားထက်သန်မှုနဲ့တော့ ချိတ်ဆက်နေတယ်။ တကယ်တမ်းတော့ လူတွေ က တကယ်မလုပ်လို့ပါ။ တကယ်လုပ်ရင် ကိုယ့်ရဲ့ စွမ်းဆောင်နိုင်မှုကို ကိုယ်တောင်အံ့သြသွားရမှာ ပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရယ်၊ စိတ်အား ထက်သန်မှုရယ် ပေါင်းလိုက်ရင် စွမ်းဆောင်နိုင်မှု ဆိုတာ ဖြစ်လာမှာပါ။ စိတ်မှာ တန်ခိုးရှိတယ်။ ကျင့်ကြံပြီး ရောက်ရေခန်းကြိုးစားရင် ဘာမဆို ဖြစ်နိုင်ပါတယ်။ ငါလုပ်နိုင်မယ်ဆိုပြီး ကိုယ့်ကိုယ် ကိုယ် ယုံကြည်မှုရှိပြီး စိတ်အားထက်သန်စွာနဲ့ ကြိုးစားပါ။ ဒါဆို စွမ်းဆောင်နိုင်ရည်တွေ တက် လာမှာပါ။

Asian Fame Media Group



## မျိုးဆွေသန်း

**Enthusiasm**

စိတ်အားထက်သန်မှုပေါ့။ ကျွန်တော့်ရဲ့ ဘဝနဲ့ယှဉ်ပြီး ပြောရရင် ဒီကိစ္စက တော်တော်အရေးပါတယ်။ ကျွန်တော့်ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်က Designer ပေါ့။ ငယ်ငယ်တုန်းကတော့ ဒီလိုအလုပ်လုပ်မယ်ပြောရင် ဘယ်သူက လက်ခံမှာလဲနော်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလည်း Design ဆရာဆိုတာမျိုး ကရှိတာ မဟုတ်ဘူးလေ။ ဒါပေမဲ့ Design နဲ့ ပတ်သက်တဲ့ ကျွန်တော့်ရဲ့ စိတ်အားထက်သန်မှုက တော်တော်ပြင်းထန်ခဲ့ပါတယ်။ ကျွန်တော့်အဖေက ကျောင်းဆရာ။ ကျောင်းကလက်ကမ်းစာစောင်လေးတွေ ဘာတွေဆိုရင် အဖေက ဦးဆောင်ပြီးလုပ်ရတယ်။ ကျွန်တော်က လက်ရေလက်သားလှတယ်။ ဒီတော့ အဖေက ရေးခိုင်းတယ်။ ငါးတန်းကျောင်းသားကတည်းက ကျွန်တော်က ကျောင်းက လက်ကမ်းစာစောင်တွေ နံရံကပ်စာစောင်တွေမှာ စာတွေရေးပေးရတယ်။ ကျွန်တော်တို့ ကျောင်းကို ဂျပန်ကျောင်းတစ်ကျောင်းက လက်ဆောင်ပေးတဲ့ Pental Color Pen လေးတွေ ကျောင်းမှာရတော့ ကျွန်တော့်ကို ပေးတယ်။ ကျွန်တော်က အဲဒီရောင်စုံလေးတွေနဲ့ စာလုံးလေးတွေကို အလှဖန်တီးပေးတယ်။ တအားပျော်တယ်။ တအားစိတ်အားထက်သန်တယ်။ ၁၀ တန်းအောင်ပြီး မုံရွာကောလိပ်ရောက်တော့လည်း Tutorial အဖြစ်ကိုကြည့်ပြီး ဆရာက ကျွန်တော့်ကို လက်ရေးလှတယ်ဆိုပြီး မင်းမုံရွာကောလိပ်ရဲ့ နံရံကပ်စာစောင်တွေရေးပေးပါတဲ့။ ကျွန်တော်ကလည်း ငယ်ငယ်ကတည်းက မစိမ်းခဲ့တဲ့ အလုပ်ဆိုတော့ လွယ်လွယ်ပဲလက်ခံပြီး လုပ်ပေးခဲ့တယ်။ နောက်ဆုံး မုံရွာကောလိပ် မဂ္ဂဇင်းလည်း ကိုယ်ပဲ လုပ်ခဲ့ရတယ်။ မန္တလေးတက္ကသိုလ်ရောက်တော့လည်း မန္တလေးတက္ကသိုလ် မဂ္ဂဇင်းတို့ နံရံကပ်စာစောင်တို့ကို ကျွန်တော်ပဲ လုပ်ခဲ့ရတယ်။ ဘဝတစ်လျှောက်လုံး ကျွန်တော်ရဲ့ စိတ်အားထက်သန်မှုက Design တွေပဲ။ ကျွန်တော်တို့ ငယ်ငယ်က ကွန်ပျူတာ မပေါ်သေးတော့ လက်ရေးလှတာက Design လုပ်မယ့် လူအတွက်အရေးပါနေခဲ့တယ်။ ကျွန်တော့်ရဲ့ စိတ်အားထက်သန်မှုကြောင့် ကျွန်တော် အခု အကျိုးအမြတ်အသီးအပွင့် ရခဲ့တယ်။ ကျွန်တော် ဒီအလုပ်ကို စိတ်အားထက်သန်ပြီး ဝါသနာပါခဲ့လို့လည်း အခုချိန်မှာဒီအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းအလုပ်အနေနဲ့ ရပ်တည်နိုင်တာပဲ။ စိတ်အားထက်သန်မှုက တစ်ဦးချင်းစီမှာ တူမှာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ပတ်ဝန်းကျင်နဲ့တော့ ဆိုင်တယ်။ ကျွန်တော်ဆိုရင် လက်ရေးလှလို့ဆိုပြီး ပတ်ဝန်းကျင်က အခွင့်အရေးတွေပေးခဲ့လို့ ဒီစာအုပ်ပေါ်မှာ စိတ်အားထက်သန်ခဲ့တာ၊

စွမ်းဆောင်ရည်သက်သက်နဲ့ တန်ဖိုးဖြတ်ရင်တော့သူ့အတွက် အရမ်းမြင့်ပေးမယ့်တစ်ဖက်မှာ ဆိုးကျိုးတွေရှိသွားတာမျိုးလည်း ရှိတယ်။ ဒီလိုလူမျိုးဆိုရင် တစ်တလားပေါ့။ ကြောက်စရာကောင်းတာပေါ့။ နယူတန်ရဲ့ စွမ်းဆောင်ရည်၊ အိုင်းစတိုင်းရဲ့ စွမ်းဆောင်ရည်ကျတော့ မတူတော့ဘူး။

Asian Fame Media Group



ကျွန်တော့်ရဲ့ စိတ်အားသန်မှုက ကျွန်တော့်အတွက် သဟဇာတဖြစ်တယ်။

### Education

Education က ပညာရေး။ ဒါက အရေးကြီးတယ်။ အခုလက်ရှိမြန်မာပြည် ပညာရေးသင်ကြားတဲ့ စနစ်ကိုလည်း ပြောင်းသင့်ပြီ။ ဆရာဗဟိုပြုသင်ကြားရေးစနစ်လေ။ ကလေးတစ်ယောက်က သူ့ရဲ့ဆရာ၊ ဆရာမကို ကျော်ပြီး စဉ်းစားလို့၊ တွေးခေါ် လို့မရဘူး။ ကျွန်တော်တို့ ငယ်ငယ်က စာတွေကို မျက်စိမှိတ်ပြီးအော်ကျက်ပဲ၊ ဂျပန်နိုင်ငံကို ကျွန်း ၄ ကျွန်းနဲ့ဖွဲ့စည်းထားပါတယ်၊ ဘာသင်ထောက်ကူပစ္စည်းမှမပါဘဲ ဒီအတိုင်းသာ အော်ကျက်ပဲ။ တောင်သူကြီးဒုံးချင်းသင်တာလည်း ခေတ်အဆက်ဆက်ပဲ။ အမှန်ကအသစ်တွေကို သင်ပေးတော့လေ။ ဦးပုညကိုမှပဲ လည်နေရတာ။ ဒါတို့ပညာရေးပဲ။ Parrot Learning ပေါ့။ ဒါကြောင့် လွန်ခဲ့တဲ့ ၁၁ ရာစုက ခင်ဦးကို မှန်မင်းသမီးလို့ ယုံကြတယ်၊ Thinking ပိုင်းကို မသင်ကြားခဲ့ဘူး။ ၁၂ ရာစု မြန်မာစကားပြေက မချောဘူး။ ကျောက်စာတွေက သက်သေပဲ။ ဒါပေမဲ့ ကျွန်တော်တို့က အနန္တသူရိယအမတ်ကြီးရဲ့ မျက်ဖြေလင်္ကာဆိုတာကို သင်ရတယ်။ လင်္ကာချောချော၊ ကျောင်းသားတွေကို စဉ်းစားခွင့်မပေးဘူး။ ကျွန်တော်တို့တွေ Logical Thinking ကို မသင်ခဲ့ရဘူး။ ကိုယ့်နိုင်ငံရဲ့ ရေမြေတောတောင်သဘာဝကို ကျွန်တော်တို့တွေ မသိကြဘူး။ ဘာလို့လဲ သင်ကြားရေးမှားခဲ့လို့ပေါ့၊ အခု နိုင်ငံခြားမှာ ကျောင်းသွားတက်လို့ရတယ်။ ဒီမှာလည်း အပြည်ပြည်ဆိုင်ရာ ကျောင်းတွေရှိတယ်၊ ဒါပေမဲ့ နိုင်ငံသားတစ်ယောက်ရဲ့ Idenity ဆိုတာရှိတယ်၊ Id ပေါ့တာပေါ့၊ အဲဒါတွေပျောက်တုန်တယ်။ ကိုယ့်နိုင်ငံရဲ့ ပထဝီအနေအထားရဲ့သမိုင်းကြောင်းကို နိုင်ငံသားတိုင်းက သိထားရမယ်။ ကျွန်တော်တို့ တစ်ခေတ်လုံးက စမ်းသပ်ပညာရေးပဲ။ ကျွန်တော်တို့ခေတ်မှာ ခဏခဏစနစ်ပြောင်းတယ်။ ဝိဇ္ဇာ၊ သိပ္ပံ၊ ဒွိလိုက်၊ မဒွိလိုက်၊ ဒေသကောလိပ်ရှိလိုက်၊ မရှိလိုက်နဲ့။ လက်တွေ့အသုံးပြုလို့ရတဲ့ ပညာရေးစနစ် မဖြစ်ခဲ့ဘူး၊ ကျွန်တော်ကိုယ်တိုင် မြန်မာစာသင်ပေးရတဲ့ ဆရာဘဝဖြစ်တဲ့ အချိန်မှာ ကိုယ့်ကျောင်းသူ၊ ကျောင်းသားတွေကို Self Study လုပ်စေချင်လို့ စနစ်လေးပြောင်းပြီး သင်ပေးဖူးတယ်။ ဒါပေမဲ့ တစ်ဖက်က အမှတ်ပေးစည်းမျဉ်းဆိုတာကြီး ရှိနေပြန်ရော။ ဘယ်လောက်ပဲသင်သင်။ ကျောင်းသားဘယ်လောက်ပဲ တော်တော် ပေးခွင့်ရအမှတ်ဆိုတာရှိတယ်။ ဒီစည်းမျဉ်းကိုကျော်ပြီး ပေးလို့မရဘူး။ ဒီတိုင်းပြည်မှာ အရေးတကြီး လိုအပ်နေတာ ပညာရေးပါပဲ။

### Efficient

Efficient ဆိုတာ ခပ်ရှင်းရှင်းပြောရရင်တော့ စွမ်းဆောင်ရည်ပါပဲ။ ဒါပေမဲ့ စွမ်းဆောင်ရည်က ကမ္ဘာလောကကြီးအတွက် အကျိုးတော့ ရှိရမှာပေါ့၊ စွမ်းဆောင်ရည်သက်သက်နဲ့ တန်ဖိုးဖြတ်ရင်တော့ သူ့အတွက် အရမ်းမြင့်ပေမယ့် တစ်ဖက်မှာ ဆိုးကျိုးတွေ ရှိသွားတာမျိုးလည်းရှိတယ်။ ဒီလိုလူမျိုးဆိုရင် ဟစ်တလာပေါ့။ ကြောက်စရာ ကောင်းတာပေါ့။ နယူတန်ရဲ့စွမ်းဆောင်ရည်၊ အိုင်းစတိုင်းရဲ့ စွမ်းဆောင်ရည်ကျတော့ မတူတော့ဘူး။ စာပုံနှိပ်စက်ကို တီထွင်နိုင်တဲ့ ဂူတင်ဘတ်ရဲ့ စွမ်းဆောင်ရည်ကျတော့ တစ်ကမ္ဘာလုံးအတွက် အကျိုးအများကြီး ရသွားတယ်။ လူတစ်ယောက်ရဲ့ စွမ်းဆောင်ရည်ဆိုတာ သူဖြတ်သန်းလာခဲ့ရ သူ့ဘဝအတွေ့အကြုံနဲ့လည်း အများကြီးဆိုင်တယ်၊ ကျွန်တော်တို့ရဲ့ ဂီတလောကမှာဆိုရင် စွမ်းဆောင်ရည်မြင့်တဲ့သူကို ပြောပါဆိုရင် ကျွန်တော်တို့ အားလုံး ချစ်စနိုးနဲ့ ကိုငှက်လို့ခေါ်တဲ့ ထူးအိမ်သင်ပေါ့။ ထူးအိမ်သင်ဆိုတာ မပေါ်လာခင်တုန်းက ကျွန်တော်တို့က Family Chords တွေနဲ့သွားတာ။ ထူးအိမ်သင်ကကျတော့ Genius ပဲ သူက စပြီး Chords အသစ်တွေလုပ်တယ်။ ကျွန်တော်တို့ရဲ့ ဂီတလောကမှာ ပုံစံလုံးဝပြောင်းသွားတာပဲ၊ သူ ၉ တန်းကျောင်းသားဘဝမှာ ရေးတာ "ဝေးသွားတဲ့အခါ" သီချင်းတဲ့။ သူ့ရဲ့စွမ်းဆောင်ရည်က ဘယ်လောက်မြင့်လဲဆိုတာ အဲဒါပေါ့။ Chords ဖွဲ့စည်းမှုကို အရမ်းနားလည်တယ်၊ ကျွမ်းကျင်တယ်။ ဒီလိုစွမ်းဆောင်ရည်တွေက ဇွဲဆော်မှုကနေ လာတယ်ပြောရမယ်။ စွမ်းဆောင်ရည်ဆိုတာ တန်ဖိုးထားရတဲ့ လူ့အပေါ် လည်း မူတည်တယ်။

Asian Fame Media Group



## လူငနေ

**Enthusiasm, Education, Efficient**

ဗီစကားလုံးသုံးလုံးကို တွေ့တော့ အရင်တုန်းကဖတ်ဖူးတဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ကို သတိရတယ်။ အသေးစိတ်တော့ မမှတ်မိတော့ဘူး။ အကြမ်းဖျင်းပဲမှတ်မိတယ်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ ကျောင်းဆရာတစ်ယောက်ရှိတယ်၊ ငိုးသားပြီး ခေတ်ပညာတတ်ကျောင်းဆရာပေါ့။ ဆရာဝေလို့ ဆိုကြပါစို့။

သူအဲဒီရွာကို စရောက်တော့ ရွာမှာ ကလေးတွေ စာသင်ဖို့အတွက် ကျောင်းဆိုတာ မရှိသေးပါဘူး။ တစ်ရွာလုံးကလည်း ပညာရေးဆိုတာ ဘာကြီးမှန်းမသိတဲ့ ရွာတစ်ရွာဖြစ်နေတဲ့ အချိန်ပေါ့။

ဒါနဲ့ ဆရာဝေက ရွာမှာရှိတဲ့ သူ့သူငယ်ချင်းတွေ အကူအညီယူပြီး ကျောင်းလေးတစ်ကျောင်း စဆောက်ခဲ့တယ်။

ရွာက ကလေးတွေ စာသင်ဖို့ပေါ့။ ဒါပေမဲ့ ကျောင်းဆောက်ပြီးတဲ့အချိန်မှာ မိဘတွေက သူတို့ကလေးတွေကို ကျောင်းတက်ဖို့ ကျောင်းကို မလွှတ်နိုင်ဘူးဆိုပြီး ငြင်းကြပါလေရော။ ကလေးတွေကိုကျောင်းပို့တာဟာ အချိန်ကုန်တယ်။ အပိုအလုပ်ဖြစ်တယ်လို့ ထင်ကြပြီး သူတို့လုပ်တဲ့ လယ်အလုပ်မှာပဲ ကလေးတွေကို ခိုင်းခဲ့ကြတယ်။

ကလေးတွေ ကိုယ်တိုင်ကလည်း ကျောင်းဆိုတာ ပျော်စရာမှမရှိတာဆိုပြီး ဘယ်သူကမှ ကျောင်းတက်ဖို့ စိတ်မဝင်စားကြဘူးတဲ့။

အဲဒီလိုနဲ့ ဆရာဝေက သူ့ကျောင်းမှာ ရွာကကလေးတွေတစ်ယောက်မှ လာမတက်တော့ မြို့တက်ပြီး မြို့ကစာသင်ချင်တဲ့ ကျောင်းသားတွေကို စည်းရုံးကာ သူ့ကျောင်းမှာတက်ဖို့ ခေါ်လာခဲ့တယ်။သူ့ကျောင်းမှာလည်း ကလေးကစားကွင်းတွေ ဆောက်တယ်။ အားကစားနည်းတချို့ကိုလည်း ကျောင်းစာတွေနဲ့အတူ သင်ပေးတယ်။ မြို့က ကလေးတွေ ပျော်ရွှင်စွာ ပညာသင်နေတာကို တွေ့ရတော့ ရွာမှာရှိတဲ့ ကလေးတချို့က စိတ်ဝင်စားလာတယ်။

ကျောင်းဆိုတာကြီးကို တက်ကြည့်ချင်လာတယ်၊ ဒါနဲ့ ရွာက ကလေးတချို့ ဆရာဝေရဲ့ ကျောင်းမှာ လာတက်ကြတယ်။

နောင်ပိုင်းမှာတော့ ရွာက ကလေးတွေ တော်တော်များများ ဆရာဝေရဲ့ စာသင်ကျောင်းမှာပဲ တပျော်တပါး စာကို သင်ကြတော့တယ်။

တချို့ဆို ဆရာဝေရဲ့ ကျောင်းပြီးတော့ မြို့တက်ပြီး အထက်တန်းပညာကို ဆက်သင်ဖို့အတွက် ကြိုးစားလာကြတယ်။ အဲဒီထဲကမှ တချို့မှာ နာမည်ကျော်သိပ္ပံပညာရှင်ကြီးတွေ ဖြစ်လာကြပြီး တချို့ဆို အခြားပညာရပ်တွေသင်ယူပြီး သူတို့ရွာဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြန်ကူညီခဲ့ကြတယ်။

သူတို့ရွာလေးကလည်း ရွာအဆင့်ကနေ ဖွံ့ဖြိုးတိုးတက်တဲ့ မြို့အဆင့်ကို ပြောင်းလဲလာ ပြီး အခြားမြို့က လူတွေကတောင် သူတို့မြို့မှာ တက္ကသိုလ်ပြီး ... ပညာလာသင်ရတဲ့မြို့လေးတစ်မြို့ ဖြစ်လာခဲ့တယ်။

ရွာကလူတွေရဲ့ နေထိုင်မှုအဆင့်အတန်း ကလည်းတိုးတက်လာပြီး သူတို့ရဲ့ဘဝတွေကလည်း တိုးတက်ပြောင်းလဲလာခဲ့တယ်။ ပညာရေးရဲ့ အဖိုးတန်ပုံကို တစ်ရွာလုံးကသိသွားကြတာပေါ့။

ဝတ္ထုကတော့ အဲဒီလောက်ပဲ။ နာမည်တော့ မှတ်မိနေသေးတယ် Importance of Education တဲ့။ ရေးသူတော့ မသိတော့ဘူး။

ဆိုလိုတာက ဒီဝတ္ထုတိုလေးထဲမှာ ပညာရေးရဲ့ အရေးကြီးပုံကို ဦးစားပေးဖော်ပြထားတယ်။ လူတစ်ယောက်ရဲ့ဘဝ၊ ရွာတစ်ရွာရဲ့ ဖွံ့ဖြိုးမှု တိုင်းပြည်တစ်ပြည်ရဲ့ကံကြမ္မာဟာ ပညာရေးပေါ် အခြေခံတယ်လို့ ဆိုလိုထားတယ်။

ဒါ့အပြင် သူတို့ရဲ့ စိတ်အားထက်သန်မှု Enthusiasm နဲ့စွမ်းဆောင်နိုင်တဲ့ အရည်အချင်းသာ မရှိခဲ့ဘူးဆိုရင် ပြီးပြည့်စုံတဲ့ အောင်မြင်မှုမျိုး မရနိုင်ဘူးလို့ စာရေးသူက ထပ်ပြီးယူဆထားသေးတယ်။

ကျွန်တော်ထင်တာကတော့ ဘယ်အရာမဆို လုပ်ချင်တဲ့စိတ်ရယ်၊ လုပ်နိုင်တဲ့ အရည်အချင်းရယ်၊ လုပ်နိုင်တဲ့ အခွင့်အရေးကိုလည်း ဖန်တီးနိုင်မယ်ဆိုရင်တော့ ဘယ်ကိစ္စမဆို အောင်မြင်ဖို့ ရာခိုင်နှုန်းတော်တော်များနေပါပြီ။

**ဖြိုးစုပိုပို**



Asian Fame Media Group



ဖြိုးစုပိုပို

# Artist's Sketch

## မကျင်ပို့

သူမရဲ့မျက်လုံးတွေက တောက်တောက်ပပ နဲ့ လက်တွေရဲ့လျင်မြန်စွာ လှုပ်ရှားမှုတွေကလည်း မှော်ဆရာမတစ်ယောက်လိုပါပဲ။ သူမရဲ့ ဖန်တီးမှုတွေနဲ့ ထူးခြားပြောင်းလဲသွားရတဲ့ သူတွေကလည်း ကျေနပ်မှုတွေ အပြည့်နဲ့ပါ။ သူမကတော့ Fancy House က Hair Stylist Ms. Agnes Lim (ခေါ်) မကျင်ပို့ပါပဲ။ ဒါကြောင့် သူမရဲ့ အနုပညာမြောက်လှတဲ့ ဖန်တီးမှုတွေအကြောင်းကို ဆွေးနွေးဖြစ်ခဲ့ပါတယ်။

**အရင်ဆုံး ဆရာမက အခုလို Hair Stylist တစ်ယောက်အဖြစ် ရောက်လာပုံလေးကို ပရိသတ်နဲ့ မိတ်ဆက်ပေးပါလား။**

အမိကကတော့ ဝါသနာပါလို့ကို ရောက်လာခဲ့တာပါ။ ငယ်ငယ်ကတည်းက ဆံပင်နဲ့မိတ်ကပ်ကို ဝါသနာပါတာ။ ကျွန်မ တက္ကသိုလ်ဒုတိယနှစ်ကျတော့ တစ်ဖက်ကနေ ဆံပင်သင်တန်းကိုလည်း တက်ခဲ့တယ်။ ကျောင်းပြီးသွားတော့ ထိုင်ဝမ်နိုင်ငံမှာ ၁ နှစ်၊ ဟောင်ကောင်နိုင်ငံမှာ ၇ လ သင်တန်းသွားတက်ခဲ့တယ်။ အဲဒီလို တက်လိုက်တော့ ဒီအလုပ်ကို ပိုပြီးစိတ်ဝင်စားလာတယ်။ သင်တန်းတွေတက်ပြီး ပြန်လာတော့ ကျွန်မအမေရဲ့ 'မိုနာလီဇာ' ဆိုတဲ့ Beauty Salon မှာ ဝိုင်းလုပ်ပေးခဲ့ရတယ်။ အဲဒီလိုလုပ်နေရင်းနဲ့ အိမ်ထောင်ကျတော့ အမျိုးသားနဲ့ ဟောင်ကောင်နိုင်ငံကို လိုက်



Asian Fame Media Group

သွားတယ်။ အဲဒီမှာ စီးပွားရေးလုပ်တော့ ပထမ တုန်းကတော့ ကျောက်မျက်လုပ်ငန်းကို ၂ နှစ် လောက်လုပ်လိုက်သေးတယ်။ ဒါပေမဲ့ ကိုယ်က အဲဒီလုပ်ငန်းကို စိတ်မဝင်စားတော့ အဆင်မပြေ ဘူး။ ဒီဆံပင်နဲ့ မိတ်ကပ်ကိုပဲ အားသန်နေတာနဲ့ နောက်ဆုံး ဒီလုပ်ငန်းဘက်ကိုပဲ ပြန်ခြေချခဲ့တယ်။ ရန်ကုန်မှာတော့ အဲဒီအချိန်က မိုနာလီဇာက မကျင်ပ်ဖို့လို့ လူတွေအတော်သိနေပေမယ့် ဟောင် ကောင်နိုင်ငံရောက်တော့ ကိုယ်က Junior ဘဝ နဲ့ပဲ ပြန်စခဲ့ရတယ်။ အဓိကကတော့ နံပါတ်တစ် က ဘာသာစကားအခက်အခဲ၊ နောက်ပြီး ဝတ်စားနေထိုင်မှု Style တွေ၊ နည်းပညာတွေပေါ့။ ကိုယ်လည်း အစက ဟောင်ကောင်မှာ သင်ခဲ့တာ ဖြစ်ပေမယ့်လည်း သင်ခဲ့တဲ့နှစ် ကြာတာနဲ့အမျှ နည်းပညာတွေက အသစ်တွေပေါ်လာတော့ အစ ကနေ အကုန်ပြန်သင်ရတယ်၊ ကျွန်မတက်ခဲ့တာ ဟောင်ကောင်က နာမည်ကြီးကျောင်း 'မော် နီတာ' ဆိုတဲ့ကျောင်းမှာ တက်ခဲ့တာ။ သင်တန်း ပြီးတော့ အဲဒီ 'မော်နီတာ' ဆိုင်မှာပဲ ပြန်ပြီးအလုပ် ရခဲ့တယ်။ အဲဒီဆိုင်က ဟောင်ကောင်မှာ နာမည် ကြီးပေါ့။ နိုင်ငံတကာ ရုပ်ရှင်မင်းသမီးတွေ လာ ကြတယ်။ စင်ကာပူက မင်းသမီးတွေ၊ ဟောင် ကောင်က မင်းသမီးတွေ လာကြတဲ့ဆိုင်ပေါ့။ အဲဒီ ဆိုင်မှာ ကျွန်မလုပ်တော့ Show ပွဲတွေ လက်ခံ ပြီး လုပ်ပေးရတယ်။ ပြီးတော့ မင်းသမီးတွေ နောက် လိုက်ခဲ့တယ်။ အတွေ့အကြုံတွေ ရခဲ့တာ ပေါ့။ အဲဒီလိုလုပ်နေရင်းနဲ့ကနေ ကိုယ့်မြန်မာပြည် ပြန်မယ်။ ပြီးတော့ ဒီမြန်မာပြည်မှာ ဒီပညာတွေ ကို ပြန်သင်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တော့ ကိုယ် က ပညာကို ပိုပြီးလေ့လာမယ်ဆိုပြီး အမေရိကန် နိုင်ငံ ချီကာဂိုမြို့မှာရှိတဲ့ 'Pivot Point' ဆိုတဲ့ International ကျောင်းမှာ အဆင့်မြင့်သင်တန်း သွားတက်တယ်။ အဲဒီကိုရောက်တော့ ဘာကို





လေ့လာဖြစ်ခဲ့လဲဆိုတော့ ကျွန်မက ဆံပင်လုပ်လာ တာ ၁၀ နှစ်ကျော် နှစ် ၂၀ နီးပါးရှိပေမယ့် ဆံပင် တော့ ညှပ်တတ်တယ်။ ဒါပေမဲ့ ကိုယ်ပိုင်နည်းနဲ့ ပြုရမယ်ဆိုတာလည်း သိတယ်၊ ဒါပေမဲ့ ဘယ်လို ဖန်တီးရမလဲဆိုတာ မသိဘူး။ အဲဒီကျောင်းရောက် မှ သေသေချာချာသိခဲ့တာ။ အဲဒီကျောင်းတက်ပြီးမှ ဒီပညာကို ပိုပြီးစိတ်ဝင်စားသွားတာ။ ဆံပင်က ဒီလောက်တောင်မှ မျိုးစုံထွင်လို့ရတာပဲလို့ သဘောပေါက်လာတာ။ အဲဒီကျောင်းမှာ ဆံပင် Creation အပြင် ဆံပင်ညှပ်ဆိုင်တစ်ဆိုင်ဖွင့်ဖို့ သိသင့်သိထိုက်တဲ့ လျှပ်စစ်ကြောင်း။ ဘာလို့လဲ ဆိုတော့ Dryer စက်တွေ၊ ကောက်စက်တွေ ဘာတွေကိုင်ရမှာလေ၊ ဝန်ထမ်းတွေရဲ့ Pay Roll, Service ပေးရတဲ့အပိုင်း အများကြီးပဲ သေသေချာချာသင်ခဲ့ရတယ်။ အခုတော့ ဒီလောကကို လုံးဝဝင်လိုက်ပြီး လုပ်ဖြစ်နေတာ ပေါ့။

**လူက အိပ်မက်တွေနဲ့ ရှင်သန်ရတယ်လို့ ပြောကြတယ်။ ဆရာမရော ကိုယ့်အိပ်မက်တွေ အတိုင်း ဘဝကို ပိုင်ဆိုင်နေပါပြီလား။**

ကျွန်မက ငယ်ငယ်ကတည်းက ဆံပင်ကိုင်ရ တာ ကြိုက်တယ်၊ အမေလည်း ပြောပြဖူးတယ်၊ လက်သည်းဆိုးရတာလည်း ကြိုက်တယ်။ အဲဒီ ခေတ်ကတည်းက လက်သည်းကို အရမ်းဝါသနာ ပါတာ၊ ဘာအကျီဝတ်ရင် လက်သည်းက ဘာ အရောင်ဆိုးမယ် အဲဒီလိုပေါ့။ အဲဒီခေတ်က လက်သည်းနီဆိုးတာ အနဲ့တွေက မကောင်းဘူး၊ ဒါပေမဲ့ အဲဒီနံနံကြီးကိုပဲ ဆိုးတာပဲဆိုတော့ အခု လက်ရှိကိုယ့်အိပ်မက်တွေအတိုင်း ဘဝကို ပိုင် ဆိုင်တယ် ပြောရမှာပဲ။

**Hair Stylist တစ်ယောက်မှာ မရှိမဖြစ် ရှိထားရမယ့် အရည်အချင်းတွေက ဘာတွေပါ လဲ။**

အဓိကက သည်းခံစိတ်ရှိရမယ်။ Service ပေးရတယ်ဆိုတာ Servant ဘဝပါပဲ။ ကိုယ် ဘယ်လောက်ပဲ ပိုက်ဆံရှိနေနေ ဘယ်လောက်ပဲ အောင်မြင်နေနေ ကိုယ်က သူများဆီက Service Charge ကို ယူလိုက်တာနဲ့ သူ့ကို Servant လိုပဲ ဝန်ဆောင်မှုပေးရမယ်။ မာနတွေ လျှော့ထားရ မယ်။ ကျွန်မဆီမှာတော့ 'S' ၅ လုံး ကို အခြေခံ ထားတယ်။ အဲဒါက ဘာတွေလဲဆိုတော့ Smile, Speed, Smart, Sincerity, Study ဆိုပြီးတော့ ပေါ့။ အမြဲ ပြုံးနေရမယ်။ ပြီးတော့ ကိုယ့်ဆီလာ တဲ့ Customer တွေဆိုတာ အချိန်က တန်ဖိုးရှိ ကြတယ်။ ဒီတော့ ကိုယ်က ကျွမ်းကျွမ်းကျင်ကျင် နဲ့ မြန်မြန်ဆန်ဆန်လုပ်ပေးရမယ်။ ကိုယ်တိုင် လည်း Smart ကျကျလေး နေရမယ်။ ဒါမှ ကိုယ် လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိမယ်၊ Customer ကလည်း ကိုယ့်ကို ပြန်ပြီးယုံကြည်မှု ရှိမှာပေါ့။ ပြီးတော့ ရိုးသားဖြောင့်မတ်ရမယ်။ မလိမ်ရဘူး။ ကောက်ဖို့မလိုရင် မကောက်ခိုင်းရ ဘူး။ ဖြောင့်ဖို့မလိုတာကို မဖြောင့်ခိုင်းရဘူး။ Study ကတော့ ဒီအလုပ်လုပ်မယ့်လူက အမြဲ လေ့လာနေရမယ်၊ အသစ်အဆန်းတွေက အမြဲ

Asian Fame Media Group

ရှိနေတော့ သင်လို့ကို မကုန်နိုင်ဘူး။ ဒီ 'S' ငါးလုံးက မရှိမဖြစ်ရှိထားရမယ့် အရည်အချင်းလို့ ကျွန်မ ခံယူထားပါတယ်။

**လူတစ်ယောက်ရဲ့ ပြင်ပရုပ်သွင်က ဆံပင်ပုံပေါ် လိုက်ပြီး ပြောင်းလဲသွားတယ်ဆိုတာ ဟုတ်ပါသလား။**

ဟုတ်တာပေါ့။ ဥပမာ - သူ့ရုပ်သွင်က ဘယ်လောက်ပဲ ထက်တဲ့ပုံဖြစ်နေမယ်၊ သူ့ကို အရမ်းရှင်းနေတဲ့ ဆံပင်ပုံညှပ်လိုက်ရင် သူ့ရဲ့ရုပ်က ပိုပြီး ထက်မြက်တဲ့ပုံ ပေါက်သွားမယ်၊ သူ့ကို Cute ဖြစ်အောင် ဆံပင်ပုံမှာ ပြောင်းပေးလို့ရတယ်။ ဆံမြိတ်တွေ ဘာတွေမှာ Creation လုပ်ပေးလို့ရတယ်။ နောက်ပြီး လူတစ်ယောက်က သူ့ရဲ့ဆံပင်ပုံစံပေါ် လိုက်ပြီး Mood ပါ ပြောင်းသွားနိုင်တယ်။ ဒါကြောင့် ကျွန်မရဲ့ဆရာမက ပြောဖူးတယ်၊ လူတစ်ယောက်အတွက် အရေးကြီးတာက မိတ်ကပ်မဟုတ်ဘူးတဲ့၊ အရေးကြီးတာဆံပင်ပုံတဲ့။ မိတ်ကပ် ဘယ်လောက်ပြောင်းထားထား ဆံပင်ပုံမပြောင်းထားရင် ရုပ်က မပြောင်းဘူး။ ဆံပင်ပုံပြောင်းလိုက်တာနဲ့ နှုတ်ခမ်းနီလေးဆိုးလိုက်တာနဲ့ကို ရုပ်က ပြောင်းတယ်။


**တချို့ Customer တွေက ကိုယ်နဲ့မလိုက်ဖက်တဲ့ Hairstyle မျိုးတွေ လုပ်ပေးပါလို့ တောင်းဆိုလာခဲ့ရင် ဆရာမ ဘယ်လိုဖြေရှင်းပေးပါသလဲ။**

အမှန်ကတော့ ကိုယ်နဲ့မလိုက်တဲ့ ဆံပင်ပုံဆိုတာ မရှိပါဘူး။ ဆံပင်ညှပ်တာက စိတ်ဝင်စားစရာကောင်းတယ်။ သူက Parting လို့ခေါ်တဲ့ စည်းခွဲတဲ့ပေါ်မှာ မူတည်တာပဲ၊ ဒီစည်းခွဲတဲ့ပေါ် မူတည်ပြီး ကြိုက်သလို ဖန်တီးနိုင်တယ်။ ဥပမာ - မျက်နှာလုံးတဲ့သူတစ်ယောက်က သူ့ဆံပင်ပုံကို ဖောင်းဖောင်းလေးလိုချင်တယ် ဆိုပါတော့၊ သူဖြစ်ချင်တဲ့ အဖောင်းလေးကို နောက်ဘက်မှာ လုပ်ပေးပြီး ရှေ့ဘက်မှာတော့ Step လေးတွေ လုပ်ပေးလိုက်တယ်။ ဒါဆို သူဖြစ်ချင်တဲ့ အခြေခံပုံလေး ဖြစ်သွားတယ်။ Parting မှာ ကစားလိုက်ရင် မလိုက်တဲ့ပုံဆိုတာ မရှိပါဘူး။

**မှန်ကန်တဲ့ ဆံပင်ထိန်းသိမ်းမှုဆိုတာ ဘယ်လိုမျိုးပါလဲ။**

မှန်ကန်တဲ့ ဆံပင်ထိန်းသိမ်းမှုဆိုတာ အမှန်တော့ ဦးရေပြားကို ဂရုစိုက်ရမှာ။ Hair Spa ပေါ့။ ဒီမှာက များသောအားဖြင့် Hair Treatment တွေပဲ လုပ်ကြတယ်။ Hair Treatment ဆိုတာက ဆံသားကိုပဲ ပြုပြင်ပေးတာ။ ဆံသားမခြောက်အောင်၊ ဆံသားမကြမ်းအောင်ပေါ့။ မကျွတ်အောင်ကျတော့ Hair Treatment က မလုပ်ပေးနိုင်ဘူး။ Hair Spa ကကျတော့ ဦးရေပြားမှာ ဖြစ်နေတဲ့ ပြဿနာတွေကို ကုပေးတာ။ ဆံပင်ကျွတ်တယ်ဆိုတာ ဦးရေပြားမှာရှိနေတဲ့ ပိုးတစ်မျိုးကြောင့် ဖြစ်တာ။ ကျွန်မတို့က Scan နဲ့ချဲ့ပြီး ကြည့်ရင် သိနိုင်တယ်။ ဆံပင်ကျွတ်တာမှာလည်း အကြောင်းအမျိုးမျိုး ရှိတတ်တယ်။ အရက်သောက်လို့၊ Strees များလို့ စသဖြင့်ပေါ့။ ဒီတော့ Hair Spa က တစ်ဦးချင်းစီလိုက်ပြီး လုပ်ပေးရတယ်၊ လုပ်နည်းကတော့ တူပေမယ့် ဆေးမှာကွဲသွားတယ်။ အမှန်တော့ သူ့ကုထုံးက ဦးရေပြားမှာရှိတဲ့ အညစ်အကြေးက အရင်ရှင်းထုတ်ပေးရမယ့် နည်းပညာပါ။ Pure Oxygen ကိုလည်း ရှူရှိုင်းတာပါပဲ၊ ခုခံအားကောင်းလာတော့ ပိုးတွေကို နိုင်သွားတယ်၊ မွေးညင်းပေါက်တွေ ပွင့်သွားပြီး ဆံပင်တွေ ပြန်ပေါက်တယ်။ လူ တစ်ယောက်ရဲ့ ခေါင်းမှာ ဆံပင်က ၁ သိန်းကနေ ၁ သိန်း ၁ သောင်းကြား ရှိတယ်။ အမှန်ကတော့ Hair Treatment ထက် Hair Spa က ပိုပြီးလုပ်သင့်တယ်၊ ဦးရေပြားကောင်းနေရင် ဆံသားက ကောင်းလာမှာပဲလေ။ နောက်ပြီး လူတိုင်းက ၂ လတစ်ကြိမ်လောက် ဆံပင်အဖျားတွေ ညှပ်ပေးသင့်တယ်။ Shampoo ကိုလည်း ကိုယ့်ဦးရေပြားနဲ့လိုက်မယ့်ဟာကို ရွေးသုံးပြီး တစ်ပတ်ကို ၂ ကြိမ်ကနေ ၃ ကြိမ် လျှော်ပေးရမယ်။ နောက်ပြီး ဆံပင် ခဏခဏကောက်တာတို့၊ ဆိုးတာတို့ မလုပ်ရဘူး၊ အဲဒီဆေးတွေက ဦးရေပြားကို အန္တရာယ်ပေးတယ်။ ပေါင်းတင်တာကိုလည်း တစ်လ (သို့) နှစ်လတစ်ခါ ပေါင်းတင်ပေးရမယ်၊ Hair Spa ကို ရှင်းပြချင်တယ်။ ဒီပညာက သိပ်အသေးစိပ်လွန်းပါတယ်၊ အခုပြောတာတွေက အပေါ်ယံပြောပြထားတာပါ။

**ဒါဆို ဆရာမ Hair Spa ကိုကျတော့ရော**



Asian Fame Media Group

**ဘယ်လိုလုပ်ပေးရမှာပါလဲ။**

Hair Spa ကတော့ ဆိုင်မှာပဲ လုပ်ကြတာပါ။ ဒီမှာတော့ ဦးရေမှာ တကယ်ကို ရောဂါရှိတော့မှ လာလုပ်ကြတယ်။ ဆေးထည့်ပေးရတာတို့ ဘာတို့ပါတော့ ကိုယ့်ဟာကိုယ်လုပ်လို့ မရဘူး။ ကျွန်မဆိုင်ကိုလာပြီး Hair Spa လုပ်တဲ့သူတွေမှာ များသောအားဖြင့်ကတော့ ဖြောင့်ဆေးတွေ ကောက်ဆေးတွေ ဆိုးဆေးတွေထိလို့ ဦးရေပြားပျက်စီးနေလို့ လာကြတာတွေ များတယ်။ ဈေးပေါတဲ့ဆေးတွေနဲ့ သုံးခဲ့တာတွေက အန္တရာယ်ပေးတာပေါ့။ သူဖြစ်နေတဲ့ ဦးရေပြားရောဂါ အကြီးအသေးပေါ် လိုက်ပြီး ၄ ရက်တစ်ခါဆိုတာမျိုး တစ်လတစ်ခါဆိုတာမျိုး ကွဲသွားပါတယ်။

**အခုလက်ရှိအချိန်မှာရော ကမ္ဘာမှာ ဘယ်လို Hairstyle မျိုးတွေက ခေတ်စားနေပါသလဲ။**

ခေတ်စားတာက အရှည်ဆိုရင် အောက်တစ်ပိုင်းကို Color ကွဲအရောင်တွေဆိုးပြီး Step သိပ်မများတဲ့ပုံက ပိုပြီး ခေတ်စားလာတယ်။ ဆံပင်အတိုဆိုရင်လည်း Bob Step ပုံစံမျိုးတော်တော်တိုတိုလေးတွေ ညှပ်လာကြတယ်။ အရမ်းလည်း မထူ၊ ပါးလည်း မပါး၊ Step နည်းနည်းနဲ့ ပုံစံမျိုးပေါ့။ Color ပိုင်းမှာကျတော့ Two Tone တွေလုပ်လာကြတယ်။ အပေါ်တစ်ရောင် အောက်တစ်ရောင်ပေါ့။ ကောက်တာမှာကျတော့လည်း မိန်းကလေးတွေက အတိုကောက်ဆိုရင်လည်း ယောကျ်ားလေးတွေလို အလယ်မှာ ထောင်ထားတာတွေ ခေတ်စားလာတယ်၊ ထသွားထလာ ဆံပင်ပြင်ဆင်တာမျိုးကျတော့ ကျစ်ဆံမြီးနည်းနည်းကျစ်ပြီး ပုံဆန်းလေးတွေ ထားကြတယ်၊ တော်တော်ခေတ်စားတာတော့ အတို Design ပဲ။ နားရွက်ပေါ်အောင် ညှပ်ထားတဲ့ အတိုပုံပေါ့။ ဒါပေမဲ့ ဒီနိုင်ငံမှာ သိပ်အညှပ်မခံကြပါဘူး။

**မြန်မာလူမျိုး အမျိုးသမီးတစ်ယောက်အတွက် အသင့်တော်ဆုံး Hairstyle ဆိုရင် ဘယ်လိုပုံမျိုးလို့ ဆရာမအကြံပေးချင်ပါသလဲ။**

မြန်မာအမျိုးသမီးတစ်ယောက်အတွက် အသင့်တော်ဆုံး Hairstyle ဆိုရင်တော့ အရင်ကျွန်မတို့ငယ်ငယ်ကတည်းက ညှပ်ပေးရတဲ့ 'ပန်းပွင့်ပုံ' ဆိုတဲ့ ဆံပင်ပုံစံမျိုးပါ။ အဲဒီပုံက နေ့တိုင်းအတွက်လည်း သင့်တော်တယ်၊ ပွဲသွားတဲ့အခါမှာလည်း ဆံထိုးတစ်ခုခု (သို့) ပန်းတစ်ပွင့်ယောက်ကောက်ပန်သွားရင်ပဲ အရမ်းကို ကျက်သရေရှိတဲ့ပုံ ဖြစ်သွားပြီ။ မြန်မာဝတ်စုံနဲ့လည်း လိုက်တယ်။ ထိန်းသိမ်းရတာလည်း သူက လွယ်တယ်။ လူငယ်အရွယ် မိန်းကလေးတွေကတော့ ခေတ်ပေါ်ဒီဇိုင်းအားလုံး လုပ်ကြမှာပဲလေ၊ သက်လတ်ပိုင်းအရွယ်တွေကတော့ 'ပန်းပွင့်ပုံ' ဒီဇိုင်းနဲ့ အသင့်တော်ဆုံးပဲ။ ကောက်ကတည်းက Size သုံး Size နဲ့ ကောက်ရတယ်။ အကြီး၊ အလတ်၊ အသေးပေါ့။ ဒါမှ အခွေလေးတွေက ပန်းပွင့်လေးတစ်ပွင့်လို ဖြစ်မှာပေါ့။

**မြန်မာ့ရာသီဥတုနဲ့ ကိုက်ညီမှုရှိတဲ့ Hair Treatment ဆိုတာရော ရှိပါသလား။**


အဲဒီလိုတော့ မရှိပါဘူး။ သူ့ရဲ့ဆံပင်သားပျက်စီးနေမှုပေါ် မူတည်ပြီးပဲ လုပ်ပေးရတာပါ။

**ဆရာမတို့ဆီလာတဲ့ Customer တွေ အများစုမှာရော ဘယ်လိုဦးရေပြားပြဿနာတွေက ပိုများနေပါသလဲ။**

လူငယ်အရွယ်အများစုမှာတော့ ဦးရေပြားတွေ ပျက်စီးတာက ဆေးတွေကြောင့်ပဲ။ ဆေးမှာမှ ဖြောင့်ဆေးတွေကြောင့် ဖြစ်တာ။ မြန်မာလူမျိုးတွေက ဆံပင်ဖြောင့်တာကို ကြိုက်ကြတယ်၊ နိုင်ငံတကာမှာတော့ ဆံပင် Wave လေး နည်းနည်းထည့်ကြတယ်။ ဆံပင်ဖြောင့်ဖြောင့်နဲ့ဆိုကိုယ့်မျက်နှာက အပြစ်အနာအဆာတွေကို ပိုပေါ်သွားစေတယ်။ ဒါကြောင့် ဖြောင့်တာက မကောင်းဘူး။ နိုင်ငံတကာမှာကတော့ ကောက်တာလောက်ပဲ ကြိုက်ကြတယ်။ ဒီမှာက ကောက်ရင်လည်း တွေးနေအောင် ကောက်ပေးရတာ။ အမှန်က ကိုယ့်ရဲ့ရုပ်ကို ချစ်စရာကောင်းတဲ့အသွင်သဏ္ဌာန်ဖြစ်ဖို့က ပြေပြေလေးကောက်တာက ပိုလှတယ်၊ မိန်းမတစ်ယောက်ရဲ့အလှက ဆံပင်လေးလည်း နည်းနည်းနွဲ့နွဲ့လေးမှ သိမ်သိမ်မွေ့မွေ့လေး လှတာ။ ဒီမှာက ဖြောင့်ဖြောင့်ကြီး၊ ကောက်ကောက်ကြီး။ ဒါမျိုးတွေကို ကြိုက်ကြတယ်။ ဖြောင့်ပြီးရင်း ဖြောင့်ကြတော့ ဦးရေပြားတွေ ထိကုန်တယ်၊ တချို့ဆို ဦးရေတစ်ခုလုံးလောင်ပြီး ကျွန်မတို့ဆီ လာတာတွေရှိတယ်၊ Hair Spa ပြန်ကုရတာပေါ့။ အမှန်က ဆံပင်ဖြောင့်တာက ဆံပင်ကိုသတ်ပစ်လိုက်တာ။ ဆံပင်ရဲ့ ရှန်းကန်အားကို ဆွဲထုတ်လိုက်တာလေ၊ ဆံပင်ဖြောင့်ထားတာကို ဘယ်လိုမှ ပုံသွင်းလို့မရတော့ဘူး။ အခုခေတ်စားနေတဲ့ အတိုဒီဇိုင်းကလေးညှပ်ချင်ရင်တောင် ဖြောင့်ထားတဲ့သူတွေ ညှပ်ရင် မလှဘူး။ သဘာဝဆံပင်သားက လှတယ်။ ပြန်ကောက်ရင်လည်း ကောက်သားက မလှဘူး။

**လူတစ်ယောက်က ဆံပင်ပုံကို မကြာခဏ ပြောင်းတာမျိုး လုပ်သင့်ပါသလား။**

လုပ်ရပါမယ်၊ ဆံပင်ပုံစံက တစ်မျိုးကို အကြာကြီးထားတဲ့အခါ လူကိုလည်း ငြီးငွေ့စေတယ်။ ပြီးတော့ အမျိုးသမီးတွေမှာ Stress တွေများတယ်၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ အိမ်တွင်းရေးတွေ အများကြီးပဲ။ Stress တွေများလာရင် စိတ်လည်း မကြည်တော့ဘူး။ ဒီအချိန်မျိုးမှာ ဆံပင်ပုံကို ပြောင်းပေးရမယ်။ ဒါဆို လူအသစ်ဖြစ်သွားသလို ခံစားရပြီး စိတ်တွေပြန်ပြီးတက်ကြွလာလိမ့်မယ်။ စိတ်ဖိစီးမှုလည်း လျော့သွားလိမ့်



Asian Fame Media Group

မယ်။ တချို့က ဆံပင်ပုံကို သိပ်မပြောင်းရဲကြဘူး။ ဒါဆို Color လေး ပြောင်းရတယ်။ ကျွန်မတို့ရဲ့ ဆရာမကြီးတွေက ဒါမျိုးပဲ ပြောတယ်။ ဒါပေမဲ့ ခဏခဏတောက်တာ၊ ဖြောင့်တာမျိုးတော့ မလုပ်ရဘူး။ နိုင်ငံတကာမှာ ပြေပြေလေးကောက်တာက အဲဒါပဲလေ။ သူက ခဏခဏပုံပြောင်းလို့ရတယ်။ ဒီမှာတော့ တစ်ခါကောက်ရင် တစ်နှစ်လောက် ခံအောင် ကောက်ကြတယ်။

**ဆရာမကိုယ်တိုင်ရော ဘယ်လို Hair Creation မျိုးတွေကို စိတ်ဝင်စားပါသလဲ။**

ကျွန်မက Creation ကို အရမ်းဝါသနာပါတယ်။ မိတ်ကပ်လိမ်းလည်း Creation လုပ်ရမှာပဲ။ ကိုယ့်ဆီက ကလေးတွေကိုလည်း Creation လုပ်နိုင်တဲ့အဆင့်ထိရောက်အောင် သင်ပေးတယ်။ ကိုယ့်ဆီလာတဲ့ Customer ပေါ် မူတည်ပြီး Creation က လုပ်ရတာ။ ဥပမာ - ကျွန်မဆီမှာဆိုရင် ဒီးဒီ (စန္ဒီမြင့်လွင်) ဆိုရင် ကျွန်မသဘော။ ဒီးဒီကလည်း ခေတ်မီတယ်။ ခေတ်အလိုက် သူ့ပုံစံ ပြောင်းရဲတယ်။ ဒါပေမဲ့ ရုပ်ရှင်လည်းရိုက်တော့ ပုံစံကိုတော့ နည်းနည်းထိန်းပေးရပါတယ်။ ကျွန်မဘယ်လို Creation မျိုးပဲလုပ်လုပ် သူက လက်ခံတယ်။ ဒါဆို ကိုယ်က အကုန်ထွင်ပေးလို့ရတယ်။ တစ်ခါတလေတော့လည်း ကိုယ်က Creation တွေ လုပ်ပေးချင်ပေမယ့် ကိုယ့်ရဲ့ Customer ရဲ့အလုပ်အကိုင်ကြောင့် လုပ်ပေးလို့မရတာမျိုးတွေ ရှိတယ်။ ကျွန်မကတော့ Creation ဆို အကုန်စိတ်ဝင်စားတယ်။ ရုံးဝန်ထမ်းဆို တစ်မျိုး၊ အဆိုတော်ဆို တစ်မျိုး၊ ရုပ်ရှင်မင်းသမီးဆို တစ်မျိုး ထွင်ပေးရတယ်။ ကျွန်မကတော့ ကိုယ့်ဦးနှောက်ထဲမှာ စဉ်းစားပြီးထွက်လာတဲ့ သူများတွေ မလုပ်တဲ့ Creation မျိုးကို လုပ်ချင်တယ်။

**Hairstylist တစ်ယောက်က ဘယ်လိုအရာတွေကို အမြဲတမ်းလေ့လာနေသင့်ပါသလဲ။**

စောစောက ကျွန်မပြောခဲ့သလို Study ပေါ့။ အမြဲသင်ယူနေရမယ်။ ကမ္ဘာမှာ ၃ လ တစ်ခါ ဆံပင်ပုံတွေ ပြောင်းတယ်။ ကိုယ် တတ်နိုင်သလောက် လေ့လာရမယ်။ Online တွေကနေလည်း အခုဆို အလွယ်တကူ လေ့လာလို့ရတယ်။ ကျွန်မကတော့ ဟောင်ကောင်မှာလည်း Fancy House ရှိတော့ ဟောင်ကောင်ကို ပြန်ပြန်သွားနေရတယ်။ နောက်ပြီး ၃ လ တစ်ခါ မတူတဲ့နိုင်ငံတွေက မတူတဲ့ဆရာတွေဆီမှာ လေ့လာတယ်။ ၁ ရက်ရလည်း ၁ ရက်လေ့လာတယ်။ Paul Mitchell တို့၊ Schwarzkopf တို့က ဆရာကြီးတွေ ဒီကိုရောက်လို့ Seminar တွေ လုပ်ရင်လည်း ကျွန်မတက်တယ်။ ကိုယ့်ထက် အတွေ့အကြုံနည်းတဲ့သူက ပေးတဲ့သင်တန်းလည်း ကျွန်မတက်တာပဲ။ ဘာလို့လဲဆိုတော့ သူ့အတွေ့အကြုံနဲ့ ကျွန်မအတွေ့အကြုံက မတူဘူးလေ။ ဒါပေမဲ့ ဒီမြန်မာပြည်မှာက လေ့လာမှုလုပ်တာတွေ အားနည်းကြတယ်။ ဒီမှာ သင်တန်းပြီးသွားပြီး နောက်ပိုင်းမှာ တခြားသင်တန်းရှိလို့ ခေါ်လိုက်ရင် မလာချင်ကြတော့ဘူး။ ကျွန်မကတော့ Paul Mitchell တို့၊ Schwarzkopf တို့ ဆရာကြီးတွေလာရင် ဒီ Fancy House မှာ နေရာပေးပြီး Seminar လုပ်ခိုင်းတယ်။ ဒီရည်ရွယ်ချက်က သူတို့ဆီက ပညာကို ကိုယ်လည်းယူ ကိုယ့်တပည့်တွေလည်း ယူပေါ့။ ကိုယ်သွားမယ့်အစား ဒီကိုခေါ်လိုက်ရင် ကိုယ့်တပည့်တွေပါ ပညာယူလို့ရမယ်ဆိုပြီး ဒီကိုခေါ်တာ။ ဒါပေမဲ့ တပည့်တွေက မလာချင်ကြဘူး။ ကျွန်မက အပြင်က တခြား Hair Stylist တွေပါ ပါလာပြီး ဆွေးနွေးလို့ရအောင် စီစဉ်ပေးတယ်။ ဒီလိုအချိန်မှာ လာတဲ့သူက နည်းတယ်။ သူတို့က ငွေနောက်လိုက်ကြတယ်။ ငါ ဒီနေ့တစ်ရက် ဆိုင်ပိတ်လိုက်ရင် ဘယ်လောက်နစ်နာမယ်ပဲ တွေးကြတာလေ။ ကျွန်မက သူတို့ကို ပြောပါတယ်။ "ပိုက်ဆံနောက်လိုက်ရင်တော့ ပညာပျောက်သွားလိမ့်မယ်။ ပညာနောက်လိုက်ရင်တော့ ပိုက်ဆံအလိုလိုဝင်လာလိမ့်မယ်" လို့ပေါ့။ ဒါက ကျွန်မရဲ့ ကိုယ်ပိုင်ခံယူချက်ပါပဲ။

**အခုလက်ရှိမှာ ဆရာမ ဘယ်လို Creation မျိုးတွေကို လုပ်ဖို့ စိတ်အားထက်သန်နေပါသလဲ။**

ဘယ်လို Creation မျိုးလဲဆိုရင် Color မှာ Two Tone တွေကို ကြိုက်နေတယ်။ ဆံပင်ရှည်တဲ့သူတွေကို Color ဆိုရင် ၂ ရောင် ဆိုးချင်တယ်။ အောက်အဖျားက တစ်ရောင်၊ Root က တစ်ရောင်ပေါ့။ ဆံပင်ညှပ်တဲ့အခါမှာလည်း Step လည်း သိပ်မများဘဲ ဦးထိပ်ပိုင်းက ဖောင်းဖောင်းလေးမျိုးကို ထွင်ပေးချင်တယ်။ နောက်ပြီး Slide တွေကြိုက်နေတယ်။ အချပ်လိုက် အရောင်ဖောက်တာပေါ့။ ဆံပင်လေးတွေ ခါယမ်းလိုက်မှ အောက်က အရောင်လေးတွေကို မြင်ရတဲ့ Style မျိုးတွေကို လုပ်ပေးချင်နေတယ်။

**ဆရာမကိုယ်တိုင်ရော အခုလို Hair Stylist တစ်ယောက်ရဲ့ဘဝကို ကျေနပ်မှုရှိပါသလား။**

အရမ်းပဲ ကျေနပ်တယ်။ ဒီဘဝကို ဖြစ်လာရတာလည်း အရမ်းပျော်တယ်။ ဒီလမ်းရွေးလိုက်တာကို မှန်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံတယ်။ လုံးဝနောင်တမရဘူး။

**ဆရာမက သင်တန်းကျောင်းလည်း ဖွင့်ထားတော့ Hair Stylist ဖြစ်ချင်လို့ ကြိုးစားနေတဲ့ လူငယ်တွေကို ဘယ်လိုအကြံဉာဏ်ပေးချင်ပါသလဲ။**

အဓိကကတော့ ဝါသနာပါဖို့ လိုတယ်။ ပြီးရင်တော့ စောစောက ကျွန်မပြောခဲ့သလို သည်းခံရမယ်။ အရေးကြီးဆုံးကတော့ စိတ်ရှည်ရမယ်။ ဘာလို့လဲဆိုတော့ ဒီအလုပ်က ဇွဲသည် စောင့်ရမယ်။ ကိုယ် တစ်ခါညှပ်ပေးလိုက်တဲ့သူက ၃ လကြာပြီးမှ ပြန်လာတာမျိုး ၆ လကြာပြီးမှ ပြန်လာတာမျိုး ဖြစ်မယ်။ အဲဒီတော့ ကိုယ်က အလုပ်ပါးနေရော။ ဒါကို ဇွဲသည်မလာဘူးဆိုပြီး စိတ်ပျက်ပြီး ဆိုင်ပိတ်လိုက်ရော။ အဲဒီလို မလုပ်ပါနဲ့။ စိတ်ရှည်ပါ။ အဲဒီလို အလုပ်ပါးနေချိန်မှာ ကိုယ်က ပညာကို ပိုပြီးလေ့လာထားရမယ်။ ဒီအလုပ်ကို ရွေးပြီးပြီဆိုတာနဲ့ ဘယ်တော့မှ ဖွဲမလျှော့ဘဲ မရရအောင် ကြိုးစားစေချင်တယ်။ အခုခေတ်က အပေါ်ယံပဲတတ်ပြီး ကျေနပ်နေကြတယ်။ ကျွန်မက အဲဒီလို မဖြစ်စေချင်ဘူး။ ညှပ်တာဆိုလည်း ဘာကြောင့် ဒီလိုညှပ်ရတာလဲ။ ဘယ်လိုညှပ်ရမလဲဆိုတာကို သေသေချာချာ စဉ်းစားစေချင်တယ်။ ကောက်ရင်လည်း ဘာအလိပ်သုံးရင် ဘာဖြစ်မလဲ၊ Color ဆိုလည်း အရောင်တွေအကြောင်းကို အသေးစိတ်သိထားစေချင်တယ်။ ဆံပင်ဆိုးတယ်ဆိုတာ လူတိုင်းဆိုးတတ်ကြပါတယ်။ ဒါပေမဲ့ ဒီ Color နဲ့ ပတ်သက်တာတွေကိုတော့ သိကြမှာ မဟုတ်ဘူးလေ။ ဒီဘာသာရပ်ကို စိတ်ဝင်စားရင် ဆံပင်နဲ့ပတ်သက်တဲ့ ဘာသာရပ်တွေကို အသေးစိတ် လေ့လာစေချင်တယ်။ ဒါမှ အသေးစိတ်သိလာလေ၊ စိတ်ကပိုဝင်စားလာလေ ကြိုးစားချင်စိတ် ရှိလာဆိုတော့ အောင်မြင်မှုပန်းတိုင်ကို သေချာပေါက် ရလိမ့်မှာပေါ့။ အဲဒီလိုတွေ ကိုယ်လေ့လာထားရင် စောစောက ကိုယ်ညှပ်ပေးလိုက်တဲ့ ဇွဲသည်လည်း ပြန်လာရော ကိုယ်က အရည်အချင်းပိုတိုးနေပြီး သူ့ကို စိတ်ကြိုက် Service ထပ်ပေးနိုင်တာပေါ့။ ကျွန်မကတော့ ဆံပင်ညှပ်ဆိုင် တစ်ဆိုင်ကို ဖွင့်ပြီးမှ ပြန်ပိတ်မယ်ဆိုရင် စဉ်းစားစေချင်တယ်။ ကိုယ့်မှာ ပညာမစုံလို့လား။ ဒါမှမဟုတ် ဇွဲသည် မရလို့လားပေါ့။ ပညာမစုံလို့ဆိုရင်တော့ ထပ်လေ့လာပြီး ပြန်ဖွင့်ပေါ့။ ဇွဲသည်မလာလို့ဆိုရင်တော့ မပိတ်သေးဘဲ ခဏစောင့်ပါဦးလို့။ စိတ်ရှည်ပါ။ နောက်ပြီး ဒီမှာက သင်တန်းဆင်းပြီးတာနဲ့ တန်းပြီး ဆိုင်ဖွင့်ကြတယ်။ အမှန် အဲဒီလိုမလုပ်သင့်ဘူး။ ကိုယ် ပညာစုံပြီဆိုရင်တောင် အတွေ့အကြုံက ရှိသေးတယ်။ ဒါကြောင့် သင်တန်းပြီးသွားပေမယ့် ဆရာသမားတွေနောက်မှာ တစ်နှစ်လိုမျိုး နှစ်နှစ်လိုမျိုးနေပြီး ပညာယူစေချင်တယ်။ ဒီမှာက အောက်ခြေကို မသွားချင်ကြဘဲ သူဌေးတန်းလုပ်ချင်ကြတယ်။ အဲဒီတော့ ဆိုင်က အလုပ်သမားတွေ တပည့်တွေကို Management မလုပ်နိုင်ဘဲ ဆိုင်ပိတ်လိုက်ရရော။ ဒါကြောင့် အတွေ့အကြုံလည်း ရှာစေချင်ပါတယ်။ ပြီးတော့ မှန်ကန်တဲ့ နည်းစနစ်ကိုသုံးပြီး အောင်မြင်စေချင်တယ်။ ကိုယ့်ထက်သာတဲ့လူ တွေ့လည်း ရှက်စရာမလိုဘဲ မေးသင့်မေးထိုက်တာကို မေးယူပြီး ပညာယူစေချင်ပါတယ်။ ပညာကို အဆက်မပြတ် သင်ယူစေချင်တယ်။

**ဖြိုးစုပိုပို**

Asian Fame Media Group

# Q&A ဓ မမရတီ

အချစ်ရေး
ကျန်းမာရေး
လူမှုရေး
အနုပညာ

သို့ မမရတီ

ညီမအမည်ကတော့ သဲသဲလေးပါ။ မမတို့ ရတီမဂ္ဂဇင်းကို လစဉ်အားပေးလာခဲ့တဲ့ ပရိသတ်တစ်ယောက်ပါ။ မမရတီတို့ မဂ္ဂဇင်းထဲက ညီမအကြိုက်ဆုံး ကဏ္ဍတစ်ခုရှိပါတယ်။ အဲဒါကတော့ ညီမတို့လို ကဗျာကို အရူးအမူးဖြစ်နေတဲ့ ဝါသနာရှင်တို့အတွက် ဖြည့်ဆည်းပေးပြီး လက်တွဲခေါ်တဲ့ ဖူးနုသစ်လွင်ကဗျာဥယျာဉ်ပါ။ ညီမကဗျာရေးခြင်းကို ဝါသနာပါခဲ့တာ အလယ်တန်းကျောင်းသူ ဘဝကတည်းကပါ။ ညီမပေးပို့တဲ့ကဗျာကို မမရတီတို့အနေနဲ့ ဥပေက္ခာမပြုဘဲ ကြည့်ရှုပြီး စဉ်းစားပေးပါဦးလို့ ညီမမေတ္တာရပ်ခံပါတယ်။

မမရတီတို့ အဖွဲ့သားအားလုံး ကျန်းမာပျော်ရွှင်ပြီး ရတီမဂ္ဂဇင်းလည်း ဒီထက်မက တိုးတက်အောင်မြင်ပါစေလို့ ညီမဆုတောင်းပေးပါတယ်။

သဲသဲလေး

ကချင်ပြည်နယ်၊ ဟိုပင်မြို့၊ မြစေယျာရပ်ကွက်။

**ဖူးနုသစ်လွင်ကဗျာဥယျာဉ်ကဏ္ဍကို ရောက်ရှိလာတဲ့ ကဗျာတိုင်းကို ကဗျာအယ်ဒီတာက ဖတ်ပြီးရွေးချယ်တာဖြစ်ပါတယ်။ သဲသဲလေးရဲ့ ကဗျာကို စာအုပ်ရဲ့ စာမျက်နှာထက်မှာမတွေ့ခဲ့ရင် သိပ်ပြီးစိတ်အားငယ်စရာမလိုပါဘူး။ ဒီကဏ္ဍကိုရောက်ရှိလာတဲ့ ကဗျာဝါသနာရှင်များအတွက် အထူးအစီအစဉ်အနေနဲ့ အင်တာနက်စာမျက်နှာထက်က ရတီ website မှာ ထပ်မံဖော်ပြ ကြည့်ဖို့ အခွင့်အရေးတစ်ရပ်ရှိပါသေးတယ်။ ဒါကြောင့် facebook ရဲ့ Yati Magazine နဲ့ www.yatimagazine.com တို့မှာလည်းရှာဖွေကြည့်ဖို့ အကြံပေးလိုက်ပါတယ်ကွယ်။**






မမရတီ မင်္ဂလာပါ

မမရယ် လောကကြီးက နှင်းအတွက်တော့ ရယ်အားထက် ငိုအားပိုခဲ့တယ်။ တကယ်ပါ။ ဘဝက တစ်နေ့ထက်တစ်နေ့ စိတ်ရှုပ်စရာတွေနဲ့သောကတွေ ပိုခဲ့တယ်။ မမရတီရဲ့ ခံစားချက်တွေကိုတော့ ဘယ်သူကိုပြောရမလဲ။ နှင်းတို့ရဲ့ခံစားချက်တွေကိုတော့ မမကိုပဲ ရင်ဖွင့်နေရတယ်။ တကယ်တော့ လောကခံက ဆင်းရဲသူကို မျက်နှာသာ မပေးခဲ့ဘူးနော်။ မမရယ်.. အမှန်တော့ ပညာမရှိငွေမရှိပကာသနမရှိမှုကြား နှင်းတို့လို ဗျာများရင်းနဲ့ နောက်ဆုံးတော့ တောထွက်ရတော့မယ်။ ဒါပေမဲ့ ဘဝမှာ အဖော်လိုတာကြောင့် နှင်းအတွက်တော့ ရတီစာအုပ်နဲ့ပဲ နှစ်ပါးသွားတော့မယ်။

ရတီရဲ့ နှင်း၊ ရ.က

**ရယ်အားထက်ငိုအားသန်တဲ့ဘဝကို ဖြတ်သန်းနေရတဲ့ နှင်းရေ၊ စာအုပ်စာပေဟာ တကယ့်အဖော်ကောင်း မိတ်ဆွေပါပဲကွယ်၊ ဒါကြောင့် အဆိုးတွေထဲမှာ ဒီလို ပိုင်းခြား ဆင်ခြင်နိုင်တဲ့ တိုယ့်ကိုယ်ကိုယ်အားပေးရင်း ဆက်လက် ရှင်သန်သွားပါလို့အကြံပေးလိုက်ပါရစေ။**

သို့ မမရတီ

သမီးက ရတီပရိသတ်တစ်ဦးပါ။ ရတီကို ဟိုးအရင်ကတည်းက အားပေးခဲ့တာပါ။ အခုရတီမှာပါတဲ့ အနုပညာကဏ္ဍတွေကို ကြိုက်ပါတယ်။ ထူးထူးခြားခြား အနုပညာရှင်တွေရဲ့ ခွေးလေးတွေအကြောင်း ဖော်ပြထားတဲ့ နောက်ဆုံးထုတ်ရတီကို အကြိုက်ဆုံးပါပဲ။ နောက်ပိုင်းလည်း အဲဒီလိုကဏ္ဍတွေ တစ်မျိုးစီထည့်ပေးပါဦး။ ဖတ်ရတာအားရလို့။ ရတီမဂ္ဂဇင်း ဆက်လက်အောင်မြင်ပါစေ။

မြူမြူ၊ ပင်းတယ

**ပူပူနွေးနွေးထွက်ထားတဲ့ရတီရဲ့ အထူးကဏ္ဍကိုကြိုက်တယ်ဆိုလို့ ဖန်တီးတင်ဆက်သူ အယ်ဒီတာအဖွဲ့ဝင်တွေက ဝမ်းသာနေကြပါတယ် မြူမြူရေ၊ လစဉ်အထူးကဏ္ဍတွေ ဒီလိုပဲ ဆက်ရှိနေဦးမှာမို့ ဆက်ပြီး အားပေးဖို့မျှော်လင့်နေကြပါသေးတယ်ကွယ်။**

မမရတီ

မင်္ဂလာပါ မမရတီ

အားလုံးပဲ နေကောင်းပါတယ်နော်။ ညီမလေး ပထမစာပို့တာ ပြန်လည်းမပြန်ခဲ့ဘူး။ ပယ်လိုက်တာလားဟင်။ မမရတီက ညီမလေးကို ဘာကြောင့်မို့ မခင်တာလဲ။ ညီမကတော့ အစ်ကို အစ်မတွေအားလုံးကို ဟိုနှစ်တွေကတည်းက ခင်မင်အားပေးနေခဲ့ရတာ။ အလုပ်တွေ ရှုပ်နေလို့လား မမရတီရာ၊ ညီမလေး ဝမ်းနည်းတယ် သိလား။ ပြီးတော့ ညီမလေးကိုတော့ သူများတွေလို Happy New Year ကတ်လေး မပို့ချင်ဘူးပေါ့နော်။ ညီမလေးက မြတ်နိုးစွာ သိမ်းထားချင်လို့ပါ။ မမရတီရဲ့ အထူးအမှတ်တရအနေနဲ့ မမရတီရဲ့ ဓာတ်ပုံနဲ့ စာပြန်ပေးပါ။ ညီမလေးက အကြောင်းတစ်ခုခုကြောင့် လစဉ်ထွက် ရတီကို မဖတ်လိုက်ရရင်တောင် လစဉ်မှတ်ပြီး နောက်မှ ပြန်ဖတ်ရတာတွေ ရှိတယ်။ ပထမ ညီမလေးရဲ့စာထဲမှာ ကဗျာထည့်လိုက်တာ မကောင်းလို့လားဟင်။ ကဗျာပို့တဲ့အထဲမှာ မမရတီပေးတဲ့ စည်းကမ်းတွေနဲ့ မညီတာရှိပါတယ်။ ခွင့်လွှတ်ပေးပါလို့ အရင်ပြောချင်ပါတယ်။ အကြောင်းကတော့ ညီမလေးမှာ ပိုလီယို အကြောပျော့ မသန်စွမ်းသူဖြစ်နေလို့ပါ။ ဒါကြောင့် မွေးသက္ကရာဇ်၊ ပညာအရည်အချင်း၊ မှတ်ပုံတင်နဲ့ လိပ်စာပဲ ဖော်ပြပေးနိုင်လို့ပါ။

မမရတီ မပြည့်စုံလို့ ညီမလေးရဲ့ ကဗျာတွေ ပယ်ရင်တောင်မှ ညီမလေးဆီ စာပြန်ပေးပါနော် မမရတီ။ ညီမလေး မျှော်နေမှာ . . .

Z.M.C (ခ) ရိုးဆစ်ချို

စစ်ကိုင်းတိုင်း၊ ဖောင်းပြင်မြို့

**ညီမလေး ရိုးဆစ်ချိုရေ မမရတီ စာပြန်လိုက်ပါပြီနော်။ စာသိပ်ရှုပ်နေလို့ အဆင်ပြေသလို တည်းဖြတ်လိုက်ရတာကို နားလည်ပေးစေချင်ပါတယ်။ New Year ကတ်တွေက ညီမလေးကိုမှရွေးပြီး မပို့တာမျိုး မဟုတ်ပါဘူး။ အကြောင်းကြောင်းကြောင့် မပို့ဖြစ်ခဲ့တာပါ။ မသန်စွမ်းသူဖြစ်နေလို့ စာရေးသားတဲ့နေရာမှာ အားငယ်စရာမလိုပါဘူး ရိုးဆစ်ချိုရေ။ အသိဉာဏ်ဆိုင်ရာဖွံ့ဖြိုးမှုဟာ ကိုယ်ခန္ဓာသန်စွမ်းမှုထက်ပိုပြီး အလုပ်လုပ်နိုင်တတ်ပါတယ်။ အမေရိကန် လူမျိုး စာရေးဆရာမ ဟယ်လင်ကဲလားဟာ အာရုံခြောက်ပါး ပြည့်စုံနေသူတစ်ဦး မဟုတ်ခဲ့ပါဘူး။ မျက်မမြင်ဆွံ့အနားမကြားတလေးငယ် တစ်ဦးဟာလည်း တစ်နေ့မှာ ကမ္ဘာကျော်သွားလိမ့်မယ်လို့ ကြိုတွေးခဲ့ကြမယ် မထင်ပါဘူး။ ဒါကြောင့်မို့ ဆက်ကြိုးစားဖို့ပဲ တိုက်တွန်းလိုက်ပါတယ်ကွယ်။ ဖူးနုသစ်လွင် ကဗျာဥယျာဉ်ကဏ္ဍအတွက်စာရေးသူရဲ့ အချက် အလက်ကို ကဗျာနဲ့ တစ်ပါတည်းဖော်ပြဖို့သာ လိုတာပါ။ တခြား စည်းကမ်းချက်တွေ မလိုအပ်ပါဘူး။**



မမရတီ

မင်္ဂလာပါ။ သမီးက ရတီရဲ့ပရိသတ်ပါရှင့်။ ရတီမဂ္ဂဇင်းမှာပါတဲ့ ကဏ္ဍတော်တော်များများကို ကြိုက်ပါတယ်။ သူပြောတဲ့သူ့အကြောင်းကဏ္ဍမှာ ကိုမင်းသွေးကို မြင်ချင်ပါတယ်ရှင်၊ နောက်ပြီး ကိုမင်းသွေးရဲ့လိပ်စာကိုလည်း သိချင်ပါတယ်။

သင်းသင်း

မြိတ်

**မြိတ်မြို့က သင်းသင်းဆန္ဒကို ဖြည့်ဆည်းပေးဖို့ အယ်ဒီတာအဖွဲ့ကို ပြောလိုက်ပါ့မယ်။ မင်းသွေးရဲ့လိပ်စာက အမှတ် ၄၃၊ ဝိတောက်လမ်းထောင့်၊ တတိုင်းမွေး ၂ မြို့ခွဲ၊ ညီ့မြို့အိမ်ရာ၊ သာကေတဖြစ်ပါတယ်။**




ရတီချစ်သူတွေအတွက် Music Plus ကဏ္ဍမှာ ဒီတစ်လ ဘာသီချင်းနားထောင်ဖို့ အကြံပေးရပါ့။ အခုလ ဩဂုတ်လ. . ။ ဩဂုတ်လလို့ စဉ်းစားမိလိုက်တာနဲ့ ကျွန်မ နှလုံးသားက ဆွတ်ဆွတ်ကျင် သတိရမိတာ 'သူ'။ ကျွန်မတစ်ဦးတည်း မဟုတ်။ ဂီတချစ်သူအားလုံး၊ မြန်မာတစ်ပြည်လုံး သူ့ကို သတိရနေကြသည်။ ၂၀၀၄၊ ဩဂုတ်လမှာ သူ ကျွန်မတို့အားလုံးကို ချန်ရစ်ကာ အဝေးကြီးကို ထွက်သွားခဲ့သည်။ ပျောက်သောသူ ရှာလျှင်တွေ့၊ သေသောသူ ကြာလျှင်မေ့တဲ့။ အခုဆိုရင် ၉ နှစ်ရှိပြီ။ ၉ နှစ်ဆိုသည့်အချိန်ကာလက မေ့ဖို့မလုံလောက်သေးလို့ပဲလား။ မဖြစ်နိုင်ပါ။ သေပြီးသူ တစ်ယောက်ကိုမေ့ဖို့ လုံလောက်မယ့်အချိန်ကာလကို ဘယ်သူတွက်ထုတ်ပေးဦးမလဲ။ အချိန်ကာလ ဘယ်လောက်ပင် ဆန့်ထွက်ရှည်လျားခဲ့စေဦးတော့ သူ့ကို ကျွန်မတို့ မေ့လိမ့်မည်မဟုတ်ပါ။ အထူးသဖြင့် သူထွက်သွားခဲ့သည့် မိုးကလေးဖွဲဖွဲရွာနေတဲ့ ဩဂုတ်လနေ့ရက်တွေကို ရောက်ခဲ့လေတိုင်းပေါ့။

# MUSIC PLUS

# အမှတ်တရ ဩဂုတ်လထဲက လူ

ZIGZAG



ဇူလိုင် ၁ ရက်နေ့ ဒီစာကို ကျွန်မရေးနေသည်။ တိုက်တိုက်ဆိုင်ဆိုင် ဒါ သူမွေးနေ့ပေပဲ။ အပြင်မှာ မိုးတွေ ရွာနေသည်။ ပြတင်းပေါက်ကနေ မိုးရေစက်တွေကို ငေးကြည့်လိုက်တဲ့အခါ သူ့ကိုပဲ ကျွန်မ မြင်သည်။ မိုးစက်မိုးပေါက်လေးတွေ ကျနေသံကို နားစိုက်ထောင်လိုက်တဲ့အခါ သူ့ဂီတသံကို ကျွန်မ ကြားမိသည်။ သူနဲ့စပ်ဆိုင်သမျှ အကြောင်းအရာတွေက ကျွန်မရင်ထဲ ဖြည်းဖြည်းညင်းညင်း ဝင်လာသည်။

၁၉၆၃ ဇူလိုင် ၁ရက်နေ့မှာ သူ့ကို ဦးထွန်းမြင့်၊ ဒေါ်ခြရင်တို့က ပုသိမ်မြို့မှာ မွေးဖွားခဲ့သည်။ ၁၉၇၉ ခုမှာ အထက (၃) ကနေ အထက်တန်းအောင်မြင်ပြီး ပုသိမ်ဒေသကောလိပ်မှာ ၂ နှစ်တက်ရောက်ခဲ့သည်။ ၁၉၈၄ ခုနှစ်မှာ မော်လမြိုင်တက္ကသိုလ်ကနေ ရူပဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ ရရှိခဲ့သည်။ သူ့သွေးကြောထဲက ဂီတဝါသနာ ပိုးတွေ နည်းလမ်းတကျ ရှင်သန်ပေါက်ဖွားလာစေဖို့ ဆရာဦးအောင်စိုး (KC Francis) ဆီမှာ သူ ချဉ်းကပ်သင်ယူခဲ့ဖူးသည်။ အဲဒီခေတ်အခါက လူငယ်အများစုဟာ ဂစ်တာတီးနိုင်ရင်ပဲ ကိုယ့်ကိုယ်ကိုယ် သူရဲကောင်းပမာ ထင်မှတ်ကာ မြောက်ကြွမြောက်ကြွနဲ့ လမ်းဘေးအုတ်ခုံတွေမှာ ကြီးစိုးခြယ်လှယ်တတ်ကြချိန်။ သူကတော့ သူ့ပုံစံအတိုင်း ငေးရီရီမျက်လုံးတွေနဲ့ ငြိမ်ငြိမ်စင်းစင်းလေးသာ နေထိုင်တတ်ခဲ့သူ။ သူမှာ ဂစ်တာသာမက Piano, Drums, Harmonica တွေကိုပါ ကောင်းကောင်းကြီး တီး၊ မှုတ်နိုင်စွမ်းရှိနေခဲ့သည်။ ပါရမီအထုံကြီးမားခဲ့သူမို့ပဲလား၊ စနစ်တကျ နည်းလမ်းတကျ အားထုတ်မှုတွေကြောင့်ပဲလား ဘယ်သူမှ တိတိပပမပြောနိုင်၊ ၁၉၈၆ ခုနှစ်မှာ ပထမဆုံး ထုတ်ဝေဖြန့်ချိလိုက်တဲ့ Solo Album က ဂီတချစ်သူလူငယ်အားလုံးရဲ့ နှလုံးသားကို ဖြန်းစားဖြင်းစားကြီး ဖမ်းစားချုပ်နှောင်လိုက်တော့သည်၊ "ထူးအိမ်သင် နာရီပေါ်မှ မျက်ရည်စက်များ နားထောင်ကြည့်၊ မိုက်တယ်၊ မင်းကြိုက်မှာ သေချာတယ်၊ ထောင်ဖြစ်အောင်ထောင်" အဲဒီလို လူငယ်တွေအချင်းချင်း သတင်းစကားပါးကြသည်။ လူငယ်တိုင်းရဲ့လက်ထဲမှာ သူ့ကက်ဆက်တိတ်ခွေလေးနဲ့ သူ့သီချင်းစာအုပ်ကလေးတွေ၊ အဲဒီနောက် မော်ဆရာအိပ်မက် (၁၉၈၈)၊ သက်ငြိမ် (၁၉၈၉)၊ အတ္တပုံဆောင်ခဲများ၊ အကြွင်းနာအိပ်မက်၊ အရှင်အတိုင်း(၁၉၉၁) စတဲ့စတဲ့ Solo Album တွေ အားကောင်းမောင်းသန် ထွက်ရှိလာပြန်သည်။ လူငယ်တိုင်းရဲ့ပါးစပ်ဖျားမှာ သူ့တေးသွားသံစဉ်တွေက တွဲလွဲခိုမင်းမူနေတတ်သည်။

စာပေနဲ့ဂီတ ခွဲခြားမရနိုင်သလို ဂီတကိုချစ်တဲ့သူက ကဗျာ၊ ဝတ္ထုတို့တွေ ရေးဖွဲ့ခဲ့သည်။ သျှပ်မှူးကျော်၊ လင်းထက်။ ဒါပေမဲ့ ဒီအမည်တွေကိုသိသူ သိပ်မရှိခဲ့။ မှတ်ပုံတင်ထဲက 'ကျော်မြင့်လွင်' ဆိုတဲ့ နာမည်ကလည်း ဂီတပရိသတ်တွေအတွက် အစိမ်းသက်သက်။ ထူးအိမ်သင်ဆိုတဲ့ ဂီတအမည်တသာ သူ့ကို မိုးခုနစ်ဆင့်အမြင့်ရောက်အောင် တွန်းတင်ပေးခဲ့သည်။ မိုးသားမြင့်မြင့်ထိ ရဲရဲပျံတက်ခဲ့တဲ့ ငှက်တစ်ကောင်။ သူ့သီချင်းတွေအပေါ် လူငယ်တွေကတော့ "ဒါ ဘယ်လိုသီချင်းအမျိုးအစားတွေပါလိမ့်" လို့ မတွေးဆအား၊ ဂစ်တာတွေကိုင်ကာ သူ့ဂီတသူ့သီချင်းကို အဆွေးတစ်ဖုံ၊ အမြူးတစ်လှည့် ယစ်မူးတပ်မက်စွာ ခံစားဖောက်ခွဲပစ်ဖို့ပဲ သိသည်။ ဂီတပညာတတ်တွေကတော့ မျက်မှောင်ကြုတ်ကာ သူ့ဂီတ သူ့သီချင်းတွေကို ပိုင်းဆစ်မြွာ အဖြေရှာထုတ်ကြသည်။ "အလကားပါ၊ Own Tune စစ်စစ်တွေ မပါဘူး။



Jazz တွေပါ၊ မဟုတ်ဘူး country ဆန်တယ်၊ သေချာတာက Pop ပဲ၊ မဟုတ်ဘူး အရင်းစစ်လိုက်တော့rock n'Section 1 roll ထဲမှာရှိတာဖူး . . ." သီချင်းအစအနတွေ နမူနာဆွဲထုတ်ချကာ အာပေါင် အာရင်းသန်သန် ငြင်းကြခုံကြသည်။ ဝေဖန်ရေးသမားတချို့က ဖြတ်၊ ညှပ်၊ ကပ် သီချင်းတွေပါ" လို့ စာမျက်နှာတွေပေါ်ကနေ ပေါ်ပေါ်ထင်ထင် စွပ်စွဲကြသည်။ ဘာပြောပြော သူကတော့ သူ့ဂီတကို ယုံကြည်နက်ရှိုင်းစွာ ဆက်လက်ဖန်တီးသည်။ ဒီလိုနဲ့ စကားလုံးမရှိတဲ့ ကောင်းတင် (၁၉၉၅)၊ Unplugged Songs (၁၉၉၆)၊ မြို့ပြ လရောင်တမ်းချင်း (၁၉၉၆)၊ ဝင်ရိုးစွန်းပီး (၁၉၉၇)၊ အမေ (၁၉၉၇)၊ အမှတ်တရဒဏ်ရာ သီချင်းများ (၁၉၉၉)၊ အစိမ်းရောင်ရက်စွဲများ၊ တစ်နေ့စာ အလွဲများ (၂၀၀၃) . . ထွက်သမျှ သီချင်းတိုင်းက ဥတုရာသီညီစရာမလို၊ ချိန်ခါ နေရာမရွေး ရွှန်းရွှန်းမြမြ တောက်ပရှင်သန်နေခဲ့သည်။ ၂၀၀၄ ဩဂုတ် ၁၄ မှာတော့ သူချစ်တဲ့ မိသားစု၊ သူချစ်တဲ့ ပရိသတ်၊ သူချစ်တဲ့ကမ္ဘာမြေကို ရုတ်တရက်ကြီး စွန့်ခွာကာ အဝေးဆုံးကို သူ ထွက်သွားတော့သည်။ လက်ကျန်သီချင်းလေးတွေ စုစည်းထားတဲ့ Album ကို ချစ်ခြင်းအားဖြင့် အမှတ်တရ သူချန်ထားရစ်ခဲ့သည်။ With Love, ချစ်ခြင်းအားဖြင့် စာတန်းလေးနဲ့ သူ့လက်မှတ်



မက် နားဆင်ခံစားလို့ မဆုံးနိုင်ကြ။ မြေကမ္ဘာမှာ သူမရှိတော့ပေမယ့် သူ့သီချင်းတွေကို ဂီတလောကမှာ Version အမျိုးမျိုးနဲ့ ကြားခွင့်ရနေဆဲ။ သူဟာ သူ့မိသားစု၊ ဇနီးနဲ့ သမီးလေးအတွက် မေ့မရမယ့်လူ၊ ဂီတချစ်သူပရိသတ် အားလုံးအတွက် မေ့မရနိုင်တဲ့လူ။ သေချာပါသည်၊ သူဟာ ကျွန်မ အတွက်လည်း မေ့မရတဲ့လူ။ သူနဲ့ပတ်သက်ပြီး အမှတ်တရများစွာ ကျွန်မမှာရှိသည်၊ ၁၀ ကြိမ်ထက်မနည်း ဖုန်းဆက်ချိန်းကာ ကြိုးစားပမ်းစားတွေ့ဆုံခဲ့ရတဲ့ ဂီတအင်တာဗျူးက ရုပ်ရှင်စတားမဂ္ဂဇင်း၊၁၉၉၇၊ ဩဂုတ်လမှာ ပါခဲ့ဖူးသည်၊ သူ့အကြောင်းရေးသည့် ဝတ္ထုတစ်ပုဒ်က မရည်ရွယ်ပါဘဲ Faces မဂ္ဂဇင်း၊ ဩဂုတ်လမှာ ပါခဲ့သည်။ အခု ဒီစာကိုတော့ ရတီ၊ ဩဂုတ်လ Music Plus ကဏ္ဍ အတွက် ရည်ရွယ်ကာ ကျွန်မ သူ့ကို လွမ်းဆွတ်ခြင်း များစွာဖြင့် ရေးမိ ကြောင်း ဝန်ခံပါသည်။ အပြင်မှာ မိုးလေးတွေ ရွာနေသည်။ သူဟာ ကျွန်မအတွက် ဩဂုတ်လထဲကလူ ဖြစ်သလိုမေ့မရတဲ့လူလည်းအသေအချာဖြစ်နေသည်။



လေးရေးခြစ်ထားတဲ့ ခိမ်းမြမြစာတာလေးက ကျွန်မတို့အားလုံးအတွက် နောက်ဆုံးတဲ့လား။ The Last Album of Htoo Eain Thin တဲ့။ ချစ်ခြင်းအားဖြင့် သူချန်ရစ်တဲ့သီချင်းတွေကို အဆုံးမှာ လွမ်းဆွတ်တသခြင်းများစွာဖြင့် ကျွန်မတို့တစ်သက် မက်မပြေစရာ စားသုံးလိုက်ကြရသည်။ ချစ်ခြင်းအားဖြင့် သူဖန်တီးထုဆစ် ချန်ထားရစ်ခဲ့တဲ့သီချင်းတွေကို ကျွန်မတို့တရှိုက်မက်

ဒါကြောင့် မိုးလေးဖွဲ့ဖွဲ့ရွာနေဦးမယ့် ဩဂုတ်လမှာ သူ့သီချင်း၊ သူ့ဂီတကလွဲလို့ တခြား နားထောင်စရာ တေးဂီတ ကျွန်မမှာမရှိပါ။ ရှင်တို့အားလုံးကိုလည်း ကျွန်မနဲ့ နှလုံးသားချင်း ထပ်တူကျစွာ ရှိနေစေချင်ပါသည်။

**zigzag**

**Special Thanks;**

**nga/moe and internet**

Asian Media Group



လွန်ခဲ့သော ငါးနှစ်ခန့်က ဖြစ်သည်။

ကိုယ့်ဇာတိ ကသာမြို့ကလေးသို့အပြန်မှာ ညီဖြစ်သူရှိရာ စစ်ကိုင်းသို့ဝင်ရင်း စစ်ကိုင်းအနီး ရွာသောင် ဘူတာကနေ ရထားကိုတက်စီးဖြစ်ခဲ့သည်။ ရထားပေါ်ရောက်တော့ ကိုယ့်နေရာမှာ မိန်းကလေးငယ် တစ်ဦး ထိုင်နေသည်ကို တွေ့လိုက်ရသည်။

"သမီး ထိုင်ခုံက နံပါတ်ဘယ်လောက်လဲ" ဟု မေးလိုက်တော့

"သမီးက ဒီဘက်ခုံပါ" ဟု ဖြေပြီး ကိုယ့်နေရာဖြစ်သော ပြတင်းပေါက်နားကခုံကို ဖယ်ပေးသည်။ ကိုယ်လည်း အားနာနာဖြင့်ပင် ဝင်ထိုင်လိုက်ရသည်။ ပြတင်းပေါက်နားကနေရာက ညဘက်ကျအိပ်ဖို့ အဆင်ပြေသည်။ ဘေးနေရာက အဆင်မပြေ။ မနေ့ညက ရန်ကုန်ကလာသည့်ခရီးလည်း နှစ်အတန် ကြာကွဲနေခဲ့သည့် ငယ်သူငယ်ချင်း တစ်ယောက်နှင့်အတူလာဖြစ်ခဲ့ရာ စကားတပြောပြောနှင့် အိပ်ပျက်လာခဲ့သည်။

ဒီညတော့ ထိုက်သလောက် အိပ်ခွင့်ရလိုသည်မို့ "သမီး အဲဒီဘက်မှာ ထိုင်ရင်လည်း ထိုင်လိုက်ပါ" ဟု လောကဝတ်စကား မပြောဖြစ်တော့။ သူကလည်း "သမီးက မူးတတ်လို့ ဒီဘက်မှာ ထိုင်ပါရစေ" ဆိုတာမျိုး မပြောဘဲ အလွယ်ရွှေ့ပေး၍ တော်သေးသည်၊ သို့မဟုတ်လျှင် ကိုယ်ကလည်း အားနာတတ်သည်နှင့် . . . ။

အတွေးဆက်မခဲ့နိုင်တော့ဘဲ ထိုင်ခုံပေါ်ရောက်ပြီး မကြာခင် ကိုယ်လည်းအိပ်ပျော်သွားရာ ဝက်လက်ရောက်မှ နိုးတော့သည်၊ ရွှေဘိုရောက်ခါနီးတော့ ထမင်းဆင်းဝယ်ဖို့ ပြင်ဆင်ရသည်။ ကျောင်းသား ဘဝကတည်းက စားနေကျ ရွှေဘိုဘူတာပေါက်ကို ပြန်စားရဦးမည်၊ ကိုယ်ဆင်းဝယ်တော့ မိန်းကလေးက သူ့အတွက်ပါ ဝယ်ပေးပါဆိုပြီး ပိုက်ဆံပေးလိုက်သဖြင့် ဝယ်လာပေးဖြစ်သည်။

ထမင်းစားရင်း မေးကြည့်တော့မှ သူက မန္တလေးကဖြစ်ပြီး ဆေးဆိုင်တစ်ခုမှာ အရောင်းဝန်ထမ်းဟု ဆိုသည်။ ဘယ်သွားမှာလဲတော့ ကိုယ်လည်း မမေးဖြစ်၊ ဒီရထားက မြစ်ကြီးနားထိ ရောက်သည်မို့ မိုးညှင်း၊ မိုးကောင်း၊ မြစ်ကြီးနား စသည်ဖြင့် ဖြစ်နိုင်ပြီး ဆေးဖြန့်ချိရေးကိစ္စလည်း ဖြစ်ကောင်းဖြစ်မည်။ သူ့မျက်လုံးအလှကလေးဖြင့် ဖမ်းစားပြီး နှုတ်ခမ်းပါးလေးဖြင့် သူ့ဆီက ဆေးများကိုပဲ များများမှာအောင် တုပ်နှောင်ပြောဆိုမယ့် သူလေးလား။

ဒါပေမဲ့ ကိုယ်ထင်တာတွေ ဟုတ်မဟုတ် မေးမကြည့်ဖြစ်သလို သူကလည်း ကိုယ့်ကို ဘယ်သွားမှာလဲ မမေးသဖြင့် စကားမဆက်ဖြစ်တော့။ ညမှာတော့ မနေ့ညက လုံးလုံးမအိပ်ခဲ့ရသည်ကို အတိုးချ အိပ်ရင်း ရထားဘူတာအရပ်မှာ

Asian Fame Media Group



နွံနစ်နလုံးသား

# ပတ္တမြားဖြစ်စေ

အခန်းဆက်ဝတ္ထုရှည်

ရုတ်တရက်နိုး လာချိန်မှာ ကိုယ့်ပခုံးစွန်းတွင် မိန်းကလေးကခေါင်းတင်ပြီး အိပ်နေသည်ကို တွေ့ရတော့ သမီးတွေကို သတိရသွားသည်။ သမီးတို့နဲ့အတူ ခရီးသွားရင် အဲဒီလို လာမှီတတ်တာမို့လေ။ အင်း သူလည်း ကိုယ့်သမီးအရွယ်ကလေးပဲဟု တွေးမိသည်၊ သူ့မျက်နှာကိုတော့ ရင်းရင်းနှီးနှီး သိသလို ရှိသည်။ မင်းသမီးတစ်ယောက်ယောက်နဲ့များ တူနေတာလား။

သိပ်ကြာကြာ မတွေးဖြစ်၊ သူနိုးလာပြီး ကိုယ့်ကို ကန်တော့နော် ဦးဟု တောင်းပန်ကာ သူ့ခုံဘက်သို့ ပြန်ရွှေ့သွားသည်။ ကိုယ်လည်း အိပ်ချင်လက်စ မျက်လုံးများကို အလိုက်သင့်အလိုလိုက်ရင်း ကောလင်းရောက်မှ နိုးတော့သည်။ ကောလင်းမှာ 'ပေါင်းနှင်း၊ ပေါင်းနှင်း' ဟု အော်သံကြားရတော့ ကိုယ့်ဒေသရန့်ကလေးက ရင်ထဲလိုက်ခနဲ ဝင်လာသည်။ ကောက်ညှင်းကျည်တောက်ကို ပေါင်းတင်း သို့မဟုတ် ပေါင်းနှင်းဟု ခေါ်ကြသံက ကိုယ့်ဇာတိဝန်းကျင်က အသံဖြစ်၏။

မနေနိုင်မထိုင်နိုင် ပေါင်းတင်းတစ်ချိဝယ်လိုက်သည်။ (တစ်ချိဆိုသည်က တစ်ချောင်းကို ဆိုလိုခြင်းဖြစ်သည်)။ ပေါင်းတင်းကို ခွာပြီး တစ်ရေးနိုးလာသော မိန်းကလေးကို ကျွေးတော့ မစားတော့ပါဟု ဆိုသည်။ သူကလည်း ကိုယ့်ခုံမှာ မဟုတ်တော့ဘဲ လမ်းဘူတာဆင်းသွားသော မျက်နှာချင်းဆိုင်ခုံမှာ ပြတင်းပေါက်ဘက် နေရာရပြီး ကိုယ့်မျက်နှာချင်းဆိုင်မှာ နံရံကိုမှီ အိပ်လျက် ဟန်ကျပန်ကျဖြစ်နေသည်။

"စားပါ သမီးရဲ့၊ ဦးတစ်ယောက်တည်း ဘယ်ကုန်ပါ့မလဲ၊ ဦးလည်း ဆာလို့ မဟုတ်ပါဘူး၊ ပြီးတော့ ရန်ကုန်မှာလည်း ရှိတဲ့ဟာပါပဲ၊ ဒါပေမဲ့ ဦးက ကသာသားဆိုတော့ ဒီဘက်က ပေါင်းတင်းမှ ပိုကောင်းတယ်ထင်တာလေ၊ ဟား ဟား" ဟု ပြောတော့

"ဟင် ဦးက ကသာသားလား၊ သမီးလည်း ကသာကပဲ၊ အခု အိမ်ပြန်မလို့" တဲ့။

"ဟင် မနေ့က ပြောတော့ မန္တလေးကဆို"

"ဒါကတော့ အခုနေတဲ့နေရာကို အလွယ်ပြောလိုက်တာပါ၊ ဦးက ကသာက ထွက်သွားတာ ကြာပြီလား"

"ကြာပြီပေါ့၊ ၁၉၈၅ လောက်က၊ သမီးကကော ကသာ ဘယ်ရပ်ကွက်မှာနေတာလဲ"

"ပတ္တမြားမှာ ဦး"

ကသာမြို့၏ ယခု ရပ်ကွက် ၉ က ကိုယ်တို့ငယ်ငယ်ကတည်းက ပတ္တမြားမြို့သစ်အဖြစ် တည်ခဲ့တာဖြစ်သည်။

"ပတ္တမြားကဆိုတော့ ဘယ်သူ့သမီးလဲ"

"ဦးညိုအောင်ရဲ့ သမီးပါ၊ ဖေဖေကတော့ ဆုံးသွားပါပြီ"

ဦးညိုအောင်၊ ညိုအောင်၊ ပတ္တမြားက ညိုအောင်။ နာမည်ကြားကြားချင်း လျှပ်ပြက်သလို အဖြေတစ်ခုရပြီး ဖျတ်ခနဲစကားလုံးတချို့ ထွက်ကျသွားသည်။

"ဒါဆို ရွှန်းလဲ့နိုင်"

"ဟုတ်တယ် ဦး၊ သမီးက ဒေါ်ရွှန်းလဲ့နိုင်ရဲ့ သမီးပါ၊ ဦးက မေမေ့ကို သိလို့လား"

"သိတာပေါ့၊ ဦးက ဦးစိုးငြိမ်းရဲ့ သူငယ်ချင်းလေ"

"ဪ ဟုတ်လား၊ သမီးရဲ့ ဦးကြီးပေါ့၊ ဦးစိုးလည်း ဆုံးသွားပါပြီ"

ဟုတ်တာပေါ့။ စိုးငြိမ်းက ရွှန်းလဲ့နိုင်၏အစ်ကိုဆိုတော့ ဒီမိန်းကလေးရဲ့ ဦးကြီးဖြစ်ရမှာပေါ့။

"အေး သူ ဆုံးသွားတာ ကြားတယ်၊ ဖေဖေကကော ဘယ်တုန်းက ဆုံးသွားတာလဲ"

"သမီး ဆယ်တန်းဖြေပြီးခါနီးမှာပဲ မှော်ထဲမှာပဲ ဆုံးသွားတာ"

"ဪ ဟုတ်လား၊ ဖြစ်မှ ဖြစ်ရလေ"

မှော်ထဲဆိုတာက ဖားကန့် ကျောက်စိမ်းတွင်းကို ဆိုလိုခြင်းဖြစ်သည်။

"ဟုတ်တယ် ဦး၊ သမီးက အဲဒီအချိန်တုန်းက ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်မယ်လို့ မျှော်လင့်ထားတာ၊ ဆရာတွေကလည်း ဆေးကျောင်းရနိုင် တယ်ပြောကြတော့ သမီးလည်း ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ဖေဖေ ဆုံးသွားတော့ အိမ်စီးပွားရေးလည်း ပျက်၊ သမီးလည်း သောကနဲ့ဖြေရတော့ အမှတ်က ထင်ထားသလောက် မကောင်းတော့ဘူး၊ ဒါနဲ့ နောက်ဆုံး တော့ ကွန်ပျူတာတက္ကသိုလ်ပဲ တက်လိုက်ရတယ်"

"ဪ အဲဒါ ဘာဖြစ်လဲ သမီးရယ်၊ တချို့ဆို ဆေးမိရက်သားနဲ့ ကွန်ပျူတာ ဝါသနာပါလို့ တက်ကြတာတောင် ရှိတယ်၊ ပြီးတော့ တစ်နှစ်မှာ ကွန်ပျူတာတောင် ဆေးထက် အမှတ်ပိုမြင့်တယ် ဆိုတာမျိုးတောင်ရှိခဲ့တယ် ထင်တယ်"



"ဟုတ် . . . ဒါပေမဲ့ သမီးက ကွန်ပျူတာကို ဝါသနာမပါတာ မဟုတ်ပေမယ့် ဆရာဝန်မဖြစ်ရလေခြင်းဆိုတာက အမြဲတမ်းထဲ အနှောင့်အယှက်တစ်ခု ဖြစ်နေခဲ့တာ၊ ပြီးတော့ သမီးတို့ကာလမှာ ကျောင်းက ပစ္စည်းမပြည့်စုံတော့ တတ်အောင် သင်ခွင့်မရခဲ့တာလည်း ပါတယ်၊ အဲဒါနဲ့ ကွန်ပျူတာနဲ့အတွဲ့သား ရတယ်၊ ကိုယ့်ဘာသာ အိပ်ယုံကြည်မှု မရှိဘူးလေ။ ဒါနဲ့ ကျောင်းပြီးတော့ ဖေဖေ့မိတ်ဆွေတစ်ယောက်က ဆေးရောင်းတဲ့ဆိုင်မှာ ခိုင်းပေးတော့ အဲဒီမှာပဲ လုပ်ဖြစ်နေတော့၊ ဆေးတော့ဆေးပေါ့ဦးရယ်၊ ဒါပေမဲ့ ဆေးကျောင်းမဟုတ်ဘဲ ဆေးဆိုင်ဖြစ်နေတယ် ဟင်း ဟင်း . . ."

မိန်းကလေးက ဟာသစွက်ပြီး သူ့ဘဝကို ပြောပြချိန် ကျွန်တော် စိတ်မကောင်းဖြစ်သွားသည်။

"သမီးရဲ့ အခုအလုပ်ကို သမီး စိတ်ပါတယ်ဆိုရင် ပြဿနာမရှိပါဘူး၊ တက်တက်ကြွကြွပဲ လုပ်ပေါ့၊ ဒီလိုမဟုတ်ဘဲ ကွန်ပျူတာကို ဝါသနာပါတယ်ဆိုရင်တော့ ကိုယ်သင်ခဲ့တာကို အပြင်သင်တန်းတွေမှာ ပြန်ပြီး ပေါလစ်ရှ်လုပ်လို့ ရပါတယ်သမီးရဲ့"

"အဲဒါကလည်း မလွယ်ပါဘူး ဦးရယ်၊ အခုအချိန်ကျမှ အမေ့ဆီကလည်း လက်ဖြန့်မတောင်းချင်တော့ဘူးလေ၊ ကွန်ပျူတာကိုတော့ သမီးက ဝါသနာပါပါတယ်၊ ဒါပေမဲ့ ဆေးကျောင်းကိုတော့ ပိုဝါသနာပါတာပေါ့၊ သူများကို အသက်ကယ်တဲ့ အလုပ်လုပ်ချင်တာ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ဦးရာ၊ သမီးတို့နှစ်မှာ ဆေးကျောင်းရသွားတဲ့ သမီးသူငယ်ချင်းတွေက အထက်တန်းကျောင်းသူဘဝမှာ သမီးလောက် စာမတော်ခဲ့သူတွေပဲ၊ သမီးက ဆယ်တန်းမှာအမှတ်နည်းသွားခဲ့တာကိုး"

"အေးပေါ့ သမီးရယ်၊ ဘဝမှာ ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ ဒါပေမဲ့ သမီး အမှတ်နည်းသွားတဲ့အခါ သမီး အမှတ်မီတာကို စဉ်းစားမယ့်အစား သမီးဝါသနာပါတာကို ရွေးခဲ့သင့်တယ်လို့ ဦးက ထင်တယ်"

"အမှန်တော့ ဆေးကျောင်း မတက်ရဘူးဆိုတော့ ဒုတိယအသင့်ချင်ဆုံးက ကွန်ပျူတာပါပဲ၊ သမီး စိတ်ကြိုက်ရွေးခဲ့တာပါ၊ ဒါပေမဲ့ ကွန်ပျူတာပညာသင်နေတဲ့ ကာလတစ်လျှောက်လုံး သမီးက မမေ့နိုင်ဘဲ ငါဆရာဝန်မဖြစ်တော့ဘူးလို့ ဝမ်းနည်းနေခဲ့တာ၊ ဒီတော့ ကျောင်းတက်ရတာ စိတ်ပါလက်ပါ မဖြစ်ခဲ့ဘူး"

"အဲဒါ သမီးမှားတာပေါ့၊ အိန္ဒိယက စာဆိုကြီးတဂိုးဆိုတာ ကြားဖူးတယ် မဟုတ်လား"

ကလေးမက ခေါင်းညိတ်သည်။

"နာမည်အပြည့်အစုံကတော့ ရာဘင်ဒြာနတ်သ်တဂိုးပေါ့၊ သူပြောခဲ့တဲ့ အဆိုအမိန့်တစ်ခု ရှိတယ်"

ရထားတွဲတွင် အများစုက အိပ်ပျော်နေသည်မို့ ကိုယ့်လေသံကို နည်းနည်းနှိမ့်လိုက်ရသည်။

"If you cry because the sun has gone out of your life, your tears will prevent you from seeing the stars တဲ့၊ သမီး နားလည်လား"

ဦး ပြန်ပြောပါဦးဆို၍ နောက်တစ်ခေါက် ထပ်ပြောပြရသည်။ ဒီတော့မှ

"နေမင်းကြီးက သင့်ဘဝထဲက ထွက်သွားလို့ငိုနေရင် မျက်ရည်တွေကြောင့် ကြယ်တွေကိုပါ မမြင်ရဘဲ နေမယ်တဲ့"

"ဟုတ်တာပေါ့၊ သမီးက အင်္ဂလိပ်စာ တော်သားပဲ၊ နေမင်းကွယ်လို့ ငိုရင် မျက်ရည်ဖုံးပြီး ကြယ်တွေတောင် လုံးလုံးမမြင်ရတော့ဘဲ နေမှာပေါ့တဲ့၊ ဟုတ်လား"

"ဦး ပြန်တာက ပိုကောင်းတယ်နော်"

"အတူတူပါပဲကွာ၊ ဒါပေမဲ့ ဦးပြောချင်တာက နေမင်းကွယ်ခဲ့လို့ သမီးငိုမိတာက ကြယ်တွေပါ မမြင်ခဲ့ရသလို ဖြစ်ခဲ့တာပါ"

"ဟုတ်တယ် ဦး ကွန်ပျူတာသင်ရတာ စိတ်မပါရတဲ့ အထဲ ကျောင်းမှာ ပစ္စည်းကလည်း မပြည့်စုံ၊ အပြင်မှာ ပြန်သင်ဖို့လည်း သမီးမှာက မပြည့်စုံနဲ့"

"ဟုတ်တယ်၊ သမီးမှာက မပြည့်စုံဆိုတာက တကယ်မှန်တာ၊ သမီးမှာက စိတ်ဓာတ်စွမ်းအားလိုနေခဲ့တာလေ"

"စိတ်ဓာတ်စွမ်းအားတစ်ခုတည်းနဲ့လည်း ဘာမှလုပ်မရပါဘူး ဦးရာ"

"အေး . . . ဟုတ်တယ်၊ ဒါပေမဲ့ သမီးမှာ အခုနေ စိတ်ဓာတ်စွမ်းအားပဲ ရှိတယ်ဆိုရင်တောင် သမီးဘဝအပြောင်းအလဲအတွက်

ဦးက အကူ အညီပေးနိုင်တယ်"

"မရတော့ပါဘူး ဦးရာ၊ နောက်ကျနေပါပြီ"

"ဟယ် ဘယ်ကနောက်ကျရမှာလဲ၊ သမီး ငယ်သေးတဲ့ဟာပဲ"

စိတ်ထက်သန်သွားသည့်အခါ အသံကျယ်ကျယ်သွားတတ်သည်ကို ပြန်ထိန်းရသည်။ ညက တိတ်ဆိတ်နေသည်လေ။

"ကဲ အခု သမီးကိုမေးမယ်၊ ကျောင်းတုန်းကလည်း ကွန်ပျူတာ ကောင်းကောင်းမသင်ခဲ့ရဘူး။ ခု အပြင်မှာ ပြန်သင်မလားဆိုတော့လည်း ငွေပိုငွေလျှံမရှိဘူး။ ဦးမှာလည်း သမီးကို ကူညီနိုင်တဲ့ ငွေမရှိပါဘူး၊ ဒါပေမဲ့ သမီး စိတ်ဝင်တစားသင်မယ်ဆိုရင် ကူညီနိုင်တဲ့လမ်းကြောင်းတွေ ရှိတယ်။ သမီးက ပထမဆုံး ဆရာဝန်ဖြစ်ချင်ခဲ့တယ်ဆိုတာကို မေ့လိုက်ရမယ်။ ဒုတိယ ကွန်ပျူတာပညာကို တကယ်တတ်ချင်တာလား၊ ကြိုးကြိုးစားစားသင်မှာလားဆိုတာ ကိုယ့်ဘာသာ မေးရမယ်။ သင်မှာလို့ အဖြေထွက်ရင် ဦးက ကူညီမယ်"

"ဦးက ဘယ်လိုကူညီမှာလဲ"

"ဟာ အဲဒါကို အရင်ပြောလို့မဖြစ်ဘူး။ သမီးက တကယ်သင်ချင်တယ်ဆိုမှ ဒီလိုတော့ ရှိတယ်ဆိုတာ ပြောရမှာလေ။ သမီးက တကယ်မလိုချင်ဘဲတော့ ဦးက မပြောနိုင်ပါဘူး။ ဦးက တစ်ခါတလေကျတော့ ဈေးကြီးတယ်"

မိန်းကလေးထံမှ ရယ်မောသံ ချိုလွင်လွင် ထွက်လာသည်။ ဒီလိုအသံမျိုးကို လွန်ခဲ့သော နှစ်ပေါင်းများစွာက ကြားဖူးခဲ့သည်လေ။

"ကဲ သမီးနဲ့ စကားတွေပြောနေလိုက်တာ၊ သမီးနာမည်လည်း မသိရသေးဘူး"

"သမီးနာမည်က ညိုလဲ့ရည်ပါ"

ရုတ်တရက် တစ်စုံတစ်ခုကို သတိရလိုက်သလို ရင်နည်းနည်းခုန်သွားသည်၊ ညိုဆိုတာ အဖေ့နာမည်၊ လဲ့က အမေ့နာမည်၊ နောက် . .

"ဦးနာမည်ကကော"

"ဦးနာမည်က ဦးရိုးနိုင်ပါ"

ပြန်ဖြေလိုက်သံက နည်းနည်းလှုပ်ခတ်နေသလို ကိုယ့်ဘာသာ ထင်မိသည်။

"ဟာ ဦးနာမည်နဲ့ သမီးနာမည် တစ်လုံးစီ တူတယ်နော်"

"မတူပါဘူး သမီးရယ်"

"တူတယ်လေ၊ သမီးက ညိုလဲ့ရည်၊ ဦးက ဦးရိုးနိုင်ဆိုတော့ ရီတူတာပေါ့"

"မတူဘူးလေ သမီးရဲ့၊ သမီးက ရကောက် ညသတ် ရည်၊ ဦးက ရကောက်လုံးကြီးတင် ဆန်ခတ်ရီ"

"အမယ်လေး ဒါလေးကွာတာများ ဦးက ဖြစ်နေပြန်ပြီ သမီးက ကသာလိုမြို့လေးက ဦးက ရန်ကုန်ကဆိုတော့ နာမည်တစ်လုံးတောင် တူတယ် အပြောမခံချင်ဘူးပေါ့"

ညိုလဲ့ရည်က ရယ်ရယ်မောမော နောက်ပြောင်စကားနိုင်လုနေပုံပေါ်ပေမယ့် တစ်ချိန်တုန်းက ယခုလို စကားနိုင်လုခဲ့ကြပုံကို ပြန်သတိရသွားစေသည်။ အဲဒီတုန်းက . .

"အစ်ကိုနိုင်နဲ့ ရွှန်းလဲ့နဲ့က နာမည်မှာ နိုင်ပါတာချင်းတူတယ်နော်"

"မတူပါဘူး ရွှန်းလဲ့ရဲ့"

"အမယ် ဘာလို့မတူရမှာလဲ၊ မှတဲ့ဟာကို"

"ဟင် ဘယ်လိုတူမှာလဲ၊ တို့ကို လူတွေကခေါ်တော့ မောင်ရိုးနိုင်၊ ကိုရိုးနိုင်၊ ရိုးနိုင် အဲဒီလိုပဲ ခေါ်တာ၊ ရွှန်းလဲ့ကို ဘယ်သူက ရွှန်းလဲ့နိုင်လို့ ခေါ်လို့လဲ၊ အားလုံးက ရွှန်းလဲ့ပဲ ခေါ်တာ၊ ဘယ်လိုလုပ်တူမှာလဲ"

"အမယ် ရွှန်းလဲ့ကိုနာမည်မေးရင် ရွှန်းလဲ့နိုင်လို့ပဲ အမြဲပြောတာ၊ ပြီးတော့ အတန်းထဲမှာ နာမည်စာရင်းခေါ်ရင်လည်း ရွှန်းလဲ့နိုင်၊ အောင်စာရင်းမှာ နာမည်ပါတော့လည်း ရွှန်းလဲ့နိုင်ပဲ"

"အဲဒီလိုဆိုတောင် မတူသေးဘူး၊ တို့က မောင်ရိုးနိုင်ဆိုတာ ရယ်နိုင်တယ်၊ ပျော်နိုင်တယ်၊ ပြုံးနိုင်တယ်၊ အဲဒါကို ပြောတာ ရွှန်းလဲ့နိုင်ဆိုတာကတော့ အဲဒီလို မဟုတ်ဘူး။ ရွှန်းလဲ့ဖို့ အလားအလာရှိတယ်။ အခုတော့ မဖြစ်သေးပါဘူး။ နောင်တော့ ကံကောင်းထောက်မရင် ရွှန်းလဲ့နိုင်ပါတယ်။ အဲဒီလို ပြောတာ"

"သွား သူများနာမည်ကို လာဖျက်နေတယ်။ သုနဲ့လည်း မတူချင်ပါဘူး၊ ဒီနေ့ကစပြီး ကိုရိုးရှုံးလို့ပဲ ခေါ်မယ်၊ ကိုရိုးရှုံး ကိုရိုးရှုံး"

ငယ်ငယ်က အသံလွင်လွင်ကို ပြန်ကြားပြီး ပြုံးလိုက်မိသည်။ ညိုလဲ့ရည်ကိုတော့ နှစ်သိမ့်စကားပြောဖြစ်ပါသည်။

"ဘယ် ဦးက ရန်ကုန်ကမှ မဟုတ်တာ၊ ဘယ်သူမေးမေး ကျွန်တော် ကသာကလို့ ပြောခဲ့တာချည်းပဲ။ မတူဘူးထင်လို့ မတူဘူး ပြောတာပါကွာ။ ကဲ သမီးက တူစေချင်ရင်လည်း တူစေဗျာ"

"တူမှဖြစ်မယ် ဦးရဲ့၊ သမီးကလည်း ရီ (ရယ်) နိုင်တဲ့ ဘဝမျိုးဖြစ်ချင်တာလေ၊ ကဲ သမီးကို ဦး ဘယ်လိုကူညီမှာလဲ ပြောပါဦး"

"အဲဒါကို ဦးမပြောနိုင်သေးဘူး၊ ဒါပေမဲ့ အဲဒါကို မပြောခင် သမီးကို ပြောချင်တာလေးတွေ ရှိတယ်။ အဲဒါကတော့ သမီး အခုနေတာက ပတ္တမြားရပ်ကွက်မှာနေတာဆိုတော့ လူကိုယ်တိုင်ကလည်း ပတ္တမြားဖြစ်နေဖို့ လိုတယ် ဆိုတာပြောချင်တာ၊ ဘာဖြစ်လို့လဲဆိုတော့ သမီး အခုဖြစ်တာမျိုးကို လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က တွေ့ခဲ့ကြုံခဲ့ဖူးတယ်၊ ဒီလို သမီးရဲ့ ဦး ကသာမှာတုန်းက ခင်ခဲ့ဖူးတဲ့ ဘဏ်မန်နေဂျာ တစ်ယောက်ရှိတယ်။ သူ့နာမည်က ဦးဘိုနီတဲ့၊ သူ့သား၊ သမီးလေးတွေက စာအရမ်းတော်တယ်၊ သမီးလိုပဲ ဆေးကျောင်းရမယ်လို့ အားလုံးက မှန်းထားကြတယ်။ ဒါပေမဲ့ ဆယ်တန်းမှာ ခြေချော်လက်ချော် အမှတ်နည်းသွားတယ်၊ အဲဒီမှာ ဆယ်တန်းစာမေးပွဲမပြီးခင် သူ့သားက အဖေကို ပြောတယ်၊ အဖေ ဒီနှစ်တော့ သားအမှတ်နည်းဖို့ သေချာတယ်၊ ဆေးလည်း မရနိုင်တော့ဘူး၊ ဒီတော့ သား ဒီနှစ်ကျအောင် ဖြေလိုက်ရမလားလို့ မေးတယ်တဲ့၊ ဦးဘိုနီက သားရယ်၊ တစ်နှစ်ဆိုတဲ့ အချိန်က မနည်းပါဘူး၊ မေမေတို့ကလည်း ဝန်ထမ်း၊ သားအောက်မှာလည်း အငယ်ရှိသေးတယ်၊ ဒီတော့ ဖြစ်လာတဲ့ အခြေအနေကို သားရင်ဆိုင်ရဲရမယ်၊ သားဆေးကျောင်းမရလည်း ဘာဖြစ်လဲ၊ ရတဲ့တက္ကသိုလ်ပဲတက်၊ အဲဒီမှာ ထူးချွန်အောင်လုပ်ပေါ့။ ဒီမှာ သား စကားပုံတစ်ခု

Asian Family Media Group

ကြားဖူးတယ်မဟုတ်လား၊ ပတ္တမြားမှန်ရင် နွံမနစ်ဘူးတဲ့၊ သားကိုယ်သားပတ္တမြားဖြစ်အောင်သာ လုပ်၊ ဘယ်တော့မှ နွံမနစ်ဘူး၊ ကံမသင့်ဘဲနွံထဲကျသွားလည်း ခဏပဲ၊ မြင်တဲ့သူက ကောက်ယူမှာပဲ။ ဒီတော့ နေရာက အရေးမကြီးဘူး။ ကိုယ့်ဘာသာတန်ဖိုးရှိအောင် ကြိုးစားဖို့ပဲ လိုတယ်လို့ ဆိုးမတယ်တဲ့။ သူ့သားကလည်း အဖေ့စကားကို နားထောင်တယ်"

"ဒါဆိုတော့ ဆေးကျောင်းမရဘဲ တခြားတက္ကသိုလ်ပဲ တက်ရတာပေါ့နော်"

"ဒါပေါ့၊ သူ့သားက စိုက်ပျိုးရေးတက္ကသိုလ်ပဲ တက်ခွင့်ရတယ်။ ဒါပေမဲ့ အဲဒီမှာ သူထူးချွန်အောင်ကြိုးစားတယ်၊ နောင်တော့ အဲဒီလိုင်းမှာ အောင်မြင်သူဖြစ်လာတာပေါ့"

"ဟုတ်တယ်နော် သမီးလည်း ကွန်ပျူတာပညာကို ထူးချွန်အောင်သင်ခဲ့ရမှာ"

"အခုလည်း မီပါသေးတယ် သမီးရယ်"

"သမီးသင်ချင်တယ်ဆို၊ ဦးက တကယ် ကူညီမှာလား"

"သမီးကရော ပတ္တမြားဖြစ်အောင် တကယ်လုပ်မှာလား"

"လုပ်မှာပေါ့ ဦးရဲ့၊ တကယ်တော့ ကွန်ပျူတာကို သမီးက တကယ် စိတ်ဝင်စားတာပါ"

"အေး ဒါဆို ဦးက သမီးကို ဘယ်လိုကူညီရမယ်ဆိုတာ စဉ်းစားရဦးမယ် စဉ်းစားရမယ်ဆိုတာထက် ဦးကိုယ်တိုင်ကိုက ဦးနဲ့ ရင်းနှီးခင်မင်သူတွေကို အကူအညီတောင်းရမှာဆိုတော့ အချိန်နည်းနည်း လိုတာပေါ့၊ သူတို့က ဦးတောင်းဆိုတာကို လက်ခံမလား၊ မခံဘူးလား ဒါကိုသိမှ သမီးကို ပြန်ပြောလို့ရမယ်လေ"

"ဦးနဲ့ ရင်းနှီးသူတွေက ကွန်ပျူတာဆရာတွေထဲမှာ ရှိတယ်ပေါ့"

"အေးပါ ရှိတယ်လို့ ဆိုနိုင်ပါတယ်။ ဘယ်လိုဖြစ်မယ်ဆိုတာတော့ ဦးလည်း အသေအချာ မပြောနိုင်သေးဘူး။ သမီးက တကယ်စိတ်အားထက်သန်ရင် နည်းလမ်းရှိမှာပါ"

"အင်းလေ အိမ်ကိုတော့ ဒုက္ခမပေးချင်ဘူး ဦးရာ။ သမီးမှာလည်း အပိုဝင်ငွေမရှိဘူးလေ။ ဒီတော့ အကုန်အကျမများဘဲ သင်ခွင့်ရမယ်ဆိုရင်တော့ သင်ချင်ပါတယ်"

"အေးပေါ့ ဖြစ်ရမှာပေါ့၊ ဖြစ်ရဖို့ ဦးက ကတိပေးတယ်ကွာ။ သမီးကသာ ပတ္တမြားဖြစ်မှာလား၊ မဖြစ်ဘူးလား စဉ်းစားပြီးပြော"

"ဖြစ်စေရမယ် ဦးရာ"

"အေးပေါ့၊ ဒါဆို ဦးကလည်း ကတိပြန်ပေးတယ်။ ဖြစ်စေရမယ် သမီးရာ"

ညိုလဲ့ရည်က ချိုချိုလွင်လွင်လေး ရယ်မောလိုက်သည်။ ဒီလိုရယ်မောဟန်က တစ်ချိန်တုန်းက ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသော လွတ်လပ်



ပွင့်လင်းစွာ ရယ်မောသံနှင့် တစ်ထပ်တည်းဟု တွေးလိုက်မိပြန်သည်။

စကားတောင်းနေခိုက်မှာပင် ရထားက မဲဇာတံတားကို ဖြတ်သည်။ မကြာမီ အင်းတော်ရောက်ပြီးလျှင် နဘားကို ဝင်တော့မည်။ နဘားမှ ကသာကို သွားမည့်ကားရှိလျှင် ရှိ၊ မရှိလျှင်လည်း သုံးဘီးဆိုင်ကယ်တွေ ရှိသည်ဟု ညိုလဲ့ရည်က ဆိုသည်။

မဲဇာဘူတာကို ဖြတ်တော့ မဲဇာဘူတာနှင့် လက်ဝဲသုန္ဒရရောက်ခဲ့ဖူးသော မဲဇာ ဘာကွာလဲသိသလားဟု သူ့ကို မေးကြည့်တော့ သူမသိ။ ယခု ရထားဖြတ်ရာ မဲဇာမြစ်အတိုင်း သွားလျှင် လက်ဝဲသုန္ဒရမင်းဒေဝ် သင့်ဖြစ် နေခဲ့ဖူးသော မဲဇာရွာကလေးကို ရောက်သည့်အကြောင်း၊ ဗြိတိသျှခေတ်မှာ မန္တလေးနှင့်မြစ်ကြီးနားရထားလမ်းဖောက်တော့ အလုပ်သမားအဖြစ် လာလုပ်သူများထဲမှ မဲဇာရွာမှလာသူ အုပ်စုက ရထားလမ်းဘေးမှာ စုဖွဲ့နေရာက ယခု မဲဇာဘူတာဖြစ်လာသော 'မဲဇာ' ဖြစ်လာပုံကို ပြောပြမိသည်။

ပြီးတော့ ကမ္ဘာကျော် ဇေယျာဝတီလင်းပိုင်တို့ပျော်စံရာ မဲဇာမြစ်၊ ယင်းမဲဇာမြစ်ဝန်းကျင်တွင် သစ်တောများ ခုတ်ကြလွန်းသဖြင့် မဲဇာမြစ်ကောပြီး ပျောက်ကွယ်လုဖြစ်နေပုံ၊ ဧရာဝတီလင်းပိုင်တို့ အတွက်ပင် နေရာပျောက်နေပုံတို့ကို ပြောပြဖြစ်သည်။

ညိုလဲ့ရည်က အံ့ဩတကြီး နားထောင်ရင်း

"ဦးက အားလုံးသိတာပဲနော်၊ ဦးရဲ့သားသမီးတွေကတော့ ကံကောင်းတာပဲ။ ဦးမှာ သားသမီး ဘယ်နှယောက်လဲ"

"ဦးမှာက သားမရှိဘူး၊ သမီး နှစ်ယောက်"

ထိုစဉ်က သမီးကြီးက ပြည်ပမှာအလုပ်လုပ်နေပြီး သမီးငယ်က ဆယ်တန်းကျောင်းသူမို့ အဲဒီအကြောင်းလည်း ပြောဖြစ်သည်။

ပြီးတော့ သမီးလေးကစာတော်ပြီး ဆေးကျောင်းဝင်နိုင်ကြောင်း၊ သို့ပေမဲ့ ဆေးကျောင်းတက်မည် မတက်မည်ကို သူ့ဘာသာ ဆုံးဖြတ်ပါစေဟု သဘောထားရပုံကိုလည်း ပြောပြဖြစ်သည်။

အရေးကြီးတာက သူရွေးချယ်တဲ့လမ်းမှာ ပတ္တမြားဖြစ်ဖို့ပဲ မဟုတ်လား သမီးရဲ့" ဟု စကားကို အဆုံးသတ်လိုက်သည်။ သူက

"အင်း ဦးသမီးတွေ ဖြစ်ရတာ ကံကောင်းတယ်နော်" တွေတွေငေးငေးလေး ဆိုသည်။

"ဒါများ သမီးရယ်၊ လိမ္မာပြီး ကတိတည်တဲ့ မိန်းကလေးဆို ဦးရဲ့ သမီး ဖြစ်နိုင်တာချည်းပဲ။ သမီးကသာ ဖြစ်ချင်ရင်ပေါ့" ဟု ပြောမိတော့

"ဖြစ်ချင်ပါတယ် ဦးရာ၊ ဒါပေမဲ့ သမီးက တစ်ခါတစ်ခါ ဆိုးချင်တယ်။ ဒါပေမဲ့ လိမ္မာမှ ဖြစ်မယ်ဆိုလည်း လိမ္မာရမှာပေါ့ ဦးရာ" ဟု ဆိုသည်။

"သမီးက မဆိုးပါဘူး၊ အမေကိုလည်း ညာတယ်၊ ဘွဲ့ရပြီး ရရာအလုပ်ဝင်လုပ်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တာပဲ။ ပတ္တမြားဖြစ်ချင်စိတ်ကလေးတစ်ခုပဲ လိုနေတာပါ။ အဲဒါရှိရင် ပြီးသွားပြီ၊ ဟုတ်တယ်မဟုတ်လား"

ဟု အားပေးရင်း

"ကဲ ကဲ နဘားဝင်ခါ နီးပြီ၊ ဦးတို့ပစ္စည်းတွေ သိမ်းစို့၊ သိမ်းစရာတော့ အထူးမရှိပါဘူး၊ ပစ္စည်းမကျန်ခဲ့ဖို့ပဲ ကြည့်ရမှာ" ဟု လောဆော်လိုက်ရသည်။

"ကဲ ဦးကို လာကြိုတဲ့သူ ရှိချင်ရှိမှာ၊ သမီးကို ဒီမှာ နှုတ်ဆက်လိုက်တယ်။ ဒီကြားထဲ သမီးကို ကူညီနိုင်မယ့် လမ်းတွေ့ရင် သမီးအိမ်ကို အရောက်လာခဲ့မယ်။ ဒီကြားထဲ မေမေ့ကိုသာ ဦးနဲ့တွေ့ခဲ့တယ်လို့ ပြောထားလိုက်ပေါ့"

"ဦးစိုးသူငယ်ချင်းဆိုတော့ မေမေက ဦးနဲ့တွေ့ခဲ့တယ်ဆိုတာ အတော်ဝမ်းသာမှာ"

"အမယ်လေး သမီးအမေက ဦးကိုမေ့ချင်မေ့နေမှာပါ၊ ဘယ်သူနဲ့ များ တွေ့ခဲ့ပါလိမ့်လို့ မနည်းစဉ်းစားရင် စဉ်းစားနေမှာ"

"အဲဒီလိုတော့ ဟုတ်မယ်မထင်ပါဘူး ဦးရာ၊ ဦးမျက်နှာက မေ့လွယ်မယ့် မျက်နှာမျိုး မဟုတ်ပါဘူး"

အမယ် ရွှန်းလဲ့သမီးကလည်း အမေတူ စကားတတ်သူလေးပဲဟု တွေးပြီး ရုတ်တရက် ပြန်ပြောဖို့ စကားရှာမရခိုက် ရထားက နဘား ဘူတာကို ဝင်သည်။ မီးရောင်ပျပျ အောက်မှာ ကိုယ့်ကိုလာကြိုသည့် မယားညီအစ်ကို၏ မျက်နှာကို ဖျတ် ခနဲလှမ်းမြင်လိုက်သည်။

ရထားက သိပ်ကြာကြာရပ် သည်မဟုတ်သဖြင့် ပစ္စည်းများကို ပြတင်းပေါက်မှချကာ အောက်က ကိုယ့်ညီအစ်ကိုတော်က စောင့်ယူ သည်။ ကိုယ်တို့နှစ်ယောက် အောက် ကိုရောက်တော့ ညိုလဲ့ရည်နှင့် ကိုယ့်ညီအစ်ကိုတော်က ရင်းနှီး သိကျွမ်းသူတွေ ဖြစ်နေသည်။ ကိုယ်တို့မြို့လေးမှာ တစ်မြို့လုံးလိုလို ရင်းနှီးခင်မင်ကြသည့် အလေ့က ပျောက်သွားသေးပုံ မပေါ်ပါ။

ဒီတစ်ခါတော့ ညိုလဲ့ကို အပြီး နှုတ်ဆက်လိုက်သည်။ သူက သုံးဘီး ဆိုင်ကယ် သို့မဟုတ် ကားဖြင့်လိုက် မှာဖြစ်ပြီး ကိုယ်ကတော့ လာကြိုသူ ၏ ဆိုင်ကယ်နောက်မှာ လိုက်ပါဖြစ် ခဲ့သည်။

ဩော် ရွှန်းလဲ့တောင် ဒီလို ချစ်စရာသမီးလေးတစ်ယောက်ရဲ့ အမေ ဖြစ်နေပြီပဲ။

◆

မြို့ကိုပြန်ရောက်ပြီး နှစ်ရက် သုံးရက် စိတ်အားလူအားရှိတော့မှ မန္တလေးရှိမိတ်ဆွေ ကွန်ပျူတာဆရာ ဦးလှကောင်းဆီသို့ ဖုန်းဆက်ရ သည်။ ကိုယ်ကူညီချင်သည့် မိန်းကလေးငယ်တစ်ဦးကို ကွန်ပျူ တာပညာ ဆက်လေ့လာစေချင်၍ တတ်နိုင်သမျှ ကူညီပေးစေချင်သည့် အကြောင်း သူလက်ခံစီစဉ်ပေးနိုင်ဖို့ ခပ်ရှင်ရှင်ကလေး လှမ်းပြောလိုက်မိ သည်။

"အဲဒါဗျာ ကျွန်တော့်ဘက်လား တူမကလေးတစ်ယောက်ပေါ့ဗျာ၊ အဖေကလည်း မရှိတော့ဘူးဆိုတော့ အမေကလည်း တတ်နိုင်ပုံမပေါ်ဘူး လေ၊ အဲဒါ ခင်ဗျားကိုယ်တိုင်ဖြစ်စေ၊ ခင်ဗျားဝိုင်းက တပည့်သားမြေးများ ကို ခိုင်းလို့ဖြစ်စေ သင်ပေးနိုင်ရင် သင်ပေးပါဗျာ။ သင်တန်းကြေးတော့ ကျွန်တော့်မှာ စိုက်ပေးစရာမရှိဘူး နော်၊ လက်ဖက်ရည်နဲ့ မုန့်ဖိုးလောက် သာ အင်း ကိုယ့်ဘာသာစိုက်လို့ ပြောမလို့၊ ဟား ဟား" ဟု ပြော လိုက်တော့ သူကလည်း ချက်ချင်း တုံ့ပြန်ပါသည်။

"လုပ်ပြီ ခင်ဗျားကတော့၊ အင်းလေ ခင်ဗျားရဲ့ဘက်လားလေး ဆိုတော့လည်း ကိုယ့်ဘက်လားလေး လို သဘောထားပြီး သင်ပေးရမှာ ပေါ့ဗျာ" ဟု အစချီပြီး နေဖို့ထိုင်ဖို့ ကိစ္စများ မေးသဖြင့် မန္တလေးမှာ လက်ရှိ အလုပ်လုပ်ကိုင်နေထိုင်နေ သူမို့ နေရေးထိုင်ရေး အဆင်ပြေ ကြောင်း ပြောရသည်။

ဒီတော့ ဟတ်ဒ်ဝဲပိုင်းဟုခေါ် သော ကွန်ပျူတာကိုယ်ထည်နှင့် စက်ပိုင်းကို သင်မှာလား၊ ကွန်ပျူတာ ကို ခိုင်းစေသော ပရိုဂရမ်များဖြစ် သည့် ဆော့ဖ်ဝဲပိုင်းကို သင်မှာလား ဟု မေးပြန်သဖြင့် အသေးစိတ်ကို နောက်မှ သူနဲ့မေးပြီး ပြောမည်ဟုပဲ တစ်ခန်းဖြတ်လိုက်သည်။

ဒီတော့ သူ့ကို ကူညီနိုင်မယ်ဆို တာ ၈ဝ ရာခိုင်နှုန်းကျော် သေချာ သွားပြီမို့ ညနေကျမှ သူတို့အိမ်ရှိရာ ပတ္တမြားရပ်ကွက်ကို စက်ဘီးဖြင့် သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ တစ်ချိန်က ရန်ကုန်မှာ ဆိုင်ကယ် တစ်စီးဖြင့် အားပင်လယ်ထဲ ကူးခတ် ခဲ့သူပေမယ့် ယခု ကသာက ဆိုင် ကယ်ပင်လယ်ထဲမှာ စက်ဘီးဖြင့်သာ လမ်းထွက်ရဲသည်မို့လည်း ဖြစ် သည်။

သွားမည်ဆုံးဖြတ်လိုက်တော့ နှစ်နှစ်ဆယ်ကျော် ကွဲနေခဲ့သော ရွှန်းလဲ့နှင့် ပြန်တွေ့ရမည်ဆိုသည့် အတွေးက ရင်ကိုခုန်စေပြန်၏။ တကယ်တော့ ငဲ့တွေခုန်နေတာက သူ ဘယ်လိုမျိုးဖြစ်နေလဲ၊ ဘယ်လို ပုံပေါက်နေလဲဆိုတာ သိချင်စိတ် ကြောင့်သာ ဖြစ်လိမ့်မည် ထင်သည်။ ဘာကြောင့်ဆိုတာ ရွှန်းလဲ့ကို ငယ် ငယ်က ညီမရင်းလို ခင်တွယ်သည် ကလွဲပြီး မရိုးမသားမရှိခဲ့ဟု ကိုယ့် ဘာသာ သေချာနေသောကြောင့် ပင်။

"ညီမရင်းလို ခင်တွယ်တယ် ဆိုတာ တကယ်ဟုတ်ပါ့မလား"

ဒီမေးခွန်းကို ကိုယ့်ကိုယ်ကိုယ် ရဲရဲပုံပုံမမေးဖြစ်ခဲ့ပေမယ့် သူများ တွေက နောက်သလို မေးတာရော တကယ်သိချင်လို့ မေးတာပါ ကြုံခဲ့ ရဖူးတာတွေ ရှိခဲ့သည်၊ တစ်ခါမှာ တော့ ဒီမေးခွန်းမေးသူက ရွှန်းလဲ့ရဲ့ အစ်ကို စိုးငြိမ်းနှင့်ရော၊ ကိုယ်နဲ့ပါ တတွဲတွဲနေခဲ့ကြသည့် သူငယ်ချင်း မိုးနှင်းဖြစ်နေသည်။ မိုးနှင်း၊ စိုးငြိမ်း နှင့် ကိုယ်က ငယ်စဉ်ကတည်းက တစ်ကျောင်းတည်း နေခဲ့ကြသော သူငယ်ချင်းများ ဖြစ်ကြသည်။ ရွှန်းလဲ့ဆိုတာက ဒီသူငယ်ချင်း၏ ညီမလေး၊ ကိုယ်လည်း ညီမလေးလို ငယ်စဉ်ကတည်းက ခင်တွယ်ခဲ့သူ။ ဒီလိုပဲ အတွေးရှိသည်။

အမှန်တော့ စိုးငြိမ်းမိဘတွေက ငယ်စဉ်ကတည်းက ဆုံးပါးသွားခဲ့ပြီး ရွှန်းလဲ့၏မိဘများလက်မှာ ကြီးပြင်း ခဲ့သည်မို့ ရွှန်းလဲ့နှင့် စိုးငြိမ်းက မောင်နှမရင်းပမာ ချစ်ခင်ကြသည်။ ဒီတော့ စိုးငြိမ်း၏ငယ်ပေါင်း နှစ်ယောက်အဖြစ် မိုးနှင်းနှင့်ကိုယ် သူတို့အိမ်ကို ဝင်ထွက်သွားလာနေခဲ့ ကြသည်မှာလည်း အထက်တန်း ကျောင်းသားဘဝ လွန်မြောက်၊ တက္ကသိုလ်ရောက်တိုင် အစဉ်အလာ မပျက်သေးပေ။ တက္ကသိုလ်ကျောင်း ပိတ်ရက်များမှာလည်း ပျော်ရွှင်ဖွယ် ညနေခင်းများကို စိုးငြိမ်းတို့အိမ်မှာပဲ ကုန်လွန်လေ့ရှိခဲ့စမြဲ ဖြစ်သည်။

တချို့သော ညယံများမှာ စိုးငြိမ်းက ဂီတာတီး၊ မိုးနှင်းက သီချင်းဆိုပြီး ကိုယ်က ကော်ရက်စ် အပိုဒ်ကျမှ ဝင်အော်တတ်သော ဂီတဝိုင်းကလေးတစ်ခု သူတို့အိမ်ရှေ့ မှာ ရှိတတ်၏။ သို့သော် ညအများစု ၏ အချိန်များကို ကိုယ်တို့သုံးယောက် အပြင် ရွှန်းလဲ့နှင့်ပါ ကုန်ဆုံးကြတာ များသည်။ လေးယောက်သား စကရယ်ဘယ်လ်ခေါ် အင်္ဂလိပ် စာလုံးဆက်ကစားသည်လည်း ရှိ၊ ဒိုးဇက်ဆော့သည်လည်း ရှိ၊ ကျား ကစားသည်လည်းရှိဖြင့် ဆူဆူညံညံ ပျော်ပျော်ပါးပါး။

ဒီလိုဝိုင်းများမှာ များသောအား ဖြင့် ရွှန်းလဲ့တို့မေမေ အန်တီစိုးက ပါ အနီးအနားတွင် ရှိနေတတ်ပြီး ဝိုင်းသားတို့ကို တစ်ညတစ်မျိုး မရိုး ရအောင် အစားအသောက် စီစဉ် ပေးတတ်သေးသည်။ ဒီတော့ ရွှန်းလဲ့နဲ့ကိုယ် နှစ်ယောက်တည်း နေသည်ဟု မရှိခဲ့စဖူး။ တစ်ခုတော့ ရှိသည်။ ဒီတုန်းက ဆယ်တန်းကို ဘီဖြင့် နှစ်ခါအောင်ပြီး အေဖြင့် အောင်ဖို့ ကြိုးစားနေရဆဲ ရွှန်းလဲ့ကို ဆယ်တန်းစာတွေ ပြပေးနေရတာ ရှိသည်။ ဒီအချိန်ကလွဲ၍ ရွှန်းလဲ့နှင့် နှစ်ယောက်တည်း အများတစ်မျိုး ထင်စရာဖြစ်အောင် နေဖူးသည်ဟု မရှိခဲ့။ ဒီကြားထဲက မမျှော်လင့်ဘဲ တစ်ရက်က မိုးနှင်းက မေးလာ သည်။

"ဟေ့ကောင်၊ မင်းနဲ့ရွှန်းလဲ့က ဘယ်လိုလဲကွ၊ မင်းတို့က အရင်လို ရိုးရိုးသားသားပဲ ဟုတ်ပါသေးတယ် နော်"

ဒီစကားကြားရတော့ ရုတ်တ ရက် အံ့ဩထိတ်လန့်သွားရသည်၊ မျှော်လင့်မထားသူထံမှ မျှော်လင့် မထားသောစကား။

"ဘာလဲကွ မင်းကလည်း၊ မင်းတို့မျက်စိအောက်မှာပဲ ရွှန်းလဲ့နဲ့ ငါ အရင်လို နေနေတာပဲလေ။ တခြားလူကမေးတယ်ဆို ဟုတ်သေး၊ မင်းက ဘာဖြစ်ရတာလဲ"

သူ့စကားကို ချက်ချင်း ပက်ခနဲ တုံ့ပြန်မိသည်။ ဒီတော့ သူက

"အေး ဟုတ်တယ်၊ မျက်စိ အောက်မှာပဲ မင်းတို့က ပြောင်းလဲ လာတယ် ထင်လို့"

"ဘာပြောင်းစရာရှိလဲကွာ၊ အရင်ကတည်းက ကိုယ်တို့တွေ အားလုံး ပျော်ပျော်ပါးပါး ချစ်ချစ် ခင်ခင် နေနေကျပဲဟာ"

"အေး ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်း ဒီနှစ် ရွှန်းလဲ့မွေးနေ့မှာ ဘာ လက်ဆောင်ပေးခဲ့လဲ"

ရုတ်တရက် သူ့မေးခွန်းက အဖြေခက်စရာ ဖြစ်သွားခဲ့သည်။ အမှန်က ရွှန်းလဲ့မွေးနေ့ဆိုလျှင် ထိုစဉ်က ဖောင်တိန်တို့၊ ဘောပင် တို့ တစ်ခါတရံလည်း ပို့စကဒ်လှလှ လေးတို့ကို သူ့အစ်ကိုလိုဖြစ်နေသော မိုးနှင်းနှင့်ကိုယ်က ပေးလေ့ရှိစမြဲ ဖြစ်ရာ ဒီနှစ်တော့ ဘာရယ်မဟုတ်၊ သူပျော်စေချင်တာမို့ သူ့ဓာတ်ပုံ တစ်ပုံကို ဝါတာကာလာဖြင့် ကူးဆွဲ ပြီး လက်ရေးပန်းချီပို့စကဒ်တစ်ခု လုပ်ပြီး ပေးဖြစ်ခဲ့မိသည်။ ဒါကို ရုတ်တရက်မေးတော့ ချောချော ပြေပြေစ်စွာ မဖြေနိုင်။

"ဟိုကွာ မင်း သိပါတယ် အဲဒါ



Asian Fame Media Group

သူ့ဓာတ်ပုံလေးကို ကိုယ်ပန်းချီဆွဲပေးခဲ့တာ၊ ဒါပေမဲ့ အန်တီ စိုးရွှေမှာပဲ ပေးခဲ့တာပဲလေ"

"အေးပေါ့ကွ ဒါကြောင့်မို့ ပြောရတာလေ။ အန်တီစိုးကလည်း ကျေနပ်ပါတယ်။ သူ့သမီးပျော်ရင် သူက ပျော်တာပါပဲ။ ဒါပေမဲ့ ငါ စဉ်းစားကြည့်တယ်၊ မင်း သူ့ပုံဆွဲနေတာ ငါလည်း မသိရဘဲ အဲဒီနေ့ကမှ မင်းပေးတော့မှ ရုတ်တရက် သိရတာလေ"

"မင်းကလည်းကွာ။ ငါက မွေးနေ့နီးမှ လက်ဆောင်က ဝယ်ပြီးသား အဆင်သင့်မရှိတော့ တစ်ညစိတ်ကူးပေါက်ပြီး ဆွဲလိုက်တာကွ"

"အေးပါကွာ ငါကြိုမသိတာက အရေးမကြီးပါဘူး။ ဒါပေမဲ့ အန်တီစိုးနေရာက မင်းစဉ်းစားကြည့်စမ်း။ မင်းလုပ်ပုံကို ရိုးရိုးသားသားပါပဲလို့ လက်ခံနိုင်မလားလို့"

"ဟာ မင်းကလည်း အလကားပြဿနာလာရှာနေပြန်ပြီ၊ အန်တီစိုးက ငါ့အကြောင်း သိပါတယ်ကွာ ငါ ဘယ်လိုကောင်ဆိုတာ"

"အေးလေ မင်း ဘယ်လိုကောင်ဆိုတာ အန်တီစိုးက သိနေလို့ ငါက ပြောနေရတာ။ မင်းက ရည်းစား မရှိဘူးဆိုတာ သူသိတယ်၊ မိန်းကလေးကိစ္စ ရှုပ်ရှုပ်ယှက်ယှက်မရှိတာ သူသိတယ်။ ပြီးတော့ သူ့သမီးလေးက စာသာမတော်တာ၊ ကျောင်းမှာ 'ဖလား' လေး ဖြစ်တာ သူ့အမေက သိတယ်။ ဒီတော့ မင်း အခုလုပ်ပုံကို သူ့အမေက ဘယ်လို သဘောထားမလဲ၊ ကဲ အမေကို အသာထားလိုက်ကွာ၊ သမီးဖြစ်သူကကော ဘယ်လို သဘောထားမလဲ"

'ဖလား' ဆိုတာက အဲဒီကာလက ခေတ်သုံးစကား။ ဒီခေတ်ဆိုရင်တော့ 'စတား' ဖြစ်မယ်ထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ် အဲဒီတုန်းက ကိုယ် ပြာပြာသလဲ တုံ့ပြန်ဖြစ်ခဲ့သည်၊

"ရွှန်းလဲ့က ကိုယ့်ကို ဘာသဘောထားစရာမှ ရှိမှာမဟုတ်ပါဘူး သူငယ်ချင်းရာ၊ ဒီနေ့ မင်းပြောတာတွေက အဆန်းတွေဖြစ်နေပြီ"

"ကိုယ်ကဆန်းတာ မဟုတ်ဘူး၊ မင်းတို့က ဆန်းနေတာ၊ အေးလေ မင်းက မဆန်းဘူးဆိုရင်လည်း ပြီးတာပါပဲ၊ တစ်ခုတော့ ရှိတယ် သူငယ်ချင်း၊ မင်း သူများကိုတော့ လိမ်ချင်လိမ်၊ ကိုယ့်ဘာသာတော့ မလိမ်နဲ့ပေါ့ကွာ"

ချစ်သူငယ်ချင်းက ဒီလိုတွေ ပြောလာတော့ ကိုယ်လည်း စဉ်းစားရပြီ။ ဒါပေမဲ့ ကိုယ့်ဘာသာလိမ်နေတာလားဆိုသော မေးခွန်းကို ကိုယ့်ဘာသာ မေးမကြည့်လိုပါ။ ထိုစဉ်က ရွှန်းလဲ့ကိုမှမဟုတ်၊ ဘယ်သူ့ကိုမှ မရိုးမသားစိတ်ဖြင့် တွယ်တာဖို့ စိတ်မကူးမိသောကြောင့် ဖြစ်သည်၊

အကြောင်းတစ်ခုက ထိုစဉ်က ကျောင်းတက်ရင်း နိုင်ငံရေးလှုပ်ရှားမှုတချို့မှာ ကိုယ်ဝင်ရောက်ပတ်သက်နေမိတာတွေ ရှိသည်။ ဇာတ်လမ်းစခဲ့တာကတော့ ကိုယ်တို့ အဆောင်နားက စက်ရုံတွေမှာ အလုပ်သမားဆန္ဒပြပွဲများ ဖြစ်ခဲ့ပြီး ထိုအလုပ်သမားတွေက လုပ်ခ မလောက်လို့ ဆန္ဒပြရခြင်းဖြစ်ပြီး နိုင်ငံရေးလှုပ်ရှားမှု မဟုတ်ကြောင်း တစာစာပြောနေသည့်ကြားမှ သေနတ်ဖြင့် လာပစ်သွားတာကစသည်။



ထိုစဉ်က အဆောင်ဘက်ကို ပြန်လည်ထွက်ပြေးလာရသော ကိုယ့်ရင်ထဲမှာ ထိုမျှရက်စက်သူကြီးတွေကို ဖယ်ရှားဖို့ ကိုယ့်ဆီက ဘာပဲ ပေးရ ပေးရ၊ လုပ်မည်ဟု တစ်ခါတည်း ဆုံးဖြတ်ဖြစ်ခဲ့သည့် သဘောဖြစ်သည်။

မှတ်မှတ်ရရ အဲဒီနေ့ညရှစ်နာရီသတင်းအပြီးမှာ ပူပူနွေးနွေး ရွေးကောက်ပွဲဖြင့်တက်လာသော ဝန်ကြီးချုပ် ဦးစိန်ဝင်းက အသံဝါဖြင့် ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်၊ ရန်ကုန်မြို့တွင် လက်ဝဲလက်ယာအဖျက်သမားတို့၏ သွေးထိုးလှုံ့ဆော်မှုကြောင့် အလုပ်သမားဆူပူဆန္ဒပြလှုပ်ရှားကြောင်း အစချီပြီး 'သို့ဖြစ်ရာ မိမိတို့အစိုးရအနေဖြင့် အပြည်သူက အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အသုံးချလျက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းတည်ငြိမ်ရေးတို့အတွက် လိုအပ်သလို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရလိမ့်မည် ဖြစ်ကြောင်း သတိပေးလိုက်သည်' ဆိုသော သဘောမျိုးကြေညာသွားခဲ့ခြင်းဖြစ်သည်။ ယင်းကြေညာချက်ကို ကြားသိသော မြန်မာနိုင်ငံတစ်ဝန်းမှ ပြည်သူလူထုက အလုပ်သမားများကို နောက်ဆုံးအကြိမ် သတိပေးနေပြီး သပိတ်မလှန်ခဲ့လျှင် အရေးယူမှု ပြင်းပြင်းထန်ထန် လုပ်တော့မည်ဟု ထင်ကြမည် ဖြစ်သော်လည်း ထိုအချိန်တွင် သူတို့ရက်ရက်စက်စက် ပစ်ခတ်ပြီးသွားသည်မှာ လေးနာရီကျော်ခန့်ပင် ကြာသွားပြီဖြစ်သည်။ ရက်စက်တတ်သလောက် ပြောင်ကြီးလိမ်ရဲလိုက်ကြတာ ဟူ၍ ဒီလူကြီးများအပေါ်ကို တစိမ့်စိမ့် တွေးပြီး တဆစ်ဆစ်မုန်းတီးမှုသည် ၁၉ နှစ်သားတစ်ယောက်၏ နှလုံးသားထဲတွင် ဆူးတစ်ချောင်းလို စူးသွားခဲ့သည်။

ထိုအချိန်မှစပြီး နိုင်ငံရေးလှုပ်ရှားမှုများအတွင်းသို့ ထဲထဲဝင်ဝင် ပတ်သက်ခဲ့သော ကိုယ်သည် စက်မှုတက္ကသိုလ်မှ ကိုဝဏ္ဏ၊ ကိုဇေအောင်လင်း၊ ဆေးတက္ကသိုလ်မှ ကိုစိုးရင်၊ လုပ်သားကောလိပ်မှ ကိုကျော်သူတို့နှင့် အဆက်အသွယ်ရကာ ကိုယ့်တက္ကသိုလ်မှ နေ့ကျောင်းသား

Asian Fame Media Group

ကိုစန်းရီ၊ ကိုစိုးလွင်၊ ကိုဇော်လင်းတို့နှင့် ပူးပေါင်းပြီး ဦးသန့်အရေးအခင်း၊ အလုပ်သမားနှစ်ပတ်လည်နှင့် မှိုင်းရာပြည့်အရေးအခင်းများတွင် တက်တက်ကြွကြွ လုပ်ဖြစ်ခဲ့သည်။ အဆောင်မှာတော့ ကိုယ်က သိုသိုသိပ်သိပ်နေထိုင်ပြီး လှုံ့ဆော်စာတမ်းများကို တစ်ဦးတည်း မီးချောင်းဖြင့် လိုမ့်ပြီး သမိုင်းအဆောင်များအနှံ့ ညမှာ ဝေခဲ့တာတွေ ရှိသည်။

ယင်းကာလတွင် အဖိနှိပ်ခံ အလုပ်သမားနှင့် ကျောင်းသားတို့ဘက်က ဘာပဲဖြစ်ဖြစ် ရပ်တည်ပါဝင်မှုဖြစ်မည်ဟု ဆုံးဖြတ်ခဲ့မိသောကိုယ့်ဘဝမှာ ဘာတွေ ဆက်ဖြစ်မယ်ဆိုတာ ကိုယ်မသိ။ အရင်းအနှီးများကောင်းများမည်။ စွန့်စားမှုတွေ၊ စွန့်လွှတ်ရမှုတွေ ရှိချင် ရှိမည်။ ဒီအနေအထားမှာ ကိုယ် ဘယ်သူ့ကိုမှ သံယောဇဉ်မတွယ်လို။ ကိုယ်နှင့်ပတ်သက်ပြီး ဘယ်မိန်းကလေးကိုမှလည်း စိတ်ခံစားမှု မပေးလို။

ပြီးတော့ ကိုယ့်စိတ်ထဲမှာ မိန်းကလေးတစ်ဦးကို သူ့ဘဝအတွက် ကိုယ်တာဝန်ယူနိုင်သော အနေအထားရှိမှသာ တွယ်တာသင့်သည်ဟူသော အစွဲကလည်း ရှိနေခဲ့သည်။ ထိုစဉ်က ဘွဲ့ရလျှင် ဘာအလုပ်ရမည်ဆိုတာ ကိုယ့်ဘာသာ မသေချာ။ တစ်နှစ်တစ်ထောင်ခေါ်နေတဲ့ အီကိုကိုလျှောက်တဲ့ကောင်တွေ အလုပ်လက်မဲ့ဖြစ်ဖို့က သေချာနေပြီဆိုသော အသံမျိုးတွေကိုလည်း ဟုတ်လိမ့်မလားဟု သောကစိတ်ဖြင့် ပူပန်နေချိန်လည်း ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဒီအကြောင်းတွေကြောင့် ရွှန်းလဲ့နှင့်ပတ်သက်ပြီး လိမ်နေတာလား၊ တကယ်လားစသဖြင့် ကိုယ့်ဘာသာ မေးရန်အကြောင်း မပေါ်ပေါက်တော့။ တစ်ရက်မှာတော့ မိုးနှင်းကပါ ဘာလို့မေးပါလိမ့်ဟုဆိုတာ မကြာခင် အဖြေတွေ့လာသည်။

တနင်္ဂနွေတစ်ရက်မှာ အလျှုတစ်ခုမှအပြန် စိုးငြိမ်းတို့အိမ်ဝင်ဖြစ်စဉ် စကားရယ်လ်ဘယ်လ်ကစားဖို့ ကိုယ်အဆိုပြုသည်ကို ရွှန်းလဲ့က သဘောမတူ။ တက္ကသိုလ်ကျောင်းသားတွေနှင့် ပြိုင်ပြီး အင်္ဂလိပ်စာလုံးမဆက်ချင်ဟုဆိုကာ ကျားပဲ ကစားမည်၊ လေးယောက်ကို နှစ်ပွဲစီခွဲကစားပြီး နိုင်သူချင်း၊ ရှုံးသူချင်း ပြန်ကစားမည်ဟု ဆိုသည်။ ပွဲစဉ်ကို မဲနှိုက်၊ ဒါမှမဟုတ် ခေါင်းပန်းလှန်ပြီး ဆုံးဖြတ်မည်ဆိုတာကိုကျ ရွှန်းလဲ့က သဘောမတူ။ သူနှင့် ကိုယ်က တစ်ပွဲ၊ စိုးငြိမ်းနှင့် မိုးနှင်းက တစ်ပွဲ ကစားမည်ဟု ဆိုသည်။

"အစ်ကိုတို့က လူညစ်တွေ၊ မကစားချင်ဘူး၊ အစ်ကိုနိုင်နဲ့ပဲ ကစားမယ်၊ အစ်ကိုနိုင့်ကို နိုင်မှ ဖိုင်နယ်ကျရင် အစ်ကိုတို့ထဲက နိုင်တဲ့သူနဲ့ ဆော့မယ်လေ" ဟုဆိုသည်။ တိုတိုပြောရလျှင် သူ့ကိုအလိုလိုက်ပြီး သူပြောသလို ကစားသည့်အခါ သူ့အလှည့်မှာ ရွှေ့ပြီးသား တစ်ကွက်ကို ပြန်ရွှေ့သဖြင့် ကိုယ်နှင့် ငြင်းရခုံရသည်။

ကိုယ်ကလည်း လျှော့မပေး။ စည်းကမ်းအတိုင်းပဲဟုဆိုကာ ပြန်ရွှေ့ခွင့်မပေး။ ဒီတော့ . . .

"ညီမလေးတစ်ယောက်လို ရှိတာ ဒီလောက်ကလေးတောင် လျှော့မပေးချင်ဘူး" ဘာညာဖြင့် ချွဲနွဲ့နေသည်။

ဘေးတစ်ဖက်မှာ စိုးငြိမ်းနှင့် ကျားထိုးနေသော မိုးနှင်းက သူ့ကျားကွက်ထက် ကိုယ်တို့စကားကွက်ကို စိတ်ဝင်တစား နားစွင့်နေတာ ကိုယ်သတိထားမိလိုက်သည်။ အရင်ဆိုရင်တော့ "ကဲ ဒါဆိုလည်း ဒီတစ်ခါတော့ ထားလိုက်တော့၊ နောက်ထပ်တော့ မရဘူးနော်" ဆိုတာမျိုးဖြင့် သူ့ကို ပြန်ရွှေ့ခွင့်ပေးလိုက်မည်။

အခုတော့ မိုးနှင်းကြောင့်ပဲ သူ့ကို ခပ်တင်းတင်းပဲ ဆက်ဆံလိုက်သည်။ "မရဘူး မရဘူး၊ စည်းကမ်းအတိုင်းပဲ၊ ကစားချင် ကစား၊ မကစားချင်လည်း နေ" ဟု ပြောလိုက်သည်။ ရွှန်းလဲ့က ဘာမှမပြောတော့ဘဲ မျက်နှာညိုညိုဖြင့် စိတ်မပါတပါရွှေ့ရင်း ပွဲက မြန်မြန်ပြီးသွားသည်။ ကိုယ်လည်း သူ့ကို ပြန်မချော့ဖြစ်။

မချော့ရုံမက မိုးနှင်းအကြည့်ကိုပြန်မြင်ယောင်ရင်း ရွှန်းလဲ့နှင့် အနေအထိုင် ဆင်ခြင်ရမည်ဟု တွေးမိပြီး သုံးလေးရက် သူတို့အိမ်မသွားဘဲ နေလိုက်သည်။ ဒုတိယရက်မှာ မိုးနှင်းလာခေါ်တာပင် ငြင်းလိုက်သည်။ ဆွဲလက်စ ပန်းချီကားတစ်ချပ်ရှိ၍ဟု အကြောင်းပြခဲ့သည်။

နောက်နေ့ နေ့လယ်မှာတော့ မိုးနှင်းထပ်ရောက်လာပြီး စာမေးစရာရှိလို့ လာဖြစ်အောင်လာပါဟု ရွှန်းလဲ့က မှာလိုက်ကြောင်းပြောတော့မှ ရှောင်မနေသာဘဲ ရောက်သွားခဲ့သည်။

"အစ်ကိုနိုင်က ရက်စက်တယ်နော်၊ ကျားလေးတစ်ကွက် ပြန်ရွှေ့မိတာနဲ့ ရွှန်းလဲ့ကို သေခန်းဖြတ်တော့တာပေါ့၊ ဟုတ်လား"

"မဟုတ်ပါဘူးကွာ၊ ပန်းချီဆွဲလက်စလေး အချိန်ယူပြီး အဆုံးသတ်နေလို့ပါ"

"ဘယ်သူ့ပုံမို့ ဒီလောက်အရေးတကြီးဆွဲနေရတာလဲ"

"ဘယ်သူ့ပုံမှ မဟုတ်ပါဘူး၊ မြင်းက ပန်းချီပုံတစ်ပုံကြိုက်လို့ ကူးဆွဲနေတာ"

"မဟုတ်ပါဘူး၊ ကောင်မလေး ချောချောပုံမို့ ဒီလောက်အချိန်ပေးဆွဲနေတာပေါ့၊ ဟုတ်တယ်မဟုတ်လား"

အရင်ဆိုရင်တော့ "ကောင်မလေးချောချောပုံဆိုလို့ အရင်လက တစ်ပုံဆွဲဖူးတာပဲ ရှိပါတယ်" ဆိုတာမျိုး သူ့မွေးနေ့ပုံကို ရည်ညွှန်းပြီး စနောက်ပြောမှာဖြစ်ပေမယ့် အခုတော့ မဟုတ်ပါဘူးဟုသာ ခပ်လွယ်လွယ် ခပ်ပြတ်ပြတ်ငြင်းလိုက်သည်။ ပြီးတော့ သူမေးမည့်စာအကြောင်း မေးကြည့်တော့ သင်္ချာပုစ္ဆာတချို့ တွက်မရကြောင်း ပြောသဖြင့် သင်ပေး ပြပေးရသည်။ ရွှန်းလဲ့က သင်္ချာအတော်ညံ့သည်။ ဒီတော့ သင်္ချာပုစ္ဆာကို အကြောင်းလိုက် အပိုဒ်လိုက် အလွတ်ကျက်ထားတာမျိုး လုပ်တတ်သဖြင့် ကိုယ်က မကြာခဏ ဆူပူရသည်။ အဲဒီနေ့က . . .

"မင်း အဲဒီလိုပုံနဲ့တော့ ဆယ်တန်း အောင်မှာမဟုတ်ဘူး၊ တက္ကသိုလ်လည်း ရောက်မှာမဟုတ်ဘူး" ဟုပင် ပြောလိုက်မိတော့ သူမခံနိုင်ဖြစ်သွားသည်။

"တက္ကသိုလ်မရောက်တော့ ကော ဘာဖြစ်မှာမို့လဲ၊ ဘွဲ့မရတော့လည်း ဘာအရေးကြီးလို့လဲ၊ အစ်ကိုနိုင်တို့အသိုင်းအဝိုင်းမှာက ဘွဲ့ရမှ ဂုဏ်ရှိမှာလား ဟုတ်လား" စသဖြင့် ရန်တွေ့စကားပြောသည်။ ဒီတော့ ကိုယ့်အတွက်က အရေးမကြီးပေမယ့် သူ့ဘဝအတွက် အရေးကြီးကြောင်း ပြောပြပေမယ့် လက်မခံ။

"ကိုနိုင်နဲ့ဆက်ပြီး မောင်နှမခင်နိုင်ဖို့၊ အစ်ကိုနိုင့်ညီမဖြစ်ဖို့က ဘွဲ့ရမှဆိုရင်တော့ ရွှန်းလဲ့ထိုက်နဲ့ ရွှန်းလဲ့ကံသာ ရှိပါစေတော့၊ ဖြစ်မှာမဟုတ်ဘူး အစ်ကိုနိုင်" ဟုပင် နာနာကျင်ကျင် ပြောလာခဲ့သည်။ ဒီတော့လည်း

"အစ်ကိုက စေတနာနဲ့ ရွှန်းလဲ့ကို ထွန်းပေါက်စေချင်လို့ပါ၊ ပြီးတော့ ရွှန်းလဲ့ကျက်စာတွေကျ ရနေတာပဲ၊ သင်္ချာကို ဂရုစိုက်လိုက်ရင် အောင်မှာမို့ ပြောရတာ" ဟု ပြန်ဖြေရ လျှော့ရသည်။

ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ်ရော သူ့ကိုပါ ထိန်းနိုင်ဖို့ မသေချာဖြစ်လာသည့်အခါ ကိုယ်က အနေအထိုင်ကို ပိုဆင်ခြင်မိခဲ့သည်၊ အသွားအလာကို အရင်ထက်လျှော့လိုက်ပြီး တစ်ပတ်ကို သုံးလေးရက်ပဲ သူတို့အိမ်ကို ရောက်တော့သည်။

ဒီအတောအတွင်း ကိုယ်နှင့်နိုင်ငံရေးလှုပ်ရှားဖက် အာဒိုင်တီကျောင်းသားကိုဝဏ္ဏနှင့် အပေါင်းအပါတချို့ ကသာကိုရောက်လာသည်။ တညင်းသီးလာဝယ်တာဟုဆိုပြီး သူနှင့်တက္ကသိုလ်တူ ကိုလင်းအိမ်မှာတည်းပေမယ့် ညဆို ကိုယ့်ဆီမှာအချိန်ကုန်သည်။ သူ့ဆီက ဦးနေဝင်း မြင်းလောင်းသည့်အကြောင်း ဓာတ်ပုံနှင့်တကွ ရေးထားသည့် ရီးဒါးဒိုင်ဂျက်စ်ဆောင်းပါးကို ရသည်။ ယင်းဆောင်းပါးက မြန်မာပြည်ကို သွင်းမရဘဲ ပိတ်ထားတာမို့ ကိုဝဏ္ဏဆီက ယူဖတ်ရင်း၊ ထပ်ဖြန့်ဖို့ လက်ရေးဖြင့်ပြန်ကူးရင်း ရွှန်းလဲ့တို့အိမ်ကို မရောက်။

ဒီကြားထဲ ကိုယ်မရောက်သည့် တစ်ရက်မှာ သူတို့အိမ်ကို လမ်းကြုံဝင်လည်သည့် ရွှန်းလဲ့သူငယ်ချင်း နီနီဝင်းက ပြဿနာတစ်ခု ထပ်ရှာသွားခဲ့သည်။

**ရွှေလဆက်ရန်**

**မောင်လွင်မွန်(ကသာ)**

Asian Fame Media Group



Asian Frame Media Group
MEDIA GROUP



# ခြောက်နှစ် ခြောက်လ ခြောက်နာရီ

စုမြဲအောင်

ဝတ္ထုတိုရသ

အာဖရိကတိုက်တွင် Tset Se ခေါ် ဖလိုင်းပိုးကောင်မှတစ်ဆင့် သယ်ဆောင်လာသော ဗိုင်းရပ်ပိုးသည် လူနှင့်တိရစ္ဆာန်များကို အလွန်ဆိုးဝါးစွာ ခြောက်လှန့်လျက်ရှိကာ အိပ်ငိုက်ရောဂါ (sleeping sickness) ကိုဖြစ်စေတတ်၏။ အိပ်ငိုက်ရောဂါဖြစ်ရခြင်း၏ အဓိကတရားခံမှာ ကပ်ပါးပိုး(parasite) တစ်မျိုးကြောင့်ပဲဖြစ်၏။ ယင်းသည် တစက်စီး ယင်ကောင်မှာ ရှိကြောင်းတွေ့ရပြီး လူသွေးကိုစုပ်၊ လူသွေးဖြင့် အသက်ရှင်သန်ရသော ထိုယင်ကောင်က လူကို ကိုက်လိုက်သည့်အခါ ယင်ကောင်အတွင်းရှိ ကပ်ပါးပိုးသည် လူ့ခန္ဓာကိုယ် သွေးကြောများထဲသို့ အလျင်အမြန် ဝင်ရောက်သွားတော့၏။ သုံးနှစ်မှ ငါးနှစ်အထိ ကာလအတွင်းမှာ လူ၏အာရုံကြောနာ့ဗ်ကြောအဖွဲ့အစည်း (nervous system)တို့ကို တိုက်ခိုက်ဖျက်ဆီးတော့သည်။ ယင်းကြောင့် အာရုံကြောထိခိုက်သွားကာ ဝေဒနာရှင်များသည် အားအင်ချည့်နဲ့လာကြပြီး မပြောနိုင်၊ မဆိုနိုင်၊ မစားနိုင် မသောက်နိုင်၊ မသွားနိုင်၊ မလျှောက်နိုင်ဖြစ်သွားရတော့၏။

နောက်ဆုံးတွင် အိပ်ငိုက်ရောဂါဝေဒနာသည်မှာ အိပ်မောကျသွားပြီး မနိုးသောအိပ်ခြင်းဖြင့် အိပ်ပျော်ကာ သေဆုံးသွားရတော့သည်။

နေရဲသည် ဖတ်လက်စ မဂ္ဂဇင်းစာအုပ်ကို ပိတ်လျက် ဝမ်းသာအားရ ထခုန်လိုက်သည်။ အဖြေတစ်ခုကို ရှာတွေ့လေပြီ။ ထိုစာအုပ်ကိုယူကာ သော်သော်ဝေ့ ထံ အပြေးသွားသည်။

◆

'မဖြစ်နိုင်တာ မောင်ရယ်၊ အာဖရိကတိုက်မှာ ဖြစ်တဲ့ အိပ်ငိုက်ရောဂါက ဒီမြန်မာပြည် ရန်ကုန်မြို့လယ်ကောင်မှာ နေနေတဲ့ ကျွန်မဆီကို ဘယ်လိုရောက်လာနိုင်မှာလဲ၊ အင်း မောင်လည်း ကျွန်မအတွက်နဲ့ ရူးကြောင်ကြောင်ဖြစ်နေပြီ တူပါရဲ့ရှင်'

ပြောပြောဆိုဆို သော်သော်ဝေ ပြန်ပေးလာသည့် စာအုပ်ကိုကိုင်ကာ နေရဲ ခေါင်းကုတ်မိသည်၊ တကယ်လည်း သူ ရူးချင်နေပါပြီ။ ကြည့်စမ်းပါဦး၊ သော်သော်ဝေ့အဖြစ်က မယုံနိုင်စရာ။ ပြီးတော့ ဗုံ့ဩစရာ။ တခြားမိန်းကလေးတစ်ယောက်သာဆိုလျှင် သူမအား စိတ်ဝင်စားမှုပိုအောင် ဂရုစိုက်မှုပိုအောင် သက်သက်မဲ့ စိတ်ကူးယဉ် ဖွဲ့နွဲ့ထားသည့် ဇာတ်လမ်းတစ်ပုဒ်ဟု သူစွပ်စွဲမိချေမည်။ အခု သော်သော်ဝေသည် သူ၏ချစ်သူ၊ ခိုင်မာသော စိတ်နှလုံးသားမျိုးနှင့် စိတ်ကူးယဉ်လေ့မရှိသည့် မိန်းကလေးတစ်ယောက်။

သော်သော်ဝေ၏ ထူးဆန်းဖွယ်အဖြစ်အပျက်တစ်ခုက လွန်ခဲ့သော ၁၀ ရက်ခန့်က ညနေခင်းတစ်ခုမှာ အစပျိုးခဲ့သည်။ မှတ်မှတ်ရရ ဇွန်လ ၆ရက်၊ ချစ်သူသက်တမ်း တစ်နှစ်တိတိပြည့်ခဲ့သည့်နေ့၊ သူနှင့်လျှောက်လည်အပြီး အိမ်ပြန်အရောက်မှာ စဖြစ်ခဲ့သည်ဟု သော်သော်ဝေဆိုခဲ့၏။

"ဟုတ်တယ်မောင်၊ အဲဒီနေ့ညနေက ကျွန်မတိုက်ရောက်တော့ ရေချိုးတယ်၊ ရေချိုးပြီး မောင့်ကို သတိတရနဲ့ အခန်းထဲမှာ တစ်ယောက်တည်း ဂစ်တာထိုင်တီးနေဖြစ်ခဲ့တယ်။ သီချင်းဆိုမလို့ အစပျိုးရုံလေးရှိသေး ဂစ်တာကြိုးကထောင်းခနဲပြတ်သွားရော၊ ကျွန်မ စိတ်ထဲမှာ တစ်မျိုးကြီးပဲ" ဟုပြောခဲ့သေးသည်။ အဲဒီတုန်းက "ဂစ်တာကြိုးပြတ်တာ ဘာဆန်းလဲ သော်သော်ဝေရဲ့" ဟု နေရဲ ဆိုခဲ့သေးသည်။ သော်သော်ဝေက အကြောက်အကန်ငြင်းဆိုခဲ့သည်။

"ဟင့်အင်း ဆန်းတယ်မောင်ရဲ့၊ ထူးဆန်းတယ်၊ ပြတ်ချင်းပြတ် ၁ ကြိုး၊ ၂ ကြိုး၊ ၃ ကြိုးတွေပဲ ပြတ်ရမှာ၊ အဲဒါတွေပြတ်တတ်လို့ အပိုလည်း ဆောင်ထားတတ်တဲ့ဟာ၊ အခုဟာက ပြတ်လေ့ပြတ်ထမရှိတဲ့ နံပါတ် ၆ ကြိုးက ရုတ်တရက်ကြီး အလယ်ကောင်တည့်တည့်က ပြတ်ထွက်သွားတာ၊ ကြိုးတွေကအဲဒီမနက်ကမှ အကုန်တစ်စုံလုံး လဲတပ်ထားခဲ့တာ အကောင်းပကတိ လတ်လတ် ဆတ်ဆတ်ကြိုးတွေ။ မောင်လည်း ဂစ်တာအကြောင်း နားလည်မှာပဲ၊ မနက်ကမှ လဲတပ်ခဲ့တဲ့ အသစ်စက်စက်ကြိုးတွေ၊ နံပါတ် ၆ ကြိုး အလယ်တည့်တည့်ကပြတ်ထွက်တာ မောင် တွေ့ဖူးလို့လား"

ထူးတော့ထူးဆန်းသားဟု သူတွေးနေစဉ် သော်သော်ဝေက နောက်ထပ်ထူးဆန်းစရာများကို ဆက်တိုက်ပြောပြခဲ့သည်။

Asian Family Media Group

"ဂစ်တာလည်း တီးလို့မရတာနဲ့ ကျွန်မ စာအုပ်ဖတ်နေလိုက်တယ်။ စာအုပ်ထဲလည်း စိတ်မဝင်စားဘူး ဖြစ်နေတယ်။ နားထဲမှာ မိုးသံလေသံတွေ ဆူညံနေတာပဲ၊ စိတ်ထဲကြောက်လာတယ်၊ မောင်သိသားနဲ့ ကျွန်မက ကြောက်တတ်တဲ့သူမှ မဟုတ်တာ၊အခု အလိုလိုနေရင်း စိတ်တွေ ချောက်ချားလာတယ်၊ ကြက်သီးတွေပါ တဖြန်းဖြန်းထလို့၊ ချမ်းစိမ့်စိမ့်အေးစက်စက် ဖြစ်လာလို့ ပြတင်းတံခါးကို သွားပိတ်လိုက်သေးတယ်၊ အပြင်ဘက်မှာ မိုးမရွာ၊ လေမတိုက်ဘူး။ သိပ်ထူးဆန်းတာပဲ။ ချမ်းစိမ့်စိမ့်ဖြစ်တဲ့ကြားက ကျွန်မ တစ်ကိုယ်လုံး ချွေးတွေ စို့နစ်လာတယ်။ နေရတာ မလုံမလဲဖြစ်သလိုနဲ့၊ တစ်ယောက်ယောက်က ကျွန်မကို ကြည့်နေတယ်လို့ ခံစားနေရတယ်။ ထိုင်မရထမရနဲ့ စိတ်တွေ ချောက်ချားလိုက်တာ၊ အဲဒီမှာ အိမ်မှာမွေးထားတဲ့ ကြောင်လေး ဖြူပြာက ကျွန်မအခန်းထဲ ဝင်လာပြီးမှ တညောင်ညောင်နဲ့ အမွေးတွေ ထိုးထောင်ဖွားထွက်လာတဲ့ အထိ တစ်ခန်းလုံး ပြေးလွှားအော်ဟစ်သောင်းကျန်းပြီး အခန်းထဲကနေ ပြေးထွက်သွားတယ်။ သူကြည့်ရတာ တစ်ခုခုကိုမြင်ပြီး ကြောက်လန့်ထွက်ပြေးသွားသလိုပဲ ကျွန်မ ပိုကြောက်လာတယ်။ ကြိုးစားပြီး စာအုပ်ထိုင်ဖတ်ပြန်တော့ စာအုပ်က ကျွန်မ လက်ထဲကနေ ပြုတ်ပြုတ်ကျတဲ့အထိ ကျွန်မထိုင်လျက်ကြီး အိပ်ငိုက်လာတယ်။ စားပွဲပေါ် စာအုပ်ပြုတ်ပြုတ်ကျပုံက တစ်ယောက်ယောက်က လက်နဲ့ ပုတ်ပုတ်ချနေသလိုမျိုးပဲလို့ တွေးမိရင်း ကျွန်မ အရမ်းကိုကြောက်လာတယ်။ အဖေနဲ့အမေလည်း ပြန်မလာသေးဘူး။ အိမ်မှာတစ်ယောက်တည်းရယ်။ အကြောက်ပြေ မောင့်ဆီ စာရေးမယ်ဆိုပြီး စာရွက်နဲ့ ဘောပင်ယူလိုက်တယ် ထိပ်ဆုံးမှာ ကျွန်မရေးလိုက်တာကတော့ မောင်ဆိုတဲ့စာလုံးပဲ၊ တကယ်တမ်း ကျွန်မရေးဖြစ်တာ. . ."

◆

"ဘာတွေ တွေးနေတာလဲ မောင် စာအုပ်ကြီးကိုင်ပြီး"

သော်သော်ဝေ့အသံကြောင့် အတွေးစပြတ်သွားတာ နေရဲက သော်သော်ဝေ့ကို လှည့်ကြည့်လိုက်သည်။

"မောင်ကပါ ကျွန်မကို မယုံချင်ဖြစ်နေပြီလား၊ ဖေဖေမေမေတို့လည်း ဒီလိုပဲ၊ အဲဒီနေ့က သူတို့ ပြန်လာတော့ ကျွန်မအဖြစ်အပျက်ကို ပြောပြတာ၊ အိပ်ပျော်သလို အိပ်ငိုက်သလို ဖြစ်ရာကနေ ရေးခြစ်ခဲ့တဲ့ ဟောဒီ ပန်းချီကားကိုပါ သက်သေအဖြစ်ပြတာ သူတို့လည်း မယုံကြဘူး"

"မောင်ယုံပါတယ် ထူးဆန်းလွန်းလို့ အံ့သြစိတ်နဲ့ မယုံမရဲဖြစ်မိတာပါ"

နေရဲက သော်သော်ဝေပြသည့် ပန်းချီပုံကို သေသေချာချာ ကြည့်နေသည်။ ရှင်းလင်းပြတ်သားသော ရေးခြစ်ဟန်များက အိမ်တစ်လုံးပုံကို အတိအကျ ဖော်ဆောင်နေသည်။ အိမ်သည် ကြီးမားကျယ်ပြန့်လွန်းသော်လည်း ခမ်းနားသစ်လွင်ဟန်မရှိ၊ အိမ်နံရံများဆီတွယ်တက်နေသည့် နွယ်ပင်တချို့တို့ကြောင့် ရင့်ရော် အိုဟောင်းဟန်အပြည့်ရှိသည်။ ထူးဆန်းသည်က အိမ်၏ အမိုးထိပ်မှာ ဆိုင်းဘုတ်တစ်ခုရှိပြီး Deep Peril ဆိုသည့် စာလုံးကို သေးငယ်စွာ (သို့သော်) ပီပီသသ တွေ့ရခြင်းပင်။ အဓိပ္ပာယ်ကို စဉ်းစားမိတော့ နေရဲ ကျောချမ်းချင်သည်။ ရှာရှာဖွေဖွေ ဒီနာမည်စာလုံးကို သော်သော်ဝေ ဘယ်ကရကာ ဘယ်လိုရေးခဲ့တာပါလိမ့်။ ညာဘက်အောက်ခြေ ထောင့်စွန်းမှာ ပန်းချီရေးသူတို့၏ ထုံးစံအတိုင်း ဆိုင်းတစ်ခု ရေးထိုးထားသည်၊ D.P ဟု အတိုကောက် ရေးထိုးထားသည်။ Deep Peril ၏အတိုကောက်စာလုံး။ နေရာလွတ်တွေမှာ ၆၆၆ ဆိုသည့် ဂဏန်းသုံးလုံးကို တွဲလျက်သား များပြားစွာ ရေးခြစ်ထားသေးသည်။ ဝလုံးတောင်မှ ဝိုင်းစက်အောင် မရေးတတ်၊ မျဉ်းတစ်ကြောင်းကိုမှ ဖြောင့်တန်းအောင် မရေးဆွဲတတ်သည့် သော်သော်ဝေက ဒီပန်းချီကို အိပ်ငိုက်နေသည့်ကြားက တစ်ယောက်တည်း ဆွဲမှန်းမသိ ဆွဲနေခဲ့သည်တဲ့။ ချစ်သူ သော်သော်ဝေကို ယုံကြည်သော်လည်း အဖြစ်အပျက်က ယုံကြည်စရာ တစ်စက်မှမရှိ။

"မောင်ပြတဲ့ ဆောင်းပါးထဲကလို အိပ်ငိုက်ရောဂါမျိုး မဟုတ်တာတော့ သေချာတယ် မောင်၊ ဒီစာအရဆိုရင် ကျွန်မ အားအင်ချည့်နဲ့ပြီး မစားနိုင် မလှုပ်ရှားနိုင် ဖြစ်သွားရမှာ၊ အခု ကျွန်မကိုကြည့် အားလုံးအကောင်းပဲ၊ အဲဒီ ညနေ ၆ နာရီ အချိန်ပိုင်းတစ်ချက်ကလေးပဲ အိပ်ငိုက်သွားပြီး ဒီပုံတွေကို ဆွဲဆွဲနေမိတာ၊ ဘယ်လောက်ထူးဆန်းလဲ၊ မြန်လိုက်တာ၊ ပြီးတာနဲ့ ကျွန်မစိတ်တွေ ကြည်ကြည်လင်လင်ပဲ ဘယ်မှာ အိပ်ငိုက်တော့လို့လဲ"

"မိသားစုနဲ့ အဲဒီအချိန်မှာ ဝိုင်းဖွဲ့နေရင်ကော၊ တစ်ခုခုရှောင်လွှဲလုပ်နေတာမျိုး၊ ဉပမာ ဘုရားရှိခိုးတရားထိုင်နေတာမျိုးပေါ့"

"ကျွန်မ အမျိုးမျိုး သတိထားလုပ်ကြည့်ပြီးပြီ မောင်၊ ဘယ်လိုမှ မရဘူး၊ အဲဒီအချိန်ဆို ဘာကြီးပဲလုပ်

အိမ်မှာ တစ်ယောက်တည်း ရယ်။ အကြောက်ပြေ မောင့်ဆီ စာရေးမယ် ဆိုပြီး စာရွက်နဲ့ ဘောပင်ယူလိုက်တယ် ထိပ်ဆုံးမှာ ကျွန်မ ရေးလိုက်တာကတော့ မောင်ဆိုတဲ့စာလုံးပဲ၊ တကယ်တမ်း ကျွန်မရေးဖြစ်တာ. . .



နေနေ ခြေထောက်တွေက အခန်းထဲကို အပြေးသွားမိတာချည်းပဲ၊ ပထမဆုံးနေ့ကို ကြောက်လန့်တာမျိုးတော့ မဖြစ်မိတော့ဘူး၊ နောက်နေ့တွေမှာ အိပ်ငိုက်ငိုက်သွားပြီး ဒီပုံတွေ ရေးမိတာပဲ"

မိတ္တူစက်ဖြင့် ကူးထားသလို တစ်ထပ်တည်းကျနေသော ပန်းချီရုပ်ပုံ စာရွက် ၉ ရွက်ကို ကြည့်ပြီး နေရဲ တကယ့်ကို ဦးနှောက်ခြောက်လာပြီ။ သော်သော်ဝေ့ခမျာ ဘယ်လောက် ဦးနှောက်ခြောက်လိုက်မလဲ၊ စာနာစိတ်ဖြင့် ချစ်သူကို ကူညီချင်သော်လည်း သူဘယ်လိုမှ မကူညီနိုင်။ ခုချိန်ဆို သော်သော်ဝေသည် ၁၀ ပုံမြောက် ရုပ်ပုံကို အိပ်ငိုက်လျက် ရေးဆွဲနေလိမ့်မည်၊ မနေ့က ညနေ ၅ နာရီကတည်းက သော်သော်ဝေ့ကို ခေါ်ထုတ်လာကာ ဒီဆူးလေ ရင်ပြင်တော်ပေါ်မှာ သူနှင့်အတူ ရှိနေစေခဲ့သည်။ ၆ နာရီထိုးရန် ၁၅ မိနစ်အလိုမှာ သော်သော်ဝေသည် သူနှင့်အတူ ဘုရားဝတ်ပြုနေရာက ရုတ်တရက် လှုပ်လှုပ်ရှားရှားဖြစ်ပြီး အိမ်ပြန်မယ် အိမ်ပြန်မယ်ဆိုကာ ၃၅ လမ်းထဲရှိ သူမ၏တိုက်ခန်းသို့ အပြေးအလွှား ပြန်ပြေးခဲ့သည်။ ချစ်သူရှိကြောင်း သော်သော်ဝေက အိမ်ကို အသိမပေးလို ဟုဆိုထားသဖြင့် တိုက်လှေကား အောက်ခြေသို့သာ နေရဲ လိုက်ပို့ခဲ့ရသည်။ မဖြစ်ချေတော့ မနက်ဖြန်ကျရင်တော့ ဒီကိစ္စကို မဖြစ်ဖြစ်သည့်နည်းဖြင့် တားဆီးရန် ကြိုးစားမည်ဟု နေရဲ ဆုံးဖြတ်လိုက်သည်။

◆

အလွယ်တကူ ထပြန်လို့မရနိုင်သော နေရာ နေရဲ စဉ်းစားမိသည်။ ခဝဲခြံ(အင်းစိန်)ရှိ သူ့သူငယ်ချင်း စောမူးလာ၏ အိမ်သို့ သော်သော်ဝေ့ကို ခေါ်လာခဲ့သည်။ ဒါထက်ဝေးသောနေရာသို့ ခေါ်သွားချင်သော်လည်း သော်သော်ဝေက စိတ်ဆိုးနိုင်သည်။ သူမမိဘများက အထင်အမြင်လွဲမှားနိုင်သည်။ သို့နှင့် စိတ်ချယုံကြည်ရသော သူငယ်ချင်း မူးလာ၏အိမ်သို့ ခေါ်ခဲ့ခြင်းဖြစ်သည်။ မူးလာက ဦးလေးနှင့်နေသည်၊ သူ့ဦးလေး ခရီးသွားသည်မို့ ဒီအကြံကို နေရဲ ရလိုက်ခြင်းဖြစ်သည်။ သို့သော်

Asian Fame Media Group

မူးလာတိုလည်း အဖြစ်မှန် ဖွင့်မပြောချင်။ "သော်သော်ဝေနဲ့ အေးအေးဆေးဆေးတွေ့ချင်လို့ ကူညီပါ ၆ နာရီတော့၊ ၇ နာရီလောက်မှ ငါတို့ပြန်မယ်" ဟု ကိုယ့်စိတ်ကူးနှင့်ကိုယ်ပြောသောစကားကို မူးလာက ရယ်ကျဲကျဲဖြင့် "အေးပါ ငါရှောင်ပေးပါ့မယ်"ဟု စနောက်ခဲ့သေးသည်။ ညနေစောင်းလေလေ သော်သော်ဝေမှုပျက်လေလေ။

"မောင်၊ ၃ နာရီကတည်းက ရောက်နေတာ၊ ၅ နာရီပဲ ထိုးတော့မယ်၊ ပြန်မယ်ကွာ လိုက်ပို့တော့" ဟု ဆိုလာတော့ နေရဲ လှုပ်လှုပ်ရှားရှားဖြစ်ရပြီ။ မကြားဟန်ပြုလျက် စကားများ ဟိုပြောဒီပြော ပြောနေသည်ကို သော်သော်ဝေ စိတ်မရှည်တော့။

"မောင်ပြောစရာလေးရှိလို့ပါ။ ခဏလေးပဲ၊ မောင်တို့ ဘယ်တော့ အတူနေကြမှာလဲ၊ အနာဂတ်အတွက် သေသေချာချာ ဆွေးနွေးရအောင်ပါ" ဟု ခပ်ပျော့ပျော့လေသံဖြင့် အချိန်ဆွဲနေသော်လည်း သော်သော်ဝေလက်မခံ။

"နောက်မှ အေးအေးဆေးဆေး ဆွေးနွေးမယ် မောင်၊ အခုအချိန်မရှိဘူး၊ ဒီလောက်အကြာကြီးလည်း အပြင်မထွက်ဖူးဘူး၊ မေမေတို့ စိတ်ပူနေလိမ့်မယ်၊ မဟုတ်မဟတ်တွေ ထင်ကုန်ဦးမယ်"

သော်သော်ဝေက ဝါသနာအရ အိမ်မှာ တစ်ယောက်တည်း ဂစ်တာတီး၊ သီချင်းညည်းနေတတ်သူဖြစ်သော်လည်း အင်မတန် အနေအထိုင်သိမ်မွေ့ယဉ်ကျေးပြီး ဣန္ဒြေသိက္ခာကို ရှေ့တန်းတင်သည့် မိန်းကလေးပဲဖြစ်သည်။ ညနေမိုးချုပ်မှ ပြန်ရောက်လာမည့် သမီးကို မိဘများကအယုံအကြည်နည်းပေလိမ့်မည်ဟု တွေးမိတော့ နေရဲ တစ်ချက် တွေဝေသွားသည်။ ပြဿနာတစ်ရပ်တစ်ရာလည်း ပေါ်ပေါက်လာနိုင်သည်ဟု တွေးမိတော့ ပြန်ပို့ပေးရန် စိတ်ကူးဖြစ်မိသေးသည်။ သို့သော် ဖြစ်ချင်ရာဖြစ်၊ အပြေအပြတ်တစ်ရပ်ရပ်တော့ ယနေ့ပင် သိရအောင်လုပ်မည်ဟု နေရဲ ဆုံးဖြတ်လိုက်သည်။ သော်သော်ဝေ စိတ်ဆိုးချင်လည်း ဆိုးစေတော့ သူမမှုတော့။ လူကြီးတွေနှင့် ပြဿနာဖြစ်လျှင်ဖြစ် သူ့အမှန်ကို ဖွင့်ပြောကာ ဖြေရှင်းမည်၊ ဘာကိုမှ မမှုတော့။ အပြေအပြတ်ခုရအောင်တော့ သူထွက်ထုတ်ချင်သည်။ သည်ညနေ ၆ နာရီ၊ သော်သော်ဝေ သူမအခန်းတွင်းမှာ ရှိမနေလျှင်တော ဘာလုပ်မည်လဲ။ အရင်ညတွေက ရေးဆွဲခဲ့ဖူးသော အိမ်ပုံပန်းချီကားမျိုး ရေးဆွဲဦးမည်လား။ သည်ညနေခန်းမှာ စာရွက်ဘောပင်တွေ ရှိနေတာ မတွေ့ရပါ။ စားပွဲပေါ်မှာ သတင်းစာများသာရှိသည်။ လမ်းထလျှောက်လျက် ဂနာမငြိမ်ဖြစ်နေသော သော်သော်ဝေ့ကို ကြည့်ကာ နေရဲ စိတ်လှုပ်ရှားသည်။

"မောင် တမင်လုပ်တာ သိတယ်၊ မဝီတော့ဘူး၊ ၅ နာရီခွဲပြီ။ အိမ်မပြန်တတ်လို့ ငြိမ်နေတာ၊ ပြန်တတ်လိုက်တော့ ကိုယ့်ဟာကိုယ် ထပြန်သွားပြီ သိလား"

တတွတ်တွတ်ပြောရင်း သော်သော်ဝေသည် ဟိုကြည့် သည်ကြည့် ပိုလုပ်လာသည်။ မျက်လုံးတွေက စာရွက်တွေ ဘောပင်တွေကို ရှာဖွေနေသည်လား။ ရှုပ်ချည်ဖြန့်ချည်ဖြင့် လှုပ်လှုပ်ရှားရှားဖြစ်လာသော လက်ချောင်းကလေးများကို အသာဆွဲယူလျက် နေရဲက သူ့အနားမှာ ထိုင်နေစေသော်လည်း သော်သော်ဝေက ငြင်းဆန်သည်၊ အသာလွှတ်ပေးထားလိုက်ပြီး တိတ်ဆိတ်စွာဖြင့်သာ သော်သော်ဝေ့ကို နေရဲ အကဲခတ်နေသည်။ ၆ နာရီထိုးရန် ၁၀ မိနစ်သာ လိုတော့သည်။ မျက်စိနောက်အောင် ဟိုဟိုသည်သည် လမ်းလျှောက်ရင်း ဗျာများလှုပ်ခတ်နေသော သော်သော်ဝေ့ကိုကြည့်ကာ နေရဲ ခေါင်းပင်မူးလာသည်။ ၆ နာရီထိုးရန် ၅ မိနစ်။ နေရဲ ခေါင်းမူးရုံသာမက မျက်ခွံများ လေးလံလာသည်။ ၆ နာရီ ထိုးသည်ကိုပင် နေရဲ မသိတော့။ သော်သော်ဝေ အိပ်ငိုက်မငိုက် စောင့်ကြည့်မည့်နေရဲက အရင်ဦးအောင် အိပ်ငိုက်ကာ မိနစ်အနည်းငယ် အိပ်ပျော်သွားခဲ့သည်။

သူ အိပ်ငိုက်သွားခဲ့သည်ဟု အလန့်တကြား သိလိုက်ရသည်ကတော့ ၆ နာရီ ၅ မိနစ်ကို ညွှန်ပြနေသည့် နာရီလက်တံများကြောင့်ပင်။ ၁၀ မိနစ်ခန့် သူအိပ်ငိုက်သွားကာ ဘာမှမသိလိုက်။ မျက်လုံးများက အားယူဖွင့်လိုက်ကာ အကြည့်က သော်သော်ဝေ့ဆီ အပြေးအလွှားရောက်သည်။ သော်သော်ဝေသည် အခန်းထောင့်တစ်နေရာမှာ ချိတ်ထားသည့် white board အသေးလေး၏ရှေ့မှာ ထိုင်လျက်လက်က soft pen တစ်ချောင်းကို ကိုင်ထားဆဲ။

သော်သော်ဝေ့အနားသို့ နေရဲ အလျင်အမြန်သွားသည်။

" ဒါ ကျွန်မရေးထားတာ ထင်တယ် မောင်"

White board ပေါ်ရှိ ၆၆၆ ဆိုသည့် ဂဏန်းအတွဲများကို ရှုပ်ယှက်ခတ်စွာ မြင်တွေ့လိုက်ရသည်။ ညာဘက် ထောင့်စွန်းမှာ D.P ဆိုသည့် အတိုကောက်လက်မှတ်ကတော့ ယခင်ထက်ပိုကြီးကာ ထင်းခနဲ ပေါ်လွင်နေသည်၊ အိမ်ပုံကို မတွေ့ရတော့ပါ။

" သော်သော် အိပ်ငိုက်ခဲ့သေးလားဟင်"

"အင်း ထင်တာပဲ မောင် ဒါတွေ ကျွန်မရေးခဲ့တယ်ပေါ့၊ ဒီနေရာမှာ ကျွန်မနဲ့မောင်ပဲ ရှိတဲ့ဟာ"

"ထူးဆန်းလိုက်တာ အရမ်းထူးဆန်းတယ်၊ မင်းကို စောင့်ကြည့်နေရင်းက မောင်ပါ အိပ်ငိုက်သွားတာ သိပ်ထူးဆန်းတာပဲကွာ"

နေရဲ စကားကြောင့် သော်သော်ဝေ အကြီးအကျယ် အံ့အားသင့်လျက် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် မယုံမရဲ ကြည့်လာသည်။

အိမ်အပြန်နောက်ကျသည့်ကိစ္စနှင့် ယှက်နွယ်ပြီး မိဘများအထင်မြင်လွဲမှား၊ အယုံကြည်နည်းပါးမည်ကို မလိုလားသော သော်သော်ဝေက နေရဲနှင့် စောမူးလာကို အိမ်သို့လိုက်ပို့ရင်း အဖြစ်မှန်ကို ပြောပြပေးရန် တောင်းဆိုလာသဖြင့် နေရဲ ပျော်သွားမိသည်၊ တစ်လက်စတည်း သော်သော်ဝေ၏ချစ်သူဖြစ်ကြောင်းကိုပါ ဖွင့်ဟပြောပြလိုက်တော့မည်ဟု နေရဲတွေးသည်။ သော်သော်ဝေ့ကို ပြောပြတော့ "သူငယ်ချင်းတွေအဖြစ်နဲ့ပဲ ပြောပါ မောင်ရယ်"တဲ့။ နေရဲ အောင့်သက်သက်ဖြင့် ငြိမ်နေရသည်။

♦

အဖြစ်အပျက်အလုံးစုံကို ပြောပြအပြီး စောမူးလာက. . .

" ၆၆၆ ဆိုတာ ကျွန်တော်တို့ ခရစ်ယာန်ဘာသာမှာတော့ စာတန်ဆိုတဲ့နတ်ဆိုးရဲ့ သင်္ကေတအမှတ်တံဆိပ်ပဲဗျ။ ထူးဆန်းတာတော့ အမှန်ပဲ။ ကျွန်တော့်အထင် ဒီအဖြစ်အပျက်က စာတန်ရဲ့သွေးဆောင်ဖြားယောင်းနှောင့်ယှက်မှု တစ်ခုခုဖြစ်နိုင်တယ်၊ ဒီတော့ ကိုယ်ကိုးကွယ်ယုံကြည်ရာ ဘာသာတရားကို ဒီရက်အတွင်းမှာ အလေးထားပြီး မိမိစီးစီး လုပ်ပေးရင် ကောင်းမယ်ထင်တယ်"

သော်သော်ဝေ၏ ဖခင်က "မောင်ရင်ပြောတာ ဖြစ်တော့ဖြစ်နိုင်သား" ဟု ခပ်အေးအေးဆိုသည်၊ မိခင်က "အို အေးနေလို့မဖြစ်ဘူး။ မနက်ဖြန်မနက်ပဲ ဘုန်းကြီးတွေပင့်ပြီး ပရိတ်တရားလေးဘာလေးနာအမျှဝေတာ လုပ်ဦးမှ" ဟုဆိုကာ စိတ်လှုပ်ရှားပူပန်နေသလောက် သော်သော်ဝေက မတုန်မလှုပ်ဖြစ်နေသည်ကို နေရဲအကဲခတ်မိသည်၊ သည် ထူးဆန်းသော အဖြစ်အပျက်မှာ သော်သော်ဝေ နှစ်မြှုပ်ပျော်ဝင်တော့မလား စိုးထိတ်ပူပန်လျက် နေရဲ သက်ပြင်းချသည်။

ပရိတ်တရားနာအပြီး ထိုနေ့ညမှာ သော်သော်ဝေ အိပ်ငိုက်ရောဂါ (သို့မဟုတ်) D.P ရောဂါ မဖြစ်တော့ကြောင်း သိရလျှင် ဝမ်းမြောက်ပျော်ရွှင်ရသူက နေရဲ ဖြစ်၏။ သော်သော်ဝေကတော့ ထူးဆန်းအံ့ဩဖွယ် အဖြစ်အပျက်တစ်ခု အလွယ်တကူ ပျောက်ကွယ်သွားခြင်းကို ဘဝင်မကျဖြစ်လျက် မချင့်မရဲဖြစ်နေတော့သည်။ နောက်နေ့ညနေများမှာလည်း အခန်းထဲ တစ်ယောက်တည်း ထိုင်နေလျက် စာရွက်ဘောပင်များ အနီးအနားမှာ အသင့်ပြင်ဆင်ကာ အိပ်ငိုက်ခြင်းကို တမင်တကာစောင့်ဆိုင်းနေမိသော်လည်း အချည်းနှီးပင်။ သည်အဖြစ်အပျက် ပျောက်ကွယ်သွားသည်မှာ တစ်လခန့်ပင် ရှိခဲ့ပြီဖြစ်သော်လည်း သော်သော်ဝေ စိတ်ထဲမှာတော့ စွဲထင်နေဆဲပင်၊



MEDIA GROUP
Asian Fame Media Group

တစ်နေ့ သော်သော်ဝေ့ဖခင်က မိတ်ဆွေတစ်ဦးထံ အလုပ်ကိစ္စဖြင့် သွားမည်ဆိုလျှင် စိတ်ပြေလက်ပျောက် သဘောဖြင့် သော်သော်ဝေ လိုက်သွားခဲ့သည်။ မြို့ကလေးက သေးငယ်လွန်းပြီး ဘူတာက ဆင်းသည်နှင့် မြင်းလှည်းစီး သွားရသည်။ ဖခင်က တည်းခိုခန်းတစ်ခုလိပ်စာ ပြောကာ မြင်းလှည်းသမားကို ပို့ပေးရန်ပြောသည်ကို သော်သော်ဝေကြားသည်။ ဖခင်၏မိတ်ဆွေက ခမ်းနားသည့် တည်းခိုခန်းတစ်ခု ပိုင်ဆိုင်ထားသည်၊ တည်းခိုခန်းက ဝေးလှချည်၊ မြို့အစွန်ဘက်မှာရှိသည်ဟု မြင်းလှည်းဆရာက ဆိုသည်။

ဘေးဘီမြင်ရသမျှ မြင်ကွင်း

"ဟိုတယ် ဝန်ထမ်းတွေ ကြောက်ကြတာနဲ့ ဒီအခန်းကို အမြဲ သော့ပိတ်ထားတာ၊ ဘာမှတော့ ထူးခြားချက် မရှိပါဘူး၊ သေပြီးသွားတဲ့ လူက ဘာလုပ်နိုင်မှာ မို့လို့လဲ . . ."

တွေကို ငေးကြည့်ထိုင်လိုက်လာရာက တစ်နေရာရောက်လျှင် သော်သော်ဝေ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားသည်။ အမြင်အာရုံထဲမှာ စွဲငြိရင်းနှီးနေခဲ့သည့် အိမ်ကြီးတစ်လုံး၊ အိပ်ငိုက်ရင်း ရေးဆွဲခဲ့ဖူးသည့် ပန်းချီကားတွေထဲက အိမ်၊ ထင်ယောင်ထင်မှားဖြစ်လေသလားမျက်တောင်များ ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ပါးစပ်ဟောင်းလောင်းဖြင့် ကြည့်နေမိသည်။ တကယ်ပါပဲ။ ပန်းချီကားထဲကအိမ်။ ဟောင်းတာနှင့် သစ်တာပဲ ကွာသည်၊ ပန်းချီကားထဲက အိမ်က ဟောင်းအိုနေပြီး အခုမြင်ရသည့်အိမ်က ပြုပြင်မွမ်းမံထားသည်မှာ မကြာလှသေးသလို ဆေးရောင်များ တောက်ပကာ သစ်လွင်လှပနေသည်။ မြင်းလှည်းက ထိုအိမ်ရှေ့တွင် ရပ်တန့်သွားသည်၊ "သမီး ပန်းချီကားထဲက အိမ်ကြီး"ဟု လွှတ်ခနဲ ပြောမိမလိုဖြစ်ပြီးမှ ဖခင်စိတ်အနှောင့်အယှက်ဖြစ်မည်စိုးကာ သိုဝှက်ထား လိုက်သည်။

"ဒီပဲယင်းဟိုတယ်မှ လှိုက်လှဲစွာကြိုဆိုပါ၏"ဆိုသည့် စာတန်းကို သော်သော်ဝေ ခေါင်းမော့ဖတ်လိုက်ရင်း အသံထွက်ရွတ်ဆိုနေမိသည်။ ဒီပဲယင်း. . . ဒီပဲယင်း. . . ဒီပဲယင်းဟု တိုးတိုးရွတ်ကြည့်နေရင်းက သော်သော်ဝေ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်၊ ကြည့်စမ်းပါဦး. . . ဒီပဲယင်းဆိုတဲ့စာလုံးက Deep Peril ဆိုတဲ့ သူမရဲ့အိမ်ပုံပန်းချီကားထဲက စာလုံးနဲ့ ဘယ်လောက်များ ဆင်တူလိုက်သလဲ. . . သေချာပြီ။ သည်နေရာမှာ သူမအတွက် နောက်ထပ် စိတ်ဝင်စားစရာ တစ်စုံတစ်ရာ တွေ့ရဦးမည်ဟု သော်သော်ဝေ ရင်ခုန်စွာတွေးလိုက်သည်။

♦

ဖခင်နှင့် သူ့မိတ်ဆွေဟိုတယ်ပိုင်ရှင်တို့ စကားပြောနေခိုက် Lobby Lounge အတွင်း လှည့်ပတ်ကြည့်ရှုနေရင်း ရုတ်တရက် သော်သော်ဝေ၏မျက်လုံးများ ပြူးကျယ်သွားပြီး ဖခင်ဖြစ်သူကို အတင်းဆွဲခေါ်လာသည်။ မိတ်ဆွေဖြစ်သူက ဘုမသိဘမသိ လိုက်ပါလာရင်း သော်သော်ဝေ တအံ့တသြ ညွှန်ပြလာသည့် နံရံပေါ်က ပန်းချီကားကို ကြည့်ကာ ရယ်သည်။

"ကျွန်တော့်ဟိုတယ်မှာ နေသွားဖူးတဲ့ ပန်းချီဆရာ တစ်ယောက်ရဲ့လက်ရာပေါ့ဗျာ၊ နောက် သုံးလေးနှစ်အတွင်းမှာ မြင်တွေ့ရမယ့် ဟိုတယ်ရဲ့ပုံစံတဲ့၊ ကျွန်တော့်အထင်တော့ အဲဒီလောက်ကြီး မြန်မြန်ဆန်ဆန်ကြီး ဒီစာဟောင်းနွမ်းမယ် မထင်ပါဘူးဗျာ၊ ဘယ့်နှယ် ကျွန်တော် ဒီနှစ်ထဲ သေသွားခဲ့ရင်တောင် ကျွန်တော့်သားသမီးတွေက ထိန်းသိမ်းမွမ်းမံလိမ့်မပေါ့၊ ဘာပဲ ဖြစ်ဖြစ် သူ့ကိုအောက်မေ့ သတိရတဲ့အနေနဲ့ ကျွန်တော်ချိတ်ထားတာဗျ၊ လက်ရာကလည်းအတော် ကောင်းတယ်လေ"

သော်သော်ဝေနှင့်အတူ ဖခင်ဖြစ်သူပါ ပန်းချီကားကို တအံ့တသြကြည့်လျက် "ဘယ်လိုတိုက်ဆိုင်မှုမျိုးလဲတော့ မသိဘူး၊ ငါ့သမီး အိပ်ငိုက်ရင်း ရေးဆွဲခဲ့တဲ့ အိမ်ပုံပန်းချီကားနဲ့ အတူတူပဲ" ဟုဆိုသည်၊ သို့သော် Deep Peril ဆိုသည့် စာလုံးနှင့် ၆၆၆ ဂဏန်းများကိုတော့ မတွေ့ရ၊ D.P ဆိုသည့်အတိုကောက် ဆိုင်းထိုးထားသည့် လက်မှတ်တစ်ခုကိုတော့ ပန်းချီကားအောက်ခြေမှာ ထင်းထင်းကြီး မြင်နေရသည်။ မျက်ခုံးများကိုပင့်လျက် စိတ်လှုပ်ရှားစွာဖြင့် သော်သော်ဝေ မေးလိုက်သည်။

" သူ့နာမည်က ဘယ်သူလဲဟင်"

" ဒီပါတဲ့၊ ပန်းချီဆရာကိုဒီပါ"

" ကျွန်မ သူနဲ့ တွေ့ချင်လိုက်တာ၊ သူ့ရဲ့လိပ်စာလေးများ ရနိုင်မလားရှင်"

ဟိုတယ်ပိုင်ရှင်မိတ်ဆွေက ခေါင်းကိုအသာယမ်းပြသည်၊

" စိတ်မကောင်းစရာဘဲ ဒီဟိုတယ်မှာပဲ သုဆုံးသွားခဲ့တာ"

" ရှင် ဘယ်လိုဘယ်လို"

" အဲဒီလိုပဲ ဒီပန်းချီကားကို ကြည့်မိပြီး စကားစပ်မိတဲ့အခါတိုင်း လူတိုင်းအံ့သြကြတယ်"

သော်သော်ဝေတို့က အခြားသူများကဲ့သို့ သွေးရိုးသားရိုးအံ့သြခြင်း မဟုတ်ကြကြောင်း ထိုမိတ်ဆွေ မသိပါ။

" ဘယ် . . ဘယ်တုန်းက . . ဘယ်လိုကြောင့်များ" ထူးဆန်းအံ့အားသင့်ခြင်းတစ်ဝက်၊ ရင်နှင့် စိတ်မကောင်းဖြစ်ခြင်း တစ်ဝက်ဖြင့် သော်သော်ဝေ အထစ်ထစ်အငေါ့ငေါ့ ပြောလိုက်မိသည်၊

" အင်း သုဆုံးသွားတာကတော့ အရင်လ ၆ ရက်နေ့ကဗျ၊ အချိန်ကတော့ ညနေ ၆နာရီဝန်းကျင်လို့ ခန့်မှန်းကြတယ်၊ ဘယ်လိုကြောင့်ဆိုတာ ခုထိ ဘယ်သူမှ မသိဘူး"

" ဖြစ်နိုင်ရင် သူနေခဲ့တဲ့ အခန်းကို ကျွန်မကြည့်ပါရစေရှင်"

သော်သော်ဝေ၏ စူးစမ်းသိချင်စိတ်ကို ဖခင်ဖြစ်သူ တားမြစ်လိုဟန်မရှိပါ။ ခုချိန်မှာ သမီးနှင့်အတူ သူကိုယ်တိုင် ထူးဆန်းအံ့သြဖွယ် အဖြစ်အပျက်မှာ အလွန်အမင်းပင်

Asian Fame Media Group

စိတ်ဝင်စားနေပြီဖြစ်သည်။

◆

ပထမထပ်မှာရှိသည့် ၆ ခုမြောက်အခန်း။ အခန်းနံပါတ် ၁၀၆ ရှေ့မှာ ရပ်လျက် သော့ဖွင့်ပေးရင်း မိတ်ဆွေဟိုတယ် ပိုင်ရှင်က. . .

" အမှန်ကိုဝန်ခံရရင် ဟိုတယ်ဝန်ထမ်းတွေ ကြောက်ကြတာနဲ့ ဒီအခန်းကို အမြဲသော့ပိတ်ထားတာ၊ ဘာမှတော့ ထူးခြားချက်မရှိပါဘူး၊ သေပြီးသွားတဲ့လူက ဘာလုပ်နိုင်မှာမို့လို့လဲ ဟုတ်တယ်မို့လား"

ထိုမိတ်ဆွေ၏စကားကို သော်သော်ဝေ လက်မခံချင်။ ဒါဖြင့် "ကျွန်မ အိပ်ငိုက်ရင်း ရေးဆွဲဖူးခဲ့တဲ့ အိမ်ပုံပန်းချီကားတွေက ဘာတွေလဲ၊ ဘယ်လို တိုက်ဆိုင်မှုတွေလဲ"ဟု မေးပြော ပြောပစ်လိုက်ချင်စိတ်ကို မနည်းထိန်းထားလိုက်ရသည်။

အခန်းတွင်းကို သူတို့သုံးယောက် ဝင်ကြည့်လိုက်ကြသည်။

" ဒါ သူ နောက်ဆုံးရေးခဲ့တဲ့ ပန်းချီဖြစ်မယ်ထင်ရဲ့၊ လက်စသတ်မထားရသေးဘူး၊ အကြမ်းပဲရှိသေးတယ်"

သူမ၏အခန်းပုံစံနှင့် တစ်ပုံစံတည်းကျနေသည့် ပန်းချီကားချပ်ကို ကြည့်ကာ သော်သော်ဝေ အကြီးအကျယ် အံ့အားသင့်သွားတော့သည်။ အဖြူရောင်အိပ်ရာခင်းနှင့် ခုတင်တစ်လုံး၊ ပြတင်းပေါက် ရှေ့စားပွဲမှာ မိန်းမပျိုတစ်ဦး စာအုပ်ဖတ်နေဟန်၊ ဘေးတိုက်အနေအထားကြောင့် မျက်နှာကို ရုပ်မဖမ်းနိုင်သော်လည်း ကုလားထိုင်အောက်ခြေထိ ဖားလျားကျနေသည့် ဆံပင်ရှည်များကြောင့် ထိုပုံသည် သူမ၏ပုံဖြစ်သည်ဟု သော်သော်ဝေ လက်ခံလိုက်သည်၊ ခုတင်ပေါ်မှာ ထောင်လျက် နံရံကို မှီထားသည့် ဂစ်တာတစ်လုံးကြောင့် ဒါသည် သူမ၏ပုံ၊ သူမ၏အခန်း သူမကို ရည်ညွှန်းကာ ရေးဆွဲထားခဲ့သည့် ပန်းချီကားဟု သေချာ ကောက်ချက်ချလိုက်သည်။ တစ်စုံတစ်ရာကို သတိရမိကာ အနီးကပ်လျက် ဂစ်တာကို အာရုံစူးစိုက်ကြည့်လျှင် ဂစ်တာကြိုးများသည် ၅ ကြိုးသာရှိပြီး အပေါ်ဆုံးနံပါတ် ၆ ကြိုးနေရာက လွတ်ဟာလျက်ရှိသည်ကို အံ့ဩဖွယ်မြင်ရပြန်သည်။

" ကျွန်မ ဒီအခန်းမှာ နေမယ်" ဆိုတော့ ဖခင်က အပြင်းအထန်ကန့်ကွက်ပြီး မိတ်ဆွေဟိုတယ်ပိုင်ရှင်ကလည်း ခွင့်ပြုခြင်းမရှိပါ။ သော်သော်ဝေသည် ထိုပန်းချီဆရာနှင့်ပတ်သက်ပြီး စိတ်စွဲလမ်းမှုတစ်စုံတစ်ရာရှိနေကြောင်း သိလိုက်ရသဖြင့် ဖခင်သည် သူ၏အလုပ်ကိစ္စများပင် ပြီးပြတ်အောင် ဆွေးနွေးခြင်းမပြုတော့ဘဲ ရန်ကုန်သို့ အမြန်ဆုံးပင် ပြန်ခဲ့တော့သည်။ အဖြစ်အပျက်သည် အံ့ဩဖွယ်အတိ ပြည့်နှက်နေသော်လည်း မည်သို့မည်ပုံ ဖြစ်ပျက်တိုက်ဆိုင်နေသည် သူတို့အဖြေရှာမရပါ။ ပန်းချီဆရာ၏ အခန်းတွင်းမှ သော်သော်ဝေ့ကို ရည်ညွှန်းသည့်ပန်းချီကားနှင့် သော်သော်ဝေ၏ပုံ၊ သော်သော်ဝေအိပ်ငိုက်ပြီး ရေးခြစ်ခဲ့သော အိမ်ပုံပန်းချီကားနှင့် ယခုဒီပဲယင်းဟိုတယ်၊ D.P ဆိုသည့် လက်မှတ်နှင့် ဒီပါဆိုသည့်ပန်းချီဆရာ တစ်ခုချင်းစီ မည်သို့မည်ပုံ ဆက်စပ်ယှက်နွယ်ကာ တိုက်ဆိုင်နေကြသည်ကို အဖြေရှာကြည့်ချင်သော်လည်း ပိုမိုရှုပ်ထွေးလာမည့်အနေအထားသို့ ရောက်လာမည်ကိုစိုးလျက် အမြန်ဆုံးမေ့ဖျောက်ပစ်ရသော သော်သော်ဝေ့ကို ဝိုင်းဝန်းတိုက်တွန်းကြရတော့သည်။

◆

ခရီးရောက်မဆိုက် သော်သော်ဝေ အပြေးအလွှား ပြောပြလာသော အကြောင်းစုံကို နားထောင်ပြီး နေရဲ ခေါင်းနပန်းကြီးလျက် အံ့ဩတုန်လှုပ်သွားမိတော့သည်။ ပန်းချီဆရာသည် သော်သော်ဝေ့အခန်းကို မည်သို့မည်ပုံ မြင်ယောင်ရေးဆွဲခဲ့သနည်း။ ပန်းချီဆရာ သော်သော်ဝေ့အခန်းကို မရောက်ခဲ့ဘဲနှင့်တော့ ယခုလို သော်သော်ဝေ့ပုံ၊ ၆ ကြိုးပြတ်နေသည့်ဂစ်တာတစ်လုံး၊ သော်သော်ဝေ့ အခန်းအနေအထားများ တစ်ထပ်တည်းကျအောင် ရေးဆွဲနိုင်မည်မဟုတ်။ သို့ဆိုလျှင် မည်သည့်အချိန်က ရောက်လာခဲ့သနည်း။ မသေဆုံးခင်ကလား၊ သေဆုံးပြီးမှလား။ သေဆုံးပြီး ဝိညာဉ်အဖြစ် အလည်အပတ်ရောက်လာခြင်းက ပိုပြီး ဖြစ်နိုင်ချေရှိနေသော်လည်း ကြိုးပြတ်နေသော ဂစ်တာကအစ၊ သော်သော်ဝေ့ရုပ်ပုံ၊ စာအုပ်ထိုင်ဖတ်နေဟန်နှင့်တကွ ထိုညက မြင်ကွင်းကို ဘယ်လိုစိတ်ဝိညာဉ်တန်ခိုးဖြင့် ဘယ်ကဲ့သို့ ရေးဆွဲခဲ့နိုင်ပါလိမ့်။ စဉ်းစားစရာတော့ ဖြစ်နေခဲ့ပြီ။ အရင့်အရင်ညတွေကတည်းက သော်သော်ဝေ့ထံ ပန်းချီဆရာ ရောက်ခဲ့လေသလား။ အသက်ရှင်နေသော လူတစ်ယောက်၏ဝိညာဉ်သည် ခန္ဓာကိုယ်ထဲမှ ထွက်ခွာ၊ ခန္ဓာကို ခဏတစ်ဖြုတ်စွန့်ပစ်ထားခဲ့ကာ ခရီးသွားလာနိုင်ခြင်းရှိမရှိ နေရဲ တွေးကြည့်ဖို့ လိုက်မမီနိုင်တော့ပါ။ ကြိုးပြတ်နေသာ ဂစ်တာပုံကိုဆွဲရင်း ဘယ်လိုစိတ်တန်ခိုးရခဲ့သလဲ။ ပန်းချီ ဆရာသည် သော်သော်ဝေ ဂစ်တာတီးခိုက် ပြတ်နိုင်ချေ မရှိလောက်သော ဂစ်တာကြိုး နံပါတ် ၆ ကိုမှ တမင်ဖြတ်ခဲ့ကာ သော်သော်ဝေ့အခန်းကို သူရောက်နေကြောင်း အသိပေးခဲ့လေသလား။ မနက်ကမှ လဲတပ်ခဲ့သည့် နံပါတ် ၆ ကြိုးက အလိုလို အလယ်ကောင်မှ ပြတ်ထွက်သွားခဲ့ခြင်းကြောင့် သော်သော်ဝေကိုယ်တိုင်ပင် တအံ့တဩဖြစ်လွန်းခဲ့သည်မဟုတ်လား။

၆၆၆ ကတော့ ၆ ရက်၊ ၆လ၊ ၆ နာရီကို ရည်ရွယ်ကာ ပန်းချီဆရာက သူ သေဆုံးချိန်အတိအကျကို သတင်းပို့ခဲ့ခြင်းဖြစ်သည်ဟု သော်သော်ဝေကယုံကြည်သည်တဲ့၊ နေရဲ ဘဝင်မကျသည်က ကမ္ဘာကြီးမှာ လူအများအပြား ရှိပါလျက် သူ့ချစ်သူ သော်သော်ဝေ့ကိုမှ ဘာကြောင့် ဒီဆက်သွယ်ချက် တိုက်ဆိုင်မှုတွေ ဖြစ်ပျက်ခဲ့တာလဲ။ ဝိညာဉ်အဖြစ်နှင့် တကယ်ပဲ သူ့ချစ်သူအခန်းကို ဒီပန်းချီဆရာ ရောက်လာနိုင်ခဲ့သည်မှာ အမှန်ပဲလား၊ သူတောင်မှ သော်သော်ဝေ့အခန်းကို မရောက်ဖူးခဲ့သေးဟု စဉ်းစားမိတော့ ထိုပန်းချီဆရာနှင့် သူ၏ဝိညာဉ်အပေါ် မနာလိုစိတ်များ ပြင်းစွာဖွဲ့တည်လျက် နေရဲရင်ထဲ တည်တည်ငြိမ်ငြိမ် မရှိတော့ဘဲ ရှုပ်ထွေးလှုပ်ခတ်နေတော့သည်။

" အဲဒီမှာ ကိုဒီပါရဲ့ ရုပ်ဘယ်လိုဆိုတာ သော်သော်ဝေမြင်ဖူးခဲ့သလား"

"ဟင့်အင်း မြင်ဖူးချင်လို့ ဓာတ်ပုံ လေးဘာလေးတောင်းကြည့်တာ မရခဲ့ဘူး၊ ဘယ်လိုပုံစံလဲတော့ မေးမကြည့်မိဘူးပေါ့"

နေရဲ သက်ပြင်းငွေ့ငွေ့ချသည်။ ဓာတ်ပုံကိုသာ တွေ့ခွင့်ရခဲ့လျှင် သော်သော်ဝေ၏ စိတ်စွဲလမ်းပုံမျိုးနှင့်တော့ မလွယ်ဟုတွေးကာ သူစိတ်ပူမိသည်၊ စိတ်ပူမိရသည့်အထဲ နောက်နှစ် ၆ ရက်၊ ၆ လ၊ ၆ နာရီမှာ အသေအချာ စောင့်ကြည့်ဦးမည်ဟု သော်သော်ဝေက မသိဆိုးရွားစွာ ပြောလိုက်သေးသည်၊ ပန်းချီဆရာ ကိုဒီပါဆိုတဲ့လူဟာ သူမအခန်းဆီသို့ နောက်နှစ်မှာ နောက်တစ်ကြိမ် ထပ်ရောက်လာနိုင်သည်ဟု သော်သော်ဝေက ယုံကြည်နေချင်သေးသည်တဲ့။ နေရဲ ဘာမှမပြောချင်တော့၊ တစ်ခုတော့ ရှိသည်၊ နောက် နှစ် ၆ ရက်၊ ၆ လ၊ ၆ နာရီမရောက်ခင် သော်သော်ဝေ့ကို သူ မရအရ လက်ထပ်ယူပြီး သူတို့အတူတကွ ထိုနေ့ကို ဖြတ်သန်းကြမည်ဟု ဆုံးဖြတ်လိုက်သည်။ ပန်းချီဆရာ၏ဝိညာဉ် သော်သော်ဝေ့ဆီ ရောက်လာဦးတော့၊ ယခုလို ထူးဆန်းအံ့ဩဖွယ်ကိစ္စများ ဖြစ်လာဦးတော့ သူ မမှုတော့ပါ။


◆

များမကြာခင် သတင်းစာထဲမှာ နေရဲနှင့် သော်သော်ဝေတို့၏ လက်ထပ်ပြီးစီးခြင်း သတင်းနှင့်အတူ ဒီပဲယင်းဟိုတယ် အကြီးစား မီးလောင်မှု ဖြစ်ပွားခဲ့ပြီး လူအသေအပျောက်များရှိခဲ့သဖြင့် ဟိုတယ်ကို ချိတ်ပိတ်ထားကြောင်း သတင်းတစ်ပုဒ် တိုက်ဆိုင်စွာ ပါရှိခဲ့သည်၊

နောက်တစ်နှစ်အကြာ သော်သော်ဝေသည် သားဦးကလေးကို ၆ ရက်၊ ၆ လ၊ ၆ နာရီမှာ တိုက်ဆိုင်စွာ မွေးဖွားခဲ့သည်။ သားကလေးသည် နေရဲနှင့်သော်လည်းကောင်း၊ သော်သော်ဝေနှင့်သော်လည်းကောင်း ရုပ်ရည်မတူလှဘဲ မျက်နှာအသစ်ဖြင့် လူသားကလေး ဖြစ်နေပါသည်။ ပိုပြီးထူးဆန်းသည်က ထိုလူသားကလေး ကျောင်းနေသည့်အခါ ကျောင်းစာများထက် ပန်းချီရုပ်ပုံများရေးခြစ်ရန်သာ အာသီသရှိသော ကျောင်းသား ကလေးတစ်ဦး ဖြစ်နေခြင်းပင်။

**စုမီအောင်**

Asian Fame Media Group





# ဆွေမျိုးစပ်သူ

ခြိမ့်သဲ

ဝတ္ထုတိုရသ

နှင်းနုလေးက နှာမည်းနဲ့လိုက်အောင် ဖြူဖွေးသန့်စင်ပြီး ယဉ်နွဲ့လန်းဆန်းသူဖြစ်သည်။ အပျိုဖျန်းလည်းမက အပျိုကြီးလည်းမကျ၊ အငွမ်းကုန်ပွင့်လန်းဖို့ အားယူနေတဲ့ ပန်းကလေးလို သန်စွမ်းသည်။ အပြောအဆိုသွက်လက် ချက်ချာပြီး အနေအထိုင်ကျစ်လျစ် သိမ်မွေ့သည်။ မုဆိုးမမိခင်၏ အိမ်ဆိုင်လေးမှာ ဝင်ကူပြီး သားအမိနှစ်ယောက် မရှိမရှား နေထိုင်သူလေးဖြစ်သည်။

"ဟဲ့ သား နှင်းနုနဲ့က ဆွေမျိုးအရင်းကြီးရှိသေးတာနော်၊ သွားပြီး သနိုးသရီ မကြံစည်လိုက်ပါနဲ့ မယူကောင်းဘူး"

ဘယ်ကဘယ်လို သတင်းကြားလာသည်မသိ။ နှင်းနုတို့အိမ် တစ်ခါလား နှစ်ခါလား လည်ပတ်ဖူးရုံရှိသေး၊ နှင်းနုတို့အိမ်ရှေ့ တစ်ကြိမ်လား နှစ်ကြိမ်လား လျှောက်ပြန်သံပေး သွားလာဖူးရုံရှိသေး။ မေမေက ထုံးစံအတိုင်း ဆွေမျိုးဆိုသည့်ခြံစည်းရိုးခတ်ပြီး ကာဆီးကာဆီးလုပ်တော့သည်။

ကျွန်တော်တို့မြို့ကလေးက ငယ်လည်းငယ်၊ အခြားမြို့များနှင့်လည်း အလှမ်းဝေးပြီး ထီးတည်းကလေး တည်နေသည်။ မြို့နေလူဦးရေကလည်း မများတော့ အတူနေအချင်းချင်း အိမ်ထောင်ရက်သားကျသည်က များသည်။ ကြာလာတော့ သူစိမ်းရယ်လို့ မရှိ ဟိုဘက်က လှည့်တော်၊ ဒီဘက်က လှည့်တော်နှင့် ဆွေမျိုးတွေချည်းလိုလို ဖြစ်နေသည်။ ဒါကြောင့်လည်း မြို့အရှေ့ပိုင်းက မာမာဦးတုန်းကလည်း "နှစ်ဝမ်းကွဲ မောင်နှမ၊ ဘယ်လိုလုပ်လက်ထပ်လို့ ရပါ့မလဲ" ဟု မေမေက အသည်း အသန်ကန့်ကွက်ဖူးသလို မြို့အနောက်ဘက်ပိုင်းက မြမြင့်သူကျတော့လည်း "သူက သားအဖေရဲ့ အမျိုး"တဲ့၊ မြို့မြောက်ပိုင်းက နီလာမြင့်ကိုတော့ "အမေ့ဘက်က ဆွေမျိုး" တဲ့၊ မြို့တောင်ပိုင်းက ဝေဝေလွင်ကိုလည်း "သားဦးလေးရဲ့ တူမတစ်ဝမ်းကွဲ" တဲ့။ ကျွန်တော်တို့မြို့နယ်နိမိတ်အတွင်းက လှတပတ ကောင်မလေးတိုင်း အမေ့ဆွေမျိုးစာရင်းထဲ မဝင်သူမရှိ။

ဤသို့ဖြင့် အမေ့ဆွေမျိုးနယ်နိမိတ်က လွတ်ကင်းသူရယ်လို့ မရှိတော့။ ကျွန်တော်၏ မြားနတ်မောင်ပင်လျှင် ပစ်ကွင်းမရှိသောအရပ်မှာ ပစ်ခတ်ရန် ပစ်မှတ်မရှိဘဲ နေရပုံပေါ်ယံသည်။ မြားနတ်မောင်၏ လေးနှင့်မြားသည်လည်း အသုံးမပြုရတာ ကြာလေသောကြောင့် မှိုတက်လေပြီလား မသိ။ ကျွန်တော့်အသက် သုံးဆယ်သီသီ စွန်းလေပြီ။

ယခုလည်း ဆွေမျိုးစာရင်းက လွတ်ကင်းလောက်ပြီဟု ယူဆထားသော နှင်းနုလေးမျာ အမေ့ဆွေမျိုးစာရင်းက မလွတ်ကင်းပြန်။

"ဘယ်လိုကဘယ်လို နှင်းနုနဲ့ ဆွေမျိုးတော်ရပြန်တာလဲ အမေရယ်"

"ဟဲ့ ဘယ်မတော်ဘဲ ရှိပါ့မလဲ၊ သူ့အမေ ဒေါ်ဂျမ်းဘုံက သားဦးကြီးမိန်းမရဲ့ ညီမဝမ်းကွဲလေ"

"ဟာ အမေကလည်း ဦးကြီးဘက်ကဆို ဆွေမျိုးတော်မှာပေါ့၊ ခုဟာက ဦးကြီးမိန်းမဘက်ကဆိုတော့ ဘယ်လိုလုပ် ဆွေမျိုးစပ်လို့ရမှာလဲ"

"ဒါကတော့ကွယ် နှစ်နံစပ် ပုဆိုးလိုပေါ့၊ တစ်စနဲ့တစ်စ တစ်ဆက် တစ်ဆက်တည်းမဟုတ်ပေမယ့် နှစ်နံစပ်လိုက်တော့ ပုဆိုးတစ်ကွင်းဖြစ်လာသလို တစ်ဖက်ဆွေမျိုးဆိုပေမယ့် သားဦးကြီးနဲ့ ကံချင်းစပ်လို့ သားဦးကြီးရဲ့မိန်းမက သားရဲ့ဒေါ်ကြီးဖြစ်လာတာပဲကွယ်၊ ဆွေမျိုးမတော်ဘဲ ဘယ်ရှိပါ့မလဲ၊ ကံစပ်ဆွေမျိုးခေါ်တယ်"


အမေကတော့ ကြုံကြုံမှုဖန်ဖန် ကံချင်းစပ်လို့တဲ့ ဆွေစာရင်းမျိုးစာရင်းထဲ သွင်းပဲသွင်းတတ်ပလေ။ ဒီလိုသာဆို တစ်မြို့လုံး ဆွေမျိုးစာရင်းက ကင်းမည့်သူမရှိနိုင်တော့။

◆

"သမဝါယမအသင်း စာရင်းတွေစစ်ရတာ အရမ်းစိတ်ညစ်ဖို့ကောင်းတာပဲ"

စီးပွားရေးတက္ကသိုလ်က ကျောင်းဆင်းပြီး မြို့နယ်စာရင်းရုံးတွင် အလုပ်ဝင်စဖြစ်ဖြစ်နုနု သွယ်နွဲ့နွဲ့ကောင်မလေး၏ ငြီးပြောလေးအပြောကို သဘောကျနေမိသည်။ ဒါတောင် မြို့ပေါ်က အသင်းတွေ စစ်ရသည်။ မြို့နှင့်အလှမ်းဝေးသောကျေးရွာလက်က သမဝါယမအသင်းတွေလိုဆို စာရင်းမြင်တွေ့ရုံနှင့် အလုပ်က တစ်ခါတည်း ထွက်ပြေးချင်စိတ် ပေါက်သွားလေမလားဘဲ။ အစိုးရဌာနဆိုင်ရာတွေမှာ ကျွမ်းကျင်ဝန်ထမ်းတွေ၏ စာရင်းအထိန်းအသိမ်း အထားအသိုမျိုးနှင့် သမဝါယမလို့ အသင်းအဖွဲ့၏ စာရင်းထိန်းသိမ်းထားသိုပုံချင်းက အကွာကြီးကွာပေလိမ့်မည်။ မြို့နယ်စာရင်းရုံးက စီးပွားရေး တက္ကသိုလ်ဆင်း အလုပ်ဝင်စကောင်မလေးအဖို့ သမဝါယမအသင်း စာရင်းများကို စိတ်ပျက်နေသည်မှာ သဘာဝကျပါသည်။

ကျွန်တော်တို့အလုပ်ဝင်စက ပိုဆိုးသည်။ ပြေစာတွေကိုလည်း အိမ်ခေါင်မိုးမှာ ဘိုးလိုထိုး၊ ထရံကပ်မှာ ညှပ်လိုညှပ်၊ စာရင်းစာအုပ်ထဲ တစ်လုံးမှ ရေးသွင်းထားခြင်းမရှိ။ တတ်သမျှ မှတ်သမျှ ရေးသွင်းထားပြန်တော့လည်း မျက်ကလူးဆန်ပျာကိုဖြစ်လို့။



"

သား အဖေရဲ့အဘိုးက
အလှုံ့သားကွဲ့။ ဘိုးရွှေကြူတဲ့
အလှုံ့မြို့ဝန်ရဲ့သားဆိုလား။
အဲဒါ အင်္ဂလိပ်တွေ
အထက်ဗမာပြည်ကိုသိမ်းတော့
မင်းပြစ်မင်းဒဏ်သင့်မှာစိုးလို့
အမေတို့မြို့ဆီ ပြေးလာရင်း
သား အဖေရဲ့အဘွားနဲ့
အကြောင်းပါတာ၊
သားရဲ့အဘိုးကို မွေးပြီးတော့
အလှုံ့ ပြန်သွားတာတဲ့ . . .



Asian Fame Media Group
MEDIA GROUP

"တစ်ရက်တည်း ကုန်ရောင်းရငွေကလည်း များလှပါလား"

"မများပါဘူး ဆရာ"

"မများဘဲ နေပါ့မလား၊ ဟောဒီမှာကြည့်"

"ရောင်းရငွေ - ၁၀၀၀၅၀၀၅၀၅/- "ရေးထားသော ငွေစာရင်းစာအုပ်၏ စာမျက်နှာကို လှန်ပြလိုက်သည်။

"ဆရာတို့ ရေးသွင်းခိုင်းတဲ့ ငွေစာရင်းစာအုပ်ထဲ ရေးသွင်းရတာမဆုံလို့ ဒီတစ်ရက်ပဲ ရေးသွင်းထားတာပါ ဆရာ"

"တစ်ရက်တည်း သိန်းပေါင်းတစ်သောင်းကျော် ရောင်းရသတဲ့လား၊ အံ့သြစရာပဲ"

အိမ်ခြေတစ်ရာပင် မပြည့်သော ကျေးရွာ၏ သက်ငယ်မိုးကပ်ကာ အသင်းဆိုင်လေး၏ တစ်နေ့တာ ကုန်ရောင်းရငွေက သိန်းပေါင်းတစ်သောင်းကျော်သတဲ့လေ။

"ဟာ ဆရာကလည်း သိန်းအထိ မရောက်ပါဘူး၊ ဟောဒီမှာ တစ်ထောင့်ငါးရာ ငါးဆယ့်ငါးကျပ်ပါ"

လက်ကလေးကို ထောက်ကာထောက်ကာ သူရေးသွင်းထားသောစာရင်းကို ထောက်ပြသဖြင့် ခွက်ထိုးခွက်လန် ဟက်ဟက်ပက်ပက်ရယ်မောနေမိသည်။ ကုန်ရောင်းရငွေ ၁၅၅၅ ကျပ်မရေးဘဲ ၁၀၀၀ သပ်သပ် ၅၀၀ သပ်သပ် ၅၀ သပ်သပ် ၅ ကျပ်သပ်သပ် ၁၀၀၀,၅၀၀,၅၀,၅ ကျပ်လို့ ရေးသတဲ့လေ။ ဒီလိုသာ ရေးသွင်းလျှင် ဘယ်စာရင်းစာအုပ်မှ ရေးသွင်း၍ ဆန့်မည်မဟုတ်။ ယခုတော့ စာရင်းကိုင်သင်တန်းတွေပေး၊ စာရင်းရေးသွင်းနည်းတွေ လက်တွေ့လုပ်ရလို့ သိပ်အဆိုးကြီးတော့မဟုတ်တော့ပါဘူး။ ကျွန်တော်တို့ သမဝါယမစာရင်းစစ်တွေက အဲဒီလိုဖရိုဖရဲစာရင်းတွေကို လှပြင်ကောင်းအောင် စုစည်းပြီး အစမ်းရှင်းတမ်း၊ အရောင်းအဝယ်၊ အရှုံးအမြတ်၊ လက်ကျန်ရှင်းတမ်းထိ ဘဏ္ဍာရေးရှင်းတမ်းကို ရေးဆွဲပေးရသည်။

ထို့ကြောင့် သမဝါယမအသင်းတွေကို စာရင်းစစ်ဝင်တိုင်း မြို့နယ်စာရင်းရုံးက ကျွန်တော်တို့လို သမဝါယမစာရင်းကျွမ်းကျင်သူတွေကို အကူအညီကောင်းရလေ့ရှိသည်။ ဤသို့ဖြင့် စီးပွားရေးတက္ကသိုလ်ဆင်း စာရင်းစစ်ချောချောလေးနှင့် တွေ့ခွင့်ကြုံ၍ ဆုံခွင့်ရခဲ့လေသည်။ ခုမှပဲ ကျွန်တော်၏ မြားနတ်မောင်သည် ပစ်ကွင်းရှာ၍ လက်တည့်စမ်းဖော် ရလာလေတော့သည်။

◆

"စာရင်းရုံးက ကလေးမလေးက မုံရွာအလုံကဆို"

"ဟုတ်ပါတယ် အမေ"

အမေ ဘယ်ပုံ ဆွေမျိုးစပ်ဦးမည်မသိ။ ကျွန်တော်တို့ မြို့ကလေးနှင့် ဝေးလံလှသော အရပ်ဒေသကမို့ ဆွေမျိုးစပ်ရန်တော့ လုံးဝ ဖြစ်နိုင်လိမ့်မည်မဟုတ်ပေ။

"သား အမေရဲ့အဘိုးက အလုံသားကွဲ့ ။ ဘိုးရွှေကြူတဲ့ အလုံမြို့ဝန်ရဲ့သားဆိုလား။ အဲဒါ အင်္ဂလိပ်တွေ အထက်မြန်မာပြည်ကို သိမ်းတော့ မင်းပြစ်မင်းဒဏ်သင့်မှာစိုးလို့ အမေတို့မြို့ဆီ ပြေးလာရင်း သားအမေရဲ့အဘွားနဲ့ အကြောင်းပါတာ၊ သားရဲ့အဘိုးကို မွေးပြီးတော့ အလုံပြန်သွားတာတဲ့၊ အလုံမှာ အဲဒီဖိုးရွှေကြူရဲ့ ဒုတိယမယားတွေ ဒေါ်ခိုဉ၊ ဒေါ်ခိုနုဆိုလား ရှိတယ်ပြောတာပဲ။ အဲဒီအမျိုးအဆက်က ဆင်းသက်လာတဲ့ ကလေးမဖြစ်နေရင်တော့ မယူကောင်းဘူးနော်"

အမေကတော့ ရှည်ကြာဝေးလံလှတဲ့ ရှေးဟောင်းနှောင်းဖြစ်ဆွေမျိုးတွေကို တူးဖော်ကြည့်နေသေးသည်။

"အမေရယ် ဖိုးရွှေကြူတို့၊ ဒေါ်ခိုဉ၊ ဒေါ်ခိုနုတို့ဆိုတာ ပုံပြင်လိုလို၊ ဇာတ်လမ်းလိုလို ကျန်ခဲ့ပါပြီ။ အလုံသူဆိုတိုင်း ဖိုးရွှေကြူရဲ့ အနွယ်လို့ ဘယ်လိုအထောက်အထားနဲ့ သတ်မှတ်နိုင်ပါ့မလဲ"

"ဟဲ့ ဆွေမျိုးဆိုတာ မခေါ်ချင်ဘဲ နေလို့ရတယ်၊ မတော်ချင်ဘဲ နေလို့မရဘူး၊ အဲဒီကလေးမက ဝေးဝေးလံလံ အရပ်ကဆိုပေမယ့် ဆွေမျိုးဖြစ်နေရင် မခက်ဘူးလား"

တစ်မြို့တည်းမဟုတ်တော့ ဆွေမျိုးစပ်ရခက်ပြီး ဆွေမျိုးနယ်နိမိတ် ရွှေကြီးသတ်နယ်မြေအတွင်း အတင်းရောအမွှေပါ သွတ်သွင်းရန် ခက်ခဲနေပုံပေါ်ပါသည်။ ဆွေမျိုးစပ်ခြင်းကိစ္စ အမေလက်လျှော့လိုက်သောကြောင့် ကျွန်တော့်အသက်သုံးဆယ်ကျော်မှ ကံပေါ်လာခြင်းဖြစ်သည်။



◆

သူငယ်ချင်းတွေ ညှင်းဆဲသဖြင့် မင်္ဂလာမဆောင်မီ သောက်ဝိုင်းစားဝိုင်း တည်ခင်းဧည့်ခံရသည်၊ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောလိုပြော၊ ဝယ်ကျိုးငယ်နာတွေ ဖော်လိုဖော်ဖြင့် ပျော်စရာတော့ ကောင်းသည်။ ထိုသောက်ဝိုင်းစားဝိုင်းတွင် ပြောခဲ့သော သူငယ်ချင်းတိရစ္ဆာန်ဆေးကုဆရာဝန်၏စကားကို နှောင်နှစ်ပေါင်း များစွာကြာသည်ထိ ကြားယောင်နေမိသည်၊

"တိရစ္ဆာန်တွေမှာတော့ မျိုးနီးသားစပ်ခြင်းနဲ့ မျိုးဝေးသားစပ်ခြင်းဆိုတာ ရှိတယ်။ ဆွေရိပ်မကောင်း မျိုးရိပ်မကောင်း ဆွေမျိုးအချင်းချင်း သားစပ်ရင် ပေါက်ဖွားလာတဲ့ နောက်သား နှောင်လာလေးတွေဟာ မသန်မစွမ်းရင်လည်း ဖြစ်တတ်တယ်၊ ဉာဏ်ရည်အဆင့် မမြင့်မားတာမျိုးလည်း ရှိတတ်တယ်၊ ဆွေမတော်မျိုးမစပ် သွေးချင်းဝေးတဲ့ သူစိမ်းတစ်ရံဆီနဲ့ သားစပ်မှ သန်သန်စွမ်းစွမ်းလေးတွေ ထွန်းထွန်းကားကားလေးတွေ ပေါက်ဖွားလာလေ့ရှိတယ်၊ မင်းရဲ့အမေက အဲဒီသဘောတရားကို နားလည်ပုံပေါ်တယ်"

"ဟာဗျာ ချစ်ခြင်းမေတ္တာဆိုတာ သမုဒယအနုအလှလေးတွေ ဖြစ်သင့်ပါတယ်၊ ခုတော့ သားစပ်တဲ့လုပ်ငန်းနဲ့မှ တစ်တစ်ခွခွ နှိုင်းရက်ပလေ၊ တကယ်တော့ အမေက သူ့သားကြီးတွေ အသီးသီးအိမ်ထောင်ပြု အိမ်ခွဲသွားတော့ အငယ်ဆုံးသားကျွန်တော့်ကို သူ့အနားမှာ ကြာကြာလေး နေစေချင်လို့ ဆွေမျိုးဆိုတဲ့အကြောင်းပြချက်နဲ့ ချစ်သူရည်းစားမထားသာအောင် ကာဆီးကာဆီးလုပ်နေတာပါ၊ အမေဆုံးသွားတာလည်း ကြာပြီဆိုတော့ အမေတစ်ယောက်တည်း အထီးကျန်ဖြစ်မှာကိုလည်း စိုးရိမ်နေပုံရပါတယ်"

ယခုတော့ အမေဆုံးသွားတာ နှစ်ပေါင်းနှစ်ဆယ်မျှ ကြာခဲ့ပါပြီ။ ကျွန်တော်၏ သားသမီးများ မြင့်မြင့်မားမား ရည်မှန်းထားသည့်အတိုင်း ဖြစ်မလာသောအခါ သူငယ်ချင်းတိရစ္ဆာန်ဆရာဝန်၏ ပုံခိုင်းရိုင်းရိုင်းကို ကြားယောင်လာမိသည်၊ မုံရွာအလုံသူချစ်ဇနီး၏ ဆွေစဉ်မျိုးဆက်အပေါ် သိသယဝင်ချင်လာမိသည်။

"အချစ်ရေ အချစ်ရဲ့ဘိုးဘေးဘီဘင်တွေထဲမှာ ဒေါ်ခိုဉ၊ ဒေါ်ခိုနုရဲ့မောင် ဖိုးရွှေကြူဆိုတာများ ရှိခဲ့ဖူးပါလားကွယ်"

မြို့သဲ

Asian Fame Media Group
MEDIA GROUP



Asian Fame Media Group



# ကဗျာဆရာနှင့် ချစ်ပုံပြင်

ဝတ္ထုတိုရသ

မင်းဟန် /မန်းတက္ကသိုလ်/

အဲဒီတုန်းက ကျွန်တော့် အသက် ၁၈ နှစ်လောက်ပဲ ရှိပါဦးမယ်။ မှတ်မှတ်ရရ ဒီဇင်ဘာလ၊ ဆောင်းတွင်းကြီး။ မနက်တိုင်း သူကကျွန်တော့်ကို လာခေါ်တယ်။အိပ်ရာကလူးလဲထ၊ မျက်နှာမြန်မြန်သစ်၊ နှင်းတွေမှုန်နေတဲ့ မန္တလေးရဲ့ မနက်ခင်းတွေမှာ သူနဲ့ကျွန်တော် အပြေးလေ့ကျင့်ခဲ့ကြတာ မှတ်မိသေးတယ်။ ပြန်ရောက်ပြီဆိုရင် နှင်းက မကွဲသေးဘူး။ ပဲပြုတ်၊ နံပြား ပူပူနွေးနွေးရယ်၊ ကိုဆွေကြီးဆိုင်က ရေနွေးကြမ်း၊ လက်ဖက်ရည်ချိုပေါ့ကျရယ် . . . ကျွန်တော်တို့ မနက်စာဝိုက်ဖြည့်ရင်း သူက ရောက်တတ်ရာရာ ဆိုးမပြောဆိုတတ်တာလည်း နေ့တိုင်းပါပဲ။ သူက. . . ကဗျာဆရာ . . . ။

Asian Fame Media Group

ရှည်လျားတဲ့ သူ့ဆံပင်ဖုတ်သိုက်နဲ့ တစ်ခါတစ်ခါ ဖုံးထားနေတယ်လို့ထင်ရတဲ့ တွန့်လိမ်နေတဲ့ ဆံပင်တွေကြားကနေ သူက လူတိုင်းကို ပြုံးပြလေ့ရှိတယ်။ သူကမန္တလေး တက္ကသိုလ်မှာ ဓာတုဗေဒအဓိကနဲ့ ကျောင်းတက်ခဲ့တာတဲ့။ အဲဒီတုန်းက သူတို့ခေတ် ဒေသကောလိပ်စနစ်ဆိုတော့ ဒေသကောလိပ်မှာ နှစ်နှစ်တက်ပြီးမှ လိုင်းခွဲတယ်။ ကျွန်တော် ဆယ်တန်းအောင်တော့ အဲဒီစနစ် မရှိတော့ဘူး။ ကျွန်တော် ကတော့ ဆယ်တန်းမှာ ဂုဏ်ထူးငါးဘာသာနဲ့ အောင်ပြီး ဆေးကျောင်းစတက်ရတော့မှာ။ သူကတော့ ဓာတုဗေဒ ဘွဲ့ကိုပဲ တတိယနှစ်ရောက်မှ ဆက်မတက်တော့တာလေ။ ပညာရေးစနစ်ကို သူ မယုံကြည်ဘူးတဲ့လေ။ ပြီးတော့ သူ မယုံကြည်တာ နှစ်ခုရှိသေးတယ်တဲ့။



အဲဒါက . . .

"မိန်းမနဲ့ကြောင်"

"ကောင်လေး မင်းက လူတော်မို့ ကိုယ်က ဆုံးမတာ၊ မိန်းမနဲ့ကြောင် မယုံနဲ့ကွ"

"မင်း စဉ်းစားကြည့်လေ၊ ကြောင်လေးတွေက သူတို့ကို အမြဲ ပွတ်သပ်ပေးနေတဲ့သူကိုမှ ခင်တာကွ၊ အဲလိုမှမဟုတ်ရင် သွားမလုပ်နဲ့ ငါ့ကောင်ရေ၊ လက်သည်းနဲ့ ဆွဲဖြဲကုတ်ခြစ်ပြီး ပြေးသွားမှာပဲ။ မိန်းမတွေလည်း ဒီလိုပါပဲကွာ" တဲ့။

အဲဒီတုန်းက ကျွန်တော်ကလည်း ငယ်သေးတော့ သူပြောတဲ့ ကိစ္စကို သိပ်သဘောမပေါက်ဘူး။ သူပြောတဲ့ ကြောင်ကုတ်တာကိုတော့ နားလည်ပြီး မိန်းမတွေကတော့ ဘာလို့ကုတ်တာလဲဆိုတာ စဉ်းစားမရခဲ့ပါဘူး။

ဆယ်တန်းဖြေပြီးနောက်ပိုင်း ကောင်မလေးလှလှလေးတွေ မြင်ရင်တော့ ခိုးကြည့်တတ်၊ ငေးကြည့်တတ်လာတာတော့ မှတ်မိပါသေးတယ်။

ဒါပေမဲ့ အချစ်ဆိုတဲ့အရာကိုတော့ မသိခဲ့သေးတာ အမှန်ပါ။

"ကောင်လေး မင်း အချစ်ဆိုတာ သိလား"

"ဟာ ဘယ်သိမှာလဲ အစ်ကိုရာ"

"အေး မင်း အခုမသိလည်း နောင် သိလာလိမ့်မယ်။ အချစ်ဆိုတာက ခုနကငါပြောတဲ့ ကြောင်လိုမိန်းမမျိုးတွေလည်း မဟုတ်ဘူးကွ၊ မိန်းမလေးတွေလည်း မဟုတ်ဘူး၊ မိန်းမတွေလည်း မဟုတ်ဘူး။ အချစ်ဆိုတာ ကိုယ့်ဘဝဖြစ်တည်မှုကြီးတစ်ခုလုံးမှာ ဘာမှမသိရခါနဲ့ နူးညံ့သိမ်မွေ့လှုပ်နေတဲ့ စိတ်ခံစားမှုရသတစ်မျိုးပဲကွ၊ မှတ်ထား"

"ဟုတ်ကဲ့"

"အချစ်ဆိုတာ နှင်းဆီပွင့်လေးလည်း မဟုတ်ဘူး၊ ဘုရားရှိခိုးကျောင်း (Church) က ထိုးလိုက်တဲ့ ခေါင်းလောင်းသံလေးလည်း မဟုတ်ဘူး"

"ဟုတ်ကဲ့"

"အချစ်ဆိုတာဟာ ဘဝရဲ့ နုပျိုခြင်းတွေလည်း မဟုတ်ဘူး၊ ဘဝရဲ့ အိုမင်းကုန်ခန်းသွားမှုတွေကို မဟုတ်ဘူး။ ဒါပေမဲ့ အရာရာအားလုံးဟာ အချစ်ဆိုတဲ့အရာထဲမှာ တည်ရှိနေတတ်ကြတာချည်းပဲတဲ့"

"ဟုတ်ကဲ့၊ အဲဒါ ဘယ်သူပြောသွားတာလဲ"

"ဘယ်သူမှ မဟုတ်ဘူး၊ ငါပြောတာလေကွာ"

"ဗျာ"

"အေး ဟုတ်တယ် ကောင်လေး၊ မင်းက ငယ်သေးလို့ မသိသေးတာ၊ နောက်ကျတော့ မင်း နားလည်လာမှာပါ၊ ဒါပေမဲ့ မင်းနားလည်အောင်လို့တော့ ငါ ပုံပြောပြမယ်"

"ဟား အဲဒါဆို ပြောပြ" ဆိုတော့။ ဆေးပေါ့လိပ်ကို မီးညှိပြီး ပြောဖို့ အားယူနေတာက အကြာကြီးပဲ။ သူ့ရဲ့ဆေးလိပ်မီးခိုးတွေကို ပါးစပ်က အားရပါးရမှုတ်ထုတ်လိုက်ပြီးချိန်ကျမှ သူက စကားစတယ်။ အဲဒီတုန်းက မန္တလေးဆောင်းရဲ့ နှင်းတွေပိတ်မှောင်နေတဲ့ နှင်းမှုန်မနက်ခင်းတစ်ခုမှာ သူပြောပြခဲ့တဲ့ အချစ်ဆိုတဲ့ ပုံပြင်လေးတစ်ခုကို ကြားခဲ့ရတယ်။

ဘာပြောခဲ့၊ ဘာဆိုလိုခဲ့မှန်းတော့ ရှင်းရှင်းမသိခဲ့ပါဘူး၊ အဲဒီအချိန်က ကျွန်တော်ဆိုတဲ့ ကောင်လေးကလည်း အချစ်ဆိုတာ ဘာမှန်း မသိခဲ့သေးဘူးလေ။

"ဒီလိုကွ"

ဟိုတုန်းက ဒီလိုနှင်းတွေကျနေတဲ့ မနက်ခင်း၊ နှင်းတွေမှုန်နေတဲ့ ဒီဇင်ဘာရဲ့ မနက်ခင်းတစ်ခုမှာပေါ့ကွာ၊ အဲဒီ ခရစ္စမတ်မနက်ခင်းလေးတစ်ခုမှာပဲ ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို နှင်းဆီပွင့်လေးတစ်ပွင့်ပေးတယ်တဲ့။ ကောင်မလေးက လက်ခံယူလိုက်ပြီး နှင်းဆီပွင့်လေးကို နမ်းလိုက်တယ်၊ အဲဒီအချိန် ဘုရားရှိခိုးကျောင်းက ခေါင်းလောင်းသံလေးတွေ အဆက်မပြတ်မြည်လာတယ်တဲ့။ နှင်းတွေကလည်း တအားကျ။ ကောင်မလေးက သူ့ဂါဝန်လေးမပြီး ဒေါက်ဖိနပ်သံလေး တဂွပ်ဂွပ်နဲ့ အတူ နှင်းဆီပွင့်လေးကိုကိုင်ပြီး အဲဒီနှင်းမှုန်တွေထဲ ပြေးဝင်ပျောက်သွားရောတဲ့။ အေးစက်နေတဲ့ နှင်းတွေထဲက ကောင်လေးကတော့ ဘာဖြစ်နားမလည်နိုင်စွာနဲ့ ကျန်ရစ်ခဲ့ရတာပေါ့။ ကောင်မလေးက သူ့ဆီ ဘယ်တော့မှ ပြန်ရောက်မလာတော့ဘူးတဲ့။

ဒီလိုနဲ့ နှစ်တွေကြာသွားပြီး နှင်းတွေကျနေတဲ့ ဒီဇင်ဘာရဲ့ ခရစ္စမတ်မနက်ခင်းတစ်ခုကို ရောက်လာခဲ့ပြန်တယ်တဲ့။ နှင်းတွေထဲမှာ လမ်းလျှောက်လာတဲ့ အဘိုးအိုတစ်ဦးနဲ့ အဘွားအိုတစ်ဦး။ သူတို့ဆုံတော့မယ့်အချိန်မှာ ပြန်းဆို အသက်ငယ်ငယ်ကောင်လေးနဲ့ ကောင်မလေးက ပေါ်လာတယ်၊ ကောင်လေးက နှင်းဆီပွင့်လေးတစ်ပွင့် ကောင်မလေးကို ပေးလိုက်တယ်။ ခေါင်းလောင်းလေးတွေ မြည်လာတယ်၊ အဲဒီအချိန် အဘိုး



Asian Fame Media Group
MEDIA GROUP

**မင်းစဉ်းစားကြည့်လေ၊ ကြောင်လေးတွေက သူတို့ကိုအမြဲ ပွတ်သပ်ပေးနေတဲ့သူကိုမှ ခင်တာကွ၊ အဲလိုမှမဟုတ်ရင် သွားမလုပ်နဲ့ ငါ့ကောင်ရေ၊ လက်သည်းနဲ့ ဆွဲပြီ ကုတ်ခြစ်ပြီး ပြေးသွားမှာပဲ။ မိန်းမ တွေလည်း ဒီလိုပါပဲကွာ**

ဒိုက အဘွားအိုကို လှမ်းကြည့်လိုက်တဲ့အခါ လဲကျသွားမလိုဖြစ်နေတဲ့ အဘွားအိုကို သွားကူပေးရင်း လက်ထဲမှာပါလာတဲ့ လက်ကိုင်တောင်ဝှေးလေးကို ပေးလိုက်တယ်တဲ့။ ဒါပေမဲ့ နှင်းဆီပွင့်တော့ မပေးဖြစ်ခဲ့ကြပါဘူး။ ဒီလိုပါပဲတဲ့။ ဒီဇင်ဘာနှင်းတွေကျနေတဲ့အချိန် ကောင်လေးတွေက ကောင်မလေးတွေကို နှင်းဆီပွင့်လေး ပေးမယ်။

ကောင်မလေးရဲ့လက်ထဲ နှင်းဆီပွင့်လေးရောက်သွားပြီ ဆိုရင် ခရစ္စမတ်ခေါင်းလောင်းသံလေးတွေ ဆူညံလာမယ်၊ အဲဒီနောက် ကောင်လေးကိုထားရစ်ပြီး ကောင်မလေးက ပြေးထွက်သွားမယ်။ တစ်ခါတစ်ခါတော့ ကောင်လေးက ကောင်မလေးကို ထားရစ်ခဲ့မယ်။ သူတို့တွေကြား ဘယ်သူမှ ခွဲမသွားဘဲ အတူတူဆက်ရှိနေခဲ့ကြမယ်။ ဘယ်လိုပဲဖြစ်ဖြစ် နှင်းဆီပွင့်လေးတွေပေးတိုင်း သူတို့ရင်ထဲမှာ နွေးနေတဲ့နှလုံးသားတွေ ရှိနေခဲ့မှာ သေချာတယ်တဲ့။ အဲဒီအနွေးဓာတ်ကို အချစ်ဆိုတဲ့အရာက ဖန်ဆင်းပေးလိုက်တာတဲ့၊ အချစ်ဆိုတဲ့ အဲဒီအနွေးဓာတ်လေးထဲမှာပဲ အရာရာအားလုံးပါဝင်စီးမျောနေကြတာမို့ နှလုံးသားထဲကနေ သီးခြားခွဲထုတ်ပစ်လို့လည်း မရ၊ ဘယ်လိုနားလည်ရမှန်း မသိနိုင်ကြဘဲ နှလုံးသားနဲ့သာ ခံစားသိနိုင်တဲ့ရသ"

"ကဲ အချစ်ဆိုတာ ဘာလဲ၊ မင်း တွေးကြည့်၊ အဲဒါ ငါသိတဲ့ ပုံပြင်ပဲ" တဲ့၊

(၂)

သူပြောပြတဲ့ အချစ်ပုံပြင်လေးက အဲဒါပါပဲ။ ကျွန်တော်လည်း သိပ်နားမလည်ဘူး။ ကျွန်တော် ဆေးကျောင်းရောက်ပြီးတဲ့နောက် သူနဲ့လည်း သိပ်မတွေ့ဖြစ်ခဲ့ကြတော့ပါဘူး။ ဒီလိုနဲ့ ဆယ်စုနှစ်တစ်ခုကို ကျွန်တော်တို့ ဖြတ်ခဲ့ရပါပြီ။ ကျွန်တော့်ဘဝလည်း အများကြီး ပြောင်းလဲသွားခဲ့တယ်။

၁၉၈၈ ခုနှစ်မှာ ဆေးတက္ကသိုလ်က ထွက်လိုက်ရပြီး ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ်မှာ ပြန်တက်ခဲ့တယ်။ ဒီလိုနဲ့ ရန်ကုန်တက္ကသိုလ် ဘေး ပြည်လမ်းလှည်းတန်းမီးပွိုင့်မှာ သူနဲ့ပြန်ဆုံဖြစ်ခဲ့ပါတယ်။

ကျွန်တော်က ကားလမ်းကို ဖြတ်အကူး သူစီးလာတဲ့ တက္ကစီက မီးပွိုင့်မှာရပ်နေတုန်း သူ့ကိုမြင်လိုက်တာ။ မတွေ့ရတာကြာပြီမို့ ဝမ်းသာအားရလှမ်းပြီး အော်ဟစ်နှုတ်ဆက်လိုက်တော့ သူမြင်သွားတယ်။ သူ့ဘေးမှာကပ်လျက် ထိုင်နေတာက အမျိုးသမီးတစ်ယောက်။

"ဟာ ကောင်လေး၊ အခု မင်း ဘယ်မှာလဲ"

"ကျွန်တော် ရန်ကုန်တက္ကသိုလ် ရောက်နေတယ်လေ၊ ရှေးဟောင်းသုတေသနဌာနမှာ၊ ဘွဲ့လွန်လာတက်တာ"

"အေး ကောင်းတယ်ကွာ၊ မင်း ဆေးကျောင်းက ထွက်သွားတာ ငါကြားလိုက်တယ်၊ ရောက်တဲ့နေရာမှာ ကြိုးစားပေါ့ကွာ"

"ဒါနဲ့ အစ်ကို ဟို . . ."

"ဟ ကောင်လေးရ၊ ဒါ ကိုယ့်အမျိုးသမီးလေ၊ ကိုယ်လည်း သားသမီးနှစ်ယောက် ရနေပြီ" တဲ့။

ကျွန်တော် ပြန်ပြောမယ်ပြင်တုန်းမှာပဲ မီးစိမ်းသွားတာမို့ သူစီးလာတဲ့ တက္ကစီလေးက မျက်စိရှေ့က ဝေါခနဲ မောင်းထွက်သွားပါရောဆိုတော့ ဘာမှဆက်မပြောခဲ့ရတော့ပါဘူး၊ တခြားကားတွေ ရှိနေတာမို့ လမ်းကို အမြန်ဖြတ်ကူးလိုက်ရတယ်၊ အမှန်ပြောရရင် ကျွန်တော့်စိတ်ထဲတော့ မကျေမနပ်ဖြစ်သွားတာပေါ့နော်။ သူက မိန်းမနဲ့ကြောင် မယုံနဲ့ကွလို့ ပြောခဲ့ဖူးတာကို အမှတ်ရနေမိတယ်။

ကျွန်တော်ကတော့ သူပြောတာ အဟုတ်မှတ်ပြီး မိန်းမတွေဆိုရင် သံသယနဲ့ကြည့်ခဲ့မိတယ်။ လက်သည်းနဲ့ ကုတ်ခြစ်တတ်တဲ့အမျိုး ဆိုပြီးတော့။ ဒါပေမဲ့ သူပြောသလို ကြောင်လိုကုတ်ခြစ်သွားတဲ့ မိန်းမတချို့နဲ့တော့ တွေ့ခဲ့ကြုံခဲ့ပါတယ်။ သူကတော့ ကြောင်ကို ကောင်းကောင်းမွေးတတ်သွားပြီ ထင်ပါရဲ့လို့ပဲ စိတ်ကတွေးရင်း ပြုံးလိုက်မိတယ်။

သူ့ခေါင်းမှာ ဆံပင်ဖုတ်သိုက်နဲ့ ဂျပ်ထ လိုင်းတွန့်နေတာမျိုးတွေလည်း မရှိတော့ဘူးလေ။ ဒါပေမဲ့ မိန်းမတိုင်းက ကြောင်လို မဟုတ်ဘူးဆိုတာတော့ သူနားလည်သွားခဲ့သလို ကျွန်တော်လည်း နားလည်ခဲ့ပါပြီ။

သူ့ရဲ့အချစ်ပုံပြင်လေးထဲက လိုပါပဲ။ ကျွန်တော်လည်း 'မ . . .' ဆိုတဲ့ ကောင်မလေးတစ်ယောက်ကို နှင်းဆီပွင့်လေးတစ်ပွင့် တစ်ခါမှာတော့ အသေအချာပေးခဲ့ဖူးပါတယ်။

ပုံပြင်ထဲကလိုပဲ ကောင်မလေးက နှင်းဆီပွင့်လေးယူပြီး (လှည်းတန်းဈေးနားက လက်ဖက်ရည်ဆိုင်လေးတစ်ခုမှာ ထိုင်စကားပြောနေရင်းက) ပြေးထွက်သွားခဲ့ဖူးပါတယ်။

ဒါပေမဲ့ ပုံပြင်လေးနဲ့ မတူစွာဘဲ ကျွန်တော်တို့နှစ်ယောက် ပြန်ဆုံခွင့်ရခဲ့ပါတယ်။ "သူ အခုမှ တကယ်နောက်ဆုံး လာနှုတ်ဆက်တာပါတဲ့"၊ သဘောသားတစ်ယောက်နဲ့ စေ့စပ်ခဲ့ပြီဆိုတာလည်း ပြောသွားပါတယ်။ ကျွန်တော် ဘာမှပြန်ပြောခွင့်မရခဲ့တော့ပါဘူး။ ဒါပေမဲ့ နှင်းဆီပွင့်လေးပေးတုန်းက ဖြစ်တည်ခဲ့တဲ့ အနွေးဓာတ်လေးကတော့ ဘဝမှာ ဘယ်တော့မှ ပျောက်ပျက်မသွားနိုင်တော့မယ့် အရာအဖြစ်နဲ့ ကျန်ရစ်ခဲ့ပါတယ်။ ငယ်ငယ်တုန်းက ကဗျာဆရာပြောတဲ့ အချစ်ပုံပြင်လေးကို ကျွန်တော် နားလည်နိုင်ခဲ့ပါပြီ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ကျွန်တော့်ကောင်မလေးအကြောင်း စဉ်းစားမိတိုင်း ရင်ထဲမှာ နှင်းတွေကျလာတယ်၊ ခရစ္စမတ်ခေါင်းလောင်းသံတွေလည်း ဆူညံလာတယ်၊ နွေးနေတဲ့ခံစားမှုလေးကိုလည်း သတိထားမိလာတယ်။

၁၉၉၆ ခုနှစ်၊ နှင်းတွေဝေစပြုနေတဲ့ ရန်ကုန်မြို့ရဲ့ ဆောင်းမနက်တစ်ခုမှာ ကျွန်တော့်ဘဝထဲက သူ အပြီးအပိုင် ပြေးထွက်သွားခဲ့တာပါ။

ကိုဆွေကြီးလက်ဖက်ရည်ဆိုင်ထဲမှာ ကဗျာဆရာက သူ့ရဲ့အချစ်ပုံပြင်ပြောရင်း အားရပါးရဖွာထုတ်လိုက်တဲ့ ဆေးလိပ်မီးခိုးတွေလိုပဲ အဲဒီကောင်မလေးရဲ့ ပတ်သက်လာရင် ကျွန်တော့်ရဲ့ စိတ်တွေက ခုထိ ပြန့်ကျဲလွင့်စင်ထွက် နေရတုန်းပါပဲ။ **မင်းဟန် (မန်းတက္ကသိုလ်)**

Asian Fame Media Group



MEDIA GROUP
Asian Fame Media Group



# ပွင့်သစ်ဝေဒနာ

ရည်ညွှန်းဖွဲ့သီ ချစ်သူဆီ

ထန်

(၁)

ဘယ်တော့မှ ပြန်တွေ့ရလိမ့်မယ်လို့ ထင်မထားတဲ့ သူမကို မမျှော်လင့်ဘဲ ဖြန်းခနဲတွေ့လိုက်ရတော့ ကျွန်တော် ရင်နည်းနည်းခုန်သွားတာကိုတော့ ဝန်ခံရပါလိမ့်မယ်။ ဒါပေမဲ့ ကိုယ့်ရင်ခုန်သံကို ပြန်ဆန်းစစ်ကြည့်တော့ အရင်က ရင်ခုန်သံမျိုး မဟုတ်တာတော့ ထူးခြားနေတယ်။ ဘယ်လို ရင်ခုန်သံမျိုးပါလိမ့်။ ကျွန်တော် ပြောမပြတတ်ပါဘူး။ ရင်ထဲကို တစ်ချက် 'ဒိန်း' ခနဲ လာဆောင့်ပြီးမှ ခပ်ဖြည်းဖြည်းချင်း ရင်ခုန်သံနှုန်း တိုးသွားတာကိုတော့ သတိထားမိတယ်။ ဒါပေမဲ့ ရင်ခုန်သံ ရပ်သွားတာမျိုး မဟုတ်ပေမယ့် လှုပ်လှုပ်လှုပ်လှုပ်နဲ့ ပုံမှန်စည်းချက် ကျနေတာမျိုးပါ။ ဟား . . ဘာဆိုင်

Asian Media Group

လဲကွာ၊ နှလုံးခုန်တာပဲ ဆန်းသလား။ နှလုံးခုန်နေမှ ငါအသက်ရှင်မှာပဲ။ ကျွန်တော် ကိုယ့်စိတ်ကို ဖြေလျှော့ ယူလိုက်ရတယ်။

သူမကို ဖြူန်းခနဲမြင်တွေ့လိုက်ရတော့ ကျွန်တော့်ပါးစပ်မပိတ်နိုင်အောင်ပါပဲ။ အံ့ဩသွားတာပါ။ သူမကတော့ ကျွန်တော့်ကို တွေ့ရလိမ့်မယ်ဆိုတဲ့ သေချာမှုမျိုးနှင့် ဘာမှ ထူးထူးခြားခြား အံ့ဩသွားတာမျိုး မရှိပါဘူး။

ကျွန်တော့်မှာသာ ညနေရိုးရိုး တစ္ဆေသရဲတွေ့သလိုမျိုး ဖြူန်းခနဲ ကြောက်လှန့်သွားတာပါ။ အဲသည်နေ့ ညနေမှောင်ရီပျိုးစ အချိန်မှာပဲ ကျွန်တော် ဘောလုံးကန်ရာက ပြန်လာပြီး လမ်းထဲဝင်စအချိန် လေးပါပဲ။ သူမတို့အိမ်က လမ်းထိပ်မှာ တိုက်ကြီးတာကြီးဟီးနေပေမယ့် ကျွန်တော်တို့ အိမ်ကတော့ အဲဒီလမ်းထဲကိုဝင်ပြီးမှ ငါးအိမ်မြောက် တစ်ထပ်တိုက် အိမ်လေးဆီရောက်တာပါ။

ကျွန်တော်ကတော့ ဘောလုံးကို ပုတ်ပြီး ဆော့ကစားလာချိန်၊ သူမက အိမ်ထဲကအထွက် တံခါးပြန်ပိတ်ချိန်မှာ ဖျတ်ခနဲမျက်လုံးချင်းဆုံသွားပါတယ်၊ အဲသည်အကြည့်ချင်း ဆုံချိန်ခဏမှာပဲ ဘောလုံး ဘယ်ဆီလွင့်သွားတယ်ဆိုတာ ကျွန်တော် မသိတော့ပါဘူး၊ ကျွန်တော်အံ့ဩမှင်တက်ပြီး သူမကို ငေးမိသွားတယ်။ အင်းလေ နှစ်နှစ်ကြာအောင် မေ့ထားမိတဲ့လူတစ်ယောက်ကို အခု ခဏလေးအတွင်း မြင်တွေ့ရတော့ နည်းနည်းအံ့ဩမိသွားတာ ဆန်းသလား။

လမ်းထိပ်တံတားလေးပေါ်မှာ ကျွန်တော်ရပ်နေဆဲ သူမတစ်လှမ်းချင်း လျှောက်လာတယ်။ ညီအစ်ကို မသိတာသိအချိန်မှာ သူမ ကျွန်တော့်ရှေ့ရပ်လိုက်တာကို ကျွန်တော် မှင်တက်မိနေတုန်းပဲ။ နေဦး . . . သူမ ပြုံးလိုက်သလားလို့၊ သူမအပြုံးက ခပ်သဲ့သဲ့ လှောင်ရယ်ချင်သလိုပဲ။

"ဘောလုံးကို လက်ကလွတ်ကျရလောက်အောင် နင် တော်တော်နမော်နမဲ့နိုင်ပါလား ကောင်း"

သူမက ကျွန်တော့်ရှေ့ဘောလုံးထိုးပေးရင်း အပေါ်စီးပြုံးကြည့်တယ်။ သေစမ်းကွာ၊ သူမရှေ့မှာမှ ဘောလုံးလွတ်ကျဖြစ်အောင် လွတ်ကျလိုက်သေးတယ်။ သူမ ဘာထင်သွားမလဲ။ ဘာထင်ထင်ကွာ၊ သောက်ဂရုမစိုက်ဘူး။ ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်လက်ပျက်နဲ့ ကျွန်တော် သူမကို ဘုကြည့်ကြည့်ပစ်လိုက်တယ်။

"အေးဟာ၊ အခုတလော ငါ အာရုံကြောတွေ သိပ်မသန်ဘူးထင်တယ်၊ သွက်ချာပါဒ လိုက်နေတယ်"

ကျွန်တော် ခပ်ရွဲ့ရွဲ့ပြောလိုက်တော့ သူမ ခပ်ဖွဖွရယ်တယ်။ အရေးထဲ သူမရဲ့ရယ်သံလွင်လွင်ဟာ ကျွန်တော့်နားထဲမှာ ချိုလွင်နေတယ်။

"ကောင်း နင်က လူသာကြီးလာပေမယ့် အရင်တုန်းကအတိုင်းပဲ ရွဲ့တုန်းစောင်းတုန်းပဲနော်"

သူမက ရယ်ရယ်မောမောရှုတ်ချပေမယ့် ကျွန်တော့် ယောင်းခနဲ ပေါ်သွက်သွားတယ်။ ကျွန်တော်နဲ့ ပတ်သက်ပြီး သူမ မှတ်မိနေတဲ့ အချက်တစ်ချက်က ကျွန်တော့်ရဲ့ ဆိုးကျိုးဖြစ်နေလို့ ကျွန်တော်စိတ်မကျေနပ်တာပါ၊ နေစမ်းပါဦး၊ သူမ ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တာပါလိမ့်။ ကောင်း . . တဲ့၊ ဟုတ်ရဲ့လား။ သူမ ကျွန်တော့်ကို ခေါ်လိုက်တဲ့ နာမည်က 'ကောင်း' တဲ့လား။ လွန်ခဲ့တဲ့ နှစ်နှစ်က သူမ ကျွန်တော့်ကို 'ကောင်း' လို့ ခေါ်ခဲ့သလား၊ ကောင်းမြတ်လို့ ခေါ်ခဲ့သလား၊ ကျွန်တော် သေသေချာချာ မမှတ်မိပါဘူး၊ သူမ ကျွန်တော့်ကို 'ကောင်း' လို့ တစ်လုံးတည်း အဖျားဆွတ်ခေါ်ရလောက်အောင် သူမနဲ့ကျွန်တော် အဲသလောက် မရင်းနှီးခဲ့ဘူးထင်တယ်။ ပြီးတော့ သူမရဲ့ 'ကောင်း' လို့ ခေါ်သံက မြက်ဖျားကို လေပြည်ထိတွေ့ ပွတ်သပ်တိုက်ခတ်သလို ကျွန်တော့်နှလုံးသားကို လာတိုက်ခတ်နေတယ်။

"နင် ဘောလုံးကန်ပြန်လာတာလား ကောင်း"

သူမက ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံးကို ခြုံကြည့်ပြီး မေးတော့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိတယ်။ ချက်ချင်းပဲ ကျွန်တော့်မျက်နှာ ရဲခနဲဖြစ်သွားတယ်။ ကျွန်တော် ရှက်လိုက်တာဗျာ။

ကျွန်တော့်ခန္ဓာကိုယ်အပေါ်ပိုင်းက ဗလာကျင်းနေပြီး ဘောလုံးကန်ပြီးစအချိန်မို့ ချွေးတွေစိုနင့်နေတယ်။ အားကစားဘောင်းဘီအတိုကိုလည်း ညာဘက်ဘောင်းဘီတစ်ခြမ်းကို ပေါင်လယ်အထိ လိပ်တင်ထားသေးတယ်။ ဘယ်ဘက်ပခုံးပေါ်မှာတော့ ချွေးစိုနေတဲ့ စွပ်ကျယ်အကျႌတစ်ထည်ကို တင်ထားခဲ့တာပါ။ ကျွန်တော့်ကိုယ် ကျွန်တော် သတိထားမိတဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ် ပြန်မကြည့်ရဲလောက်အောင် ရှက်နေမိတယ်။ သူမရှေ့မှာမို့ မျက်နှာက မွန်ထူနေပြီး တင်းခနဲဖြစ်သွားတယ်။ စိတ်ထဲမှာလည်း သူမကို တစ်ချက်ဆဲရေးလိုက်မိသေးတယ်၊ သီတာ. . . နင်တော်တော်ရဲလာပါလား။

"နင် ဘယ်တုန်းက ရောက်နေတာလဲ သီတာ"

"လွန်ခဲ့တဲ့ လေးနာရီလောက်က"

ကိုယ့်ကိုယ်ကိုယ် အရှက်ပြေလို ပြေငြား စကားစရှာမေးလိုက်တော့ သူမက ဘာမှမမှုသလို ခပ်အေးအေးပဲ ဖြေတယ်။ ကျွန်တော် သူမကို မျက်နှာလွှဲမလို ပြုပြီးမှ သူမက ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်တာနဲ့ ဘာပါလိမ့်ဆိုတဲ့အတွေးနဲ့ ဖျတ်ခနဲပြန်လှည့်လိုက်တယ်။ ညမှောင်ရီသန်းလာပြီ ထင်ပါရဲ့။ သူမမျက်ဝန်းတွေ ရီမှောင်ညိုးရိပ်ဝေနေတယ်။

"နင် သိလား ကောင်း၊ ငါပျော်ဘွယ်ပြန်ရောက်ရင် နင့်ကို ပထမဆုံးမြင်ရလိမ့်မယ်လို့ ထင်ထား



Asian Fame Media Group

ခဲ့တာ"

သူမအသံက တိုးရှုရှလေး။ လွမ်းဆွေးသံများ ပါနေလေသလား။ ဓာဓာကထက် ကျွန်တော် ပိုရှက်သွားတယ်ထင်တယ်။ သူမ ကျွန်တော့်ကို လွမ်းနေခဲ့လိမ့်မယ်လို့ ကျွန်တော် ထင်မှတ်မထားခဲ့ပါ။ ကျွန်တော်ကရော သူမကို လွမ်းနေခဲ့သလား။ အဲသည်အချိန်မှာပဲ ကျွန်တော် တစ်စုံတစ်ယောက်ကို လွမ်းသွားတယ်။ သူမ မသိပါဘူး။

"နင် ငါ့ကို အခုတွေ့နေပြီပဲ သိတာ"

"အေးလေ ဘာပဲဖြစ်ဖြစ် ငါ ဝမ်းသာပါတယ်"

ဘာကြောင့်မှန်း မသိ။ သူမအတွက် ဖြေသိမ့်ပေးလိုက်တဲ့စကားက ဝေဒနာချင်းထပ်တူကျတယ် ထင်ပါရဲ့။ သူမ ပြုံးရယ်လိုက်တာ။ ညအမှောင်မှာ သူမမျက်နှာ ကြယ်တွေပြိုးပြက်သွားသလိုပဲ။

"ငါ သူငယ်ချင်းတွေ သွားတွေ့လိုက်ဦးမယ် ကောင်း၊ မနက်ဖြန်ကျရင် နင့်ဆီ ငါ လာခဲ့မယ်"

သူမ ဖျတ်ခနဲ ပြေးထွက်သွားတယ်။ လမ်းမောဘ်မီးတိုင်တွေ ဖျတ်ခနဲလင်းလာတဲ့ အလင်းရောင်တွေဆီ သူမ ပြေးသွားတာကို ကျွန်တော် တအံ့တသြ ငေးမောနေမိတယ်။ ပြီးမှ ကျွန်တော် လမ်းထဲဝင်လာခဲ့တယ်။ ကျွန်တော် လမ်းလျှောက်နေတာ အိပ်မက်ထဲမှာ လျှောက်နေသလိုပဲ။ မနက်ဖြန် ငါ လာခဲ့မယ်တဲ့။ သူမ စကားတွေက အဆန်းပဲ။

(၂)

မနက်ဖြန် လာခဲ့မယ်တဲ့၊ သူမ ကျွန်တော့်ဆီ လာပါ့မလား တွေးမိတော့ မသေချာဘူး။ ကျွန်တော့်အိမ်ကို သူမ လာမှမလာဖူးဘဲ။ မဟုတ်သေးပါဘူး၊ သူမ သည်အိမ်ကို လာတော့လာခဲ့ဖူးပါတယ်။ ဒါပေမဲ့ အခေါက်ရေ နည်းတယ်လေ။ လာရင်လည်း သူမအဒေါ်နဲ့ လိုက်လာတာပဲ ရှိတယ်။ သူမအဒေါ်နဲ့ ကျွန်တော့်အဒေါ်တွေက အပျိုကြီးချင်း အပျိုကြီးချင်း ဘော်ဒါတွေလေ။ မှတ်မှတ်ရရ သူမ ကျွန်တော့်အိမ်ကို နှစ်ခေါက်လားပဲ ရောက်ဖူးတယ်။ ဒါပေမဲ့ သူမက အိမ်ထဲကို မဝင်ပါဘူး။ အိမ်ပေါက်ဝက ထိုင်ခုံတန်းလေးမှာပဲ သူမအဒေါ်ကို ဆီးကြိုစောင့်နေတာလေ။

မေမေကတောင် "သမီး တာတာ အိမ်ထဲဝင်လေ" ဆိုတာကို သူမက ခေါင်းယမ်းတယ်။

"ရတယ် အန်တီ၊ သမီး ဒီမှာပဲ ထိုင်နေလိုက်မယ်" ဆိုပြီး အိမ်ထဲကို ခေါ်မရခဲ့ဘူး။

သူမအဒေါ်က "မဟုတ်ဘူး မဇော်ရေ၊ သည်ကောင်မလေး ညည်းသားရှိလို့ အိမ်ထဲမဝင်တာ၊ ရှက်နေတာလေ" ဆိုပြီး အိမ်ထဲကနေ လှမ်းစတယ်။ "အန်တီ အေးနော်" ဆိုပြီး သူမက လှမ်းမာန်လိုက်ပြီး အိမ်ရှေ့မှာပဲ ခပ်တင်းတင်းထိုင်နေတယ်။

ကျွန်တော်တို့အိမ်ကို မလာစဖူး အလာထူးတဲ့ သူမကို တွေ့လိုက်ရတော့ ကျွန်တော်ပျော်သွားပြီး အိမ်ဘေးဘက်ကနေ သူမကို ချောင်းကြည့်ခဲ့ရတာကို အခုအချိန်မှာ သတိရမိတော့ မျက်နှာနွေးခနဲ ပူသွားတယ်။ ဟုတ်တယ်လေ၊ တစ်ချိန်ကတော့ သူမမျက်နှာကို တစ်နေ့မတွေ့ရရင် သေမလောက်ဖြစ်ရတဲ့အထိ ကျွန်တော် အရူးအမူးဖြစ်ခဲ့တာပါ။

အဲသည်တုန်းက ကိုယ့်အသက်လောက် ဖြစ်ရတဲ့သူအဖြစ်၊ နောက်ထပ်ဘယ်သူ့ကိုမှ စိတ်မဝင်စားနိုင်တော့ပါဘူးလို့ ဖြစ်ရတဲ့အထိ ကျွန်တော်က သည်းသည်းလှုပ်ဖြစ်ခဲ့ရတာလေ။ ဘဝမှာ ပထမဦးဆုံး ရည်းစားထားချင်တဲ့ အချိန်ဆိုတော့ လူက စိတ်ကူးနဲ့ မြောက်ကြွနေတယ်။ လေထဲမှာ ပုံဝဲနေရသလိုပဲ စိတ်တွေ လှုပ်ရှားယောက်ယက်ခတ်နေတာမို့ ဘာမှ ဖမ်းဆုပ်ယူလို့ မရခဲ့ဘူး။

အဲဒီအချိန်တွေတုန်းက သူမ တည်ငြိမ်အေးစက်နိုင်လွန်းတယ်လို့ ထင်ခဲ့မိတယ်။ ဒါပေမဲ့ သူမမျက်ဝန်းတွေကတော့ ကစားနေသလိုပဲ။ အတန်းထဲမှာ သူမနဲ့ကျွန်တော် အကြည့်မဆုံတဲ့နေ့ကို မရှိသလောက်ပဲ။ တစ်ခါတလေ တစ်နေ့ကို လေးငါးခါလောက် အကြည့်ဆုံတယ်။ အဲသလို အကြည့်ဆုံတဲ့အခါတိုင်းလည်း သူမဖျတ်ခနဲ မျက်လွှာချချသွားတာပဲ။ နောက်တစ်ကြိမ် သူမ ပြန်ကြည့်တော့လည်း ဖျတ်ခနဲပဲ။ ဒါပေမဲ့ဗျာ . . .။ အဲသည် ဖျတ်ခနဲ ဖျတ်ခနဲအကြည့်တွေကပဲ ကျွန်တော့်ရင်ကို အကြိမ်ပေါင်းများစွာ ခုန်စေခဲ့တာလေ။

ကျွန်တော်က အချိန်အကြာကြီး ငေးနေတတ်လွန်းလို့ တစ်ခါက ဆရာစာခေါ်မေးနေတာကို ရုတ်တရက် မကြားလိုက်မိဘူး။ ဆရာက မြေဖြူခဲနဲ့ လှမ်းပေါက်လိုက်မှ ကျွန်တော် ဆတ်ခနဲသတိဝင်ပြီး အတန်းရှေ့ လှည့်လိုက်တယ်။ အတန်းသားတွေအားလုံး ကျွန်တော့်ကိုကြည့်ပြီး ရယ်လိုက်ကြတာဗျာ။ ကျွန်တော်ရှက်တာ လဲသေမတတ်ပဲ။ ဆရာက ကျွန်တော့်ကိုကြည့်ပြီး ခပ်သဲ့သဲ့ပြုံးပါတယ်။

"အင်း. . . ခက်တယ်ကွယ်၊ ခက်တယ်၊ သည်လိုအရွယ် သည်လိုအချိန် သည်လိုဝေဒနာတွေ"

ဆရာ ဘာတွေရေရွတ်နေမှန်း ထိထိကျကျမသိပေမယ့် အတန်းသားတွေ နောက်တစ်ကြိမ် ထပ်ရယ်ကြတယ်။ ကျွန်တော်လည်း စာသင်ခုံပေါ် မှောက်ရက်လဲတော့တာပဲ။

နောက်တစ်ပတ်လောက် သူမကို ရဲရဲမကြည့်ရဲဘူး။ သူမနဲ့ဆုံတဲ့နေရာတိုင်းမှာလည်း ကျွန်တော်ကပဲ လမ်းလွှဲရှောင်သွားတာချည်းပဲ။ ရင်ထဲမှာတော့ ဝမ်းနည်းသလိုလို၊ နာကြည်းသလိုလို၊ မခံချင်ဖြစ်သလိုလို။ ဒါပေမဲ့ ညဘက်စာကြည့်စားပွဲမှာ သူမမျက်နှာကို မြင်ယောင်နေတုန်း ပဲ။ အဲသည့်လက ကိုးတန်းလပတ် စာမေးပွဲကို မကျစဖူး တစ်ခါတော့ ကျသွားခဲ့သေးတယ်။ အဲဒီတော့မှ ပိုဆိုးတော့တာပါ။ အိမ်က လပတ် စာမေးပွဲလေးကို ကျရပါ့မလားဆိုပြီး ကြိမ်နဲ့တော်တော်ဆော်ထည့်လိုက်တာ သုံးရက်လောက် အိမ်ပြင်မထွက် လိုက်ရဘူး။

အဲဒီတုန်းကတစ်ခါ ကျွန်တော့်အိမ်ကို သူမ ရောက်လာခဲ့သေးတယ်။ သူမအဒေါ်နဲ့ပါ။ အိပ်ခန်းထဲကနေ ကျွန်တော် အပြင်မထွက်ဘဲ သူမဆီကအသံကို နားစွင့်နေမိတယ်။ ဒါပေမဲ့ အံ့ဩစရာ ကောင်းတယ်ဗျ။ သူမဆီက ဘာသံမှ မကြားရဘူး။ သူမတော့ ကျွန်တော့်သတင်းကြားလို့ ကျွန်တော့်ကို လာမေးတယ်

Asian Family Media Group

စိတ်ကူးနေတာ။ ဘာသတင်းမေးသ်မှလည်း မကြားရ စိတ်ကူးတဲ့အတိုင်းလည်း မဖြစ်ဆိုတော့ စိတ်ထဲမှာ တော်တော်ခံပြင်းသွားတယ်။ ဒီမိန်းမကိုလည်း နောင်ဘယ်တော့မှ မကြိုက်တော့ဘူးကွာဆိုပြီး ဒေါသထွက်ထွက်နဲ့ နာကြည်းနေမိခဲ့တယ်။

ဒါပေမဲ့ အဲသည့်အချိန်က မရှုမကောင်းစိတ်ဆိုတော့ ကျောင်းပြန်တက်တဲ့နေ့မှာ သူမနဲ့ကျွန်တော်မုန့်ဆိုင်မှာ ဆုံကြတယ်။ တွေ့တွေ့ချင်း ကျွန်တော်က တခြားဆိုင်ပြောင်းဖို့ ခြေလှမ်းပြင်နေတုန်း သူမဆီက အသံကြားရတယ်။

"နင့်အိမ်ကို မနေ့က ငါလာသေးတယ်။ နင် မရှိဘူးနော်"

ကျွန်တော့်ဆီကို သူမ လာတာဆိုတော့ ကျွန်တော်ပြောမပြတတ်အောင် ပျော်လိုက်တာဗျာ။ ခုန်ပေါက်ပစ်လိုက်ချင်တယ်။ ချက်ချင်းပဲ တစ်နေ့က သူမကို မကြိုက်တော့ဘူးဆိုတဲ့ စိတ်က ဘယ်ဆီလွင့်သွားတယ် မဆိုနိုင်ဘူး၊ သူမကို တစိမ့်စိမ့်ကြည့်ပြီး ကြည်ကြည်နူးနူးကို ချစ်သွားလိုက်တာလေ။ ဖွင့်ပြောမိမတတ်ဘဲ။ အဲသည့်နေ့က သူမနဲ့ စကားတော်တော် ပြောလိုက်ရတာကိုပဲ တစ်နေ့လုံး ကြည်နူးရင်ခုန်နေမိတယ်။

ဒါပေမဲ့ အဲသည်နေ့က သူမနဲ့ စကားတွေပြောဖြစ်ခဲ့တာ နောက်ဆုံးဖြစ်သလို သူမ ကျွန်တော့်အိမ်ကိုလည်း ဘယ်တော့မှ ထပ်ရောက်မလာတော့ပါဘူး။

အခု နှစ်နှစ်ကျော်ကြာမှ သူမက အိမ်ကို လာခဲ့ဦးမယ်ဆိုတော့ ပုံပြောသလို မှတ်ထင်နေတုန်း။ နောက်တစ်နေ့နံနက်မှာ သူမ ကျွန်တော့်ဆီကို တကယ်ပဲ ရောက်ချလာခဲ့တာပါ။ သည်တစ်ခါတော့ သူမ တစ်ယောက်တည်းရယ်။

"သားရေ ကောင်းကောင်း၊ ဒီမှာ တာတာလာတယ်ဟေ့၊ ထတော့လေ သားရဲ့"

မေမေ့အသံကြားတဲ့ အချိန်မှာ ကျွန်တော်က အိပ်ရာထဲမှာ နှပ်ကောင်းနေတုန်းဆိုတော့ ဖြန်းခနဲ အိပ်ရာကထပြီး မျက်နှာကမှာကယာ သစ်ရတယ်။ မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် စိတ်ကျေနပ်အောင် ကြည့်ပြီးမှ ဧည့်ခန်းထဲ ထွက်လာခဲ့ရတယ်။

"ကောင်းက အရင်လိုပဲ အိပ်ပုပ်ကြီးနေတုန်းပဲနော်၊ အန်တီဇော်"

"ဟုတ်ပ ကာလနဂါးလေးလေ"

"ဘာအိပ်ပုပ်ကြီးရမှာလဲ၊ အခုမှ ကိုးနာရီပဲ ရှိသေးတာ"

ကျွန်တော်က ခပ်ဆူဆူပြောတော့ မေမေနဲ့သူမ ရယ်ကြတယ်။ စိတ်ထင်လို့လား မသိဘူး၊ သူမရယ်တာ ချစ်စရာကောင်းတယ်လို့ ကျွန်တော်တွေးနေမိတယ်။

"မနေ့ညက သားက တာတာ ပြန်ရောက်နေတာကို ပြောမပြဘူး သမီးရဲ့"

မေမေ့စကားကြောင့် သူမက ကျွန်တော့်ကို "အကျင့်ယုတ်" လို့ တစ်ချက်လှမ်းဆဲတယ်၊ ပြီးတော့ မကျေမနပ်နဲ့ မျက်စောင်းထိုးတယ်။ အင်း . . . သီတာ ပြန်ရောက်နေတယ်လို့ မေမေ့ကို ကျွန်တော် ဘာဖြစ်လို့ မပြောမိပါလိမ့်။

"သမီးက ရန်ကုန်သူဖြစ်လာလို့လား မသိဘူး၊ ချောလာလှလာတယ်၊ စမတ်ကျလာတယ်"

အင်း . . . မေမေပြောမှပဲ သီတာကို ကျွန်တော် အခုမှ သတိထားမိသွားတယ်၊ အရင်က ကိုးတန်းကျောင်းသူ၊ ဆံပင်တိုနန့်နန့်နဲ့ သနပ်ခါးပါးကွက်ကျား လိမ်းတတ်တဲ့ ကောင်မလေးတစ်ယောက်ထက် တက္ကသိုလ်ကျောင်းသူ ကောင်မလေးက ပိုလှနေပါလား။ ကျွန်တော့်မျက်စိထဲမှာ ကိုးတန်းကျောင်းသူ ကောင်မလေးကို မမြင်တော့ဘဲ တက္ကသိုလ်ကျောင်းသူ သီတာအေးလွင်ကိုပဲ မြင်ယောင်နေမိတယ်။ အဲသည့်အချိန်တုန်းက ဘာဖြစ်လို့များ ငါ သူ့ကို ကြိုက်ခဲ့မိတာပါလိမ့်။

"သမီး အခု ကွန်ပျူတာ တက္ကသိုလ်တက်နေတာ အန်တီ၊ ပျော်ဘွဲ့ကို ပြန်မလာပေမယ့် ကောင်း GTC တက်တာ သမီးသိပါတယ်"

သူမ စကားပြောနေတဲ့ တစ်လျှောက်လုံး ကျွန်တော် သူမကို အကဲခတ်နေတာ သူမ တော်တော်သွက်လာပါလား။ မေမေနဲ့စကားတွေ မပြောစဖူး ပြောနေလိုက်တာများ ကရားက ရေသွန်နေသလိုပဲ။ ကျွန်တော့်ဆီကိုလည်း ခဏခဏ လှည့်ကြည့်လိုက်၊ သူမတို့ စကားဝိုင်းထဲ ဆွဲခေါ်လိုက်နဲ့။ ကျွန်တော်က တော့ ထိုင်ရတာ ငြီးငွေ့လို့ ပြေးချင်လှပြီ။ ပြီးတော့ မနက်စာလည်း ဆာလှပြီလေ။ နောက်ဆုံးတော့ မတတ်သာတာနဲ့ ကျွန်တော်လည်း ဖြောင်းဖွင့်ပြောလိုက်ရတယ်။

"နင်နဲ့ မေမေနဲ့ စကားပြောရစ်ကြဟာ၊ ငါတော့ ဗိုက်ဆာပြီ"

ကျွန်တော် ထထွက်လာခဲ့ပေမယ့် ကျွန်တော့်နောက်ကျောကို သူမ ဘာတွေပစ်ပေါက်နေမလဲ ဆိုတာကိုတော့ ကျွန်တော် မသိပါဘူး။

(၃)

ကျောင်းပိတ်ရက်နှစ်လမှာ ကျွန်တော် ပုံမှန်လုပ်ဖြစ်နေတဲ့ အလုပ်က ညနေတိုင်း ဘောလုံးကစားတဲ့အလုပ်ပါ။ အားကစားကွင်းထဲမှာ ကိုယ့်အဖွဲ့နဲ့ကိုယ် ကစားတာရှိသလို တခြားအဖွဲ့တွေနဲ့ ချိန်းပြီး ကစားတာလည်း ရှိတယ်။

ကျွန်တော် ပုံမှန်ဘောလုံးကစားဖြစ်နေသလို ညနေမိုးချုပ်လို့ အိမ်ပြန်လာတဲ့အခါတိုင်း လမ်းထဲအဝင် သူမနဲ့ဆုံတွေ့စမြဲပါ။ သူမက သူမတို့အိမ်ရှေ့အုတ်ခုံတန်းလေးမှာ ညနေခင်းတိုင်း ထိုင်တတ်တယ်။ အရင်ကတော့ သည်လို မတွေ့ခဲ့ဖူးဘူးထင်တယ်၊ ခုကျမှ . . .။

သည်တော့ ကျွန်တော် ဘောလုံးကန်ပြန်လာတဲ့အခါတိုင်း သူမနဲ့ ဆုံရစမြဲပါ။ ကျွန်တော်လာတဲ့အခါတိုင်းလည်း သူမ တစ်ခုခုလုပ်နေစမြဲပါ။ စာဖတ်တဲ့အခါ ရှိမယ်။ လက်သည်းညှပ်နေတဲ့အခါ ရှိမယ်၊ MP3 နဲ့ သီချင်းနားထောင်နေတဲ့အခါ ရှိမယ်။ ဘာပဲလုပ်လုပ် ကျွန်တော်ရောက်လာရင်တော့ မျက်လုံးချင်း တစ်ချက်တော့ ဆုံမိတတ်တယ်။

တစ်ခါတလေတော့ ကျွန်တော်နဲ့အတူ ပြန်လာနေကျ ကိုသန်းဇော်ကတောင် သူမကို မြင်တွေ့ဖန်များလာတော့ "မင်း ကောင်မလေးလား" လို့ မေးသေးတာပါ။ အဲသည့်အခါ ကျွန်တော်က "ဟာ၊ ဘယ်ကလာ



တချို့စာတွေက
ဖတ်ပြီးရင် သိမ်းထားဖို့
ကောင်းတာမဟုတ်ဘူး ဟ၊
ဖတ်ပြီးပြီးချင်း
ဆုတ်ဖြဲပစ်လိုက်ရမှာ၊
နောင်တစ်ချိန်မှာ
အသုံးဝင်နိုင်ဖို့
မဟုတ်ဘူးလေ၊
စာရွက်ထဲက စကားလုံးတွေက
နလုံးသားထဲက
စကားလုံးတွေလောက်တော့
ဘယ် တည်မြဲနိုင်မှု ရှိပါ့မလဲ
သီတာရယ်

ဟုတ်ရမှာလဲ" ဆိုပြီး ပျာပျာသလဲ ငြင်းမိတယ်။ ကိုသန်းဇော်က ကျွန်တော့်ကိုကြည့်ပြီး ရယ်တယ်။ ကျွန်တော့်မျက်နှာ နွေးပူသွားတာပဲ။

ဟိုဘက်လမ်းထိပ်က မုန့်ဆိုင်မှာ ကျွန်တော်ဆေးလိပ်သွားသောက်တော့လည်း သူမနဲ့ထိပ်တိုက် ဆုံတာပါပဲ။ ကျွန်တော်ဆေးလိပ်သောက်နေတာနဲ့ ပက်ပင်းဆုံတွေ့တော့ သူမ ကျွန်တော့်ကို မျက်မှောင်ကြုတ်ကြည့်တယ်။

"နင် အခုထိ အတတ်ကောင်းတွေ တတ်နေတုန်းပဲလား ကောင်း၊ ငါ အန်တီဇော်ကို သွားတိုင်ရဦးမှာလား"

ကိုးတန်းကျောင်းသားတုန်းက ဆေးလိပ်ခိုးသောက်တဲ့အတွက် ကျောင်းမှာ အရိုက်ခံရတဲ့အကြောင်းကို ကျွန်တော့်မေမေကို သူမ တိုင်ခဲ့ဖူးတယ်လေ။

"တိုင်ပေါ့ဟာ၊ ငါ ကလေးမဟုတ်တော့ဘူး သိတာ"

အဲသည်တော့ သူမက ကျွန်တော့်ကို သနားစဖွယ်ပြုံးကြည့်တယ်။ ကျွန်တော် မျက်ခုံးရှုံ့ရှုံ့နဲ့ပဲ သူမကို ပြန်ကြည့်မိတယ်။

"ငါ့ကြောင့် နင် ဒုတိယအကြိမ်မြောက် အရိုက်မခံရစေပါဘူး ကောင်းရယ်"

သူမအသံက မောင်ငယ်တစ်ယောက်ကို ချော့မော့တဲ့အစ်မကြီးလေသံနဲ့ တစ်ထပ်တည်းပဲ။ ကျွန်တော်ကလည်း အဲသည့်ဟာကို သိပ်အမြင်ကတ်တာ။

"ကောင်း. . . ငါ ဆယ်တန်းစာမေးပွဲဖြေပြီးတော့ ပျော်ဘွယ်ကို ဘာကြောင့်ပြန်မလာတာလဲ၊ နင် မမေးသေးဘူးနော်"

ကိုးတန်းစာမေးပွဲဖြေပြီးတော့ မြို့ကြီးမှာ ဆယ်တန်းကို ဘော်ဒါနေမယ်ဆိုပြီး သူမထွက်သွားလိုက်တာ တက္ကသိုလ်ပထမနှစ်ဖြေပြီးမှ မြို့ကိုပြန်ရောက်လာတယ်။ သူမ ထွက်သွားသွားချင်း ကျွန်တော့်မှာ ခံစားလိုက်ရတာ။ အရှင်လတ်လတ် သေကျတယ်ဆိုတာ အဲသည်အခါမှ နားလည်သွားတယ်။ ဒါပေမဲ့ အဲသည်အချိန်မှာ ကျွန်တော့်နှလုံးသားက သစ်ရွက်ကလေးတွေလိုပဲလေ။

"နင် ဟိုမှာ သင်တန်းတွေတက်နေတယ်လို့ ငါ သိသားပဲ၊ အဲဒီမှာ နင့်အမျိုးတွေ ရှိတယ်မို့လား"

"နင် သိပြီးသားပဲဆိုပြီး အဲဒါကြောင့် မမေးတော့တာပေါ့၊ ဟုတ်လား ကောင်း"

သူမ ဘာပြောချင်တာလဲ၊ ဘာကိုဆိုလိုချင်တာလဲ၊ ကျွန်တော် သူမကို စေ့စေ့ရေးရေးငေးကြည့်မိတော့ သူမမျက်ဝန်းတွေက ရှုပ်ထွေးနက်နဲနေသလိုပဲ။ ကျွန်တော့်ရင်ထဲကို တစ်စုံတစ်ခုက လာငြိနေသလို ခံစားရပေမယ့် ကျွန်တော်မျက်နှာလွှဲလိုက်တယ်။

(၄)

သည်လို ညနေအချိန်တိုင်း သူမကို မျက်နှာလွှဲဖို့ ကျွန်တော် ကြိုးစားခဲ့ဖူးပေမယ့် တစ်ခါမှ မအောင်မြင်ခဲ့ပါဘူး။ သည်ညနေကျရင် လုံးဝကို မအောင်မြင်တော့ပါဗျာ။ ဘာဖြစ်လို့လဲဆိုတော့ သူမ ကျွန်တော့်ဆီ တည့်တည့်မတ်မတ် ရောက်လာလို့ပဲ။

"ကောင်း. . . ငါ မနက်ဖြန်ပြန်တော့မယ်"

ကျွန်တော့်မျက်လုံးထဲကို စူးစူးနက်နက် စိုက်ကြည့်ပြီး ပြန်းခနဲပြောချလိုက်တော့ ကျွန်တော် အံ့ဩသွားတယ်၊ ဟုတ်သားပဲ။ သန်ဘက်ခါဆိုရင် ကျောင်းတွေဖွင့်တော့မှာပါလား။

"အေးဟာ၊ ကျောင်းတွေတောင် ဖွင့်တော့မယ်၊ ငါ မေ့နေတာ၊ အချိန်တွေကလည်း မြန်လိုက်တာနော်"

"ဟုတ်တယ် ကောင်း၊ စောင့်ဆိုင်းရတဲ့ သူတွေအတွက် အချိန်တွေက သိပ်နှေးနေပေမယ့် ကြိုးစားအားထုတ်ရတဲ့ သူတွေအတွက် အချိန်တွေက သိပ်မြန်တာပဲ၊ သူတို့မှာ သူတို့ လိုချင်တာရဖို့အချိန်က သိပ်မှမလုံလောက်ပဲလေ"

ကျွန်တော့်ကို မမှိတ်မသုန်စိုက်ကြည့်နေတဲ့ သူမကို မျက်နှာလွှဲလိုက်ပြီး ဘောလုံးကို မြေပေါ်ပုတ်ကစားနေလိုက်တယ်၊ မြေပေါ်ကို ဘောလုံးထိသံ 'ဘုတ် ဘုတ်' ဆိုတဲ့အသံက လွဲပြီး ဘာသံမှမကြားရဘူး။

ခြောက်ကြိမ်မြောက် ဘောလုံးကို ဖမ်းပြီးတဲ့အချိန်မှာတော့ သူမဆီက သက်ပြင်းရှိုက်သံ ကြားရတယ်၊ ကျွန်တော် ဘောလုံးကို ရင်ခွင်ထဲမှာပဲ ပိုက်ထားလိုက်မိတယ်။

"ကောင်း. . . နင်တစ်ခါ ငါ့ကို ပေးခဲ့တဲ့စာကို ငါ အခုထိ သိမ်းထားတုန်းပဲ"

မြတ်စွာဘုရား. . ။ ကျွန်တော့်ရင်ခွင်ထဲက ဘောလုံးဟာ မြေပေါ်ကို ဘုတ်ခနဲလွတ်ကျသွားတယ်၊ ကျွန်တော့်မျက်နှာပေါ်က အံ့ဩသွားတဲ့ အရိပ်တွေကိုမြင်ပြီး သူမ ကျေကျေနပ်နပ် ပြုံးတယ်။ ကျွန်တော့်ရင်တွေ တဒိန်းဒိန်းခုန်နေတဲ့ အသံကို သူမကြားမိမှာ စိုးရိမ်နေသလိုမျိုး ကျွန်တော် ခြေတစ်လှမ်းရွှေ့မိတယ်။ သူမ ကျွန်တော့်ရင်ခုန်သံကို အတိအကျ မဖတ်တတ်မှာကို စိုးရိမ်တဲ့အတွက်ကြောင့်ပါ။

တစ်ခါကတော့ ကိုယ့်ရင်ခုန်သံကို အဟုတ်ကြီးမှတ်ထင်ပြီး သူမလွယ်အိတ်ထဲကို ရည်းစားစာမသိအောင် ခိုးထည့်ပေးခဲ့ဖူးပါတယ်။

"တချို့စာတွေက ဖတ်ပြီးရင် သိမ်းထားဖို့ ကောင်းတာမဟုတ်ဘူးဟ၊ ဖတ်ပြီးပြီးချင်း ဆုတ်ဖြဲပစ်လိုက်ရမှာ၊ နောင်တစ်ချိန်မှာ အသုံးဝင်နိုင်ဖို့ မသေချာဘူးလေ၊ စာရွက်ထဲက စကားလုံးတွေက နှလုံးသားထဲက စကားလုံးတွေလောက်တော့ ဘယ်တည်မြဲနိုင်မှု ရှိပါ့မလဲ သိတာရယ်"

ညဟာ ချက်ချင်းပဲရောက်လာပြီး ဖျတ်ခနဲအမှောင်သမ်းသွားလေရဲ့။ သူမမျက်လုံးတွေထဲက အရောင်တွေကို ကျွန်တော် မသိတော့ပါဘူး။ ချက်ချင်းပဲ ကျွန်တော့်ကို မျက်နှာလွှဲပြီး သူမပြေးထွက်သွားပါတော့တယ်။

သည်တစ်ခါတော့ သူမကို ကျွန်တော်ရပ်စောင့်ငေးမော မနေတော့ဘဲ ချက်ချင်းပဲ လှည့်ထွက်လာခဲ့တယ်။ မှောင်ရီသမ်းစ ညချမ်းပျိုမှာ ကျွန်တော့်ရင်ထဲမှာ မြင်နေမိသူတစ်ယောက်တော့ ရှိတယ်။ ညို့မျက်နှာကို ကျွန်တော် မြင်ယောင်နေမိတယ်။

တနင်္လာနေ့ ကျောင်းတွေဖွင့်ရင် ညိုနှင့်တွေ့ရတော့မှာပါလား။ ကျွန်တော် လှိုက်ခနဲရင်ခုန်သွားပါတယ်။ **ထန်**

Asian Fame Media Group



## ထန်းဖေါ်ဆက်ကိုပြောလိုက် ... ကျူပ်လည်း ဖြစ်တည်မှု ဝဲအနုဝါဒီပဲလို့

ညည်းမနေကြနဲ့ ... ခိုတွေဟာ ပြန်လာမှာမဟုတ်တော့
လက်ထဲက စီကရက်သာလျှင် နယ်ရိုက်ရေးဖော်ရှိရာ အကောင်းဆုံး
ထွက်လာတဲ့ စကားလုံးတွေကို သိကျွမ်း[illegible]
ဒါမှမဟုတ် ... ပြန်မောင်းထုတ်လိုက်ပါ
ဘာမှမဟုတ်တာတွေအတွက် ဘာမှလုပ်မနေနဲ့တော့
နောက်ဆုံးတော့ တိုက်ပွဲတွေ ပြီးဆုံးရမှာပါပဲ
မပြီးဆုံးမှာက အလွမ်း နာကျင်ခြင်း လိင်စိတ် ဆာလောင်ခြင်း
သံယောဇဉ် စကားလုံး နောက်ဆက်တွဲ ခြေရှုပ်ချက်နဲ့ အမှတ်စရာ
ကဲ ... လူသားဆန်သထက်ဆန်ကြရအောင် ဘယ်လောက်တောင်မှ
စိတ်ပျက်စရာကောင်းတယ်ဆိုတဲ့လဲ
ငိုချင်စရာတွေကိုလည်း လောင်မတို့ချင်တော့ဘူး
ဒီအတိုင်းပဲ တုံ့ကိုတာပေ
စဉ်းစားဉာဏ်တွေရှိသရွေ့ ကြောက်ရွံ့နေရဦးမှာပဲ
ဆင်ခြင်မှုတွေရှိနေသရွေ့ စာပွဲတွေရှိနေဦးမှာပဲ
တကယ်တော့ လူဟာ လူဆန်စွာနေတတ်ဖို့နဲ့
တာဝန်ယူစိတ်ကြီးမားဖို့
လွတ်ကင်းပါတွေကတော့ ကြီးပေးလိုမှမပေါ်
တကယ်ကို မလက်ပါဘူး
ဒီလိုနဲ့
ပျော်ချင်တဲ့အခါ ခပ်သောသောရယ်လိုက်ပြီး
ငိုချင်တဲ့အခါ အံကြိတ်တင်းမာပစ်လိုက်တော့တယ်
ငါတို့ရဲ့ အလှူစားသူတွေ ဖိုကိုအားကျလာကြမှပဲ

ရွှေကြယ်မိုး



## သံသယ

လက်နှစ်ဖက်ဆန့်ပြီး နေထွက်ရာမျက်နှာမူလို့
ကြက်တွန်တဲ့ အရုဏ်ကို ထကြည့်လို့
အိတ်နံ့ဟာကို အိတ်ထပ်ထည့်လို့
မီးစိမ်းပြလည်း မကူးသေးဘူး
မိုးမြူမစဲဆိုပေမယ့်
အုံ့မှိုင်းနေတဲ့မိုးက ရပ်နေမှာလား
တောင်တွေက အနိမ့်အမြင့်နဲ့
မြစ်တွေက အကွေ့အကောက်နဲ့
ပင်တွေက ပုံစံအမျိုးမျိုးနဲ့
ဘယ်လိုခရီးက ဖြောင့်တန်းမှာလဲ
ဝိုးလောကခံကို လာခေါက်နေတဲ့ လောကဒဏ်
သုခနဲ့ ဒုက္ခယံတွေကြားထဲ
ငါကိုယ်တိုင် ဝင်ခါခေါက်လျှပ်ဖြစ်လို့ ... ။

ရွှေအိုး (မတ္တရာ)



## ညဉ့်ငှက်

မိသားစု ဝမ်းရေးအတွက်
ပလက်ဖောင်းဘေးမှာ
ပျံသန်းတယ်။

ဆန့်မပါတဲ့ အပြုံးတွေအပေါ်
မိတ်ကပ်တွေ ခပ်များများဖို့ရင်း
လှေကားခြေရင်းတွေမှာ
ပျံသန်းတယ်။

အရက်ငွေ့ ဖုံးလွှမ်းနေတဲ့
မှုဆိုးတွေကြား
အိပ်ရာတွေ ဖရုန့်နဲ့
အံကြိတ်ကာ မရဲတရဲ
ပျံသန်းတယ်။

အများတကာ လိုအင်တွေအတွက်
ညနေစာဟင်းတစ်ပွဲနဲ့ လဲလှယ်ကာ
အခန်းကျဉ်းလေးထဲ
ပျံသန်းတယ်။
သားလေးရဲ့ ကျောင်းစရိတ်အတွက်
အရှက်တွေကို သိမ်းကျုံးပြီး
ညနက်နက်ထဲ
ပျံသန်းတယ်။

ပျော်ချင်လို့လည်း မဟုတ်
ပေါ်ချင်လို့လည်း မဟုတ်
ကိုယ့် အရွယ်ကောင်းကင်ထဲ
ကိုယ် ပျံသန်းနေကြတယ်။

ကြယ်စင်သစ် (ဒဂုံတက္ကသိုလ်)



## ဝတ်ဝါ

တည်ငြိမ်အောင် လိုက်ဖမ်းနေရင်းမှ
မောလှပါပြီ
ဝေးလွန်းတော့လည်း တစ်ခါတစ်ရံ
အပေါ်ယံက ပုံကြည့်ချင်ပါရဲ့
ကဗျာတွေထဲမှာလည်း မြက်ပင်ပေါက်
စီးချင်းထိုးတာက သစ်ပင်
လေထဲမှာ ပျံချင်တဲ့ ကလေးတစ်ယောက်လို
ဝါးတာလည်း ကဗျာတောမှာ ပျော်ခွင့်ရချင်ပါရဲ့
စိတ်ရည်ကြည်ကြည်နဲ့ ဟက်လက်လှန်တော့မှပဲ
မခေါ်တဲ့လာမယ့် မနက်ဖြန်များ…
ဒီတော့ …
မသိချင်ယောင်ဆောင် ပုံသေနည်းအတိုင်းလည်ပတ်
ရိုးအီနေတဲ့ဘဝကနေ
ရုန်းမထွက်နိုင်သေးပါဘူး။

ဇော်ထိုက် (သထုံ)

af MEDIA GROUP
Asian Fame Media Group



## ကြွေကျခြင်း

### ကောက်နုတ်ချက်

နေ့ ... လ ...
ရက်တွေနဲ့ ...
ခြောက်သွေ့ခြင်း လက်တံတွေ
တဖြုတ်ဖြုတ် ကြွေကျ...
အနာဂတ်ဟာ
တစ်မျှော်တစ်ခေါ်
အလွမ်းတွေအပြည့်
သေနေတာက
အချစ်လို့ ခေါ်ဝေါ်ပတ်နဲ့
ပုံပြင်ဆန်ဆန်
အိပ်မက်တစ်ခု
အဲဒီလောက်ဆို
ကျေနပ်ပြီ... ။

ရှုလိုင်မောင် (ပုသိမ်တက္ကသိုလ်)



## ဘဝနာ

ကျပြီးရင် ပြန်ထမလာတဲ့ စိတ်ဓာတ်က
ယမ်းပယ်ပုံးကို အမိမ်းပိုင်ပိုင်ချုပ်ပြီ
ဒီနေ့လား မနက်ဖြန်လား
မသေချာတော့တဲ့ ပိုးစာကိုက်အနာဂတ်ကို
မောင်းနှင်ထိန်းချုပ်ဖို့ လိုအပ်တဲ့နေ့တွေမှာ
အလင်းနှစ်သန်းပေါင်းများစွာ တံတိုင်းခြား
ဖြစ်ပေါ်လာခဲ့တဲ့ အိပ်မက်တွေကောင်
ထက်ထက်ဆက်ဆက် ရင်ခွဲခံနေရ
အသားမာတက်နေတဲ့ အပြုံးတွေမှာ
နှင်းအားကျဆင်းမှုဒဏ်ရာတစ်ခု ကပ်တွယ်နေခြင်းကို
ဘဝနာလို့ သနားသဖြင့် ကင်ပွန်းတပ်လျှင်ဖြင့်
ကြားခဲ့ဖူးတဲ့ ကြားနေရတဲ့ ကြားရဦးမယ့်
ခေတ်အဆက်ဆက် လူရာမဝင်တဲ့ နာမည်တံဆိပ်ကို
နာကျင်မျှော်လင့်စွာ ချိတ်ဆွဲရင်း
တစ်နေ့တာထမင်းချိုင့်ကို မျှော်ရင်း
ကောင်းစွာအိပ်ပျော်ကျနိုင်ခွင့်ကို စောင့်ရင်း ... ။ ။

ကချင်လေး (ဆေး · မန်း)

---

'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'၏ ပရိသတ်များဖြစ်သည့် ကဗျာဝါသနာရှင်များအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ပေးပို့လာသော ကဗျာများအနက်မှ သင့်တော်ရာအချို့ကို ရတီမဂ္ဂဇင်း၏ Face book စာမျက်နှာထက်တွင် အပိုဆောင်း ကဗျာအဖြစ် ဖော်ပြပေးသွားမည်ဖြစ်သောကြောင့် စာမျက်နှာထက်တွင် ပုံနှိပ်ဖော်ပြခြင်း မခံရသူများအနေဖြင့် အွန်လိုင်းတွင် မိမိတို့၏ ကဗျာများကို စောင့်မျှော်ဖတ်ရှုနိုင်ပါကြောင်း. . . . .

af MEDIA GROUP
Asian Fame Media Group



## ကြိုးပျောက်တဲ့ရုပ်သေး

မနေ့ကထိ ဝါဖိုင်တဲ့ ငါ့ခြေ
ခုမှ မျက်ရည်တွေနဲ့
ဘယ်သူ ငိုနေတာလဲ
ငါ့အိတ်ကပ်ထဲ ဖါထည့်ထားတာ
ငါ့ဖာမဲ ...
ခုတော့ ပြောင်းသွားပြီ
ငါ့မှာ မြွေပွေးကို ခါးပိုက်ပိုက်လျက်နဲ့
မာယာများတဲ့ ပင်လယ်ကိုမှ
ခေါင်းထပ်ပြီး ကူးခဲ့တဲ့ ငါဟာ
နတ်ဆိုးရဲ့ လက်ချုပ်ထဲမှာ
'ဝိ' လုပ်ဖို့ 'ဝ' သွားရှာရသလို
'ကျွန်း' ကျပြီးကာမှ 'ကြိုးစင်' ထပ်တက်ခံရတယ်။

ရိုးရာ



## ခိုဝီရောင်

## တောက်ကြောင်း

အဝင်အထွက်
အတက်အဆင်းတွေ များတယ်။
တစ်ခါတည်း အတူလာ
အတူသွား အတူစား
ပညတ်ချက်တော့ ကွဲလွဲ

ကိုယ့်ကိုယ်ကိုယ်ပဲ ချစ်
စစ်တွေဖြစ်တော့ အတ္တမီးလျှံတွေကြား
မကြွေသင့်တာတွေ ကြွေ
မသေသင့်တာတွေ သေနေပြီ။
အရုပ်တွေလုပ်နေတဲ့ လူတွေကြား
ရေးလိုက် ဖျက်လိုက်
ဖျက်လိုက် ရေးလိုက်နဲ့
သေမင်းအလုပ်ရှုပ်နေပြီ။

ဆုလွင့်နွေ (တာယာ)

---

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို 'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်ကို အပြည့်အစုံထည့်ပေးပါရန်၊ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

# HORO SCOPE
## ဒေါက်တာမြတ်သစ်



**သိဟ်ရာသီဖွား**
**ဇူလိုင် (၂၃) ရက်မှ ဩဂုတ် (၂၂) ရက်**

သင့်အတွက် နေရာပတ်ဝန်းကျင် အသစ်သို့ ရောက်ရှိ ကြိုးပမ်းရတတ်၏။ ဆရာသမားကောင်းနှင့် လက်တွဲရမည်။ အိမ် အခန်းနေရာမှ အစ အပြောင်းအလဲတို့ကို ဖြစ်စေတတ်သည်။ မိမိမလုပ်ဖူးမတတ်ကျွမ်းသောအရာတို့ကို ရင်ဆိုင်ရလိမ့်မည်၊ ငွေအကုန်အကျများစေလိမ့်မည်။ လှူရောစိတ်ပါ ပင်ပန်းသောနေရာသို့ ရောက်ရှိပေမည်၊ အချစ်ရေး ကံခေတ် အဆင်မချောတတ်၍ အသစ်တွဲရမည့်အရေး စိတ်လေးစေတတ်သည်။ လက်ရှိတက်ရောက်သော သင်တန်းတချို့ တစ်ပိုင်းတစ်စကြုံတတ်သည်၊ တစ်နေ့တခြားဝဖြိုးလာ၍ စိတ်ပျက်မိမည်။ ဘာသာစကားသင်တန်းတစ်ခုတက်ရန် မြင်သည်။ မောင်နှမချင်း အဆင်မချောတတ်ပေ။ ဒေါသမကြီးပါနှင့်၊
**ယတြာ။ ။ ဝါဆိုဖယောင်းတိုင် အဝါရောင်လှူပါ။**



**ကန်ရာသီဖွား**
**ဩဂုတ် (၂၃) ရက်မှ စက်တင်ဘာ (၂၂) ရက်**

သင့်အတွက် အလုပ်များများကို အကျိုးရှိရှိလုပ်ကိုင် နိုင်ပေလိမ့်မည်။ ကြိုးစားမှုအသီးအပွင့် ခံစားရတတ်သည်။ ထပ်မံ၍လည်း အလုပ်သစ်တို့ ပေါ်ပေါက်စေတတ်သည်။ မြေ၊ အဆောက်အဦးနှင့်ပတ်သက်၍ အကျိုးရှိစေတတ်သည်။ မိတ်ဆွေအပေါင်းအသင်း ပိုမိုတိုးပွားစေလိမ့်မည်။ ကုသိုလ်ကောင်းမှု ထူးထူးခြားခြား စီစဉ်ဆောင်ရွက်ရလိမ့်မည်။ စားပွဲရုံလုပ်ငန်း၊ အချိုရည်လုပ်ငန်း၊ လက်ဖက်ရည်ဆိုင်လုပ်ငန်း၊ အနုပညာ လုပ်ငန်းတို့ကြောင့် ဝင်ငွေတိုးပွားအောင်မြင်စေတတ်ပေသည်။ အချစ်ရေးအသစ်ကို စိတ်ဝင်စား မိတတ်သည်။ ဖခင်ကျန်းမာရေး ညံ့သည်၊
**ယတြာ။ ။ ငှက်များအတွက် စပါးနှံကုသိုလ်ပြုပါ။**



**တူရာသီဖွား**
**စက်တင်ဘာ (၂၃) ရက်မှ အောက်တိုဘာ (၂၂) ရက်**

သင့်အတွက် အလုပ်အကိုင် နာမည်အောင်မြင်မှုများ တိုး၍ရရှိလာစေတတ်ပေသည်၊ အလုပ်သစ်အတွက် စိတ်ကူးကို အကောင်အထည်ဖော်ရန် အတွက် စီမံကိန်းရေးဆွဲရလိမ့်မည်။ ခရီးရှည်ပြည်ပထူးထူးခြားခြား ဆက်တိုက်သွားရတတ်ပေသည်။ မြှုပ်နှံသောငွေတချို့ ပြန်လည်ရရှိလာစေ တတ်ပေသည်၊ ပညာရေး အဆင်ပြေမည်၊ ဆရာကောင်းရရှိရုံသာမက စာကျက်ဖော်ကောင်းပါ ရရှိစေတတ်ပေသည်၊ လုပ်ငန်းတွင်း လူမမြဲသောကိစ္စတို့အတွက် မကြာခဏ မိမိအတွက် အခက်အခဲကြုံရတတ်ပေသည်။ အချစ်ရေး ရှာကောင်းဆဲဖြစ်ပေလိမ့်မည်။ **ယတြာ။ ။ သောက်ရေအိုးကုသိုလ်ပြုပါ။**



**ဗြိစ္ဆာရာသီဖွား**
**အောက်တိုဘာ (၂၃) ရက်မှ နိုဝင်ဘာ (၂၂) ရက်**

သင့်အတွက် လုပ်ငန်းအတွင်းသို့ များစွာရင်းနှီးမြှုပ်နှံမှု ပြုရတတ်၏။ စွန့်စားမှုပြုရသော စီးပွားရေးထဲတွင် ရောက်ရှိနေရတတ်သည်။ မြေအတွက် အထူးအကျိုးရှိစေတတ်သည်။ အဆောက်အဦဆောက်လုပ်မှု မြန်မြန်မပြီးစီးနိုင်တတ်ပေ။ ပညာရေး မပျင်းမှုဖွဲ့ကောင်းမှုသာလျှင် အဆင်ပြေနိုင်ပေလိမ့်မည်။ ကား၊ ဆိုင်ကယ်စီးခြင်း သတိပြုသင့်သည်။ အမွေရရှိထားမှုတို့ ထိန်းသိမ်းတတ်ရန်အရေးကြီးသည်။ အချစ်ရေး တိတ်တိတ်တွဲရလိမ့်မည်။ အိမ်ထောင်ရှင်တို့ ငွေလျှို့ဝှက်ထောက်ပံ့သောကိစ္စကြောင့် လင်မယားပြဿနာမီးပွားရပေသည်။ ကျန်းမာရေး ရင်ဘတ်၊ လည်ပင်း သတိပြုသင့်ပေသည်။ **ယတြာ။ ။ ရွှေကပ်လှူပါ။**

Asian Face Media Group
MEDIA GROUP

# HORO SCOPE

ဒေါက်တာမြတ်သစ်



**ဓနုရာသီဖွား**

**နိုဝင်ဘာ (၂၃) ရက်မှ ဒီဇင်ဘာ (၂၁) ရက်**

သင့်မိသားစုအတွင်း ညှိနှိုင်းစရာကိစ္စများ ပေါ်လာတတ်ပေသည်။ အိမ်တွင်းရေးအဆင်မပြေတတ်ပေ။ အလုပ်အကိုင်အခက်အခဲ ကြုံနေတတ်ပေသည်။ နေရာပြောင်းလဲရန် စိတ်ကူးရှိနေတတ်ပေသည်။ ပညာရေး ကောင်းမွန်သည်။ ခရီးသွားရ၍ အဆင်မပြေနိုင်ပေ။ လက်ထဲ ငွေအကုန်အကျ များနေတတ်ပေသည်။ အချစ်ရေးအဖုအထစ်ကြုံစေနိုင်သည်။ ပစ္စည်းငှားရမ်းခြင်း ရှောင်ရှားသင့်ပေသည်။ စပ်တူစီးပွားအကျိုးရှိမည်။ မိဘနှင့်အဆင်ပြေအောင် နေသင့်ပေသည်။ အိမ်ထောင်ဆက်ကံ ပါရှိနေ၍ အိမ်ထောင်ရှင်တို့ အထူးသတိထားသင့်ပေသည်။

**ယတြာ။ ။ ရွှေကြာဖူး လှူပါ။**



**မကာရရာသီဖွား**

**ဒီဇင်ဘာ (၂၂) ရက်မှ ဇန်နဝါရီ (၂၁) ရက်**

သင့်အတွက် ရသမျှသောငွေကုန်နေသောကာလတစ်ခုပင်ဖြစ်ပေမည်။ စိတ်ကူးသည့်ပြီး လုပ်ဆောင်သော အလုပ်တို့ မထင်မှတ်ဘဲ အဆင်ပြေပါလိမ့်မည်။ လက်လွှတ်ပေးသောငွေတို့အတွက် ဒုက္ခတွေ့စေတတ်သည်။ ပညာရေးကောင်းမွန်ပေလိမ့်မည်။ အထူးသဖြင့် ဘွဲ့လွန်စာမေးပွဲ စာတမ်းတင်ခြင်းတို့အတွက် အကျိုးရှိစေတတ်ပေသည်။ အချစ်ရေး အဆင်ပြေမည်။ အိမ်ထောင်ရှင်တို့အနေဖြင့်စိတ်ပျက်စိတ်ညစ်စရာများကို ဆက်တိုက်တွေ့ကြုံရတတ်၏။ သောက်စားသုံးဖြုန်းခြင်းဒဏ်ကို ခံစားရပေလိမ့်မည်။

**ယတြာ။ ။ အမွှေးနံ့သာတွန်းလှူပါ။**



**ကုမ်ရာသီဖွား**

**ဇန်နဝါရီ (၂၂) ရက်မှ ဖေဖော်ဝါရီ (၁၈) ရက်**

သင့်အတွက် အလုပ်စွန့်စားမှုတစ်ခု ပြုရတတ်ပေသည်။ လိမ္မာပါးနပ်၍ အကြောင်းစွန့်စားရဲသူကို လက်တွဲခေါ်ယူသင့်ပေသည်။ လုပ်ငန်းသုံး စက်ကိရိယာအသစ်များကို သုံးရတတ်သည်။ လုပ်ငန်းနေရာအတွက် ထပ်မံ၍ ဆောက်လုပ်ရတတ်ပေသည်။ ပစ္စည်းအပျက်အစီး အလေအလွင့်တို့ကို သတိပြုပါ။ မြေဝင်ခြင်းကောင်းမွန်ပေသည်။ ပညာရေး ယခင်ထက် ကြိုးစားမှုကျဆင်းစေ၏။ အကျိုးရှိစေသော ခရီးဝေးရပ်ဝေး ရင်းနှီးမြှုပ်နှံခြင်းတို့ ကောင်းမွန်ပေသည်။ အသစ်သော စီးပွားအဆက်အသွယ်ကောင်းကို ရရှိလာပေသည်။ နိုင်ငံခြားသားများနှင့် လက်တွဲရတတ်ပေသည်။ အချစ်ရေးကံကောင်း အဆင်ပြေလာသည်။ အိမ်ထောင်ရေး သင့်ရုံသာ ကောင်းပေလိမ့်မည်။

**ယတြာ။ ။ တံမြက်စည်း ကုသိုလ်ပြုပါ။**



**မိန်ရာသီဖွား**

**ဖေဖော်ဝါရီ (၁၉) ရက်မှ မတ် (၂၀) ရက်**

သင့်အတွက် လူအများနှင့် ထိတွေ့ဆက်ဆံလုပ်ကိုင်ရာတွင် အောင်မြင်မှုများကို ရရှိစေတတ်ပေသည်။ ဝင်ငွေကောင်းကို ရရှိခြင်း အိမ်မြေနေရာ အဆောက်အဦကောင်းတို့ကို ရရှိပိုင်ဆိုင်တတ်ပေသည်။ လုပ်ငန်းကို တိုးချဲ့ရတတ်၏။ စီးပွားရေးပိုင်ဆိုင် အပြန်အလှန်စာချုပ်ရတတ်၏။ အနောက်မြောက်အရပ်၊ မြောက်အရပ်တွင် လုပ်ငန်းအောင်မြင်မှု ရရှိစေတတ်ပေသည်။ အချစ်ရေး တစ်ဦးလိုအပ်ချက် တစ်ဦးဖြည့်ဆည်းပေးရတတ်သည်။ ပညာရေး အထူးကောင်းမွန်ပေသည်။ ရှေ့လာမည့်ကာလ ဖြေဆိုရန် ပြင်ဆင်ထားသင့်ပေသည်။ အိမ်ထောင်ရေး စိတ်ဝမ်းကွဲတတ်၍ သတိပြုသင့်သည်။

**ယတြာ။ ။ အနီရောင်ပန်း ၉ ပွင့်လှူပါ။**

Asian Fame Media Group
MEDIA GROUP

# HORO SCOPE

ဒေါက်တာမြတ်သစ်

**မိဿရာသီဖွား**

**မတ် (၂၁) ရက်မှ ဧပြီ (၂၀) ရက်**



သင့်အတွက် ဆရာကောင်းတို့နှင့် တွဲ၍လုပ်ကိုင်ခြင်းကြောင့် အောင်မြင်စေရတတ်သည်။ ပညာရေးတိုးတက်စေမည်။ ခရီးယာယီအထူးများမည်။ စာဖတ်ကောင်းသော သူငယ်ချင်းကောင်း ရရှိတတ်သည်၊ ငွေဝင်ကောင်းမည်။ အချစ်ရေးပျော်ရွှင်မှု ရရှိစေလိမ့်မည်။ အလုပ် စာမေးပွဲ ပြည်ပခရီးအထူးပင် အကျိုးရှိစေတတ်ပေသည်။ စိန်၊ အဖိုးတန်ပစ္စည်း ငွေးရင်းခြင်းသတိပြုသင့်ပေသည်။ အိမ်ထောင်ဖက် ကျန်းမာရေး သတိပြုသင့်သည်။ သားသမီးအတွက် ပျော်ရွှင်မှုရရှိစေတတ်ပေသည်။ အိမ်ထောင်မရှိသော ပျို့ရွယ်သူအနေနှင့် လူမျိုးခြားဘာသာခြားနှောင့်ယှက် ဒုက္ခပေးခြင်း ကြုံတတ်၍ သတိထားသင့်ပေသည်။ **ယတြာ။ ။ ဆီးဖျော်ရည်ကပ်လှူပါ။**

**ပြိဿရာသီဖွား**

**ဧပြီ (၂၀) ရက်မှ မေ (၂၀) ရက်**



သင့်အတွက် အပြောင်းအလဲတို့ မဖြစ်မနေ ရင်ဆိုင်ရလိမ့်မည်၊ ဘဏ်၊ မြေနေ့ငွေအကြေးကိစ္စများ တစ်ဆင့်ပြီးတစ်ဆင့် ရှင်းရမည်။ ကြီးမားသော တောင်ကြီးကို ကျော်ဖြတ်ရသလို ခက်ခဲမည်။ လူအများနှင့် သတိထားဆက်ဆံသင့်သော ကာလတစ်ခုပင် ဖြစ်ပေလိမ့်မည်။ အိမ်ထောင်ဖက်၏ကူညီမှု များစွာရရှိစေလိမ့်မည်၊ အပြိုင်အဆိုင်အတူများ၍ နာမည်တစ်ခု သေမသွားရန် ဂရုစိုက်သင့်ပေသည်။ အချစ်ရေး အနှောင့်အယှက်များ ကြုံတွေ့ပြီး ကိစ္စဟောင်းတချို့ ပြန်ပေါ်လာစေတတ်သည်။ နိုင်ငံခြားအလုပ်ကိစ္စ အဆင်ပြေစေမည်၊ ကလေးငယ်၊ ကလေးကြီး အပြိုင်ကျန်းမာရေး ညံ့တတ်၍ သတိပြုပါ။

**ယတြာ။ ။ နှမ်းဆွမ်းကပ်လှူပါ။**

**မေထုန်ရာသီဖွား။ ။ မေ (၂၂) ရက်မှ ဇွန် (၂၀) ရက်**



သင့်အတွက် အမှားအယွင်းများသော ကာလထဲမှာပင် ဆက်ရှိနေပေမည်။ အခက်အခဲများ ဆက်တွေ့နေတတ်ပေသည်။ မိရိုးဖလာထုံးတမ်း ဆန့်ကျင်မိတတ်၍ နာမည်ပျက်တတ်သည်၊ ခရီးယာယီဆက်၍ များစေတတ် ပေသည်။ ပညာရေး ဉာဏ်ကောင်းခြင်းကို သေချာဆက်၍ ကြိုးစားသင့်သည်။ အကုန်အကျ အထူးပင်များစေတတ်ပေသည်။ နောက်လိုက် ခပ်ချာချာများကြောင့် မိမိစီးပွားလုပ်ငန်းတိုးတက်မှုတို့ အခက်တွေ့တတ်ပေသည်။ အချစ်ရေး မျက်နှာများတတ်ပေသည်။ သားသမီးအတွက် အဆင်ပြေမည်။

**ယတြာ။ ။ ကြေးစည် ၉ ချက်တီး မေတ္တာပို့ပါ။**

**ကရကဋ်ရာသီဖွား**

**ဇွန် (၂၂) ရက်မှ ဇူလိုင် (၂၂) ရက်**



သင့်အတွက် အားစိုက်ခွန်စိုက်လုပ်ကိုင်မှု အခြေအနေမှန်ကို ရရှိလာပေလိမ့်မည်။ လှည့်လည်သွားလာရသော အလုပ်တို့ကို နိုင်မာစွာ လုပ်ဆောင်ရတတ်ပေသည်။ မနာလိုဝန်တိုသော ချစ်သူကြောင့် ကွဲတတ်သည်၊ မိဘအတွက် အကုန်အကျများစေမည်။ စီးပွားရေးအတက်အကျရှိနေ၍ လောဘမထားသင့်ပေ။ အလုပ်အကိုင် အဆင်မချောသောနေရာသို့ ရွှေ့ရ၍ စိတ်ညစ်ရတတ်ပေသည်၊ စားများများ ကျက်နိုင်ရေးနိုင်သော အခြေအနေသို့ ရောက်ရှိနေ၍ ပညာရေး ဘွဲ့လွန်အခြေအနေကောင်းသို့ ရောက်ရှိတတ်သည်။

**ယတြာ။ ။ ရေကန်ပြုပြင်တုသိုလ်ယူပါ။**

**ဒေါက်တာမြတ်သစ်**

Asian Fame Media Group

ဝေဖန်ရေးသည် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်သည်

## ဒါရိုက်တာပြေဇင်၏

# ခေါင်းလောင်းထိုးသောလူတစ်ယောက်

မောင်အိမ်စံ

(၁)

ရတီမဂ္ဂဇင်းတွင် ကျွန်တော် ဗီဒီယိုဝေဖန်ရေး ရေးလာသည်မှာ အတော်ကြာပြီ။ တစ်လတစ်လ၊ ကားသုံး ဆယ်ကျော်ကို တာဝန်အရ အချိန်ပေးကြည့်ခဲ့ပါ၏။ ရင်းနှီးသော ရေးဖော်စာရေး ဆရာများက အချိန်ဖြုန်းရကောင်းလားဟု စေတနာဖြင့် အပြစ်တင်သည်။ သို့ရာတွင် ဗီဒီယိုသည် အောက်ခြေ လူတန်းစား ကျေးလက်ပြည်သူများနှင့် အထိအတွေ့များသည်။ ဆိုရသော် ရုပ်ရှင်ကားကြီးများကလည်း တစ်နှစ်လုံးမှ ဆယ့်ကိုးကားသည်ပင် အနိုင်နိုင်။ ထိုထွက်လာသည့် ကားများကလည်း အတော်ပင် စိတ်ပျက်စရာကောင်းလောက်အောင် အဆင့်နိမ့်သော ဟာသများဖြစ်သည်။ နှစ်ပေါင်း ငါးဆယ်ကျော်ရင် စီးခံနေခဲ့သော လူထုအဖို့ ထိုအဆင့်မရှိသော ဟာသများသည်ပင် ဘဝ၏ ခဏတာထွက်ပေါက် ဖြစ်နေပြန်သည်။ ထိုအခါ ထုတ်လုပ်သူများသည် ငွေချေယူ၍ ရသော ပေါကြောင်ကြောင်ကားများကို ရိုက်ကြသည်။ ဒါရိုက်တာခများလည်း ထမင်းအိုးကိစ္စမို့ ရိုက်ပေးရပြန်သည်။ သို့နှင့်ပင် ကျွန်တော်သည် ထိုပေါကြောင်ကြောင် ဇာတ်ကားများကို မကြည့်ဖြစ်တော့။

ဗီဒီယိုသည် လူနှင့် အနီးစပ်ဆုံး အနုပညာလုပ်ငန်းဖြစ်သည်။ စာတစ်အုပ်ဖတ်ပါဆိုလျှင် မဖတ်။ ဗီဒီယိုတစ်ကား ကြည့်ပါဆိုလျှင် ကြည့်ကြသည်။ လူထုနှင့်နီးစပ် ထိကပ်သော အနုပညာကပင် လူထုကို အသိတစ်ခုစွဲငြိသွားစေရန် ဖြုလုပ်ပေးနိုင်သည်ဟု ကျွန်တော် ယုံကြည်လက်ခံထားမိသဖြင့် ရေးဖော်များတားသည့်ကြားကပင် ဗီဒီယိုဝေဖန်ရေးကို ဆက်ရေးဖြစ်ခဲ့သည်။ ပင်ပန်းသည်ဟု သဘောမထား။ သို့ရာတွင် ကျွန်တော်ကမူ မည်သည့် ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာများနှင့်မှ မရင်းနှီးပါ။ ကျွန်တော်သည် စိတ်သန့်စွာ ဤဆောင်းပါးကိုရေးသားနေသူဖြစ်ပါသည်။



(၂)

ကျွန်တော်ကြည့်မိခဲ့သော ဗီဒီယိုကားများ ထောင်ချီရှိခဲ့ပါပြီ။ သို့ရာတွင် အနာဂတ်ကို မျက်နှာမူထားသော၊ အနာဂတ်တွင် ပညာလူ့အဖွဲ့အစည်းတစ်ခုကို မလွဲမသွေ ထူထောင်ကြရမည့် ကျွန်တော်တို့အတွက် ရည်သန်ရိုက်ကူး ပြသတတ်သော အများနှင့်မတူသည့် ဇာတ်ကားလေး တစ်ကားကို သည်လတွင် ကြည့်ရပါသည်။ ထိုကားမှာ သဘာဝအုပ်စုမှ ဆရာသာစု၏ သားမြေးများဖန်တီးတင်ပြသည့် 'ခေါင်းလောင်းထိုးသော လူတစ်ယောက်' ဗီဒီယို ဇာတ်ကားဖြစ်သည်။ မင်းလူ၏ဝတ္ထုကို ပြေဇင်ဇာတ်ညွှန်းရေးပြီး ကိုယ်တိုင် ဒါရိုက်တာအဖြစ် ရိုက်ကူးထားသည်။ မွေးလာကတည်းက ရုပ်ရှင် အသိုက်အဝန်းတွင် ကြီး ပြင်းလာရသူ တစ်ဦးမို့ ပြေဇင်၏ ရိုက်ချက်ကို ဝရုတစိုက်ကြည့်မိသည်မှာ အမှန်။ နေမင်း၊ မိုးဟေကို၊ ထူးမွန်၊ မေစုမောင်တို့ ဦးဆောင်ပါဝင်ထားသည်။

မင်းလူ၏ဝတ္ထုတစ်ပုဒ်မို့ ဝတ္ထုအတွက် အထူးအထွေမပြောလိုပါ။ သူတကာတွေ ဇာတ်လမ်းကို အထူးပြုပြီး ရိုက်ကူးနေစဉ်တွင် သာစုအုပ်စုသည် ဘယ်သောအခါကမှ ဇာတ်လမ်းကို အသံမပြုခဲ့။ လူ့သဘာဝကို အားပြုပြီး ရိုက်သည်။ Comflict ကလေးများမှာ စာသင်ကျောင်းတစ်ခုထဲတွင် အမှန်တကယ်ရှိနေသော Comflict များ ဖြစ်ပါ၏။ ထိုပဋိပက္ခများကို ဇာတ်ကား၏ မောင်းနှင်ရေးကိရိယာများအဖြစ် သုံးထားသည်။

ဆရာမြင့်ကြည် (နေလင်း)ကို မင်းလူလိုချင်သော မူလတန်းပြဆရာ တစ်ဦးအဖြစ် ရိုက်ပြသည်။ စာသင်ကျောင်းတစ်ခုထဲတွင် ဖြစ်လေ့ဖြစ်ထရှိသော ပြဿနာလေးများကို မင်းလူက တစ်ခုပြီးတစ်ခု ဆွဲထုတ်ပြသည်။ ပြရုံနှင့်မပြီး အဆိုပါပြဿနာကို မည်သို့ဖြေရှင်းသည်ကိုလည်း ရိုက်ပြနိုင်ပါ၏။ သူ့ဇာတ်ကား ထဲတွင်ပင် အဖြေပါနေသည်က ထူးခြားနေပါ၏။ ပြီးသူ့ဖြေရှင်းပုံကလေးများကလည်း ကလေးပြုစုပျိုးထောင်ရေးဆိုင်ရာ စိတ်ပညာသဘော ပါဝင်နေသည်။

(၃)

ရုပ်ရှင်သည် 'အပြ' ဖြစ်သည်။ 'အပြော' မဟုတ်။ ဤဇာတ်ကားတွင် ပြေဇင်သည်ဆရာမြင့်ကြည်၏ အပြောဖြင့် ဇာတ်လမ်းကို ရုပ်ရှင်ကြည့်ပရိသတ်အား ပြောပြပါ၏။ သူပြောပြသည်မှာ ပြဇာတ်တစ်ပုဒ်ကို ကပြရာ၌ ပြောပြသော



Asian Fame Media Group

အပြောမဟုတ်။ အများသူတကာ၊ ဗီဒီယိုဇာတ်ကားများကဲ့သို့ "သိန်းဖေသား ဘိန်းစွဲနေတယ်ဆိုတာ နင်ကြားလား" ဟူသောမိန်းမနှစ်ယောက် စကားပြောသည့်အခန်းကို ရိုက်ကူးပြသပြီး ပရိသတ်ကို အသိပေးသည့်မျိုးလည်းမဟုတ်။ ဆရာမြင့်ကြည်၌ ကျောင်းစိမ်းပုဆိုးနှစ်ထည်ရှိသည့်အနက် ဇာတ်ကားအဖွင့်တွင် ပလတ်စတစ်ကောက်သူက တစ်ထည်အလစ်သုတ်သွားခဲ့ပြီ။ ကျန်နေသော တစ်ထည်က ဆေးလိပ်မီးပေါက်ပြီး ပြနေသည်။ ထိုအပေါက်ကို တင်ပါးနေရာတွင် ဝတ်ပြီး စာသင်မိသဖြင့် ကလေးတွေက ရယ်ကြသည်။ ဆရာမခင်စိုးဝင်း (မိုးဟေကို) လည်းမြင်၍ ပြုံးသည်။ ထိုအပေါက်ကိုဖာရင်းက ဇာတ်ကြောင်းကိုပြောသည်။ ပြေဇင်သည် F.B ကို လိုအပ်သောအချိန်၌ပြသည်။ ဆရာမြင့်ကြည် မရှိခိုက် ဆရာမကြီး (ထူးမွန်)က ကိုယ်စားဝင်ပြီး ပုံပြောသည်။ အကြောင်းအရာက မိဘကို ကူညီသော သားသမီးအကြောင်းဖြစ်သည်။ ပုံပြောပြီး ဆရာမကြီးက ကလေးများကို "မင်းတို့ မိဘကို ဘယ်လိုကူညီခဲ့တယ်ဆိုတာ အချင်းချင်း တစ်ယောက်ကို တစ်ယောက်ပြောကြ"ဟု ခိုင်းထားသဖြင့် ကလေးတွေ အလုအယက် ပြောကြသည်။ တစ်တန်းလုံးညံနေစဉ် ဆရာမြင့်ကြည်ရောက်လာပြီး တားသည်။ ဆရာမကြီးပြောသော စကားက ပညာရေးဝန်ထမ်းများအတွက် အဖိုးတန်သော စကားဖြစ်သည်။

"အတန်းတစ်တန်းမှာ အပ်ကျသံတောင် ကြားရလောက်အောင် တိတ်ဆိတ်နေရင် အဲဒီဆရာက အတန်းထိန်းညံ့ဖျင်းလို့ပဲ"

ကြိမ်ကိုင်ပြီး တဖြန်းဖြန်းရိုက်။ တစ်တန်းလုံး ငြိမ်နေအောင် သင်ကြားနိုင်သော ဆရာများကို ချီးမွမ်းခန်း ထုတ်နေကြသော ကျွန်တော်တို့ အစဉ်အလာကို မင်းလူကရိုက်ချိုးပစ်လိုက်၏။ ပညာလူ့အဖွဲ့အစည်းသည် ကမ္ဘာ ပေါ်တွင် ထိပ်ဆုံးသို့ ရောက်နေစဉ်တွင် မြန်မာနိုင်ငံကမူ အိပ်၍ကောင်းတုန်း။ ကြိမ်လုံးနှင့် ဆုံးမတုန်း။ ကလေးများကို ခွဲ့တုံးသို့နှယ်သဘောထားပြီး ပုံစံတူ ထုတ်လုပ်နေတုန်း။ ဤဇာတ်ကား၌မူ မူလတန်းကျောင်းတစ်ကျောင်း တိတ်ဆိတ်နေခြင်းကို ပညာရေး ရှုထောင့်မှ ဝေဖန်ဆန်းစစ်ပြသည်။ "ဆရာရယ် ဒီအရွယ်လေးတွေဆိုတာဟာ ငြိမ်နေတတ်ကြတဲ့ အရွယ်မဟုတ်ဘူး။ ဆော့ချင်ကြတဲ့ အရွယ် သူတို့ တစ်တွေ သဘာဝကို ချိုးပစ်လို့မရဘူး၊ အဲဒီ လိုချိုးပစ်လိုက်ရင် သူတို့ပျော်မှာမဟုတ်ဘူး။ ဆူပါစေ၊ ဆော့ပါစေ ပြီးတော့မှ ကိုယ်သင်ချင်တဲ့ ပညာကို ထည့်ပေးလိုက်၊

မြန်မာဗီဒီယိုဇာတ်ကားများတွင် ဤဇာတ်ကားကဲ့သို့ ခေတ်မီသည့် ဇာတ်လမ်း၊ အနာဂတ်ကို မျက်စိနှင့် ထားသော ဇာတ်ကား၊ တစ်မျိုးသားလုံး၏ အနာဂတ်ဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် ဇာတ်လမ်းမျိုးရှားသည်။

(၄)

ဆရာမခင်စိုးဝင်း (မိုးဟေကို) ၏ အင်္ဂလိပ်စာ သင်ကြားနည်းကိုလည်း ပြေဇင်က ကြည့်သူရင်ထဲ ရောက်သွားစေရန် လိုက်ပြသည်။ အတန်းထဲရှိ ကလေးများအား အင်္ဂလိပ်အက္ခရာ ကတ်ပြားများ လိုက်ဝေသည်။ ပြီးမှ "ပုရွက် ဆိတ်ကို ဘယ်လိုခေါ်သလဲ"ဟုမေးပြီး A.N.T အက္ခရာရှိသူသုံးဦးကို အတန်းရှေ့သို့ ထွက်ခိုင်းပြီး ထိုအက္ခရာ သုံးလုံးကို ကိုင်ပြ ခိုင်းသည်၊ ပြီးမှ ပုရွက်ဆိတ်အကြောင်း ပြောပြသည်၊ ကလေးများ မမှတ်မိစရာ မရှိတော့ပါ၊ သင်ကြားနည်းကကောင်းသည်။

မင်းလူသည် စာသင်ကြား နည်းစနစ်ကိုပါ ပရိသတ်အား ချပြခဲ့ပါသည်။ စာသင်ခန်းပြကွက်၊ ကျောင်းလွှတ်ချိန်ပြကွက်၊ အားလပ်ချိန်ပြကွက်တို့ကိုလည်း သေချာပြသည်။ ပြီးမှ ပိုက်ဆံအိတ်ပျောက်သော Plot၊ ဆွဲကြိုး ပျောက်သော Plot တို့ကို ပြသည်။

ပြေဇင်သည် ဝတ္ထုရေးဆရာ၏ ပြောလိုသည်များကို အရုပ်ဖြင့် ပြနိုင်ပါသည်။ အထူး သဖြင့် စာသင်ခန်းထဲ မှ Problem Child ကို ပြဿနာတိုင်း၌ ပါဝင်နေပုံကို ပြကွက်လေးများဖြင့် ရိုက်ပြနိုင်ခဲ့ပါသည်၊ ကျွန်တော် သိပ်သဘောကျသော ဇာတ်ကွက်လေးမှာ ကျောင်းသူတစ်ဦး၏ ဆွဲကြိုးကိုကောက်ရ၍ဟုဆိုကာ ကျပ် ၂၀၀၀ နှင့် ရောင်းသည့် ကလေး (ပြဿနာ ကောင်လေး) ကို ဆရာမြင့်ကြည် ပြောသောစကား၊ ဆုံးမသွန်သင်သည့် သွန်သင်ချက် ဖြစ်သည်။

"မင်းကို ဆရာကြီး အခွင့်အရေးတစ်ခုပေးမယ် အခုဒီဆွဲကြိုးကို မင်းဆီက ဆရာကြီးတွေ့တယ်လို့ မပြောဘူး၊ လမ်းဘေးကပဲဖြစ်ဖြစ် တွေ့တယ်လို့ ပြောမယ်။ အဲဒီအတွက် မင်းဆရာကြီးကိုကတိတစ်ခုပေးရမယ်။ ဘယ်ပစ္စည်း ကောက်ရကောက်ရ၊ အဲဒီပစ္စည်းကို မင်းလက်ထဲမှာ မထားဘဲ ဆရာကြီးဆီအပ်ရမယ်"

ရုရှားလူငယ် ပြုစုပျိုးထောင် ရေးဆိုင်ရာ ပညာရှင်တစ်ဦးဖြစ်သည့် မကာရင်ကို၏ နည်းဖြစ်သည်။ အကောင်း ဘက်သို့ ကလေးကိုပြောင်းလဲတင်ပေးသော နည်းဖြစ်သည်။ သည်လို ဇာတ်ကားများ မြန်မာပြည်တွင် အများကြီးလိုပါသည်။

(၅)

ဤဇာတ်ကား၏ထူးခြားချက်မှာ ပြေဇင်သည် ဇာတ်ကားတစ်လျှောက်လုံး Love Sence ကို မပြ။ ဇာတ်ကား၏ နိဂုံးပြကွက်တွင်သာ မြင့်ကြည်က ခင်စိုးဝင်းကို ချစ်ရေးဆိုခန်းကိုပြသည်။ ထမင်းမစား ဟင်းမစား တစ်ချစ်ပြီးတစ်ချစ်၊ ချစ်ပြီးရင်း ချစ်နေကြသည့် မြန်မာဗီဒီယိုကားများနှင့် လုံးဝမတူ။ ဆရာမြင့်ကြည်နှင့် ယဉ်ယဉ်၊ ခင်စိုးဝင်းနှင့် ထွန်းထွန်းအောင်တို့ကို လူကြီးများက သဘောတူကြသည်ကို သာပြသည်၊ အကျယ်မချဲ့။ လောကကြီးထဲတွင် တကယ်မရှိသည်များကို ဇာတ်နာအောင်လည်း ရိုက်မပြ။ နာစရာဇာတ်လည်းမရှိ။ ဤဇာတ်လမ်းက စာရေးဆရာ ဖန်တီးထားသော စိတ်ကူးယဉ် ဇာတ်မျိုးမဟုတ်။ ဘဝထဲမှ ဇာတ်လမ်းဖြစ်သည်။

ပြေဇင်သည် Continuity ကို ဂရုစိုက်သည်။ ဇာတ်ကားစဖွင့်ဖွင့်ချင်း ပလတ်စတစ်ကောက်သူက ပုဆိုးခိုးသွားသည်ကိုပြသည်။ ထိုပုဆိုးသည်ပင် ဆရာမြင့်ကြည်၏ ကျောင်းစိမ်းနှစ်ထည်မှ တစ်ထည်ဖြစ်သည်။ ပြေဇင်ရိုက်ပြသည့် မြင့်ကြည်၏ အတွေးစဉ်ဖြင့် "မင်းတို့ဆရာကြီးကို ချစ်ရဲ့လား"ဟု ကလေးတွေကိုမေးရာ ကလေးတွေနှင့်အတူ ခင်စိုးဝင်းကလက်ပိုက်ပြီး ချစ်တယ်ဟု ပြောသည့် ပြကွက်သည် အလွန်လှသည့်ပြကွက် ဖြစ်သည်၊ Dialogue ကိုလည်း ဂရုစိုက်သည်။ ချစ်ရေးဆိုခန်းတွင် ခင်စိုးဝင်းပြောလိုက်သော "မနက်ဖြန် ကမ္ဘာကြီးပျက်တော့မယ်လို့ ဆရာထင်နေတာလား" ဟူသည့် စကားသည် ဇာတ်ကောင်၏ စိတ်အနေစိတ်ထားကို ပေါ်လွင်ထင်ရှားစေသည့်အပြင် ဇာတ်ကိုလည်း ရွှေ့လျားသွားစေခဲ့ပါသည်။ တစ်ခုပြောချင်ပါသေးသည်။ ဝတ်စားဆင်ယင်မှု၊ အထူးသဖြင့် အမျိုးသမီးသရုပ်ဆောင်များ၏ ဝတ်စားဆင်ယင်မှုမှာ 'အဖော်၊ အပြူ' တို့ကိုသာ ဦးစားပေးလွန်းသည်။ ဒါရိုက်တာအများစုသည် ဇာတ်ကောင်နှင့် မလိုက်ဖက်သော အဝတ်အစားများကို ဝတ်စားဆင်ယင်နေသည်ကို ဘာမှမပြော။ ယခုဇာတ်ကား၌ ဝတ်စားဆင်ယင်မှုက လိုက်ဖက်သည်။

ခြုံ၍ဆိုပါမည်။ ပြေဇင်သည် သူ၏သရုပ်ဆောင်များကို နိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်သည်။ အထူးသဖြင့် မိုးဟေကိုသည် ဇာတ်ကောင်စရိုက်ဝင်နေသည်။ နိဂုံးပြကွက်တွင် 'ပညာဖြင့်ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီးတည်ဆောက်အံ့' ဟူသောစာတန်းကို ရိုက်ပြထားသည်၊ သင်ကြားရေးဆိုင်ရာနည်းနာများကို စိတ်ဝင်စားစဖွယ် ပြဿနာများထည့်သွင်းပြီး ရိုက်ကူးပြသသည်၊ စနစ်ပညာရေးကို ဦးတည်နေသော မြန်မာနိုင်ငံကျောင်းများ ကျောင်းဆရာများအတွက် မလွဲမသွေကြည့်သင့်သော ဇာတ်ကားတစ်ကားဖြစ်သည့်အပြင် မြန်မာဗီဒီယိုကားများထဲတွင် ရှားရှားပါးပါး ဇာတ်ကားတစ်ကားဟု ဆိုချင်ပါသည်။

**မောင်အိမ်စံ**

**ယခုလအညွှန်း**

၁။ မော်နီတာ

၂။ ငရဲခန်းပျို

၃။ သာဓု သာဓု သာဓု

Asian Fame Media Group

# ဇေတဝန်စာပေဟောပြောပွဲနှင့် စိတ်ကူးချိုချိုစာအုပ်ဈေးပွဲတော် ကျင်းပ






ညောင်ဦးမြို့ ၄ ကွက်ပစ်တောင်ရပ်၊ ဇေတဝန်ဘုန်းတော်ကြီးသင်စာသင်ကျောင်းတွင် ဇွန်လ ၃၀ ရက်နေ့နှင့် ဇူလိုင်လ ၁ ရက်နေ့များက စာပေဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါစာပေဟောပြောပွဲတွင် ပေါ်ပြူလာဂျာနယ် အယ်ဒီတာချုပ် ကိုမျိုး (မြန်မာစာ) က 'နိုးရဲရမယ်' ခေါင်းစဉ်၊ အမျိုးသားစာပေဆုရ ဆရာမသန်းမြင့်အောင်က 'နှလုံးသားလှကြဖို့' ခေါင်းစဉ်၊ ဦးကျော်သူက 'သေခါနီးလေ ပျော်စရာကောင်းလေ' ခေါင်းစဉ်နှင့် အလင်းဆက် (IR) က 'ပဋ္ဌမမဏ္ဍိုင်နှင့် စိန်ခေါ်မှု' ခေါင်းစဉ်ဖြင့် အသီးသီးဟောပြောခဲ့ကြသည်။ ယင်း စာပေဟောပြောပွဲနှင့်အတူ စိတ်ကူးချိုချို စာအုပ်ဈေးပွဲတော်ကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

# စာရေးဆရာမစုသဲမွန်၏ 'ထွေးပိုက် အိပ်မက်နှင်းဆီ' စာအုပ် ရေးသူ ဖတ်သူဆွေးနွေးပွဲ





စာရေးဆရာမစုသဲမွန်၏ ထွေးပိုက်အိပ်မက်နှင်းဆီ စာအုပ်ရေးသူဖတ်သူ ဆွေးနွေးပွဲ အခမ်းအနားကို ဇွန်လ ၂၉ ရက်နေ့ မွန်းလွဲ ၁ နာရီမှ ၃ နာရီခွဲအထိ Home Media တွင် ကျင်းပခဲ့သည်၊ အဆိုပါအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆရာမခင်သန္တာက ဆောင်ရွက်ခဲ့သည်။

တက်ရောက်လာကြသော စာပေ မောင်နှမများ၊ စာပေချစ်သူများအနက် စာရေးဆရာ ရဲသွမ်း၊ ဆရာမင်းသစ်၊ ဆရာ မင်းဝေဟင်၊ ဆရာကြည်မင်း၊ အရှိုး၊ ဆရာမမအိ၊ မိချမ်းဝေ၊ ရွှေကူမေနှင်း၊ မြူမြူ ခင်သန္တာတို့အပြင် အဆိုပါစာအုပ် မျက်နှာဖုံးပန်းချီရေးဆွဲပေးတဲ့ ဆရာမင်းကိုနိုင်တို့ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်လာကြသည့် ပရိသတ်များထဲမှ ဒေါ်ခင်ခင်ပွား၊ ဒေါ်ရီရီမြင့်၊ ဦးငွေလင်း၊ ဦးတင်ဦး၊ ကိုစိုးယုနိုင်တို့က ဆွေးနွေးမေးမြန်းခဲ့ပြီး မေးခွန်းများကို စာရေးသူ ဆရာမစုသဲမွန်က ဖြေကြားခဲ့သည်။ ယင်းပွဲတွင် စုသဲမွန်ရဲ့ထွေးပိုက်အိပ်မက်နှင်းဆီစာအုပ်ကို ၁၀ ရာခိုင်နှုန်းလျှော့နဲ့ ရောင်းချပေးခဲ့ကြောင်းသိရသည်။

(၁)

အိမ်ရှေ့သို့ ဆိုက်ကားတစ်စင်း ထိုးဆိုက်လာသည်ကို မြင်သည်နှင့် ပင် အမေက လှမ်းမျှော်ကြည့်ရင်း စိတ်ရှုပ်ဒေါပွသံဖြင့် ပြော၏။ ဧည့်ခန်းထဲက တီဗီရှေ့မှာထိုင်လျက် တီဗီကြည့်ရင်း ဟင်းရွက်သင်နေသော 'အထွေး' ကို လှမ်းအသိပေးသလိုပြောလိုက်ခြင်းလည်း ဖြစ်၏။

"အင်း. . မီးခဲတို့ကတော့ လုပ်ချလာပြန်ပြီဟေ့၊ အထွေး အိမ်တံခါး ထဖွင့်စမ်း"

သင်လက်စ ဟင်းရွက်ထည့် ဆန်ခါခုံးကလေးကို ချထားခဲ့ကာ နေရာမှထရပ်ပြီး အိမ်ရှေ့ဘက်လှမ်း



ဝတ္ထုတိုရသ

ကြည့်လိုက်မိတော့ အထွေးထံမှ သက်ပြင်းပူကြီးတစ်ချက် လွင့်ကျသွားရ၏။ အမေပြောသလိုပါပဲ။ ကိုကြီးတင်တို့ကတော့ လုပ်ချလာလိုက်ပြန်ပြီဟု ကျွန်မတို့မိရပြန်သည်။ ဆိုက်ကားပေါ်မှ ဇက်ကျိုးနေပြီဖြစ်သော ကိုကြီးတင်ကို မြင်ရလေသည်။ လိုက်ပို့သည့် ဆိုက်ကားဆရာကလေးက သူ့လက်စွဲတော်မောင်ပြုံးဖြစ်၏။ သည်လမ်းထဲက ဆိုက်ကားဆရာကလေးပါပဲ။ ကိုကြီးတင် ရေချိန်လွန်လာပြီဆိုလျှင် မောင်ပြုံး၏ ဆိုက်ကားနှင့်သာ ပြန်လာတတ်စမြဲ။ မောင်ပြုံးပဲ ဆိုက်ကားပေါ်က တွဲဖက်ချကာ အိမ်ထဲသို့ ပို့ပေးစမြဲဖြစ်သည်။

အိမ်ရှေ့တံခါးကို ဖွင့်ပေးထားလိုက်တော့ ထုံးစံအတိုင်းပင် မောင်ပြုံးက အိမ်ထဲသို့ ကိုကြီးတင်ကို တွဲခေါ်လာ၏။ အမေက ဆိုက်ကားခကလေးထုတ်ရင်းမှ သူ့သားကြီးကို ခေါင်းတညိတ်ညိတ်ဖြင့် ကြည့်နေ၏။ ပါးစပ်ကလည်း အငြိမ်မနေနိုင်။

"ဟဲ့ အကောင်၊ ငါ အတန်တန်သတိပေးတဲ့ကြားက နင် များလာပြန်ပြီလား။ လူသောက်ကို မသောက်ဘူး။ ဒီအရည်တွေ့ရင် နွားငတ်ရေကျကို သောက်ချင်တယ်။ ငါ ထရိုက်ရပြန်ရင် မကြီးမငယ်နဲ့ လူကြားမကောင်းဖြစ်ကုန်ဦးတော့မယ်။ ဟင်း ဟင်း ဟင်း. . . ပြောရင်းဆိုရင်းက လက်တွေယားလိုက်တာနော်"

အမေ့ထံမှ ကျိတ်မနိုင်ခဲမရသံကို ကြားတော့ ကိုကြီးတင်က ဇက်ကျိုးနေသည့်ကြားက ခေါင်းကို အနိုင်နိုင်ထူ၍ လှမ်းကြည့်သည်။ ပြီးနောက် စပ်ဖြဲဖြဲမျက်နှာကြီးဖြင့် ဖြေရှင်းချက်ပေးလေသည်။

"ဟာဗျာ အမေကလည်း ဒီနေ့ကျမှ ရုံးကအပြန်မှာ ကိုအောင်တို့အဖွဲ့ပါ ဆုံမိသွားလို့ပါ။ ကြည့်မြင်တိုင်က ကျွန်တော့်သူငယ်ချင်း ကိုအောင်လေ သိတယ်မို့လား။ အဲ. . . သူ သူတို့ပါ ပါလာတော့ လူစုံသွားလို့ပါ၊ မတွေ့ကြတာ ကြာပြီကိုး အမေရဲ့ . . . ဟဲ ဟဲ ဟဲ"

လျှာလေးအာလေးဖြင့် ပြောရင်းက တစ်ချက်ယိုင်သွားသဖြင့် မောင်ပြုံးက ဇွတ်ဆွဲမပေးလိုက်ရပြန်၏။ ဒါကိုမြင်တော့ အမေက သူ့ရင်ဘတ် သူဖိ၏။

"ဟဲ့ ဟဲ့ အမယ်လေး၊ အိမ်ထဲရောက်တာမှ မသာပေါ်နေပါဦးမယ် မောင်ပြုံးရဲ့၊ သင်းကို ဆက်တီပေါ် မြန်မြန်ထိုင်ချပေးလိုက်၊ အဲဒီမှာ စက်တော်ခေါ်လိမ့်မယ်၊ သူ့လက်ဆွဲအိတ်ကကော"

"မြန်ပါပါတယ် ဆရာမကြီးရဲ့။ ဆိုက်ကားပေါ်မှာပါ၊ ပြီးမှတစ်ခေါက်ဆင်းယူပေးမယ်လေ"

မောင်ပြုံးက ကိုကြီးတင်ကို ဆက်တီခုံရှည်ပေါ် ထိုင်ချပေးရင်းမှ ပြန်ဖြေသည်။ ကိုကြီးတင်ကို ချထားပေးပြီးမှ အိမ်ရှေ့ဘက်ပြန်ထွက်ပြေးကာ ဆိုက်ကားပေါ်မှ လက်ဆွဲအိတ်ကို ပြန်သွားယူပေး၏။

"ဆိုက်ကားခပေးပြီးသားဆရာမကြီး၊ မပေးနဲ့တော့"

"ဟုတ်လား၊ ဒါဆိုလည်း အေးရော၊ အခု သူ့ကို နင်ဘယ်က တင်လာခဲ့ရတာတုံး"

"ထုံးစံအတိုင်းပေါ့၊ လမ်းထိပ်စားသောက်ဆိုင်က ခင်ဗျ၊ သူ့မိတ်ဆွေအရာရှိတွေလည်း ပါတယ်၊ ဟိုဆရာတွေကတော့ တက္ကစီနဲ့ ပြန်သွားကြတယ်"

"အေးအေး. . . နောက်လည်း အမြင်မတော်ရင် နင်ပဲ ဆိုက်ကားပေါ်ဆွဲတင်ပြီး ခေါ်လာခဲ့နော်၊ ဆိုက်ကားခကို ငါပေးမယ်"

"ဟုတ်ကဲ့ပါ ဆရာမကြီး၊ သွားပါဦးမယ် ခင်ဗျ"

အမှန်တော့ သက်သက်အရစ်ရှည်ပြီး မှာကြားနေခြင်းသာ ဖြစ်၏။ မောင်ပြုံးတဖြင့် အမေ့မှာကြားချက်တွေကို ကြားရဖန်များလွန်းလို့ ရိုးနေပြီ၊ မောင်ပြုံးပြန်ထွက်သွားတော့မှ အထွေးက အိမ်ရှေ့တံခါးကို ပြန်ပိတ်ရ၏။ ကိုကြီးတင်အတွက် ခေါင်းအုံးတစ်လုံး သွားယူလာကာ ဆက်တီခုံရှည်မှာ နံဘေးလက်တန်းပေါ် တင်ပေးလိုက်၏။

"အင်း အင်. . . ခေါင်းအုံးရောက်ပြီလား၊ ငါ မှိန်းလိုက်ဦးမယ်"

ကိုကြီးတင်က ပလုံးပထွေးပြောရင်း ခေါင်းအုံးဘက်သို့ လှဲချ၏။ ခဏချင်းမှာပင် အသက်ရှူသံတခူးခူးပေးကာ ငြိမ်သက်သွားလေသည်။ အဲဒီတော့မှ အထွေးက ဟင်းချက်ဆက်သင့်ရ၏။

"ငါဖြင့် စိတ်ရှုပ်ပါတယ် အထွေးရယ်၊ ဒီမီးခဲကတော့ ငါ့တစ်သက်ဘယ်လိုမှ ငြိမ်းလို့မသေတဲ့ မီးခဲပဲဖြစ်တော့မယ် ထင်ပါရဲ့အေ"

အမေက သူ့သားကြီးကို လှမ်းကြည့်ရင်း စိတ်ညစ်သံဖြင့်ပြော၏။

"သူ့ထိုက်နဲ့သူ့ကံသာ ထားလိုက်တော့၊ အမေ ပြောလည်း မောရုံပဲ ရှိမှာပဲ"

အထွေး၏ မှတ်ချက်ကြောင့် အမေငြိမ်ကျသွား၏။ ဟုတ်သည်လေ။ ကိုကြီးတင်ကို ဘယ်သူမှတားလို့မှ မရခဲ့တာဘဲ၊ ဖျောင်းဖျဆုံးမတရားပြနေအောင်ကလည်း သည်အိမ်မှာအမေပြောလျှင် သူက အသက်အကြီးဆုံး။ ပညာတတ်အရာရှိတစ်ယောက်လည်းဖြစ်တော့ ညီမအငယ်ဆုံးဖြစ်သည့် အထွေးလိုကျောင်းဆရာမပေါက်စက ဘာမှအထူးအထွေ ဩဝါဒခြွေနေစရာမလို။ မိကျောင်းမင်းရေကင်းပြ၊ ဘုန်းကြီးစာချဆိုသလိုပဲ ရှိမည်။ အထွေးဘွဲ့ရသည်အထိ ကိုကြီးတင်၏ အိမ်တွင်းကျူရှင်မှာ တခေါက်ခေါက် ခေါင်းအခေါက်ခံရင်း စာသင်ခဲ့ရသည် မဟုတ်လား။

အမေကတော့ သူ့သားကြီးကို စိတ်ချဉ်ပေါက်ပေါက်နှင့် 'မီးခဲ' ဟုခေါ်၏။ သားကြီးသားဦးဖြစ်သည့် ကိုကြီးတင်က စနေသားဖြစ်၏။ 'အိမ်က ဩရသက သားဦးစနေ မီးလိုမွှေ'ဆိုတဲ့ မြန်မာစကားပုံကို မှန်ကန်ကြောင်း အမြဲသက်သေလိုက်ပေးနေတဲ့ မီးခဲလေ၊ သင်းဟာ ကျန်တဲ့ကိစ္စတွေမှာ ဘယ်သူ့ကိုမှ ဒုက္ခမပေး၊ မလိမ်မညာမကောက်ကျစ်ပေမယ့် ဒီအရက်အိုးထဲ ခေါင်းစိုက်ချင်တဲ့ ဖြစ်မှုနဲ့ နာမည်ဆိုးနေရတဲ့ အကောင်။ ပညာတတ်အရာရှိဖြစ်နေတာက တခြား၊ သင်းသောက်လုံးကြီးတာက တခြားပဲ၊ အဲဒီအချက်ကြောင့် မအေဖြစ်တဲ့ကျွန်မပါ ရောပြီး နာမည်ပျက်ရ၊ စိတ်ရှုပ်ရတယ်" ဟု သူ့မိတ်ဆွေများနှင့်ကြုံတိုင်း အမေက ရှင်းပြလေ့ရှိသည်။ တပည့်ပေါင်းများစွာကို နှစ်ပေါင်းများစွာ သွန်သင်ဆုံးမလာနိုင်ခဲ့သော အမေ့



Asian Fame Media Group

လို ကျောင်းဆရာမကြီး ရင့်မာကြီးက အငြိမ်းစားယူသည့်တိုင် သူ့သားကြီးဩရသကို လက်လျှော့ထားလိုက်ရပုံမှာ အမေ့နေရာက ဝင်ခံစားကြည့်လျှင် အတော်အခံရ ခက်ပေလိမ့်မည်။

တစ်ခါတစ်ခါတော့ အမေက ခပ်ငေါ့ငေါ့ မှတ်ချက်ချတတ်၏။

"အင်း အချစ်ရဲ့စွမ်းအားတွေ၊ အချစ်ရဲ့ စွမ်းအားတွေ" ဟူ၏။ ဖြစ်ရပုံမှာ ကိုကြီးတင်၏ တက္ကသိုလ်တက်ဖက်ချစ်ဦးသူသည် အချိန်တန်တော့ သူမမိဘတွေသဘောကို မလွန်ဆန်နိုင်ဘဲ မိဘပေးစားသူနှင့် လက်ဆက်သွားခဲ့သောကြောင့် ဖြစ်၏။ သည်ကတည်းက အသည်းကွဲလိုက်သော ကိုကြီးတင်သည် "မိန်းမ

---

ညည်းအစ်ကိုတွေနဲ့ အစ်မက မြစ်ကျိုးအင်းတွေ၊ ရေပြန်ဝဲတွေ၊ နွံတော ဗွက်တောတွေ ဖြစ်နေကြလေတော့ အမေ မှီတွယ်နားခိုစရာ ဆိပ်ကမ်းသာက ငါ့သမီးကလေးတစ်ယောက်ပဲ ရှိတော့တာလေ။ ပျက်စီးမသွားရအောင် အမေ အသည်းအသန် မကာကွယ်သင့်ဘူးလား၊

---

သစ္စာ မှသားသာတည့်၊ တစ်ခွက်သောက်တစ်ခွက်စာမူး၊ ယမကာသည်သာ သစ္စာရှင်စစ်စစ်ဖြစ်တော့သည်" ဟု ခံယူ၏။ ချစ်သူနှင့် လောကကြီးကို အရှုံးပေးခဲ့လေရာ လောကကြီးနှင့် ချစ်သူကား ဘာမျှမဖြစ်။ ကိုကြီးတင်သာ ယစ်ထုပ်ကြီးအဖြစ် နာမည်တွင်ခဲ့ရလေတော့သည်။ သည်တစ်သက်လည်း ပြုပြင်မည့်ပုံမပေါ်။ အရက်ကို တစ်သက်တာ ဘဝလက်တွဲဖော်အဖြစ် ကြိုက်နှစ်သက်သွားပြီး ရွေးချယ်လိုက်ပြီဟု ယူဆရမလိုသာ ရှိတော့သည်။

ကိုကြီးတင်နှင့် ပတ်သက်၍ အမေ ပတ်ဝန်းကျင်အလယ်မှာ လက်မ မထောင်နိုင်တာ သေချာ၏။ ဒါဖြင့် ကိုကြီးတင်တစ်ယောက်တည်းပဲလားဆိုတော့ မဟုတ်သေးပြန်ချေ။ လူတစ်ကိုယ် စရိုက်တစ်မျိုး၊ ကိုကြီးတင်အောက်မှ မွေးဖွားလာခဲ့သော မမအေး၏ ဆိုးပုံက တစ်ဘာသာဖြစ်ပြန်လေသည်။

(၂)

မမအေးကို 'ပညာအခြေခံနည်းလွန်းလှသောကြောင့်သာ' ဟုတံဆိပ်ကပ်စာတန်းထိုး၍လည်း သင့်တော်မည်မဟုတ်ဟု အမေထွေးယူဆသည်။ သေစာရှင်စာလောက်ဖတ်တတ်ရေးတတ်သူမျိုး မဟုတ်။ ဆယ်တန်းအောင်ပြီးမှ လင်နောက်လိုက်ပြေးခဲ့သည့်အတွက် ကျောင်းဆက်မတက်ဖြစ်နိုင်တော့ဘဲ တစ်ဝက်တစ်ပျက်ပညာရေးနှင့် လမ်းဆုံးသွားခဲ့ရခြင်းသာ ဖြစ်သည်။

မမအေးကိုတော့ အမေက 'ကြောင်ချေး' ဟု ခေါ်၏။ ပျော့ပျော့ပျောပျောနှင့် နံတတ်သည့်ကြောင်ချေးဆိုသည့် သဘောအဓိပ္ပာယ်နှင့် ဖြစ်သည်။ မမအေး၏ စရိုက်ကို ပုံဖော်ရမည်ဆိုလျှင် အခွင့်အရေးကို လက်တစ်လုံးခြားမှ တတ်သူ၊ လိုချင်မျက်စိကြီးလွန်းသူ၊ ကိုယ်ရဖို့အတွက်ဆိုလျှင် အခြားဘာကိုမှ ထည့်တွေးဂရုစိုက်ဖို့ မစဉ်းစားသူဆိုသော အချက်အလက်တွေ ပေါင်းထည့်ပေးမှ အံဝင်ခွင်ကျဖြစ်ပေလိမ့်မည်။

မမအေးသည် ငယ်စဉ်ကလေးဘဝကတည်းက သူ၏ပြောင်ပြောက်သော စာတိကို ပြလာခဲ့သူဟု ဆိုနိုင်၏။ မောင်နှမတစ်တွေ ထမင်းဝိုင်းမှာ အတူတူစားကြလျှင် ဝိုင်းထိုင်လိုက်မိကြပြီးသည်နှင့် ဟင်းပန်းကန်ထဲမှ အကြီးဆုံးဟင်းတုံးကို ရှေ့ဆုံးကခြေသွက်လက်သွက် စခပ်ထည့်လိုက်သူမှာ မမအေးသာဖြစ်နေလေ့ရှိ၏။

"ဟဲ့ ဟဲ့. . . နင်ကတော့လေ၊ ဟိုမှာအဖေတို့၊ အမေတို့ကို ဦးချဖို့ငါက ဟင်းတုံးကို မျက်စိနဲ့ကြည့်ရွေးနေတုန်း ရှိသေး" ဟု ကိုကြီးတင်က မကြာခဏငေါက်တာကို အမြဲခံရလေ့ရှိ၏၊ သို့ပေမဲ့ ဘယ်သူ ဘာပြောပြော မျက်နှာပေပြောင်ပြောင်ဖြင့် သာ ကိုယ့်အတွက်ကိုယ်ရဖို့ လုပ်သွားတတ်မြဲသာ။

အရွယ်ကလေးရလာတော့လည်း အပျိုပေါက်ကလေး ဖြစ်လာပြီဟု သူ့ကိုယ်သူ ထည့်တွေးနေသူမဟုတ်။ သူငယ်ချင်းတွေထံမှ အဝတ်အစား၊ အသုံးအဆောင်တွေ ရသမျှ ယူသုံးသည်။ ငွေချေးထားပြီးလျှင်လည်း ပြန်ပေးလေ့မရှိ၊ ပြန်မဆပ်သဖြင့် ချေးငှားလိုက်မိသူကိုယ်တိုင်ကဖြစ်စေ၊ အေးလူကတစ်ဆင့်ဖြစ်စေ သတင်းပေးလာပြောလာတော့မှ အမေတို့မှာ ပြူးတူးပြဲတဲနှင့် လိုက်ဆပ်ပေးရတတ်၏။ သူကတော့ အေးရာအေးကြောင်းပင်။ ငွေချေးခဲ့သူမှာ သူမဟုတ်သလိုလို ခပ်တည်တည်နှင့် နေတတ်၏။ အရပ်ထဲက အလှူပွဲလမ်းတို့၊ ဘုရားကိုးဆူတို့၊ အိမ်တက်တရားနာတို့၊ မင်္ဂလာဆောင်တို့မှာ မမအေးသွား



ပြီဆိုလျှင် အပြန်မှာ ပါဆယ်ချိုင့်ဆွဲနှင့် ဧည့်ခံသော အစားအစာသရေစာမုန့်တို့၊ ထမင်းဟင်းတို့၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲတို့ ပါလာတတ်သည်။ ဧည့်ခံပွဲမှာလည်း စားခဲ့သောက်ခဲ့သည်ပင်။ သည်အထဲက အပြန်မှာ ကိုယ့်အတွက်ပါလာအောင် သယ်လာခြင်းဖြစ်၏။

ထိုအကျင့်ကို အမေနှင့်တကွ တစ်အိမ်သားလုံးက မကြိုက်။ ထို့ကြောင့် ပြောမိ၊ ဝေဖန်မိလျှင် "အိုး ကိုယ်မယူလည်း သူများတွေ ယူနေကြတာပဲ၊ အလှူလုပ်ပါတယ်ဆိုမှ ဘယ်အလှူရှင်ကမှ ထည့်တွက်နေတာ မဟုတ်ဘူး၊ အေးတို့လို ပါရမီဖြည့်ပေးတဲ့ သူတွေရှိတော့ သူတို့ ပိုဒါနမြောက်ကုသိုလ်ရလို့ သူတို့ကတောင် ပြန်ကျေးဇူးတင်နေလိမ့်ဦးမယ်" ဟု ကာကွယ်ချေပတတ်၏။ "ကြောင်ချေးရယ် ငါ့မျက်နှာကိုလည်း ထောက်ပါဦး။

နင်ယူတဲ့ သုံးလေးဆင့်ချိုင့်တစ်ချိုင့်ကတန်ဖိုးနဲ့ ကျလိုက်တဲ့ဂုဏ်သိက္ခာနဲ့ မကာမိဘူး၊ ဆရာမကြီးသမီးကြီးမို့သာ ထည့်ပေးလိုက်ရတယ်။ ဒီမှာလည်း ဝိုက်ရိုက်စားသေး၊ အိမ်အပြန်ကျလည်း ချိုင့်ဆွဲသယ်သွားသေး၊ လွန်လွန်းတယ်လို့ ကွယ်ရာမှာ မဲ့ကာရွဲ့ကာ ပြောကျန်နေခဲ့မှာကို

Asian Fame Media Group

နင်သိရဲ့လား။ နင်ကလည်း ငါ့ကို နာမည်ပျက်သိက္ခာကျအောင် တစ်မျိုးတစ်ဖုံ လုပ်နေတဲ့သူပဲ။ ဟိုက ဒီကချေးငှားသုံးစွဲပြီးရင်လည်း ဘယ်တော့မှ ပြန်မဆပ်ဘူး။ ငါ့မှာ သူများတွေ လာပြောမှ တောင်းတောင်းပန်ပန်နဲ့ ဝင်ဝင်ဆပ်ရတော့ ကောင်းသေးလားဟဲ့" ဟု အမေက ဆူပူလည်း နားမပါသလိုပင်။ အိမ်ထောင်ကျပြီး၍ အိမ်ခွဲ၍နေသည် ဖြစ်သည့်တိုင် မမအေး၏ လူကြည်ညိုဖွယ်လုပ်ရပ်တွေအတွက် အမေ့မှာ ယခုထိ တိုင်ပြောခံရ၊ ဖြေရှင်းပေးနေရဆဲ၊ လာပြောကြသူတွေကို အတိုင်အတောထူရန်ကောဟု အမေ ဘယ်တော့မှ အပြစ်မတင်။ သူ့သမီး၏ သန္ဓေဆိုး၊ ဗီဇဆိုး၊

> ငါဖြင့် စိတ်ရှုပ်ပါတယ်
> အထွေးရယ်၊
> ဒီမီးခဲကတော့
> ငါ့တစ်သက်ဘယ်လိုမှ
> ငြိမ်းလို့မသေတဲ့
> မီးခဲပဲ ဖြစ်တော့မယ်
> ထင်ပါရဲ့အေ

ညဉ့်ဆိုးကို သိနေသောကြောင့် ဖြစ်၏။ နောက်ဆုံးတော့ အမေ့ခမျာ တရားနှင့်သာ ဖြေရှာလေသည်။

"အင်း သူလိုငါလို ပုထုဇဉ် လူသာမန်တွေ မဆိုထားနဲ့ မြတ်စွာဘုရားရဲ့ လက်ယာတော်ရံ အရှင်သာရိပုတ္တရာလို တရားစစ်သူကြီး ကိုယ်တော်တိုင်မှ ဘဝငါးရာမျောက်ဘဝမှာ ကျင်လည်ခဲ့ဖူးတဲ့အရှိန် သန္ဓေဆိုးကြောင့် ဆွမ်းခံကြွရင်း ရေမြောင်းကလေးတွေ ငွက်အိုင်ကလေးတွေ တွေ့ရင် ဖျတ်ခနဲ လွှားခနဲ ခုန်ခုန်ကျော်မိသေးသတဲ့။ ဗီဇဆိုးများကြောက်စရာ ကောင်းလိုက်တာ။ တို့အိမ်က မီးခဲတို့ ကြောင်ချေးတို့လည်း အဲလိုဟိုဘဝ အဆက်ဆက်က ဗီဇဆိုးတွေ ပါလာခဲ့ကြတာ ထင်ပါရဲ့။ အင်း . . . ဒီလိုသာ ပြောကြကြေးဆိုရင် ဟိုအကောင် ပုဏ္ဏကကိုလည်း ချန်ထားခဲ့လို့ မဖြစ်ဘူး။ သင်းရဲ့ သတင်းဆိုးကလည်း ဘယ်အချိန် ဘယ်အရှိန်နဲ့ လာဝင်ဆောင့်ဦးမလဲ မပြောတတ်သေးဘူး"

'ပုဏ္ဏက' ဆိုတာက မမအေး အောက်က တတိယသားလတ် ကိုလတ်ကို ပြောတာဖြစ်သည်။ အစ်ကိုလတ် ဆိုးပုံတေပုံက တစ်ပုံစံ ဖြစ်ပြန်၏။ ထစ်ခနဲရှိလျှင် သူက ရိုက်လိုက်နှက်လိုက် ပြီးပြီ။ အမေကတော့ ကိုလတ်အတွက် အာမခံရဖို့၊ သို့မဟုတ် နောက်မဖြစ်စေရပါဟု ခံဝန်လက်မှတ်ထိုးဖို့၊ ရဲစခန်းတို့၊ ရပ်ကွက်ရုံးတို့ မကြာခဏ လိုက်ရ၏။ တစ်ဖက်က သက်ဆိုင်သူများကို တောင်းပန်ဖို့၊ ဆေးဖိုးဝါးခကျခံ ပေးဖို့ ဆေးရုံ၊ ဆေးခန်းတို့ ကိုလတ်နှင့်ရန်ဖြစ်ခဲ့သည့် 'တရားလို' ၏ အိမ်တို့ကိုလည်း ရောက်မတတ် သွားရပြန်သေး၏။ သေချာသည်က 'ဖြစ်ပဟော့' ဆို ကိုလတ်ဘက်ကတော့ 'တရားခံ' ဖြစ်ဖို့ ကျိန်းသေပြီးသားဟု တစ်ရပ်ကွက်လုံးက ပြောကြရသည်။ သူ့ကို အမှုပေါ်အောင်၊ သောကဖြစ်အောင် မကြာခဏလုပ်တတ်သည့် တတိယသားလူကြမ်းကိုလည်း အမေက 'ပုဏ္ဏက' ဟု ဘီလူးမင်းဘွဲ့ပေးထား၏။ ခုတော့ အိမ်ထောင်ကျပြီး ရန်ကုန်နှင့်ဝေးရာ အထက်အညာမြို့တစ်မြို့မှာ ရောက်နေသည့်အတွက် ကိုလတ်နှင့်ပတ်သက်၍ လောလောဆယ်တစ်ပူငြိမ်း နေသေးသည်ဟု ဖြေသိမ့်ကြရလေသည်။

(၃)

သည်ကနေ့တော့ ကျောင်းက ပြန်လာခဲ့ကတည်းက အထွေးစိတ်တွေက သိပ်မကြည်လင်။ ပြန်ချိန် နောက်ကျရသည့်အထဲ တက်စီးမိသည့် ဘတ်စ်ကားက လူကျပ်သည်။ လူကျပ်တာထက် ပိုဆိုးတာက တစ်ရာမှာ တစ်ယောက်ရှာမတွေ့လောက်အောင် ထူးထူးကဲကဲမိုက်ရိုင်းစုတ်ပဲ့လှသည့် စပယ်ယာ၏ ဆက်ဆံပုံဖြစ်သည်။ ထိုသူ၏ ကမ်းကုန်အောင် ရိုင်းပျသောစကားလုံးတွေနှင့် ပြောဆိုဆက်ဆံပုံက တစ်စီးလုံးမှ ခရီးသည်များကို စိတ်မချမ်းမသာဖြစ်စေ၏။ တခြားလူငယ်အချို့လို နားကြပ်ကြိုးကလေးတပ်၍ သီချင်းဖွင့်ထားရလျှင် အကောင်းသားဟု တောင့်တာလာမိသည်အထိ ရိုင်းစိုင်းသူဖြစ်လေ၏။ အခြားသူတွေတော့ မသိ၊ အထွေးကတော့ ကိုယ့်ကိုယ်ကိုယ် နားမပါသူတစ်ယောက်လိုပင် မနည်းစိတ်သွင်းလိုက်ပါလာခဲ့ရလေသည်။

မှတ်တိုင်ရောက်၍ ဆင်းလျှောက်လာခဲ့ပြန်တော့ လမ်းထိပ်က စားသောက်ဆိုင်ကြီးထဲက စားပွဲတစ်ခုတွင် ဘီယာဝိုင်း၊ အရက်ဝိုင်းဖွဲ့နေကြသော ကိုကြီးတင်နှင့်အဖွဲ့ကို လှမ်းမြင်လိုက်မိပြန်၏။ ကိုကြီးတင်အခြေအနေက ခေါင်းစိုက်လုလု။ သေချာပေါက် မောင်မြုံး၏ ဆိုက်ကားနှင့်မှ အိမ်သို့အဆင်ပြေပြေ ရောက်နိုင်တော့မည်ဟု အတွေ့အကြုံများအရ သိလိုက်၏။ အိမ်သားတစ်ယောက်အနေနှင့် အာရုံနောက်ကျိသွားရပြန်သည်၊ အမေစိတ်ဆင်းရဲရပေဦးမည်လေ၊ အထွေးကိုယ်တိုင်လည်း အနည်းနှင့်အများတော့ စိတ်ညစ်ရဦးမည်။

သည်လိုနှင့် ဆက်လျှောက်လာခဲ့စဉ် တစ်နေရာရောက်တော့ နောက်ဘက်ဆီမှ "ဆရာမ၊ ဆရာမ" ဟူသော ခေါ်သံထွက်လာ၍ လှည့်ကြည့်မိသည်။ အထွေး၏ သူငယ်ချင်းဖြစ်သူ တင်တင်ဦး၏သမီးကလေးမေခိုင်ဖြစ်နေသည်။ အထွေးစာသင်ပေးဖူးသည့် ကလေးမလေး တစ်ဦးပင်။

"ဟင် သမီး မေခိုင်"

အထွေးက ပြန်ထူးလိုက်ရင်း ရပ်လိုက်တော့ မေခိုင်က တစ်ခုခု ပြောစရာရှိနေပုံဖြင့် မော့ကြည့်၏။

"သမီး ပြောလေ၊ ဘာပြောမလို့လဲ၊ သမီးအမေကော နေကောင်းလား"

"ဟင့်အင်း မကောင်းဘူး ဆရာမ၊ အဲဒါ ဆရာမကို ပြောချင်လို့ သမီးစောင့်နေတာ၊ ဟို ဟိုလေ သမီးပြောရင် စိတ်မဆိုးပါနဲ့နော်"

"ဟင်"

အကြောင်းထူးတစ်ခုခုတော့ ပြောစရာရှိနေပုံရသည်ဟု အထွေး စိတ်ထဲမှာ နည်းနည်းထူးဆန်းသွားသည်။ ဖွံ့အားသင့်စရာပဲ။ ဘာတွေများ ပြောစရာရှိနေလို့ပါလိမ့်ဟု စဉ်းစားသည်။ အဖြေမပေါ်။ "စိတ်မဆိုးပါနဲ့နော်" ဟု ရှေ့ကကြိုတင် တောင်းပန်နေသည့်အတွက် နည်းနည်းရင်ပူစပြုလာသည်။

"ဘာပြောမှာမို့လို့လဲ သမီးရဲ့၊ ပြောပါ ပြောမှသိရမှာ"

ပြုံး၍ကြည့်ကာ စကားလမ်းကြောင်းဖွင့်ပေးလိုက်၏။

"ဒီ ဒီလိုပါဆရာမ၊ အမေက လေ အရမ်းနေမကောင်းဖြစ်နေတာ။ အဲဒီမှာ ဆေးခန်းသွားပြဖို့ ပိုက်ဆံလည်း မရှိတော့ဘူး။ နေ့လယ်တုန်းက အမေက ညည်းနေတယ်"

"ဟင် ဘယ်လိုညည်းလို့လဲ"

"ငါ ဆရာမကြီးကို သွားပြောရရင် ကောင်းမလား၊ ဒါမှမဟုတ် ငါ့သူငယ်ချင်းအထွေးကိုပဲ ပြောရမလားမသိဘူးတဲ့။ နောက်တော့ မပြောတော့ဘူး၊ အားနာပါတယ်နဲ့ ဖြစ်ပြန်ရော ဆရာမရဲ့"

'ဆရာမကြီး' ဆိုတာက အမေ့ကို ရည်ညွှန်းတာဖြစ်ကြောင်း သိလိုက်၏။ တင်တင်ဦးလည်း အမေ့တပည့်ဖြစ်ခဲ့ဖူးတာပဲလေ။

"ဟင်၊ သူက ဘာပြောစရာရှိနေလို့လဲ သမီးရဲ့၊ သမီးသိရင် ပြောလေ"

"ဟို ဟိုလေ ဆရာမရဲ့အစ်မ အန်တီအေးက အမေ့ဆီက ငွေတစ်သောင်းချေးပြီး သုံးထားတာ ပြန်မပေးတော့ဘူးတဲ့၊ အဲ အဲဒီကိစ္စ"

အထွေး ဒိန်းခနဲ ရင်တုန်သွားသလို မျက်နှာတွေလည်း ရှိန်းဖိန်းထူပူသွားရ၏။ စကားမဆုံးသေးပေမယ့် အားလုံးတွက်ချက် သိရှိလိုက်နိုင်ပြီ။ မမအေးလုပ်ထားခဲ့သည့်ကိစ္စ တစ်ခု ဘွားခနဲပေါ်လာခြင်းဖြစ်မည်။ တင်တင်ဦးခမျာ ဆေးဖိုးဝါးခလိုအပ်နေချိန်မို့ သူရနိုင်စရာရှိတာ ကလေးကို တောင့်တမိပေလိမ့်မည်ဟု ကိုယ်ချင်းစာလိုက်မိ၏။

"ဟယ် အဲဒါကို ဆရာမ မသိခဲ့ဘူး သမီးရဲ့၊ လာလာ သမီးတို့အိမ် သွားရအောင်"

မျက်နှာပူပူနှင့်ပင် မေခိုင်တို့ အိမ်သို့ပြန်လှည့်လိုက်ခဲ့ရ၏။ ကလေးက လိမ်ညာပြောတာ မဟုတ်။ တကယ်ဖြစ်နေသည့် တင်

Asian Fame Media Group



တင်ဦးကို တွေ့ရ၏။ စမ်းကြည့်လိုက်တော့ ကိုယ်ပူရှိန်တွေ တက်လို့။ အကျိုးအကြောင်းကိုမေးကာ မမအေးလုပ်ပုံအတွက် တောင်းပန်ရသည်။ တင်တင်ဦးကလည်း အားနာစွာ ပြန်တောင်းပန်နေသဖြင့် နှစ်ဆတိုး၍ မျက်နှာပူရပြန်သည်။ "လေးငါးလကြာပါပြီ အထွေးရယ်၊ ငါလည်း သူပြန်ပေးနိုးပေးနိုးနဲ့" ဆိုသော အားနာစကားသံကို နားထောင်ရင်း မမအေးကိုသာ ပို၍ပို၍ ဒေါသထလာမိရ၏။ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်တော့ ငွေတစ်သောင်းအပြင် တစ်ထောင်တန်ကလေး ၃ ရွက် ပိုနေသေးသည်။ ပေးစရာငွေတစ်သောင်းအပြင် ထို ၃ ရွက်ကိုပါ "ဒါက ငါ့မှာပိုပါလာတာလေး နင့်ဆေးဖိုးအတွက် ဝင်ကူညီတာ" ဟု ဖွတ်နားချတာ ထိုးပေးရသည်၊ အိမ်ထဲက ပြန်ထွက်လာတော့ အဆင်သင့်ပင် ဆိုက်ကားမောင်ပြုံးနှင့်တိုးသဖြင့် တင်တင်ဦးတို့သားအမိကို ဆေးခန်းအသွားအပြန် လိုက်ပို့ပေးရန်၊ ထိုဆိုက်ကားခကို ကိုကြီးတင်နှင့် အိမ်သို့ရောက်လာမှ ယူရန် မှာကြားစီစဉ်ပေးခဲ့ရပြန်သည်။

အိမ်ကိုပြန်ရောက်တော့ အထွေး အတော်ကျွဲမြီးတိုနေပြီဖြစ်သည်။ "မပြောချင်တော့ဘူး အမေရေ" ဟု အစပြုကာ ဖြစ်ကောင်းကုန်စင် ပြန်ရှင်းပြမိ၏၊ ပြန်ရှင်းပြရင်းက ပို၍စိတ်တိုလာ၏။

"အမေ့သားသမီးတွေ လုပ်ကြပုံနဲ့တော့ သမီးတော့ စိတ်ညစ်လှပြီ အမေ။ အားလုံးက ကိုယ့်ထက်အကြီးတွေချည်းဆိုတော့ ပြန်ဝေဖန်ပြန်တော့လည်း ကိုယ့်အဆိုးပဲဖြစ်မယ်၊ ဒီနေ့ဆို ကိုကြီးတင်က ဆိုက်ကားနဲ့ ပြန်လာမှ ရောက်လာမယ့်ကိန်း၊ ဆိုင်မှာ ခေါင်းစိုက်နေတာ မြင်ခဲ့တယ်။ ဒီအထဲ အမေ့သမီးကြောင် ချေးလုပ်ထားတဲ့ ကိစ္စ ဝင်ရှင်းပေးခဲ့ရတာလည်း ရှက်စရာ၊ အားနာစရာ၊ မျက်နှာပူစရာဖြစ်ရတယ်။ ဒီလောက်ရှိလှတာ သမီးလည်း သူ့လိုပဲ လူတကာဆီ ငွေလျှောက်ချေး၊ ပြန်မပေးဘဲထား၊ လာတောင်းကြတော့ အမေက ဝင်ဆပ်ဆိုတဲ့ လမ်းစဉ်ပဲ အရှဲ့တိုက်ပြီး လိုက်လုပ်ပစ်မှနဲ့ တူတယ်။ သားသမီး ၄ ယောက်လုံး ဆိုးဖော်ဆိုးဖက်ညီသွားအောင်လို့"

အထွေးက စိတ်တိုတိုနှင့် ပြောလိုက်တော့ တစ်ချိန်လုံးငြိမ်၍ နားထောင်နေခဲ့သော အမေ့ခန္ဓာကိုယ်က ဆတ်ခနဲတုန်သွား၏။ ပြီး ဖျတ်ခနဲ ရုးခနဲ အပြေးလွင့်လာသည့် အမေ့အကြည့်။ ထိုအကြည့်က လျှပ်စီးလက်လိုက်သလို အထွေးမျက်ဝန်းတွေထဲ ပြေးဝင်လင်းပြက်သွားသည်အထိ အင်အားပါသည်။

"အကြီးတွေက သူတို့ဗီဇဆိုး၊ သန္ဓေဆိုးတွေနဲ့ ဒုက္ခရောက်နေကြတာလေ။ ညည်းက ဗီဇကလေးကောင်းခဲ့ပါရက်နဲ့ အရှဲ့တိုက်ပြီး ကိုယ့်ကိုယ်ကိုယ်ဖျက် သံချေးတက်လုပ်ချင်လို့လား၊ လုပ်ဝံ့လုပ်ကြည့်၊ ညည်းကိုတော့ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး။ ကျုပ်က ပါးကို ဘယ်ပြန်ညာပြန် ဆွဲရိုက်ပစ်မှာ"

အမေ့ကြိမ်းမောင်းသံက ပြင်းထန်နေ၏၊ အထွေးတုံ့ဩသွားကာ စောဒကတက်လိုက်မိ၏။

"ဟာ အမေ ဘယ်လိုဖြစ်တာလဲ၊ သမီးကို ဒီလောက်ပြင်းပြင်းထန်ထန် တစ်ခါမှ မပြောဖူးပါလား"

သည်တော့မှ အမေက တင်းမာသော လေသံကို လျှော့ချကာ ပြော၏။ ထိုစကားကို ကြားရသောအခါ စောစောက ဖြစ်ပေါ်လာခဲ့သော အမေ့အပေါ် အပြစ်တင်လိုခြင်းတို့ ပြေပျောက်သွားကာ အမေ့ကို ပြေးဖက်ရင်း အမေ့နဖူးကို နမ်းပစ်လိုက်ချင်စိတ် ပေါ်လာရ၏။ ဒါပဲလေ၊ အမေဆိုတာ ဒါပဲဟု အထွေး ကြည်နူးစွာ ထောက်ခံလိုက်မိ၏။ အမေက ရှင်းရှင်းကြီး ပြောပါလေသည်။

"မတတ်နိုင်ဘူး တော်ရေ။ ညည်းကိုတော့ ပြောရမှာပဲ၊ အမေ့မှာ သားသမီး ၄ ယောက်မွေးထားခဲ့တာ အမေ ဂုဏ်ယူနိုင်စရာကောင်းတဲ့ တစ်ယောက်တလေလည်း ပါလာဦးမှပေါ့ဟဲ့၊ ဟိုအကြီးသုံးကောင်က တစ်ယောက်တစ်မျိုးဆိုးကြပေမယ့် သမီးထွေးကလေးကတော့ လိမ္မာလို့တော်ပါသေးရဲ့လို့ လူပြောစရာကျန်ဦးမှ ဖြစ်မှာတော့၊ အကုန်လုံး လူဆိုးချည်းမွေးထားတာလို့ အပြောခံရရင် သေပြီပေါ့ကွယ်။ အမေ ဘယ်လိုဖြေသာစရာရှိတော့မလဲ၊ မိဘတိုင်း အဲဒီမျှော်လင့်ချက်တော့ ရှိကြတာချည်းပဲပေါ့၊ အမေ့မှာ ငါ့သမီးလေးတစ်ယောက်တည်း သန္ဓေကောင်း ဗီဇကောင်းကလေး ပါလာလို့ ဝမ်းသာနေရတာ၊ ဒါကို ဘယ်အပျက်စီး ခံနိုင်ပါ့မလဲ။ ဆိုးပြီးသားလူတွေကို မထိန်းနိုင်တော့ပေမယ့် ကောင်းနေလက်စသားသမီးကိုတော့ ဆက်ကောင်းသွားဖို့ ကြိုးစားရမှာပဲ သမီးရေ။ ညည်းအစ်ကိုတွေနဲ့ အစ်မက မြစ်ကျိုးအင်းတွေ၊ ရေပြန်ဝဲတွေ၊ နွံတောဗွက်တောတွေ ဖြစ်နေကြလေတော့ အမေ မှီတွယ်နားခိုစရာ ဆိပ်ကမ်းသာက ငါ့သမီးကလေးတစ်ယောက်ပဲ ရှိတော့တာလေ။ ပျက်စီးမသွားရအောင် အမေ အသည်းအသန် မကာကွယ်သင့်ဘူးလား၊ လူတွေက မိဘတွေဟာ အနန္တဂိုဏ်းဝင်တွေ ဖြစ်ပါတယ်လို့သာ အလွယ်တကူ ပြောနေကြတာ၊ တကယ်တမ်းကျ 'မိဘဖြစ်ရတဲ့ဝဋ်' ဘယ်လောက်ကြီးတယ်ဆိုတာ တွေးကြည့်ဖို့ ပြန်စဉ်းစား ပြင်ဆင်တဲ့သူမျိုးက လောကမှာ အရှားသားကလား သမီးရဲ့" တဲ့။

**နန္ဒာစိုး (ဆင်ဖြူကျွန်း)**

Asian Fame Media Group

# မန္တလေးအတွေး မန္တလေးအရေး

## သူငယ်ချင်းနဲ့ ရေခဲမုန့်ချစ်သူ

ကိုထွန်း-လမ်း(၈၀)



နောက်လရောက်ရင် မန္တလေးမှာ လျှပ်စစ်မီးတွေ ၂၄ နာရီ အပြည့်ရတော့မယ်တဲ့။ ကိုထွန်းရဲ့ဂျာနယ်ထဲပါတဲ့ သတင်းကိုပြောတာနော်. . သို့ကလို မယုံကြည်ရအခက်၊ ယုံကြည်ရအခက် ဝေခွဲမရတဲ့မျက်နှာပေးနဲ့ ကြားခဲ့ရတဲ့သတင်းပြောလိုက်တဲ့ အိမ်နီးချင်းကိုရွှေမဲကို ကြည့်ပြီး ပြုံးတုံ့တုံ့ ဖြစ်သွားရပါလေရော။ သူပြောတဲ့နောက်လဆိုတာ ဇူလိုင်လပေါ့။ ဇွန်လကုန်ခါနီးမှာ အဲသလိုသတင်းကြားရချေသမို့ အဖြေကိုအကြာကြီး စောင့်စရာမလိုဘဲ သိရတော့မှာဖြစ်ပါတယ်။ တကယ်တော့ မန္တလေးမှာ နာရီပိုင်းနဲ့ လျှပ်စစ်မီးရတာကြာပါပြီ။ သူ့အချိန်နဲ့သူ တစ်နေရာက လင်းရင် တစ်နေရာက မှောင်သွားရစမြဲ။ ဒါပေမဲ့ လင်းတဲ့ရပ်ကွက်တွေမှာလည်း ဗို့အားတွေကျပြီး လျှပ်စစ်မီးက ခဏခဏ ပျက်ပြန်ပါတယ်။ အလွန်ပူအိုက်တဲ့အချိန်မှာ လျှပ်စစ်မီးပျက်ရင် အတော်ဒေါသဖြစ်စရာ ကောင်းပါတယ်။ ဘာကြောင့်လျှပ်စစ်မီးပျက်ရတာလဲမေးတော့ မိုးမရွာလို့ ဆည်ရေမရလို့ဆိုတဲ့ အဖြေကိုကြားရတတ်ပါတယ်။ ဒီအဖြေကို တစ်ဝက်လောက်ပဲလက်ခံလိုက်ပါတယ်။ မတ်၊ ဧပြီ၊ မေလတစ်ခြမ်းမှာ မိုးမရွာလို့ လျှပ်စစ်မီး အပြည့်မပေးနိုင်တာပလို့ ယူဆနိုင်ပါတယ်။ ဒါပေမဲ့ မေလလယ်ကစပြီး မိုးရွာပါပြီ။ လောပိတကိုပို့ပေးနေတဲ့ ငွေတောင်ဆည်လည်း ရေတွေပြည့်တင်းနေပါပြီ။ မန္တလေးအနီးက ဆည်တော်ကြီးမှာလည်း ရေတဖွေးဖွေးနဲ့ပါ။ မေလကုန်ပိုင်းကစပြီး မန္တလေးနဲ့အညာဒေသ နေရာတော်တော်များများမှာ မိုးရွာပါတယ်။ မိုးရွာတော့ ပူတာအိုက်တာတွေ လျော့ကျသွားပါတယ်။ တစ်ရက်က မန္တလေးမှာ တစ်ညလုံး မိုးတွေရွာတော့ တစိမ့်စိမ့်လေးအေးပြီး နေလို့ထိုင်လို့ကောင်းလိုက်တာ လျှပ်စစ်မီးတွေကလည်း ဝင်းလို့ထိန်လို့၊ ဒီတော့ နတ်စည်းစိမ်ဆယ်သက်နဲ့ တကယ်မလဲနိုင်ပါတယ်လို့တော့ ဟစ်ကြွေးလိုက်ချင်တာပေါ့နော်။ ဒါပေမဲ့ နောက်တော့ ဗုံရင်းအတိုင်း ပြန်ဆိုက်သွားပါတယ်။ ပူပြင်းလိုက်တဲ့နေရဲ့အပူဒဏ်ကို ခံစားရင်း မိုးရွာမှာကိုပဲ မျှော်ရပါတော့တယ်။ လျှပ်စစ်မီးကိုတော့ မယုံကြည်တော့လို့ မျှော်လင့်ရည်မှန်းထားတဲ့ ပန်းတိုင်အသွယ်သွယ်ထဲမှာ မပါတော့ဘူး။

ဒီနေရာမှာ ယုံကြည်မှုဆိုတဲ့အကြောင်းကို ကြားဖြတ်ပြီးပြောချင်ပါတယ်။ လူ့အဖွဲ့အစည်းအတွင်းမှာ တစ်ဦးနဲ့တစ်ဦး သဟဇာတဖြစ်ဖို့ ယုံကြည်မှုရှိဖို့ လိုပါတယ်။ လူတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုပဲဖြစ်ဖြစ် အစိုးရနဲ့ ပြည်သူပဲဖြစ်ဖြစ် တစ်ဦးကိုတစ်ဦး အပြန်အလှန်နားလည်မှုကို အခြေခံပြီး ယုံကြည်မှု တည်ဆောက်ကြရပါတယ်။ အခု လျှပ်စစ်မီးကိုပဲကြည့်။ တာဝန်ရှိသူတစ်ဦးက ပြောလိုက်ပေမယ့် ကျွန်တော်တို့က (ဒီလိုမျိုးပြောခဲ့တာ သုံးလေးကြိမ်လောက် ရှိသမို့) မယုံကြည်တော့ဘူး။ ပြောတဲ့ သူကလည်း ကိုယ့်စကားကို ဘယ်လောက်နိုင်မသလဲဆိုတာ အာမခံချက်မပေးဘူး။ အထူးသဖြင့် ပွင့်လင်းမြင်သာမှုမရှိတဲ့ သဘောပါ။ တကယ်ဆိုရင် ကျွန်တော်တို့မှာ ဟောသလိုအခက်အခဲတွေ ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့်မို့ လျှပ်စစ်မီးကို အလှည့်ကျပေးနေရလို့ သည်းညည်းခံပေးကြပါ။ ဘယ်လဘယ်အချိန်မှာဖြင့် သေချာပေါက်ရပါစေမယ်လို့ ပြောလိုက်ရင် မပြီးဘူးလား။ သူတို့အပေါ် နားလည်စွာနဲ့ ခွင့်လွှတ်ပေးနိုင်မှာဖြစ်ပါတယ်။ အခုတော့ ဒီလိုမဟုတ်။ တာဝန်ရှိသူအချို့ဟာ အရင်တုန်းက ညဥ်မဖျောက်နိုင်သေးဘဲ ပြည်သူလူထုကို မလိမ့်တပတ်လုပ်နေကြသကိုးနော်။

ကိုထွန်းတစ်ယောက် တွေးရင်းနဲ့ ဒေါပွလာပါတယ်။ လျှပ်စစ်မီးလာတဲ့အချိန်ရောက်မှ ရေတင်ရတာလေ။ ရေကလည်း ပင်မဖြန့်ဖြူးရေးဌာနက သွယ်တန်းထားတဲ့ ပိုက်တွေကတစ်ဆင့် ပို့လိုက်လို့ ကိုယ့်အိမ်ကို ဝေါခနဲ ရောက်လာမယ်လို့များ မတွေးလိုက်လေနဲ့ ကိုယ့်ဆရာ။ ကြွက်ခြီးတန်း လောက်ကျတဲ့ရေကို ရေသွယ်ပိုက်အချင်းလက်မဝက်စာ ရေထွက်အောင် မော်တာနဲ့ ကူရပါတယ်။ ရပ်ကွက်ထဲမှာ လျှပ်စစ်မီးလာတဲ့ အချိန် ရေတင်တဲ့မော်တာ

Asian Fame Media Group
af MEDIA GROUP

လည်သံတွေ စီစီညံနေတတ်ပါတယ်။ ဒါတောင် ကိုယ့်အိမ်က ရေပို့လွှတ်ပေးတဲ့ မိန်းပိုက်ကြီးနဲ့ ဝေးနေရင် မောပါလေရော။ မော်တာနဲ့ ဘယ်လောက်ဆွဲဆွဲ ရေလာပုံက စလိုးမိုးရှင်းဖြစ်နေပါတယ်။ အခြားအိမ်တွေ ရေလိုသလောက်ရလို့ မော်တာသံတွေရပ်သွားမှ ကိုယ့်အိမ်အတွက် စည်ပင်သာယာရဲ့ ရေပေးဝေရေးက အိုကေမှာ စိုပြည်အောင် ဖန်ဆင်းပေးနိုင်တာပါ။ ဒီတော့ အိမ်တွေမှာ နေ့စဉ်ဖြန့်ဖြူးပေးနေတဲ့ ရေရဖို့အရေးဟာ ရေပို့လွှတ်တဲ့အချိန်နဲ့ လျှပ်စစ်မီးလာတဲ့အချိန် (လျှပ်စစ်မီးကလည်း ဗို့အားပြည့်ဖို့လိုသေး) တိုက်ဆိုင်ဖို့ လိုပေသပေါ့။ တကယ်တော့ အိမ်မှာ ရေလာမီးလာတဲ့အချိန် ရေတင်တာတို့၊ လျှပ်စစ်နဲ့ရေမီတာဖိုးတွေ အိမ်ခွန်တို့ဆောင်ရမှာက ချစ်ချစ်ရဲ့တာဝန်၊ ကျွန်တော်က အိမ်ထောင်ဦးစီးဆိုတော့ အဲဒီကိစ္စကို ခေါင်းထဲမထည့်ဘူး။ ဒါပေမဲ့ သူ့တူမတစ်ယောက် မင်္ဂလာဆောင်ရှိလို့ ရက်သတ္တပတ်အကြာ ရန်ကုန်ကိုသွားတော့ အဲဒီတာဝန်တွေဟာ ကျွန်တော့်ရဲ့ ပခုံးပေါ်ကို အော်တိုမစ်တစ် ရောက်လာပါတော့တယ်။ လျှပ်စစ်မီးလာလို့ မော်တာလှတ်ဖွင့်ပြီး အုတ်ကန်ထဲရေတင်ရတာကိုများ လွယ်တယ်လို့များ မမှတ်ကြလေနဲ့ဗျာ။ ပိုက်ထဲမှာ လေခိုသွားရင် မော်တာဘယ်လောက်လည်လည် ရေထွက်မလာလို့ ဟောင်းလောင်းဖြစ်နေတဲ့ ပိုက်ခေါင်းထဲ ရေထည့်ပြီး ရေချူရတာကို တဂျီလည်းတစ်ဒုက္ခ ဖြစ်ရတာဗျ။ ချူရေလေးထည့်ပေးမှ ရေလိုက်တာကိုးနော်။ တစ်နေ့က ညဉ့်ဦးယံအချိန် အလုပ်ပင်ပန်းလွန်းလို့ ခေတ္တအနားယူဖို့တောင် စိတ်မကူးနိုင်ဘဲ မော်တာဖွင့်ပြီး ရေတင်ဖို့ကိစ္စ လုံးပန်းရပါတယ်။ ပိုက်ထဲမှာ လေခိုနေလို့ ချူရေထည့်ပြီး ရေလာအောင် အားထုတ်ပေမယ့် ရေကမလာ။ ဆယ်မိနစ်လောက်ကြာတဲ့အထိ ပိုက်ထဲ ရေရောက်မလာလို့ အလိုလိုနေရင်း စိတ်တိုလာပါတယ်။ အရေးထဲ ချစ်ချစ်က တယ်လီဖုန်းနဲ့လှမ်းပြီး အမိန့်တော် ခြွေနေပါသေးတယ်။ လျှပ်စစ်မီးကလာရင် အုတ်ကန်ထဲကို ရေအပြည့်တင်ထားပါတဲ့။ ပြီးတော့ အိမ်ရှေ့က သစ်ပင်တွေကိုလည်း ရေလောင်းပေးဖို့မမေ့နဲ့တဲ့။ စိတ်တိုနေတဲ့အချိန် တယ်လီဖုန်းနဲ့ ဒီလိုမျိုး ညွှန်ကြားလာတော့ ဒေါကန်လာပါတယ်။ အဲသမှာ ချစ်ချစ်နဲ့ အချီအချ စကားများရတော့တာပေါ့နော်။

ဘာကိစ္စပဲရှိရှိ အကြောင်းအရာတစ်ခုကို ဦးတည်ပြီးပြောပြရင် ချစ်ချစ်က အင်မတန်မှ လေရှည်တာကလား။ အခုပဲကြည့်၊ သူ့ဘက်က မပြီးနိုင်မဆုံးနိုင်တဲ့ အသံတွေ တယ်လီဖုန်းထဲက ထွက်လာနေပါတယ်။ တယ်လီဖုန်းပြောခ ဘယ်လောက်ကုန်မယ်မသိ။ ပြီးခဲ့တဲ့လက ရပ်ကွက်ကပေးတဲ့ ၁၅၀၀ တန် တယ်လီဖုန်း မဲပေါက်ပါတယ်။ အဲဒီဖုန်းကလည်း သတ်မှတ်ကာလအတွင်း ငွေငါးထောင်ဖိုးဆိုလား ကုန်အောင်သုံးရမယ်။ ဒီလိုမဟုတ်ရင် ဖြတ်ပစ်မယ်လို့ သတိပေးထားတော့ ကျွန်တော်က လူလည်လုပ်ပြီး အဲဒီမဲပေါက်တဲ့ တယ်လီဖုန်းကို ချစ်ချစ်ကိုပဲ ပေးလိုက်ပါတယ်။ ခက်တာက ကျွန်တော့်ပါးစပ်ကလည်း မနိုင်ဘူး။ ထွေထွေထာထာလေးတွေထည့်ပြီး ပြောတတ်တာကိုး။ ညည်းက တယ်လီဖုန်းပြောရင် လေရှည်တယ်။ ၁၅၀၀ တန် တယ်လီဖုန်းနဲ့ အံကိုက်ပဲလို့ ပြောမိတော့ အလကားနေရင်း စကားများကြရပြန်ရော။ ကျွန်တော်တော့ ကိုယ့်အပြစ်ကိုတွေးရင်း ရယ်ချင်သွားပါတယ်။ ပြီးတော့ စဉ်းစားစရာတွေ ခေါင်းထဲ အစီအရီရောက်လာပါတယ်။ အဲဒါတွေက တယ်လီဖုန်းရေနဲ့ လျှပ်စစ်မီး အကြောင်းပေါ့။ ၁၅၀၀ တန် တယ်လီဖုန်းတွေကို လစဉ်မဲဖောက်ပြီး ရောင်းချပေးနေပါတယ်။ မန္တလေးကိုတယ်လီဖုန်းပေါင်းတစ်လအတွက် ၁သိန်းရောင်းချပေးရင် ငါးထောင်တန် တစ်သောင်းတန်ဆင်းကတ်တွေ ၁ သိန်းဖိုးရောင်းပြီးသားဖြစ်သွားပါပြီ။ ဒါနဲ့တင်မပြီးသေးဘဲ သတ်မှတ်ရက်အတွင်း ငါးထောင်ဖိုးကုန်အောင် ပြောရမယ်လို့ ဝမ်နင်ပေးထားပေသမို့ သေချာစဉ်းစားကြည့်ရင် အတော်လူလည်ကျထားတာကို တွေ့မြင်ရပါလိမ့်မယ်။ ဒါဟာ ပြည်သူလူထုအပေါ်မှာ တစ်စက်ကလေးမျှ စေတနာမရှိတာကို ပေါ်လွင်သွားစေပါတယ်။ ကိုယ့်လက်ထဲ တယ်လီဖုန်းရောက်ရင် ကိုယ်ပြောချင်မှ ပြောမှာပေါ့။ တစ်မိနစ် ငါးဆယ်ဆိုတဲ့ လေဖိုးက မနည်းဘူး။ ဒါပေမဲ့ သတ်မှတ်စည်းကမ်းချက်ကြောင့် အကြောင်းမရှိ အကြောင်းရှာပြီး တယ်လီဖုန်းပြောရင်း သိလျက်နဲ့ ငွေဖြုန်းပေးရတာကလား။ ယင်းသမို့ကြောင့် ပိုင်လိုက်ပုံနှယ်လို့သာ ကောက်ချက်ချလိုက်မိပေသပေါ့။

လျှပ်စစ်မီးနဲ့ စည်ပင်သာယာက ပေးတဲ့ရေကိစ္စကို စဉ်းစားမြန်တော့လည်း ဒေါသကိုအပ်နဲ့ဆွသလိုဖြစ်လာပါတယ်။ ဘာကိစ္စပဲလုပ်လုပ်၊ အလုပ်လုပ်တဲ့နေရာမှာ စေတနာပါဖို့ လိုပါတယ်။ အစိုးရဌာနတွေဟာ ပြည်သူလူထုအတွက် စေတနာထားပြီး ဆောင်ရွက်ရမှာဖြစ်ပြီး ချို့ယွင်းချက်နဲ့ အမှားရှိခဲ့ရင်တောင် စေတနာအမှားပဲ ဖြစ်သင့်ပါတယ်။ ပြည်သူလူထုကြုံတွေ့နေရတဲ့ အခက်အခဲတွေ ဘာကြောင့်ဖြစ်ပေါ်နေရသလဲ။ နံပါတ်(၁) ပွင့်လင်းမြင်သာမှု အားနည်းနေပါတယ်။ နံပါတ်(၂) တာဝန်အရသာလုပ်ဆောင်နေပြီး ငါမှာတာဝန်ရှိစိတ်၊ တာဝန်သိစိတ်၊ တာဝန်ယူ ရဲချင်တဲ့စိတ်တွေ ရှိပါကလားလို့တွေးတဲ့ အကျင့်မရှိကြဘူးလို့ ဝေဖန်မိကြရင် ငြင်းချက် ထုတ်ကြလေမလား။ ကျွန်တော်တို့မှာ တစ်နေ့တစ်နေ အလုပ်ပိုတွေလုပ်ကြရင်း အခွင့်အရေးတွေ ဆုံးရှုံးနေကြရပါတယ်။ လျှပ်စစ်နဲ့ စည်ပင်သာယာရေပေးရေးက ပြည်သူလူထုအတွက် ဝန်ဆောင်မှု အပြည့်အဝပေးနိုင်တော့ ပြည်သူတွေခမျာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ အခက်အခဲတွေကို ဖြေရှင်းနေရတာပါ။ စိတ်လွတ်ကိုယ်လွတ် နားရမယ့် အခွင့်အရေးတွေ ဆုံးရှုံးသွားရပါတယ်။ ၁၅၀၀ တန် တယ်လီဖုန်းလည်း ဒီအတိုင်းပါပဲ။ ကိုယ်ရတဲ့ အခွင့်အရေးလေး လက်လွှတ်သွားမှာ စိုးရိမ်လိုက်ရတာကြောင့် ပိုက်ဆံမကုန်ချင်ပေမယ့် တယ်လီဖုန်းပြောပြီး ငွေဖြုန်းတီးနေရတဲ့အဖြစ်။ တယ်လီဖုန်းပြောရင်း ငွေဖြည့်ကဒ်ကုန်သွားရင် ထပ်

Asian Fame Media Group

ဝယ်ရတော့မယ်။ အဲသည်တော့ အရင်ချပေးထားတဲ့ တယ်လီဖုန်းအရေအတွက်အတိုင်း ငွေဖြည့်ကတ်တွေ ဒလဟောရောင်းရပြန်ရော။ ဘယ်လောက်များ ဟန်ကျလဲ။ ဘာမှအရေးမကြီးတဲ့ တယ်လီဖုန်းကိစ္စမှာတောင် ပြည်သူလူထုခမျာ ကိုယ်တိုင်ရွေးချယ် ဆုံးဖြတ်နိုင်ခွင့် ဆုံးရှုံးနေရတဲ့အဖြစ်ပါ။ ပညာရေး၊ ကျန်းမာရေး၊ တရားရေးစသဖြင့် အခြားကဏ္ဍတွေမှာလည်း ဒီလိုပဲ ကြုံတွေ့နေပါတယ်။ ကျွန်တော်တော့ နိုင်ငံနဲ့ပြည်သူလူထုအပေါ်မှာ စေတနာထားတဲ့ သမ္မတကြီးကို မျက်နှာပူနေမိပါတယ်၊ သမ္မတကြီးရဲ့ စေတနာတွေဟာ အရိုးရှောနတွေက တာဝန်ကို ခံယူရဲတဲ့စိတ်ထားနဲ့ မဆောင်ရွက်နိုင်တာကြောင့် အဟောသိကံ ဖြစ်သွားနိုင်တာကလား။ ဒီတော့ တစ်ယောက်ယောက်ကများ အဆိုပါမပြေလည်မှုတွေကို ဒေါ်ကန်ကန်ဖြင့် ရင်ဖွင့်လေသောကြောင့် မောင်ရင်က ဘာများဖြစ်ချင်အံ့နည်းလို့ မေးမြန်းသမှုပြုပါအံ့၊ ရွှေမန်းဦးတင်မောင်ရဲ့ သီချင်းထဲက "မောင်တင် ကိုယ့်ကိုယ်ကိုယ်ပင် သနားအား. . ဟား. . ဟား. . ." အတိုင်းပေါ့လေ၊ ကိုယ့်ကိုယ်ကိုယ်ပဲ သနားစရာကောင်းတဲ့ သတ္တဝါအဖြစ်ပဲ တွေးလိုက်တာပေါ့နော်။ ကိုယ့်ကိုယ်ကိုယ်လည်း သနားတယ်။ နိုင်ငံနဲ့လူမျိုးကိုလည်း သနားတယ်။ အိမ်း. . . . သနားစရာတွေချည်းပါပဲလေ၊ ကျွန်တော်ပြောတာ ဟုတ်တယ်ဟုတ်။

ည ၁၀ နာရီကျော်တဲ့အချိန် စိတ်ရှည်ရှည်နဲ့ ရေတင်တဲ့ကိစ္စပြီးစီးသွားလို့ လျှပ်စစ်မီးရောင်ထိန်လင်းတဲ့ ဧည့်ခန်းထဲမှာ ကိုထွန်းတစ်ယောက် ဖြေလျှော့ခွေပြီး အနားယူနေမိပါတယ်။ ဒီအချိန်မှာပဲ တယ်လီဖုန်းမြည်သံက ကျွန်တော့်ရဲ့ တိတ်ဆိတ်အေးချမ်းမှုကို နှောင့်ယှက် ဖျက်ဆီးလိုက်ပါတယ်။ ကြည့်လိုက်တော့ ရေခဲမုန့်ချစ်သူဆီက တယ်လီဖုန်း။ ရေခဲမုန့်ချစ်သူဆိုတာ သူငယ်ချင်းတစ်ယောက်ကို နာမည်ပြောင်ပေးထားတာပါ။ သူ့အသက် အရွယ် ၆၀ နားကပ်နေပါပြီ။ အမြဲတမ်း ပြုံးရယ်နေတယ်တဲ့ လူပျိုကြီးဖြစ်ပါတယ်။ ကျွန်တော်တို့မှာဖြင့် နေ့စဉ်နေ့တိုင်း အဆင်မပြေမှုတွေနဲ့

တယ်လီဖုန်းထဲက သူပြောတာတွေကို နားထောင်ရင်း
ကျွန်တော် အံ့အားသင့်သွားပါတယ်။ ဂျပန်မှာ နေတဲ့ သူ့ရဲ့
ရေခဲမုန့်ချစ်သူ ရောက်နေလို့တဲ့ အဲဒါမနက်ဖြန်ညနေ
စားသောက်ဆိုင်မှာ သူငယ်ချင်းတွေနဲ့ အားလုံးဆုံမှာမို့ မင်းလာခဲ့တဲ့။



နပန်းလုံးပြီး စိတ်မောဒေါသဖြစ်ရပေမယ့် သူ့အဖို့ တော့ ဒုက္ခဆိုတာ ချိုနဲ့လားကွယ်လို့တောင် ထင်မှတ်ထားတာကော။ အိမ်ထောင်မကျလို့ ဒီလောက် ပြုံးပြုံးပျော်ပျော်နေနိုင်တာ။ ငါလည်း သူ့လိုမျိုးဆိုရင် အပြုံးအပျော်တွေနဲ့ နေနိုင်တာပဲလို့ အပူအပင်ကင်းတဲ့ လူလွတ်ဘဝကို တစ်မိနစ်စာ ပြန်လည်ခံစားရင်း တွေးလိုက်မိပေသပေါ့။ အင်း. . . ချစ်ချစ်များသိရင် ဘယ်လောက်များ ဆွေ့ဆွေ့ခုန် ဒေါကန်နေမလား မပြောတတ်။

တယ်လီဖုန်းထဲက သူပြောတာတွေကို နားထောင်ရင်း ကျွန်တော် အံ့အားသင့်သွားပါတယ်၊ ဂျပန်မှာနေတဲ့ သူ့ရဲ့ရေခဲမုန့်ချစ်သူ ရောက်နေလို့တဲ့ အဲဒါမနက်ဖြန်ညနေ စားသောက်ဆိုင်မှာ သူငယ်ချင်းတွေနဲ့အားလုံးဆုံမှာမို့ မင်းလာခဲ့တဲ့။ တယ်လီဖုန်းထဲက သူ့အသံဟာ ကစားစရာ အသစ်အဆန်းရတဲ့ ကလေးတစ်ယောက်လို မြူးကြွနေပါတယ်၊ ကျွန်တော်သူ့အကြောင်း တွေးမိရင် ပြုံးလည်းပြုံးမိပါလေရဲ့၊ သဘောလည်းကျမိပါရဲ့။ အထူးသဖြင့် ဂျပန်မှာနေတဲ့ သူ့ရဲ့ရေခဲမုန့်ချစ်သူနဲ့ သူ့အကြောင်း တွေးမိတဲ့အခါ ကျွန်တော်အပြုံးအရယ်တွေက ပိုမိုပွင့်လန်းလာပါတယ်။ ဒီတော့ သူ့အကြောင်းကို အကျဉ်းချုပ်ပြီး ပြောပြဖို့လိုလာပါပြီ။


သူနဲ့ သူတင်စားပြောတဲ့ ရေခဲမုန့်ချစ်သူတွေဟာ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်လောက်ကတည်းက သူငယ်ချင်းတွေ။ ၇ တန်း၊ ၈ တန်းမှာစပြီး တပူးတွဲတွဲ အတူနေခဲ့ကြတာပေါ့။ ကျောင်းပိတ်ရက်ကလွဲလို့ အမြဲလိုလိုတပူးတွဲတွဲရှိတဲ့ သူတို့နှစ်ယောက်ရဲ့အဖြစ်ကလည်း ထူးခြားတယ်လို့ ဆိုလေမလား၊ သူငယ်ချင်းအဆင့်လည်းမက သမီးရည်းစားအဆင့်ထိလည်း မရောက်ဘူးတဲ့။ သမီးရည်းစားအဆင့်ဆိုတာ သိတဲ့အတိုင်းပေါ့။ ရေခဲမုန့်ချစ်သူကို သမီးရည်းစားမဟုတ်လို့ တစ်ခါမှ မပွေ့ဖက်ဖူးခဲ့ဘူးတဲ့။ ဒါပေမဲ့ တစ်ယောက်ကိုတစ်ယောက် နားလည်သတဲ့။ အဲဒါကို ဘယ်လို မေတ္တာအမျိုးအစားလို့ ခေါ်မလဲ။

Asian Fame Media Group
MEDIA GROUP

၅၂၈ တို့၊ ၁၅၀၀ တို့လို မေတ္တာမျိုးထဲ အကျုံးဝင်ပုံမရလို့ ဘယ်လိုအဆင့် မေတ္တာမျိုးနဲ့ သတ်မှတ်မလဲလို့ မေးလိုက်တဲ့အခါ ကျွန်တော်လည်း အဖြေရကျပ်သွားခဲ့ပါတယ်။ သူ့ကောင်မလေးကို ရေခဲမုန့်ချစ်သူလို့ နာမည်ဝှက်ပေးရတဲ့ အကြောင်းရင်းက ဒီလိုခင်ဗျ။

သူတို့ ၈ တန်းတုန်းက တစ်နေ့တော့ မန္တလေးတောင်ပေါ် တက်ကြတယ်။ တောင်ပေါ်ရောက်တော့ မောနေကြတာနဲ့ အနားမှာ ကလိုင်ခေါက်ရောင်းတဲ့ ရေခဲမုန့်သည်ဆီက ရေခဲမုန့်ဝယ်စားကြရောတဲ့။ ရေခဲမုန့်ဆိုတာ အဲဒီအချိန်က နည်းနည်းရှားပါးမုန့်တစ်မျိုးပါ။ အအေးဆိုင်တိုင်း ရေခဲမုန့်မရောင်းနိုင်ကြသေးဘူး။ သူ့ကောင်မလေးက ရေခဲမုန့်စားရင်းကြီးလာလို့ ငါတို့အတူနေကြရင် ရေခဲမုန့်ရောင်းရအောင်လို့ ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်တော့ သူကလည်း အေး. . ကောင်းသားဟ၊ ရောင်းကြတာပေါ့လို့ ပြန်ပြောလိုက်မိသတဲ့။ ဒီလိုနဲ့ နှစ်ပေါင်းများစွာ ဖြတ်သန်းရင်း တစ်ယောက်နဲ့တစ်ယောက် ဝေးကွာသွားကြတယ်။ သူ့ရဲ့ ရေခဲမုန့်ချစ်သူက လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် လောက်ကပြီး ဂျပန်ကို ရောက်သွားတယ်၊ သူကတော့ မန္တလေးမှာပေါ့။ တစ်ယောက်နဲ့ တစ်ယောက် အနေဝေးပေမယ့် အဆက်အသွယ် မပြတ်ဘူးတဲ့။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က သူ့ကောင်မလေးက တယ်လီဖုန်းဆက်ပြီး ပြောတယ်။ ငါတော့ ဂျပန်မှာ ရေခဲမုန့်ရောင်းနေပြီ. . နင် ကော မန္တလေးမှာ ရေခဲမုန့်မရောင်းဘူးလားဆိုပြီး မေးလိုက်လို့ မျက်လုံးပြူးသွားသတဲ့။ အရင်တုန်းက ပြောခဲ့တဲ့စကား သူမေ့နေပြီလေ။ ဒါနဲ့ ရေခဲမုန့်ရောင်းဖို့ ကပျာကယာ ကောက်စီစဉ်တော့တာပဲတဲ့။

ကျွန်တော်ဖြင့် ကောက်ခါငင်ခါ ရေခဲမုန့်ရောင်းတဲ့ သူ့အကြောင်းကို သူ့ရှင်းပြတော့မှပဲ ဇာတ်ရေလည်သွားပါတယ်။ သူရောင်းတဲ့ရေခဲမုန့်ကလည်း ပေါ့သေးသေးမဟုတ်ဘူး။ ပြင်သစ်ကနေ တိုက်ရိုက်မှာပြီး ရောင်းတာ၊ အဲဒီတုန်းက နိုင်ငံတကာ လေဆိပ်မရှိသေးဘူး။ ရန်ကုန်က ပို့လိုက်တဲ့ရေခဲမုန့်ကို မန္တလေး ချမ်းမြသာစည်လေဆိပ်မှာ သွားယူရတယ်။ ပြီးမှ ရေခဲသေတ္တာထဲ သိမ်းထားရတာကလား။ သူ့ရဲ့ ရေခဲမုန့်ရောင်းဈေးကလည်း ကြည့်ဦး တစ်ခုကို သုံးထောင်ကျပ်ပါ။ ဒီနေရာမှာ နိုင်လွန်ရေခဲမုန့်တစ်ပွဲကို ၅ ကျပ်ပေးရတဲ့အချိန် သုံးထောင်ပေးပြီး ဘယ်သူကဝယ်စားမှာလဲလို့ မေးစရာရှိပါတယ်။ အံ့မယ်. . ကျွန်တော်တို့ကသာ သူ့ရေခဲမုန့်ဈေးနှုန်းအနားမကပ်နိုင်တာ ဝယ်စားတဲ့သူတွေလည်း ရှိတယ်ဗျ။ သူကလည်း မန္တလေးမှာ ပြင်သစ်ကရေခဲမုန့်မှာယူပြီး ရောင်းချနေတဲ့အကြောင်း ပြောပြလိုက်တော့ သူ့ရဲ့ဂျပန်က မဖုရားက ပျော်သွားရှာသတဲ့။ အတိတ်ကအကြောင်း အကျဉ်းချုပ်ပြောကြတဲ့ ဇာတ်လမ်းကတော့ ဤမျှသာပါပဲ။ ကျွန်တော်တော့ သူ့ဇာတ်လမ်းကို နားထောင်ရင်း ဘယ်လိုမှ မှတ်ချက် မပေးတတ်အောင် ဖြစ်သွားခဲ့ပါတယ်၊ ပြီးတော့ သူ့ရဲ့ဖြူစင်တဲ့ မေတ္တာကိုလည်း နားလည်သဘောပေါက်သလို အချစ်ဆိုတာ ပိုင်ဆိုင်ရယူခြင်းပဲ ဆိုတဲ့ ခံယူချက်မြင့်မြတ်အမြင်ဟာလည်း မမှန်တော့ပါကလားလို့ တွေးလိုက်မိပါတယ်။ ဘာပဲဖြစ်ဖြစ် သူလည်း သူ့ရဲ့ရေခဲမုန့်နဲ့ မနက်ဖြန်ညမှာ ဆုံကြပါတော့မယ်။ နှစ်ဦးသား အသက်အရွယ်တွေ ရင့်ကိုလာကြပေမယ့် သူတို့ရဲ့နှလုံးသားမှာတော့ အေးမြတဲ့မေတ္တာရွှေတွေ လွှမ်းခြုံနေတာကလား၊ သူတို့ရဲ့ ပျော်ရွှင်မှုနဲ့ အတူ တစ်ယောက်ကိုတစ်ယောက် ဘာတစ်ခုမှ တောင်းဆိုချက် အနှောင်အဖွဲ့မထားခဲ့တဲ့ သံယောဇဉ်ကို မြင်လိုက်ရတဲ့အခါ အလိုလို ကြည်နူးသွားခဲ့ပါတယ်။ ကဲ. . သူတို့အကြောင်းတွေးမိရုံလေးနဲ့ စောစောက စိတ်အာရုံတွေ ရှုပ်ထွေးပြီး စိတ်တိုဒေါသဖြစ်စရာတွေ ဘယ်လိုလုပ် ပျောက်လွင့်ကုန်မှန်း မပြောတတ်။ ဒီမှာတင်ပဲ သူငယ်ချင်းတစ်ယောက် ပြောတဲ့စကားကို ဖျတ်ခနဲ သတိရလိုက်မိပါတယ်။ သူက တို့တစ်တွေ ဖြတ်သန်းနေတဲ့ ကာလမြင်ကွင်းထဲက ကိုယ့်ရဲ့ခံစားမှုတွေအကြောင်း တွေးပြီး ဒေါသဖြစ်မယ်ဆိုရင် ဖြစ်စရာတွေချည်းပေါ့တဲ့၊ ဒါပေမဲ့ ဒီလိုကြုံတွေ့ရတာကလည်း ဖြစ်တတ်တဲ့သဘောပါလားလို့ တွေးလိုက်တဲ့အခါ ရင်ထဲမှာ မီးစီးနေတာတွေ တစ်ဝက်လောက် ကျသွားတယ်။ ပြီးတော့ တခြားပြုံးရယ် ကြည်နူးစရာတွေပဲ ရှာကြံတွေးလိုက်ရင် အလိုလို ပေါ့ပါးချမ်းမြေ့သွားမယ်။ တို့အသက်အရွယ်တွေလည်း မငယ်တော့ဘူးလေကွာ၊ ဘာဖြစ်လို့ ဒုက္ခရှာပြီး စိတ်တိုဒေါသဖြစ်ချင်စရာအကြောင်းတွေကို တွေးချင်ရမှာလဲလို့ ပြောသွားတာပါ။ ဟုတ်ပါတယ်။ စိတ်တိုရင် အသက်တိုကြရစမြဲကိုး။ ခေတ်နဲ့အတူ လိုက်ပါဖြတ်သန်းရင်း အသက်ရှည်ကျန်းမာစေမယ့် အကြောင်းကိုသာ တွေးရတာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ တွေးရင်းနဲ့ ကျွန်တော့်စိတ်အာရုံဟာ တဖြည်းဖြည်း ကြည်လင်ချမ်းမြေ့လာပါတယ်။ သူငယ်ချင်းနဲ့ ရေခဲမုန့်ချစ်သူအကြောင်း တွေးမိလိုက်တဲ့အခါ ရေခဲမုန့်စားလိုက်ရသလို ရင်ထဲမှာ အေးချမ်းသွားပါတယ်။ အဲဒီအချိန်မှာပဲ လျှပ်စစ်မီးက ဖျတ်ခနဲ ပျက်သွားလိုက်တော့ . . . .။



**ကိုထွန်း-လမ်း(၈၀)**



## Eushido Hair Care မှ Hair Stylist များကို Oversea Hair Training ဒုတိယအကြိမ် ပို့ဆောင်

Eushido Hair Care ကုန်ပစ္စည်းများကို တင်သွင်းဖြန့်ဖြူးနေသော RDC ကုမ္ပဏီမှ Salon Hair Stylist များကို ၂၀၁၂ ခုနှစ်မှစတင် Oversea Hair Training များ ပို့ဆောင်ပေးခဲ့ရာ ယခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ၇၅ ဦးကို ဇွန်လ ၈ ရက်မှ ၁၇ ထိ တစ်ဖွဲ့၊ ဇွန်လ ၁၉ ရက်မှ ဇွန်လ ၂၈ ရက်အထိ တစ်ဖွဲ့၊ နှစ်ဖွဲ့ခွဲကာ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် Eushido Professional Hair Care ကုန်ပစ္စည်းများကိုသာ အသုံးပြု၍ ဆံသားပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ ပညာရပ်များကို ပို့ချခြင်းဖြစ်၍ ယခုနှစ် ၂၀၁၃ စက်တင်ဘာလတွင် ထပ်မံပို့ဆောင်ပေးဦးမည်ဖြစ်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများနှင့် တက်ရောက် လိုသော Hair Stylistic များသည် RDC Co.,Ltd ဖုန်း ၀၁ ၈၆၀၃၂၅၈၊ ၀၉ ၉၁၀၀၇၆၆၇ များသို့ စုံစမ်းမေးမြန်းနိုင်မည်ဖြစ်သည်။

## Miss ခေါင်းလျှော်ရည်ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲအခမ်းအနား






Miss Shampoo မှ ထပ်မံဖြည့်ချိုလိုက်သည့် Just 1 wash Shampoo အသစ်ကို ဇွန်လ ၂၈ ရက် ညနေက Junction Square တွင် မိတ်ဆက်ခဲ့သည်။ အခမ်းအနားတွင် အဆိုတော် ရှင်ဖုန်း၊ L ဆိုင်းဇီ၊ ချမ်းချမ်း တို့က တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ပြီး Life & Dance အဖွဲ့က မြူးကြွအကများဖြင့် တင်ဆက်ခဲ့ကြသည်။ မိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်များကို လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး Just 1 wash Shampoo အကြောင်း မိတ်ဆက်ခဲ့ကြောင်းသိရသည်။

Asian Fame Media Group

# အဆောင်ကျောက်များအား

# သိပ္ပံနည်းကျချဉ်းကပ်ခြင်း

သိန်းပိုင်(M.Engg.Geol)

စကြဝဠာကြီးထဲမှာ ရှိနေတဲ့အရာဝတ္ထုတွေဟာ သဘာဝ ၂ မျိုးနဲ့သာ တည်ရှိနေနိုင်တယ်လို့ ဆိုပါတယ်။ အဲဒါဟာဘာလဲဆိုရင် အမှုန်သဘာဝ နဲ့ လှိုင်းသဘာဝတို့ပဲ ဖြစ်ပါတယ်။ ဥပမာအားဖြင့် အလင်းတန်းတစ်ခုဟာ လှိုင်းသဘာဝရော၊ အမှုန်သဘာဝပါ ဒွိဂုဏ်ရှိတယ်လို့ ကမ္ဘာကျော်သိပ္ပံပညာရှင် 'အိုင်စတိုင်း' (Albert Einstein) က ပြောကြားခဲ့ပါတယ်။ ထို့နည်းတူစွာပါပဲ၊ အရာဝတ္ထုတစ်ခုကို ကြည့်လိုက်ပါ၊ အရာဝတ္ထုတစ်ခုဟာ အစိုင်အခဲတစ်ခုအနေနဲ့ ရပ်တည်နေရင် ရပ်တည်နေ၊ ဒါမှမဟုတ် ရွေ့လျားနေရင် ဆက်လက်ရွေ့လျား နေလိုတဲ့ 'အီနားရှား' (Inertia) ရဲ့ သဘောတရား ကိုလည်း သိပ္ပံပညာရှင် 'နယူတန်' (Isaac Newton) က ဖော်ထုတ်ခဲ့ပါတယ်။

တကယ်တော့ ရပ်တည်နေတဲ့ အစိုင်အခဲ ရုပ်ဝတ္ထုကြီးဟာ အမှုန်တွေနဲ့ စုပေါင်းဖွဲ့စည်းထားတာပါ။ အဲဒါကို သိပ္ပံပညာအရပြောရရင် အက်တမ်တွေ၊ မော်လီကျူးတွေ၊ ကလာပ်စည်းတွေပါပဲ။ ဗုဒ္ဓရဲ့ အဘိဓမ္မာနဲ့ပြောရရင် အဲဒါဟာ ပရမာအနုမြူတွေနဲ့ ဖွဲ့စည်းထားတာပါပဲ။ အဲဒီအမှုန်တွေ၊ အက်တမ်တွေ၊ ဖြုပ်ဝတ္ထုတွေဟာ လှုပ်ရှားပြောင်းလဲလိုက်ရင် လှိုင်းသဘာဝကို ဖြစ်ပေါ်စေပါတယ်။ အဲဒီလိုပါပဲ။ ကျောက်မျက်တွေဆိုတာကလည်း အက်တမ်တွေ၊ မော်လီကျူးတွေနဲ့ ဖွဲ့စည်းတည် ဆောက်ထားတာဖြစ်လို့ အဲဒီအက်တမ်အတွင်းမှာရှိနေတဲ့ လျှပ်စစ် ဓာတ်မသတ္တိဆောင်တဲ့ အီလက်ထရွန်တွေဟာ နယူကလိယထဲမှာရှိတဲ့ ပရိုတွန်နဲ့ နယူထရွန်တွေကို ပတ်ပြီး လှည့်ပတ်နေတာကြောင့် ကျောက်မျက်အတွင်းမှာ တုန်ခါနေတဲ့ လှိုင်းတွေကို ဖြစ်ပေါ်စေပါတယ်။

**မဟူရာကျောက်ဟာ အလှအပအဆင်တန်ဆာအနေနဲ့သာ အသုံးဝင်တာမဟုတ်ဘဲ အဆိပ်အတောက်ကိုပြေစေတဲ့ အစွမ်းသတ္တိတွေရှိပြီး ရှေးလူကြီးသူမတွေကလည်း မဟူရာကျောက်ကို ဆောင်ထားလျှင်သော်လည်းကောင်း၊ ကိုယ့်ရဲ့အိမ်အတွင်းမှာ ထားရှိရင်သော်လည်းကောင်း အဆိပ်ရှိတဲ့ မြွေ၊ ကင်းစတဲ့ သတ္တဝါကောင်တွေရဲ့အန္တရာယ်က ကင်းဝေးစေသလို...**




အဲဒီလိုပါပဲ၊ လူတွေ၊ တိရစ္ဆာန်တွေ၊ သစ်ပင်၊ သစ်ရွက်တွေစတဲ့ သက်ရှိရုပ်ဝတ္ထုတွေမှာလည်း ဒီသဘောတရားအတိုင်းပဲ၊ တုန်ခါနေတဲ့လှိုင်းတွေနဲ့ သူတို့ရဲ့ဝန်းကျင်မှာ စွမ်းအင်စက်ကွင်းတွေကို ဖြစ်ပေါ်စေပါတယ်။ အဲဒါကို ဓာတ်ခွဲခန်းထဲမှာ သိပ္ပံနည်းကျသက်သေပြနိုင်ခဲ့သူကတော့ ရုရှားလူမျိုးသိပ္ပံပညာရှင် ဒေါက်တာပီတာကာလင်း (Dr.Peter Kirlian) ပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျောက်မျက်တွေအတွင်းက ထွက်ရှိလာတဲ့တုန်ခါလှိုင်းတွေ၊ ရောင်စဉ်တွေဟာ လူသားခန္ဓာကိုယ်က ထွက်ရှိလာတဲ့ စွမ်းအင်စက်ကွင်းဆိုင်ရာ တုန်ခါလှိုင်းတွေနဲ့ ဆက်စပ်မိသွားပြီး အချို့လှိုင်းအလျားတွေ၊ ကြိမ်နှုန်းတွေက အားဖြည့်လှိုင်းတွေကို ဖြစ်ပေါ်စေသလို အချို့လှိုင်းအလျားတွေ ကြိမ်နှုန်းတွေက အဖျက်လှိုင်းတွေကို ဖြစ်ပေါ်စေပါတယ်။ ဥပမာပြောရရင် ရုပ်မြင်သံကြားလှိုင်းအမျိုးမျိုးက ထုတ်လွှင့်နေတဲ့ကြိမ်နှုန်းတွေ လှိုင်းအလျားတွေပေါ် မူတည်ပြီး မိမိကြည့်ရှုချင်တဲ့ ရုပ်သံလိုင်းကို ဖမ်းယူကြည့်ရှုရသလို မျိုးပါ။ လူတစ်ဦးတစ်ယောက်ချင်းစီက ထွက်ရှိလာတဲ့ စွမ်းအင်ဆိုင်ရာ တုန်ခါလှိုင်းတွေနဲ့ ကျောက်မျက်တစ်မျိုးခြင်းစီက ဖြစ်ပေါ်လာတဲ့ ရောင်စဉ်လှိုင်းတွေနဲ့ လှိုင်းအလျားတွေပေါ် မူတည်ပြီး သဟဇာတ ဖြစ်မှု၊ မဖြစ်မှုကနေ လူတစ်ဦးချင်းစီအတွက် ကောင်းကျိုးဆိုးပြစ်တွေကို ဖြစ်ပေါ်စေတာကြောင့် အဆောင်ကျောက်တစ်ပွင့် ဟာ ဝတ်ဆင်သူအနေနဲ့ တည့်ခြင်း၊ မတည့်ခြင်း (သို့) အကောင်းအဆိုးတွေကို ဖြစ်ပေါ်စေတာ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ တွင်းထွက်အမျိုးအစားပေါင်း ၃၀၀၀ ကျော်ရှိတဲ့အနက် အဆောင်ယတြာအဖြစ် ပြုလုပ်ဝတ်ဆင်တဲ့ ကျောက်မျက်တွေဟာ ၁၀ ဂဏန်းလောက်ပဲ ရှိပါတယ်။ အဲဒီလို ရှေးမခေါမ ခေတ်မှသည် ရှေးခေတ်ကတည်းက အဆက်ဆက်သော ပညာရှင်တွေ၊ ပညာရှိတွေက အဆောင်ယတြာအဖြစ် သတ်မှတ်ခဲ့တဲ့ ကျောက်မျက်တွေဟာလည်း အရှိန်အဟုန်နဲ့ တိုးတက်နေတဲ့ ဒီနေ့သိပ္ပံခေတ်မှာ ခေတ်မီဆန်းသစ်တဲ့ တိုင်းတာစစ်ဆေးနည်းတွေနဲ့ ဓာတ်ခွဲခန်းထဲမှာ စမ်းသပ်စစ်ဆေးလိုက်တဲ့အခါ အခြားတွင်းထွက်တွေထက် ထူးခြားချက်တွေ ရှိနေတယ်ဆိုတာ သိလာရပါတယ်။ အဲဒီတွင်းထွက်၊ ကျောက်မျက်တွေထဲကမှ အချို့သော တွင်းထွက်ကျောက်မျက်များကို နမူနာအနေနဲ့ တင်ပြပါမယ်။

## သလင်းကျောက်

သလင်းကျောက်ကို အချို့ကလည်း 'စလင်းကျောက်' လို့ ခေါ်ပါတယ်။ သလင်းကျောက်ကို အဓိကအားဖြင့် ဆီလီကွန်ဒိုင်အောက်ဆိုဒ်များနဲ့ ပါဝင်ဖွဲ့စည်းထားပြီး မာဆင့် (Hardness) စကေးအရ ၇ ရှိပါတယ်။ သလင်းကျောက်ကို သဘာဝမှာ အရောင်မဲ့၊ အဖြူရောင်၊ နို့နှစ်ရောင်၊ အညိုရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ ခရမ်းရောင်၊ ပန်းရောင်စသည်ဖြင့် အရောင်စုံနီးပါးတွေ့ရှိရပါတယ်။ အဲဒီသလင်းကျောက်တွေကို ပုတီးလုံးများမှသည် ရွှေ၊ ငွေစသည်တို့ဖြင့် တွဲဖက်၍ လက်ဝတ်ရတနာအဆင်တန်ဆာများအဖြစ် အသုံးပြုကြသလို စက်မှုကုန်ကြမ်းပစ္စည်းအနေနဲ့လည်း သံထည်နဲ့သစ်သားစတာတွေကို အချောကိုင်ပွတ်စားတဲ့ ကော်ပတ် (Sand Paper) မှသည် ဖန်ထည်၊ မှန်ထည်ပစ္စည်းများ၊ အလှဆင်မီးဆိုင်းများအလယ်၊ ကွန်ပျူတာကဲ့သို့သော နောက်ဆုံးပေါ် အီလက်ထရွန်းနစ်နည်းပညာသုံးပစ္စည်းများအဆုံး ဆီလီကွန်နဲ့ ပြုလုပ်ထားတဲ့ မိုက်ခရိုချစ် (Micro Chip) အပြားကလေးများသည် မရှိမဖြစ်၊ မပါမပြီး ဖြစ်ပါတယ်။ အကယ်၍သာ အခုလိုမျိုး ဆီလီကွန်မိုက်ခရိုချစ်ပြားများသာ မပေါ်ပေါက်ခဲ့ပါက ကမ္ဘာကြီးဟာ တစ်ရှိန်ထိုးအလျင်အမြန်နှုန်းနဲ့ တစ်ဟုန်ထိုးတိုးတက်လာဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့တောင် ပြောလို့ရပါတယ်၊ အဲဒါဟာ ဘာကြောင့်လဲဆိုရင် သလင်းကျောက်မှာရှိနေတဲ့ အခြားတွင်းထွက်များနဲ့မတူတဲ့ စွမ်းရည်သတ္တိထူးလို့ ပြောလို့ရတဲ့ သလင်းပုံဆောင်ခဲရဲ့ ထောင်လိုက်ဝင်ရိုးအတိုင်း ဖိအားပေးလိုက်ရင် လျှပ်စစ်ဓာတ်ထွက်ရှိလာပြီး အဲဒီထွက်ရှိလာတဲ့ လျှပ်စစ်စွမ်းရည်ကို အီလက်ထရွန်းနစ်နယ်ပယ်မှာ အသုံးချလိုက်ခြင်းအားဖြင့် အီလက်ထရွန်းနစ်ခေတ်ဟာ အရှိန်အဟုန်နဲ့ တိုးတက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီလိုမျိုး သလင်းကျောက်ကို ဖိအားပေးလိုက်လို့ ထွက်ရှိလာတဲ့ လျှပ်စစ်ဓာတ်ကိုတော့ သိပ္ပံနယ်ပယ်မှာ ဖိအားလျှပ်စစ်ဓာတ် (Piezo-electricity) လို့ ခေါ်ပါတယ်။



## စိန်

စိန်ဟာ ကမ္ဘာပေါ်မှာ အမာကျောဆုံးတွင်းထွက်ကျောက်ဖြစ်ပြီး ကာဗွန်ဒြပ်စင်များနဲ့ ဖွဲ့စည်းတည်ဆောက်ထားကာ မိုးရဲ့မာဆင့်စကေး (Mohr's Hardness Scale) အရ ၁၀ ရှိပါတယ်။ လူအများက စိန်ကို အရောင်မဲ့ (Colorless) အနေဖြင့်သာ အသိများသော်လည်း အခြားဖန်စီအရောင်တွေဖြစ်တဲ့ အနက်ရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ ပန်းရောင်၊ အနီရောင်၊ အပြာရောင်စတဲ့ ရှားပါးတဲ့အရောင်တွေလည်း ရှိပါတယ်၊ စိန်ကို လက်ဝတ်ရတနာအလှအပတစ်ခုတည်းအတွက်သာ မဟုတ်ဘဲ အရည်အသွေးနိမ့်ကျတဲ့ စိန်တွေကို စက်မှုလုပ်ငန်းသုံး စိန်များအဖြစ်လည်း အသုံးပြုကြပါတယ်။

စိန်ဟာ ဘယ်ကျောက်မျက်နဲ့မှမတူတဲ့ အလင်းပြန်နိုင်တဲ့ ဂုဏ်သတ္တိကြောင့် အလင်းရောင်အောက်မှာ စိန်ဟာ တဖျပ်ဖျပ်နဲ့ လင်းလက်တောက်ပနေတာ ဖြစ်ပါတယ်။ အဲဒီလိုဖြစ်ရတဲ့အကြောင်းအရင်းကတော့ စိန်ကိုသတ်မှတ်ထားတဲ့ ထောင့်ချိုးတွေအတိုင်း စိန်ရဲ့မျက်နှာပြင်ကို သွေးယူလိုက်ရင် ၁၀၀ ရာခိုင်နှုန်း အလင်းပြန်နိုင်

ပြီး စိန်ကထွက်လာတဲ့ ပြိုးပြိုးပြက်ပြက် အဖြူရောင် အလင်းတန်းတွေထဲမှာလည်း ရောင်စဉ် ၇ မျိုးစလုံး ပါဝင်နေပါတယ်။ အဲဒါကြောင့် စိန်နဲ့ ပတ်သက်တဲ့ စာဆိုတစ်ခုရှိပါတယ်။ ကောင်းကင်က 'သက်တန့်' ကို လိုချင်တယ်။ ပိုင်ဆိုင်ချင်တယ် ဆိုရင် ဝယ်လို့မရပေမယ့် စိန်ကိုဝယ်လိုက်မယ် ဆိုရင်တော့ ကောင်းကင်က 'သက်တန့်' ကို ပိုင်ဆိုင်ပြီးသား ဖြစ်သွားပါရောတဲ့။ ဘာကြောင့်လဲ ဆိုတော့ စိန်ကထွက်လာတဲ့ ရောင်စဉ်တွေဟာ သက်တန့်ရောင်မှာ ပါဝင်နေတဲ့ ရောင်စဉ် ၇ မျိုးစလုံးပါဝင်နေလို့ပါပဲ။ အဲဒါကြောင့်လည်း စိန်ဟာ အမျိုးသမီးတွေရဲ့ အသည်းစွဲဖြစ်နေတာ အထူးအဆန်းတော့ မဟုတ်တော့ပါဘူး။

## ပတ္တမြား

ပတ္တမြားဟာ စိန်ပြီးရင် ဒုတိယအမာကျောဆုံးတွင်းထွက်ကျောက်ဖြစ်ပြီး အလူမီနီယမ် အောက်ဆိုဒ်ဓာတ်များနဲ့ ဖွဲ့စည်းထားကာ မိုးရဲ့ မာဆင့်စကေး (Mohr's Hardness Scale) အရ ၉ ရှိပါတယ်။ အလူမီနီယမ်အောက်ဆိုဒ်ဟာ သာမန်အားဖြင့် အရောင်မဲ့ဖြစ်ပြီး ခရိုမီယမ်ဓာတ် တစ်ရာခိုင်နှုန်း (၁ ရာခိုင်နှုန်း) ခန့်ပါဝင်ပါက အနီရောင်အဖြစ် ပြောင်းသွားကာ ပတ္တမြားလို့ ခေါ်ပါတယ်၊ ပတ္တမြားဟာ ကမ္ဘာပေါ်မှာ အရှားပါးဆုံးတွင်းထွက်ကျောက်မျက်ဖြစ်တာကြောင့် အရည်အသွေးတူ၊ အရွယ်အစားတူပတ္တမြား တစ်ပွင့်ရဲ့ တန်ဖိုးဟာ စိန်တစ်ပွင့်ရဲ့ တန်ဖိုးထက် များစွာကြီးပါတယ်။ ဒါကြောင့်လည်း 'ပတ္တမြား ဆန်ကျိုး၊ အဖိုးပြည်တန်' ဆိုသလို ပတ္တမြားဟာ ကမ္ဘာပေါ်မှာ တန်ဖိုးအရှိဆုံး ကျောက်မျက်ရတနာ ဖြစ်ပြီး လူတိုင်းက လိုချင်တပ်မက်မောကြတာ ဖြစ်ပါတယ်။ ပတ္တမြားဟာ အဖိုးအနဂ္ဃထိုက်တန်တဲ့ လက်ဝတ်ရတနာ အဆင်တန်ဆာတစ်ခုတည်း အနေနှင့်သာမကဘဲ သိပ္ပံပညာရပ်နယ်ပယ်မှာလည်း ပတ္တမြားအရိုင်းတုံးကို ကျိုင်ဖောက်ပြီး လျှပ်စစ်ဓာတ်ဖြတ်စီးစေပါက အိပ်စရေးရောင်ခြည် (X - Ray) ကို ထွက်ရှိစေပါတယ်။ အိပ်စရေးရောင်ခြည်ဟာ ခေတ်မီသိပ္ပံနည်းပညာရပ် နယ်ပယ်တွေမှာသာမက ဆေးသိပ္ပံပညာနယ်ပယ်မှာလည်း လွန်စွာမှ အသုံးဝင်ပြီး အပြင်လောကမှာ ပြောနေကြတဲ့ 'ဓာတ်မှန်' ရိုက်တယ်ဆိုတာ အိပ်စရေးရောင်ခြည်နဲ့ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ရိုက်ကြည့်ပြီး ကျွမ်းကျင်တဲ့သမားတော်ကြီးများနဲ့ ပညာရှင်များက ထွက်ရှိလာတဲ့ 'ဓာတ်မှန်ကော်ပြား' ကို ဖတ်ရှုခြင်းအားဖြင့် လူနာရှင်ရဲ့ ခန္ဓာကိုယ်အတွင်းက အစိတ်အပိုင်းတွေနဲ့ ရောဂါအနေအထားကို ဆုံးဖြတ်ရာမှာ များစွာအထောက်အကူ ဖြစ်စေပါတယ်။ ဆိုလိုတာက ပတ္တမြားရဲ့ ထူးခြားတဲ့စွမ်းရည်သတ္တိထူးတွေကြောင့် ပတ္တမြားကို အလှအပအဆင်တန်ဆာ တစ်ခုတည်းအနေနဲ့သာ အသုံးပြုခြင်းမဟုတ်ဘဲ ခေတ်မီသိပ္ပံပညာနယ်ပယ်နဲ့ ဆေးသိပ္ပံပညာနယ်ပယ်များမှာလည်း လွန်စွာအသုံးဝင်ပြီး လူသားအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။

## မဟူရာ

မဟူရာကျောက်ဟာ အနက်ရောင်ရှိပြီး 'တိုမလင်း (Tourmaline) ' အုပ်စုဝင်ကျောက်မျက်တစ်မျိုး ဖြစ်ပါတယ်။ 'တိုမလင်း' တွင်းထွက်ဟာ အဖြူရောင်၊ အနီရောင်၊ ပန်းရောင်၊ အစိမ်းရောင်၊ အညိုရောင်၊ အပြာရောင်၊ ခရမ်းရောင်၊ အနက်ရောင်နဲ့ အရောင်မဲ့စသဖြင့် အရောင်အမျိုးမျိုးရှိပြီး အနက်ရောင်တိုမလင်း (Black Tourmaline) ကို 'မဟူရာ (Schorl) ' ကျောက်လို့ ခေါ်ဆိုပြီး မိုးကုတ်ဒေသခံတို့က 'မှတ်မီး'လို့လည်း ခေါ်ကြပါတယ်။ ဒါ့အပြင် 'မဏိသျှတ္တရ' ကျောက်မျက်ရတနာကျမ်းမှာလည်း ကျောက်မျက်တွေရဲ့ အစွမ်းသတ္တိများကို ဖော်ပြထားတဲ့ နေရာမှာ "ပတ္တမြားဘုန်းတောက်၊ မြကျောက်အေးချမ်း၊ စိန်စွမ်းဂုဏ်ရောင်၊ ကြောင်[illegible] သိဒ္ဓိ၊ မဏိနီလာ မေတ္တာလွှန်စိတ်၊ ဂေါမိတ်[illegible]အား၊ ဥဿဖရားကုန်းမာ၊ သန္တာကြီးထိ၊ ပုလဲကျက်သရေ၊ ဆိပ်မြေမဟူရာ၊ [illegible]ကျောက်စိမ်း၊ မှုးမိုက်တိမ်းကာ ပယင်းကိုသာ [illegible]ရှုက်ရာ၏။" လို့ ဖော်ပြခဲ့တာကြောင့် မဟူရာကျောက်ဟာ အလှအပအဆင် [illegible]အနေနဲ့သာ အသုံးဝင်တာ မဟုတ်ဘဲ [illegible]အတောက်ကို ပြေစေတဲ့ အစွမ်းသတ္တိတွေရှိပြီး ရှေးလူကြီးသူမတွေကလည်း မဟူရာကျောက်ကို ဆောင်ထားလျှင်သော်လည်းကောင်း၊ ကိုယ့်ရဲ့အိမ်အတွင်းမှာ ထားရှိရင်သော်လည်းကောင်း အဆိပ်ရှိတဲ့ မြွေ၊ ကင်းစတဲ့ သတ္တဝါကောင်တွေရဲ့ အန္တရာယ်က ကင်းဝေးစေသလို အဆိပ်ရှိတဲ့ သတ္တဝါကောင်တွေ အကိုက်ခံရရင်လည်း မဟူရာကျောက်ကိုသွေးပြီးတော့ အကိုက်ခံရတဲ့နေရာကို လိမ်းပေးရင် ဒါမှမဟုတ် အကိုက်ခံရတဲ့နေရာပေါ်မှာ မဟူရာကျောက်ကို တင်ထားရင် အဆိပ်ရည်တွေ ပြန်ထွက်လာတယ်၊ ဒါမှမဟုတ် အဆိပ်ကို ပြေစေတယ်ဆိုပြီး အဆောင်ကျောက်အဖြစ် ဆောင်ထားလေ့ရှိကြပါတယ်။

ဒါ့အပြင် မဟူရာကျောက်ဟာ သိပ္ပံဆိုင်ရာ အစွမ်းသတ္တိအနေနဲ့ မဟူရာကျောက်ကို အပူပေးလိုက်ရင် လျှပ်စစ်ဓာတ်ထွက်ရှိလာတာကြောင့် 'အပူလျှပ်စစ်ဂုဏ်သတ္တိ (Pyroelectricity) ' ရှိပြီး ယင်းအချက်ကို အခြေခံကာ 'သာမိုမီတာ' များတွင် အသုံးပြုကြသလို မဟူရာကျောက်ဟာ ဖိအားပေးလိုက်ရင်လည်း လျှပ်စစ်ဓာတ်ကိုထွက်ရှိစေတာကြောင့် 'ဖိအားလျှပ်စစ်ဂုဏ်သတ္တိ (Piezoelectricity) ရှိပြီး ယင်းအချက်ကို အခြေခံကာ ရေအောက်မှာ တိုင်းတာတဲ့ကိရိယာတွေထဲမှာ မဟူရာကျောက်ကို ထည့်သွင်းအသုံးပြုကြတာ ဖြစ်ပါတယ်။

## ပယင်းကျောက်

ပယင်းကျောက်ဟာ ဇီဝတွင်းထွက်ကျောက်မျက် (Organic Gem) အုပ်စုမှာ ပါဝင်ပြီး ရှေးနှစ်သန်းပေါင်းများစွာက ကမ္ဘာမြေပြင်ပေါ်မှာ ပေါက်ရောက်ခဲ့တဲ့ ရှေးခေတ်သစ်ပင်တွေက ထွက်ရှိတဲ့ သစ်စေးတွေကနေ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သွားပြီး ပယင်းကျောက်များဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ အဲဒီပယင်းကျောက်တွေထဲမှာ ရှေးခေတ်က အင်းဆက်ကောင်တွေရဲ့ ရုပ်ကြွင်းတွေနဲ့တကွ သစ်ပင်၊ ပန်းပင်တို့ရဲ့ အပွင့်အမွှားပွင့်ချပ်၊ ပွင့်ဖတ်တွေလည်းပဲ ပါလာတတ်ပါတယ်။ ပယင်းကျောက်ဟာ ပယင်းရောင်သာမက အဝါရောင်၊ အညိုရောင်၊ ဝါညိုရောင်၊ ဒီဇယ်ရောင်၊ နီညိုရောင်တို့အပြင် ရှားပါးတဲ့အရောင်များဖြစ်တဲ့ အစိမ်းရောင်၊ အပြာရောင်နဲ့ ခရမ်းရောင်တို့လည်းပဲ ရှိပါတယ်။ ပယင်းကျောက်ကို မီးရှို့ကြည့်ရင် ထင်းရှူးဆီကို မီးရှို့တဲ့အနံ့နဲ့ ဆင်ဆင်တူတဲ့ ခပ်သင်းသင်းအနံ့ကို ရရှိပါတယ်၊ အဲဒါကြောင့်လည်း 'မဏိသျှတ္တရ' ရတနာကျမ်းမှာ (ရှေ့တွင်ဖော်ပြပြီး) ပယင်းကို ရှူရှိုက်ပါက အမူးအမော်ပြေစေတယ်လို့ ဆိုထားတာ ဖြစ်ဟန်ရှိပါတယ်။

သိပ္ပံနည်းကျ လက်တွေ့စမ်းသပ်ချင်တယ် ဆိုရင်တော့ 'ငယ်ငယ်တုန်းက ကော်ပေတံကို ဦးခေါင်းက ဆံပင်နဲ့ပွတ်လာအောင် ပွတ်ပြီး စက္ကူစလေးတွေရဲ့ အနားကိုသွားကပ်လိုက်ရင် စက္ကူစလေးတွေဟာ ကော်ပေတံကို ခုန်ပြီးတော့ ကပ်လာတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီလိုပဲ ကော်ပေတံအစား ပယင်းကျောက်ကို ကော်ပေတံနေရာမှာထားပြီး ဦးခေါင်းက ဆံပင်တွေနဲ့ ပွလာအောင် ပွတ်တိုက်ပြီး စက္ကူတစ်ရှူးစလေးတွေနဲ့ ပေးတွေ့လိုက်ရင် စက္ကူတစ်ရှူးစလေးတွေဟာ ပယင်းကျောက်ကိုခုန်ပြီးတော့ ကပ်လာမှာ ဖြစ်ပါတယ်။ အဲဒီစမ်းသပ်ချက်ဟာ ဘာကိုဖော်ပြတာလဲဆိုရင် ပယင်းကျောက်ဟာ ပွတ်အားအပူပေးလိုက်ရင် သူလည်းပဲ လျှပ်စစ်ဓာတ်ကိုဖြစ်ပေါ်စေပြီး စက္ကူတစ်ရှူးစလေးတွေကို ဆွဲယူလိုက်တာ ဖြစ်ပါတယ်။

အခုဖော်ပြခဲ့တဲ့ နမူနာကျောက်မျက်တွေလိုပါပဲ။ တွင်းထွက်ကျောက်မျက်တွေဟာ အလှအပအဆင်တန်ဆာအနေနဲ့ ဝတ်ဆင်တာပဲဖြစ်ဖြစ်၊ အဆောင်ကျောက်သဘောအနေနဲ့ အသုံးပြုတာပဲဖြစ်ဖြစ် သူတို့တစ်ခုချင်းစီရဲ့ သိပ္ပံဆိုင်ရာတန်ဖိုးတွေကတော့ အသီးသီးရှိနေကြပြီး တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေ လူသားတွေကိုတော့ တစ်နည်းတစ်ဖုံ အကျိုးပြုနေတာ အမှန်အကန်ပါပဲ။

**သိန်းဝိုင် (M.Engg.Geol)**

ကတ်သီးကတ်သတ်ပြောတဲ့

# တောက်တီး တောက်တဲ့



## သားတို့ကိုမေးပြီးသင်မှာ

မောင်တောက်တီး တူတော်မောင် တစ်တန်းကျောင်းသားလေး ကျောင်းကပြန်လာပြီး လွယ်အိတ်ကို ဘုန်းခနဲပစ်ချကာ စိတ်ပျက်လက်ပျက် ပြော၏။

"လေးလေး သားကျောင်းမတက်တော့ဘူး၊ သားတို့ကျောင်းကဆရာမ ရူးသွားပြီ"

"ဟေ. . . မဟုတ်တာတဲ့ကွာ၊ မနက်ကတောင် လမ်းထိပ်မှာတွေ့လို့ နှုတ်ဆက်လိုက်သေးတယ်" "ဟာ. . . လေးလေးမသိပါဘူး တကယ်ရူးသွားပြီ။ သားတို့ကျောင်းမှာ လူမှုရေးဘာသာသင်ရတယ်။ အဲဒီမှာ ဥကပေါက်တဲ့ အကောင်တွေအကြောင်းသင်တာ။ ဟိုး တစ်နေ့က ဥကပေါက်တဲ့အကောင်က 'ကြက်'၊ မနေ့ကကျတော့ ဥကပေါက်တဲ့ အကောင်က 'ကျီးကန်း'လို့ ပြောပြန်တယ် . . ၊ ဒီနေ့မနက်ကျတော့ ဥက ပေါက်တဲ့အကောင်ကို 'ဘဲ' တဲ့။ လေးလေးစဉ်းစားကြည့် ၃ ရက်မှာ စကား ၃ မျိုးပြောတာ ဒီ ဆရာမရူးနေလို့ ပေါ့" "ဟာ. . . မဟုတ်သေးဘူး သားလေးရဲ့ ဒီလိုရှိတယ်" "လေးလေး မသိပါဘူးဗျာ ဟိုတစ်နေ့က ၅ နဲ့ ၁ ပေါင်းရင် ၆ ဆိုလို့ သားသေသေချာချာ မှတ်ထားတယ်၊ မနေ့ကတော့ ၃ နဲ့ ၃ ပေါင်း ၆ လို့ သင်ပြန်တယ်၊ ဒီမနက်ကျတော့ ၆ ဆိုတာ ၄ နဲ့ ၂ ပေါင်းရတာတဲ့။ အဆိုးဆုံးကတော့ ဒီနှစ်ကစပြီး ဆရာမက ဦးဆောင်ပြီး စာမသင်တော့ဘူးတဲ့ ဘာမှမတတ်သေးတဲ့သားတို့ကို မေးမေးပြီး စာသင် တဲ့နည်းကို သုံးတော့မှာတဲ့ဗျာ. . တော်ပါပြီလေးလေးရာ ဆရာမ အရူးပျောက်မှပဲ ကျောင်းတက်တော့မယ်"

## အလုပ်ခွင်တွင်အိပ်ခြင်း
## Level = Expert




Funny Photo

Asian Fame Media Group



# ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်. . .တို့ပြည်

မောင်တောက်တီးအဒေါ်တစ်ယောက် ဖုန်းတစ်လုံးနှင့်အလုပ်ရှုပ် နေ၏. . .

"သမီးလား. . . အမေပါ. . ညက Express ကားနဲ့တင်ပေးလိုက်တဲ့ ကတုံးမ ချောချောမောမော ရောက်တယ်မဟုတ်လား"

"သူ့အမေကို ၆ လစာ အပြတ်ပေးပြီးသား စိတ်ကြိုက်သာခိုင်းပေတော့"

" တနလ်ာသမီးပါအေ။ အမေအကုန်တွက်ပြီးသားပါ။ သမီးတို့အိမ်နဲ့ နေ့နံကိုက်တယ်"

"နာမည်ရင်းကတော့ ခင်ဌေးကြွယ်ဆိုလား သမည်တခြားလူတခြား. . . ဌေးဖို့နေနေသာသာ မွဲလိုက်တာ တာတေ့ကွလန်လို့"

"၁၄ နှစ်ဆိုတော့ ဟိုစိတ်ဒီစိတ် ဝင်မှာစိုးတာနဲ့တစ်ခါတည်း ကတုံး တုံးပေးလိုက်တယ်၊ ကောင်မက ကိုယ်လုံးလေးကလည်းလှတော့ လေးထောင့်ပုံဖြစ်သွားအောင် အင်္ကျီပုံပျက်တွေပါ တစ်ခါတည်း ဆင်ပေးလိုက်တယ် ဒီခေတ်က တယ်လွယ်တာမဟုတ်ဘူး. . ."

" အမေ တို့ကတော့လွယ်လွယ်ပဲ ကတုံးမလို့ ခေါ်လိုက်တယ် တနလ်ာနံ ကခဂဃငနဲ့လည်း ကိုက်သွားတာပေါ့အေ. . ."

"ကိုရီးယားကားမကြည့်စေနဲ့နော် လင်စိတ်သားစိတ်ဝင်မယ်. . . ကိုရီးယားကားလာရင် TV ကို သော့ခတ်ပြီး နှိပ်ခိုင်းထား. . " "မျက်နှာသာ နဲနဲမှ မပေးနဲ့နော်. . . အေးအေး ဒါပဲ ဒါပဲ. . ဒီမှာ တန်းဖုန်းပြည်လာလို့. . ."

"ဩော်. . . မောင်တင်မောင်တို့များ ခုမှဆက်ဖော်ရတယ် . . မင်းမလည်း လွှတ်တော်နား နေတာတောင် ဒေါ်ဒေါ်တို့ဘက် လှည့်ဝင်မလာဘူး . . အလုပ်တွေရှုပ်နေတာလား"

"မင်းပြောလို့သာ ဥပဒေပြုရေးမဏ္ဍိုင်လို့သိရတာ ဒေါ်ဒေါ်တော့ မင်းတို့ သူများပြုစုလာတဲ့ ဥပဒေတွေကို ပြင်ပြင်နေတာပဲတွေလို့ Section 1 ဥပဒေပြင်ရေး မဏ္ဍိုင် ထင်နေတာ. . ."

" အေးပါတော့လေ၊ ဥပဒေပဲပြုပြု ဥပဒေပဲပြင်ပြင် . . ဒီမယ် လူ့အခွင့်အရေးဆိုတာကိုတော့ လက်မလွှတ်စေချင်ဘူး၊ လူအချင်းချင်း တန်းတူရည်တူရှိဖို့လိုတယ် မဟုတ်လား. . . ကြီးနိုင်ငယ်ညှင်းတွေ ဒေါ်ဒေါ် သိပ်မုန်းတာပဲ၊ ဒေါ်ဒေါ်ကတော့ အသက်အရွယ်လေးလည်း ရလာပြီမဟုတ်လား . . တရားဘက်လိုက်နေပါပြီအေ. . . အေးအေး. . လူအချင်းချင်းနှိပ်စက်ချင်း ကင်းဝေးကြပါစေကွယ်"

# Funny Photo











Asian Fame Media Group




# မှတ်ပြီလား

ယခုတစ်လော ဖွဘွတ်အရေးအသား တချို့ကို မောင်တောက်တီး အလွန်အင်မတန် သဘောကျလှသဖြင့် ရှုလို့ကြည့်နေမိသည်။
"အနော် ဗိုက်အရမ်းချာတာပဲ မေမေ"
"ချစ်လေးက စိမ်းနေပေမယ့် ကိုယ့်ကို စိမ်းကားနေတယ်ကွယ် ဟွန့်"
"အရေခြုံဖရင်းတွေကို အန်ဖရင့်လုပ်ပစ်မယ်ကွ ဟွင်းဟွင်း "
"ဂေါက်သီးထပြီးပေါက်ကရတွေလုပ်လိုက်မိပြီ ငိငိ"
"ပေါ်ရဲလိုက်တာဂျာ ဖြဲ. . . . "
"ကိုယ့်ဂျပင်ပုံစံသစ်လေး လှရားငှင် ခစ်ခစ်"
"စိတ်နာဒယ်. . ဂယ်ဘဲ. . . ဂီးရား. . . ."
"ချစ်ချာလေး မွမွမွ"
"မင်းဘာတတ်နိုင်သေးလဲ လဲလဲလဲလဲလဲလဲလဲ"
ရွတ်လို့မှ အားမရသေး ဘုရားရှိခိုးနေသော အဖေ့ဆီမှ စကားသံထွက်လာသည်။
"ဟေ့ကောင်တောက်တီး မကြီးမငယ်သောက်ရူး ထမနေနဲ့၊ ဒီမှာ ဘုရားရှိခိုးနေတာမသိဘူးလား။ တော်တော် အလိုက်ကန်းဆိုးမသိတဲ့ကောင်"
ဟီဟီ၊ အတိုးကြီး ဒေါ်းနေပြီ။ ဒါကြောင့် . . .
"လက်က ဘုရား ဘုရား၊ ပါးစပ်က ကိုးရိုးကားရားတွေကို သားသိပ်မုန်းတာပဲ ဖေဖေ . . . ဒချိ ဒချိ"
အဖေ့ထံမှ ဘာစကားမှ ထပ်ထွက်မလာတော့ပေမယ့် ကြေးစည်ထုသည့် သစ်သား လက်ခတ်ကတော့ လေထဲမှ ဝှီးခနဲ ဝဲပျံလာပြီး မောင် တောက်တီး ကျောကုန်းကို ဒုတ်ခနဲလာမှန်သည်။
"အီး. . . နာလိုက်တာ. . . feeling so sad ဖေဖေ ဟင့်ဟင့်"

# Funny Photo









Asian Fame Media Group

# အဆဲကောင်းသား



မရှိတော့ပြီဖြစ်တဲ့ ပန်းသီးဖန်ဆင်းရှင် စတိဂျော့ဘ်ကြီးကို ဂုဏ်ပဲပြုရမလား၊ အပြစ်ပဲတင်ရမလားတော့မသိဘူး သူ့ရဲ့အိုင်ဖုန်းပေါ်လာပြီး နောက်ပိုင်းမှာ မျက်နှာပြင်ကိုလက်နဲ့ပွတ်ရတဲ့ 'ပွတ်'ဖုန်းတွေ ဟောတစ်ခု ဟောတစ်ခု ပေါ်လာကြလေတော့ကာ ပွတ်ခေတ်ကိုတော့ ရောက်နေပြီမှာ မလွဲပါလို့ဆိုရတော့မလို ဖြစ်နေတာကြောင့်ပဲဗျ။

ထိုင်နေရင်းလည်းပွတ်၊ ရပ်နေရင်းလည်း ပွတ်၊ လမ်းလျှောက်နေရင်းလည်းပွတ်၊ အိပ်နေရင်းလည်းပွတ်၊ ထမင်းစားနေရင်းလည်းပွတ်၊ ကော်ဖီ သောက်နေရင်းလည်းပွတ် တချို့ဆို အီအီးပါရင်းတောင် ပွတ်နေကြသေးသတဲ့။

ပွတ်ဖုန်းတွေပေါ်လာတာနဲ့အမျှ အင်တာနက်သုံးသူပိုများလာတယ်လို့ ဆိုနိုင်ပေမယ့် အင်တာနက်သုံးတယ်ဆိုတာထက် ဖွဘွတ်ကိုသာ တွင်တွင်ကျယ်ကျယ် သုံးနေကြတာပါပဲ။ ထို့အတူပဲ တောက်တဲ့မတစ်ယောက်လည်း ပွတ်ဖုန်းလေး တစ်လုံးကိုင်ပြီး ဖွဘွတ်ကို စွဲစွဲလမ်းလမ်းသုံးနေတာ ကြာပါပြီ။

အိပ်နေရင်းတစ်ရေးနိုးလည်း ပွတ်ဖုန်းလေး ကောက်ကိုင်ပြီး ဖွဘွတ်ထဲ ဝင်လိုက် ငါရေးထားတာတွေ ငါ့ပုံတွေကို ဘယ်သူတွေက လိုက်ခ်လုပ်ထားတယ်၊ ဘယ်သူကတော့ အပြစ်ပြောထားတယ်၊ ဘယ်သူကတော့ ရှဲသဲ့သဲ့လုပ်ထားတယ် ဆိုတာ တွေကြည့်လိုက်၊ ပြန်ရေးသင့်ရင်ရေးလိုက်၊ ပြီးရင် ပြန်အိပ်လိုက်၊ မိုးလင်း မျက်စိနှစ်လုံးပွင့်တာနဲ့ တစ်ပြိုင်တည်း ပွတ်ဖုန်းလေးကောက်ကိုင်ပြန်ပြီး ဖွဘွတ်ထဲ ဝင်လိုက် မင်္ဂလာနံနက်ခင်းပါ ဘာညာသာရကာလေးပြောလိုက်၊ ဟိုဟို သည် သည် လျှောက်ကြည့်၊ လက်ဆင့်ကမ်းသင့်တာကမ်း။ အလှဆုံးလို့ ကိုယ့်ကိုယ်ကိုယ် ထင်မိတဲ့ ပုံတွေကိုတော့ အချိန်ရသရွေ့ ဒရပ်စဝ်တင်သပေါ့။ ပုံအောက်က ကွန်မင့်လေးတွေကြည့်ပြီး ဝီတီတွေပြာလိုက်၊ လာကလိသွားလို့ ရန်တွေ ဖြစ်လိုက်နဲ့ပေါ့။ ဒီလိုနဲ့ပဲ တောက်တဲ့မနဲ့ ဖွဘွတ်၊ ဖွဘွတ်နဲ့ တောက်တဲ့မတို့ရဲ့သံသရာဟာ နေ့တိုင်းလည်မဆုံးဖြစ်နေကြတော့တာပါပဲ။

ဒါပေမဲ့တစ်နေ့မတော့ တောက်တဲ့မရဲ့ ဖွဘွတ် စာတးတပ်စ်မှာ ခုလိုရေးထားတာကိုတွေ့ ရပါလေရော။

"အဂ္ဂါနဲ့ အဂ္ဂါ ဟိုသင်းပြုပြီး အမှိုက်ပုံမှာ ချော်ခွက်သံချေးတက်နဲ့ အချင်းချင်းပြီးမွေးလာတဲ့ သေနာကျတွေ၊ ငါ့ကောင်ငါ လှချင်လို့ ကိုယ့်ပုံ ကိုယ်တင်တာ ဘာဖြစ်သတုံးဟဲ့။ သူငယ်ချင်းလိုလို ဘာလိုလိုလုပ်ပြီး အကောင့်တုတွေနဲ့ လာမိတ်ဖွဲ့ပြီး ပုံခိုးတဲ့ သေချင်းဆိုးသူခိုးတွေကို အကုန်ဘလော့ပစ်မယ်။ ငါ့ပုံတွေကိုများ ခွင့်မတောင်းဘဲယူပြီး အပန်းဖြေစရာနေရာလေး တစ်ခုတို့ ညမင်းသားတို့ဆိုက်တွေမှာ တင်ထားကြတယ်။ သေချင်းဆိုးတွေ. . . . "

ဒါလောက်ဆဲဆိုထားတောင် အောက်မှာ ကွန်မင့်တစ်ခုက ပေါ်လာသေးတယ်။

"မ. . က အဆဲကောင်းသားနော်. . . ဒချီ ဒချီ" တဲ့။

# Funny Photo



